

# ဗုဒ္ဓ၏သေနည်းလက်ဆောင်

ဦးဖေသောင်း

၁၀၁၁၂



# ဗုဒ္ဓ၏ သေနည်း လက်ဆောင်

ဦးဖေသောင်း ပြုစုသည်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၉၇၀၄)

၁၉၇၇ ခုနှစ်၊ ဩဂုတ်လ
၁၃၃၉ ခုနှစ်၊ ဝါဆိုလ
ပထမ အကြိမ် ၂၀၀၀
ပန်းချီ- ကျော်ကျော်
ဘလောက် လွင်

[ဓမ္မဒါန]

ထုတ်ဝေသူ။ ဦးထွန်းကြိုင် ကင်းလွတ်ခွင့် အမှတ် (၀၃၉၀၀)
၁၁၆၀၊ သမာဓိလမ်း၊ မေတ္တာညွန့်၊ ရန်ကုန်။ ပုံနှိပ်သူ။
၊ဦးဘိုးဟန်၊ မင်းထွန်းမိုးပုံနှိပ်တိုက် (၀၂၂၆၀)
၆၀၊ ၁၆၅-လမ်း၊ တာမွေ ရန်ကုန်မြို့။

# အမှာ

## ဗုဒ္ဓ၏သနေ့ည်းလက်ဆောင်

စာရှုသူတို့ အနေဖြင့် ဤခေါင်းစဉ်အမည်ကို ဖတ်ရှုပြီး တမျိုးတမည်ထူးခြားအံ့သြခြင်း ဖြစ်ကောင်း ဖြစ်ကြပေလိမ့်မည်။

လူသားတို့သည် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ တဦးနှင့်တဦးခင်မင်လေးစားကြပြီဆိုလျှင် ပစ္စည်းအမျိုးမျိုး လက်ဆောင်ပေး၍ ဂုဏ်ပြုတတ်ကြသည်။ တဦးနှင့်တဦးမမေ့ကြစတမ်းဟူသောအထိမ်းအမှတ်ဖြင့်လည်း လက်ဆောင်အမျိုးမျိုး ပေးတတ်ကြသည်။ သူ့အချိန်အခါနှင့် သူ့နေရာ၌ အမျိုးမျိုးသော လက်ဆောင်များကိုအမြတ်တနိုးပေးလေ့ရှိကြသည်။

# အမှာ

ဤနေရာတွင် ကျွန်ုပ်အနေဖြင့် လောက၌ အမျိုးမျိုးသော လက်ဆောင်ပေးပုံ ပေးနည်းတို့ကို အနည်းငယ်တင်ပြလိုပေသည်။

အချိန်အရွယ်ရောက် လူလားမြောက်၍ တဦးနှင့်တဦး ဘဝကြင်ဖော်အဖြစ် လက်ထပ် ထိမ်းမြားကြပြီဆိုလျှင် ကာယကံရှင်များအား အပေါင်းအသင်း မိတ်သင်္ဂဟ ဆွေမျိုးစသည်တို့က မင်္ဂလာလက်ဆောင်အဖြစ် အမျိုးမျိုးသောပစ္စည်းများကို ပေးကြလေသည်။

ထိုကဲ့သို့ပင် မွေးနေ့ပွဲ၌မွေးနေ့မင်္ဂလာလက်ဆောင်၊ အလှူပွဲ စသည်များ၌ အလှူမင်္ဂလာလက်ဆောင်၊ တနှစ်မှတနှစ်ကူးနှစ်ဟောင်းလွန်မြောက်နှစ်သစ်သို့ရောက်သည့် အချိန်အခါများတွင်လည်း လူမျိုးနှင့် ဘာသာအလိုက် မိမိတို့၏ဘာသာဓလေ့စရိုက်အရ နှစ်သစ်ကူးပွဲ၌ နှစ်ကူးမင်္ဂလာလက်ဆောင် စသည်တို့ဖြင့် လက်ဆောင်အမျိုးမျိုးကိုပေးလေ့ပေးထရှိကြသည်။

ဤသို့ဝေါဟာရအမျိုးမျိုးခေါ်ဝေါ်ချက်အဖွဲ့တို့ဖြင့် လက်ဆောင်များပေးကြသကဲ့သို့—

လေးစားအပ်သော စာရှုသူ ပုဂ္ဂိုလ် အပေါင်းတို့အားလည်း သေကြရမည့်အချိန်၌ အသေဆိုး သေခြင်းမျိုး မသေကြစေဘဲ အသေကောင်း သေကြရန်အတွက် ကျွန်ုပ်အနေဖြင့် ဗုဒ္ဓ၏တရားတော်မှထုတ်နုတ်၍

# အမှာ

သေနည်းကိုရေးပြီး လက်ဆောင်မွန် အဖြစ် ပေးလိုက်ရခြင်းပင်ဖြစ်ပေသည်။

စာရှုသူတို့အနေဖြင့် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာစသည်တို့ကြောင့် ဖျားနာ၍သော်လည်းကောင်း၊ ကိုယ်ကို ထိခိုက်ဒဏ်ရာရ၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စိတ်ကို ထိခိုက်၍သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာများကို ဆင်းရဲပင်ပန်းကြီးစွာဖြင့်ခံစားရဘူးကြပေလိမ့်မည်။

ထိုကဲ့သို့ မသေ လောက် သေးသည့် ရောဂါဝေဒနာမျိုးကိုပင် ဤမျှ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ခံစားနေကြရပါလျှင် သေလောက်သည့် သေရမည့်ရောဂါဝေဒနာမျိုးဆိုပါက မည်မျှ ဆင်းရဲပင်ပန်းကြီးစွာဖြင့်ခံစားကြရမည်ကို ဥာဏ်နှင့်ယှဉ်၍သာကြည့်ကြစေလိုပေသည်။

အကယ်၍ ပြင်းထန်သောရောဂါဝေဒနာမျိုးကို ဆင်းရဲပင်ပန်းကြီးစွာဖြင့် မခံစားရသေးဟုဆိုပါကလည်း မဝေးလှသော အချိန်ပိုင်းအတွင်း၌ ခံစားကြရမည်မှာ ကေန်မုချပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အိုမည့်ဘေး၊ နာမည့်ဘေး၊ သေမည့်ဘေး စသည့်ဘေးဆိုးတွေက လူသားတိုင်း မလွတ်ကင်းနိုင်သောကြောင့်ပင်ဖြစ်သည်။

သေခြင်းတရားဆိုသည်ကား အလွန့်အလွန်ဆင်းရဲကြီးလှပါပေ၏။

# အမှာ

သေနည်းကို မတတ်လျှင် မရှုမလှ သေရပြီး အပါယ်လေးဘုံ တဘုံဘုံ၌ ပဋိသန္ဓေ နေရမည်ဖြစ်၏။

ဒေသနာပါဠိ လာရှိသည်နှင့်အညီ လောဘမီး လောင်ပြီး လောဘစိတ်နှင့် သေသော ပုဂ္ဂိုလ်သည် ပြိတ္တာ အသူရကာယ် တည်းဟူသော တမျိုးမျိုးသော ဘုံဘဝတို့၌ ပဋိသန္ဓေ နေရမည် ဖြစ်၏။ ဒေါသမီး လောင်ပြီး ဒေါသစိတ်နှင့်သေသောပုဂ္ဂိုလ်သည် ငရဲဘုံ ဘဝတို့၌ ပဋိသန္ဓေနေရမည်ဖြစ်၏။ မောဟမီးလောင်ပြီး မောဟစိတ်နှင့် သေသောပုဂ္ဂိုလ်သည် တိရစ္ဆာန်ဘုံဘဝ တို့၌ ပဋိသန္ဓေနေရမည်ဖြစ်၏။

ထို့ကြောင့် ဤလောဘမီး၊ဒေါသမီး၊မောဟမီး တို့ တောက်လောင်ခြင်းမှ လွတ်ကင်းရန်၎င်း၊ ဆင်းရဲ ပင်ပန်းခြင်းတို့မှကင်းဝေးရန်၎င်း၊အနည်းဆုံးသေနည်းကို တတ်ပြီး အပါယ်လေးဘုံသို့ မကျရောက်စေရန်အတွက် ၎င်း ဤဗုဒ္ဓ၏ သေနည်းလက်ဆောင် အမည်ရှိသည့် စာတမ်းကို လက်ဆောင်မွန်အဖြစ် ပြုစုရေးသားဖော်ပြ ပေးလိုက်ရခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤဗုဒ္ဓ၏သေနည်းလက်ဆောင်အမည် ရှိသည့်စာတမ်းကို ပြုစုရေးသားဖော်ပြရာတွင် သေနည်း ကို သိထား၊ တတ်ထား၊ လက်ဆောင် ရထားကြသော ပုဂ္ဂိုလ်များအတွက်မဟုတ်ပါ။

# အမှာ

သေနည်းကို မသိကြ၊မတတ်ကြ၊ လက်ဆောင် အဖြစ် မရရှိ ထားကြ သေးသော ပုဂ္ဂိုလ်များအတွက် ဖဘ်ချကြပါစေ။ ဖတ်ရှုသည့်အတိုင်း နားလည်သဘော ပေါက်ကြပါစေ။ နားလည်သဘောပေါက်သည့်အတိုင်း မိမိ ခန္ဓာ အတွင်း၌ မိမိဉာဏ်နှင့်မှန်ကန်စွာနှလုံးသွင်း၍ ကျင့်ကြံ အားထုတ် ရှုပွား နိုင်ကြပါစေ။ ကျင့်ကြံ အားထုတ် ရှုပွား ကြသည့်အတိုင်း ချမ်းသာရာ အစစ် အမှန်ဖြစ်သော နိဗ္ဗာန် တရားတော်မြတ်ကို ရကြပါစေ ခြင်းအကျိုးငှါ ဖြူစင် သန့် ရှင်း သော စေတနာမှန် သဒ္ဓါတရားများနှင့်....

ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဟောကြား မိန့်မြွက် ထားတော်မူခဲ့သော တရားဓမ္မများကို ကျမ်း အစောင် စောင်တို့မှ ထုတ်နုတ်၍၎င်း၊ ဆ ရာ ကောင်း သ မား ကောင်းတို့၏ထံ၌ နည်းနာနိဿျည်းများကိုခံယူမှတ်သား နာယူ၍၎င်း၊ ဤဗုဒ္ဓ၏ သေနည်းလက်ဆောင် အမည် ရှိသည့် စာတမ်းကို အခက်အခဲ အ မျိုး မျိုး ကြား မှ မဖြစ်မနေကြိုးစား၍ ပြုစု ရေးသား ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဤဗုဒ္ဓ၏ သေနည်းလက်ဆောင် အမည်ရှိသည့် စာတမ်းသည် ကံအလုပ်၊ကံလမ်း၊စျာန်အလုပ်၊စျာန်လမ်း တရားတို့ကို သာမညသာရေး၍ ဉာဏ်အလုပ် ဉာဏ်လမ်း ဖြစ်သည့် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်း

ဖြစ်သော တရားဓမ္မများကိုသာ အဓိကထား၍ ရေးသား ဖော်ပြထားသည့်အပြင် စာရှုသူတို့ အနေဖြင့် ထိုဥာဏ် လမ်း ဥာဏ်စခန်းကို လွယ်ကူစွာ သိရှိနားလည်နိုင်ကြ စေရန်အတွက် အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ရေးသား ဖော်ပြထားပါသည်။

ထို့ကြောင့် ဤဗုဒ္ဓ၏ သေနည်းလက်ဆောင် အမည် ရှိသည့် စာတမ်း၌ပါဝင်သော ဥပမာ၊ ဥပမေယျများ၊ အမေး အဖြေများ၊ ဝတ္ထုဇာတ်ကြောင်းများ၊ ပါဠိ အနက် များနှင့် စကားပြေများတို့ကို အစ၊ အလယ်၊ အဆုံး ဥာဏ်နှင့်ယှဉ်၍ ဖတ်ရှုကြမှသာ စာတမ်း၏ ဦးတည်ချက် ကို ရှင်းလင်းစွာ သဘောပေါက်မည် ဖြစ်ပေသည်။

စာတမ်း၏ အစိတ်အပိုင်း တခုမှနေ၍ ဖတ်ရှုခြင်း၊ ခါးလည်မှ ဖောက်၍ ဖတ်ရှုခြင်း၊ အဆုံးမှသာ ဖတ်ရှုခြင်း များကို ပြုလုပ်ကြပါက စာ၏ဆိုလိုရင်း၊ စာ၏ရည်ရွယ် ချက်၊ စာ၏ အနက်အဓိပ္ပါယ်သဘော၊ စာ၏ အဆက် အစပ်တို့မှအစ နားလည်သဘော ပေါက်ကြလိမ့်မည် မဟုတ်ပါ။

ကျွန်ုပ်အနေဖြင့် စာကို အတော်အသင့် ဖတ်တတ်ရှိ ရှိသူများမှအစ ဖတ်၍မှတ်၍ လွယ်ကူနိုင်ကြစေရန် မထည့် မဖြစ်သည့် ပါဠိအနက်များကိုသာ ထည့်သွင်း၍ စကား ပြေများနှင့်သာ အဓိကထားပြီး ရေးသားဖော်ပြထား ခြင်းဖြစ်ပါသည်။

## အမှာ

သို့ဖြစ်၍ အချို့နေရာများ၌ ပါဠိအနက် များကို ထည့်သွင်း သင့်ပါလျက် မထည့်သွင်းဘဲ ချန်လှပ်ကာ ရေးသားဖော်ပြရခြင်းများကို ခွင့်လွှတ်ကြပါရန် လေးစားစွာဖြင့် ကြိုတင်ပန်ကြားအပ်ပါသည်။

ဦးဖေသောင်း

# ဝန္ဒနာ-ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

အရဟတော လူမင်း၊ နတ်မင်း၊ ဗြဟ္မာ မင်း တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော။

သမ္မာသမ္ဗုဒ္ဓဿ အလုံးစုံသော တရားအပေါင်းတို့ကို မဖောက်မပြန် မှန်ကန်စွာ မိမိအလိုလို ကိုယ်တော်တိုင် သာလျှင် ထိုးထွင်း၍သိမြင်တော်မူပြီးထသော။

တဿ ဘဂဝတော ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူပြီးထသော ထိုမြတ်စွာဘုရား အား မေမမ ခန္ဓာ နာမ် ရုပ် အကျွန်ုပ်၏ နမော နမကာ ရော၊ ကာယ ဝစီ မနောချီ၍ သုံးလီဒွါရ ပဏာမဖြင့် ဂါရဝရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးခြင်းသည် အတ္ထုဘဝတု အမှန်မသွေ ဖြစ်ပါစေသတည်း။

ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ပဥ္စဂုဏံ။ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား တည်းဟူသော အနန္တံ၊ ဆုံးစမထင်၊ ငါးအင်သော ဂုဏ် ကျေးဇူးတော် အပေါင်းကို သဗ္ဗဒါ နေ့ ရော ညပါ ဘယ်ခါမတိမ်း အခါခပ်သိမ်း အဟံ သူ ငါ အတ္တ ရှာမရ သည့် ရုပ်-နာမ် နှစ်ဝ နာမသမုတ် အကျွန်ုပ်သည် ဝန္ဒာမိ ရှိသေမြတ်နိုး ရှိခိုးကန်တော့လိုက်ပါ၏။

# ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓသာသနံ၊ သိစေရာရှိသမျှ
တစမကျန်၊ သယမ္ဘူဉာဏ်ဖြင့်
အလုံးစုံသိမြင်၊ ဘုရားရှင်၏
သင့်အံကျက်မှတ်၊ ပရိယတ်
ကျင့်စဉ်မလပ်၊ ပဋိပတ်
ထိုးထွင်းသိရ၊ ပဋိဝေဓခေါ်လာ
သုံးရပ်သော သာသနာတော်မြတ်သည်
စိရံ၊ ခေတ်အဆက်ဆက်မှာ၊ မညှိုးပါရှဲ
ကမ္ဘာ့မော်ကွန်းတင်ကာ၊ အချိန်ကြာမြင့်စွာ
တိဋ္ဌတု၊ တည်ပါစေသတည်း။
တိဋ္ဌတု အရှေ့ကနေဝန်း၊ ထွန်းလင်းသည့်ပမ
ပုဏ္ဏမည်သော၊ လစန္ဒာကဲ့သို့
ကြွားကြွားဝင့်ဝင့်၊ မားမားစွင့်စွင့်
ဂုဏ်ရည်တင့်၍၊ တည်ရစ်ပါစေသား
အရှင်မြတ်ကြီးဘုရား။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | အမှာ | ၃ |
| | ဝန္ဒနာ ပဏာမ | ၁၁ |
| ၁။ | ဗုဒ္ဓဝင်အကျဉ်းချုပ် | ၁၇ |
| ၂။ | ပထမ ဗုဒ္ဓဝစန | ၂၃ |
| ၃။ | မဇ္ဈိမ ဗုဒ္ဓဝစန | ၂၅ |
| ၄။ | ဓမ္မနိယာမ တရားအစဉ် | ၃၄ |
| ၅။ | အရဟတော်စွ လူ့ဘဝ | ၃၆ |
| ၆။ | မီး ၁၁ မီး | ၄၂ |
| ၇။ | လူမိုက်နှင့် လူလိမ္မာ ကွာခြားပုံ | ၄၆ |
| ၈။ | ကြောက်သေ မကြောက်သေ | ၅၀ |
| ၉။ | အပါယ်လေးပါး | ၅၄ |
| ၁၀။ | အကုသိုလ်ကံ ကုသိုလ်ကံ အကျိုးပေးပုံသာဓကများ | ၆၅ |
| ၁၁။ | သမ္မာဒိဋ္ဌိ ငါးမျိုး | ၇၄ |
| ၁၂။ | အစေလက ကဿပ တိတ္ထိရဟန်း | ၇၈ |
| ၁၃။ | သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ | ၈၃ |
| ၁၄။ | ဒိဋ္ဌိ ခြောက်ဆယ့်နှစ်မျိုး | ၉၁ |
| ၁၅။ | ဝိပ္ပလ္လာသတရား | ၉၅ |
| ၁၆။ | ဝိသာခါ မဟာသုဘဒ္ဒါ | ၉၇ |
| ၁၇။ | ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်ထူးခြားပုံ | ၁၀၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၈။ | အဂ္ဂိဝစ္ဆသုတ္တာ | ၁၀၅ |
| ၁၉။ | ကိလေသာတရား | ၁၁၅ |
| ၂၀။ | ခန္ဓပဋိစ္စ သမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ပုံ | ၁၁၇ |
| ၂၁။ | ပဋိစ္စ သမုပ္ပါဒ် အနုလောမပါဠိတော် | ၁၂၆ |
| ၂၂။ | ခြင်းရာနှစ်ဆယ် | ၁၃၂ |
| ၂၃။ | ဝဋ်သုံးပါး | ၁၃၃ |
| ၂၄။ | အစပ် သုံးစပ် | ၁၃၅ |
| ၂၅။ | ခန္ဓာငါးပါး သဘောတရား | ၁၃၉ |
| ၂၆။ | ခန္ဓာငါးပါး သင်္ခါရတရား | ၁၄၃ |
| ၂၇။ | အနတ္တ လက္ခဏာ | ၁၄၅ |
| ၂၈။ | ခန္ဓာငါးပါး ဖြစ်ပေါ်ပုံ | ၁၄၇ |
| ၂၉။ | လောဘ ဒေါသ မောဟတရား ဖြစ်ပေါ်ပုံ | ၁၅၁ |
| ၃၀။ | ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ပါဠိတော် | ၁၅၇ |
| ၃၁။ | ဝိသုဒ္ဓိတရား ခုနစ်ပါး အမေးအဖြေ | ၁၅၉ |
| ၃၂။ | အရှုခံတရားနှင့် ရှုဥာဏ်တရား | ၁၆၆ |
| ၃၃။ | သတိပဋ္ဌာန်တရားလေးပါး ရှုပွားပုံ ရှုပွားနည်း | ၁၇၇ |
| ၃၄။ | ကာယာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားပုံ ရှုပွားနည်း | ၁၇၉ |
| ၃၅။ | ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားပုံ ရှုပွားနည်း | ၁၈၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၃၆။ စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားပုံ ရှုပွားနည်း | ၁၀၇ |
| ၃၇။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားပုံ ရှုပွားနည်း | ၁၉၁ |
| ၃၈။ ဝိပဿနာတရား ရှုပွားပုံ ရှုပွားနည်း | ၁၉၅ |
| ၃၉။ ပဋ္ဌာန်နက္ခတ္တရိယ ကံငါးပါး | ၂၁၃ |
| ၄၀။ မဂ်အတုတရားဆယ်ပါး | ၂၁၄ |
| ၄၁။ နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရ | ၂၂၁ |
| ၄၂။ ရဟန္တာကြီးနှစ်ပါး အမေးအဖြေ | ၂၂၄ |
| ၄၃။ ပုထုဇဉ် ရဟန်းတပါးအကြောင်း | ၂၃၁ |
| ၄၄။ အရှင်ဖဂ္ဂုဏရဟန်း | ၂၄၁ |
| ၄၅။ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီလျှင် နိဗ္ဗာန်မြင်မည် | ၂၄၉ |
| ၄၆။ ပစ္ဆိမ ဗုဒ္ဓဝစန | ၂၅၄ |

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၃ | ၁ | ရှုပွားလိုကြသည့် | ရှုပွားကြသည့် |
| ၂၃ | ၁၁ | သိမြင်နိုင်တော်မူသော | သိမြင်တော်မူသော |
| ၂၄ | ၂ | ဂဟာဋံ | ဂဟာကူဋံ |
| ၂၄ | ၁၃ | ဖျက်ဆီးရကား | ဖျက်ဆီးပြီးရကား |
| ၂၆ | ၁၉ | ပရိပတ္တိ | ပဋိပတ္တိ |
| ၃၁ | ၁၅ | အတ္တကိုသမထာ | အတ္တကိုလမထာ |
| ၃၂ | ၂၃ | မခံစေလိုပါ | မခံကြစေလိုပါ |
| ၃၃ | ၆ | အထူးထူး | ဤသို့အထူးထူး |
| ၃၉ | ၃ | ဤအကုသိုလ်ကံ | ဤကုသိုလ်ကံ |
| ၅၂ | ၁၀ | မည်ဖြစ်၏ | မည်၏ |
| ၅၃ | ၃ | မိမိ၏ခန္ဓာ၏ | မိမိခန္ဓာ၏ |
| ၅၃ | ၁၇ | ဖြေကြားမိန့်တော် | ဖြေကြားဟောမိန့်တော် |
| ၅၄ | ၁၀ | အသောက်ရသော | ရသော |
| ၅၅ | ၁၄ | ဦးစွာကြည့်ပါစို့ | ဦးစွာကြည့်ကြပါစို့ |
| ၅၈ | ၅ | ခံကြရမည့် | ခံကြရသည့် |
| ၅၈ | ၉ | ကြားရမျှနှင့် | ကြားရုံမျှနှင့် |
| ၇၆ | ၈ | ဒုက္ခတရား | ဒုက္ခသစ္စာတရား |
| ၇၆ | ၁၅ | နိဗ္ဗာန်အစစ် | နိဗ္ဗာန်ချမ်းသာအစစ် |
| ၉၄ | ၁၁ | ဒိဋ္ဌိပြုတ်ရှိ၏ | ဒိဋ္ဌိပြုတ်၏ |
| ၁၁၀ | ၁၁ | ခန္ဓပဋိစ္စသပ္ပါဒ် | ခန္ဓပဋိစ္စသမုပ္ပါဒ် |

# ဗုဒ္ဓဝင် အကျဉ်းချုပ်

လေးသင်္ချေနှင့် ကမ္ဘာတသိန်း အထက် က တခုသော ကမ္ဘာတွင် အလွန်ချမ်းသာကြွယ်ဝသော သုမေဓာအမည်ရှိသည့် သူဌေးတဦးရှိလေသည်။

ထိုသုမေဓာသူဌေးသည် ရှိသမျှသော စည်းစိမ်ချမ်းသာတို့ကို လှူဒါန်းပေးကမ်းစွန့်ကြဲပြီး တောထွက်ကာ ရသေ့ပြုလုပ်၍ နေလေ၏။

တနေ့သောအခါ ဒီပင်္ကရာ မြတ်စွာဘုရားသခင်သည် ရမ္မဝတီနေပြည်တော်သို့ တပည့်သား သံဃာတော် တသိန်းနှင့် ဆွမ်းခံကြွလာလိမ့်မည် ဆိုသည့် အကြောင်း ကို သုမေဓာရှင် ရသေ့ကြားသိရလျှင် ရမ္မဝတီနေပြည်တော်သူ နေပြည်တော်သားများနှင့်အတူ လမ်းများကိုပြုပြင်၍နေလေသည်။

ထိုလမ်းများကို ပြု ပြင် ၍ မပြီးမီပင် ဒီပင်္ကရာမြတ်စွာဘုရားသခင်နှင့် တပည့်သား သံဃာတော်များ ကြွလာတော်မူလေ၏။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရား သခင်နှင့် တကွသော သံဃာတော်အရှင်မြတ်များကို ရှိညွှန်များမပေရဘဲ မိမိ ကိုယ်ပေါ်က ချမ်းချမ်းသာသာကြွသွားတော်မူကြပါရန် ဆိုသည့် မှန်မြတ်သော စေတနာ သဒ္ဒါတရားဖြင့် သုမေဓါရှင်ရသေ့သည် လူတကိုယ်စာခန့် ကျန်ရှိနေသည့် ရှိညွှန်ထဲ၌ ဝမ်းလျှားမှောက်လိုက်ပြီး တံတားအဖြစ်ခင်းပေးကာ လှူဒါန်းလိုက်၏။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသခင်သည် သုမေဓာရှင်ရသေ့၏ဦးခေါင်းရင်း၌ရပ်တော်မူပြီး နောင်ဖြစ်လတ္တံ့သော ကာလကို မြင်တော်မူနိုင်သည့် အနာဂတံသဉာဏ်တော်နှင့်ကြည့်တော်မူလေသည်။

ထိုအခါ သုမေဓာရှင်ရသေ့သည် နောင်သော် ဘုရားဘဆူ ဖြစ်တော်မူမည်ကို သိမြင်တော်မူသည့်အလျောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းလွန်လျှင် ဘဒ္ဒကမ္ဘာ တခု၌ ဂေါတမဆိုသည့်အမည်နှင့် ဘုရားတဆူဖြစ်လိမ့်မည်ဟု နိယတ ဗျာဒိတ်တော်စကားကို မိန့်မှာကြားတော်မူ၏။ ပြီးလျှင် သုမေဓာ ရှင်ရသေ့၏ ကိုယ်ပေါ်မှ ဖြတ်ကျော်မကြွဘဲ လက်ျာရစ်ကြွသွားတော်မူလေသည်။

ဤအချိန်မှစ၍ သုမေဓာ ရှင် ရသေ့ သည် ဒါနပါရမီ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဆိုသည့် ပါရမီတော်ဆယ်ပါး အပြားအားဖြင့် သုံးဆယ်တို့ကို အထွတ်အထိပ်သို့ ရရှိရန်။

တနည်းအားဖြင့် ဘုရားဖြစ်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ဖြည့်ကျင့်ဆည်းပူးတော်မူလာခဲ့ပြီးသည့်နောက် သက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့်ဦးယံအချိန်၌ ရှေ့ကနေခဲ့ဘူးသည်ကို ပြန်သိမြင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံအချိန်၌ နတ်မျက်စိကဲ့သို့ မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်။ မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ စကြဝဠာတသောင်းလုံးကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ်တရားမှစ၍ အာနာပါနစတုတ္ထဈာန်ဝင်စားကာ ဝိပဿနာတရားကို ရှုပွားအားထုတ်၍ မဂ်လေးတန် ဖိုလ်လေးတန် တရားတို့ကို အစဉ်အတိုင်းရပြီး ကိလေသာအပေါင်းတို့ကို ထောင်းထောင်းကြေညက် ပယ်ဖျက်နိုင်သော အာသဝက္ခယဉာဏ်။ တနည်းအားဖြင့် အာသဝေါတရားတို့ ကုန်စင်ရာဖြစ်သော အာသဝက္ခယဉာဏ်တည်းဟူသော ဉာဏ်တော်သုံးပါးတို့ကို ရရှိ သိမြင်တော်မူပြီး ထိုရအပ်ပြီးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး၌ အလုံးစုံသော်တရားအပေါင်းတို့ကို သိမြင် တော်မူကာ တော တောင် ရေ မြေသမုဒ္ဒရာနှင့်တကွ သတ္တဝါအပေါင်းတို့၏စရိုက်တွေကိုပါအကြွင်းမရှိ အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူလေသည်။

ယင်းသို့ရရှိပြီး ဤဘဒ္ဒကမ္ဘာ၌လောကသုံးပါး၏အထွတ်အထိပ်(ဘဝိဿရ)ဘဝကို စိုးမိုးတော်မူသော ဘုရားအဖြစ်ကိုရရှိတော်မူခြင်းပင်ဖြစ်ပေသည်။

ဤကား ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဖော်ပြခြင်းပင်တည်း။

ထိုကဲ့သို့သဗ္ဗညုတဉာဏ်တော်ကို သိမြင်ရရှိတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကြီး၏စကားတော်တို့ကိုပင် အန္ဓဗာလ ပုထုဇဉ် လူပြိန်းများက မမိုက်မသုံ ယုံကြည်နိုင် ကြရန် ခဲယဉ်းလှပေ၏။

အဘယ်ကြောင့်ဆိုသော် အန္ဓဗာလ ပုထုဇဉ်တို့၏ ဉာဏ် သည် မပြောပလောက်အောင်လွန်စွာမှသေးနုပ်၍အာရုံ ါးပါး ကာမဂုဏ်တရားတို့၌သာ ခံစား နစ် မျောနေကြပြီး ကလျာဏ ပုထုဇဉ်ကဲ့သို့ ခန္ဓာ အာယတန မာတ် သစ္စာစသော အဘိဓမ္မာ ပရမတ္ထသဘောတရားများကို လေ့လာလိုက်စား ကျွမ်းကျင်မှု မရှိ မသိခြင်းကြောင့်ပင်ဖြစ်ပေသည်။

အန္ဓဗာလ ပုထုဇဉ်ဆိုသည်က အမှားအမှန်တရားတို့ကို ခွဲခြားပြီးမသိသဖြင့် အရူးဆိုလည်းဟုတ်၏။ အကန်းဆိုလည်း ဟုတ်၏။ လူမိုက်ဆိုလည်းဟုတ်၏။ သူ၏စိတ်ထင်ရာကိုသာ သူ ပြုလုပ် ပြောဆိုကြံစည်နေတတ်ပေသည်။

သို့အတွက်ကြောင့် အတိုင်းအဆမရှိသော အနန္တဂုဏ် ဝင် ဖြစ်သည့် မိမိ၏ ကျေးဇူးရှင်မိဘများ၏ ဂုဏ်ကျေးဇူး ကြီးမား ကြောင်းကိုပင် မသိတတ်ကြပေ။

အမှန်ဆိုရပါမူ ဗုဒ္ဓ ရှင်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူး တော်များကိုသိမှ ဗုဒ္ဓရှင်တော်မြတ်ကြီးအား ကျေးဇူးတင်ရှိသေ နိုင်မည်ဖြစ်သည်။

တရားတော်များ၏ ဂုဏ်ကျေးဇူးကိုသိမှ တရားတော်များ အား ကျေးဇူးတင်ရှိသေနိုင်မည်ဖြစ်သည်။

သံဃာတော်များ၏ ဂုဏ်ကျေးဇူးကိုသိမှ သံဃာတော်များအား ကျေးဇူးတင်ရိုသေနိုင်မည်ဖြစ်သည်။

မိဘများ၏ ဂုဏ်ကျေးဇူးကိုသိမှ မိဘ များအား ကျေးဇူးတင်ရိုသေနိုင်မည်ဖြစ်သည်။

ဆရာသမားများ၏ဂုဏ်ကျေးဇူးကိုသိမှ ဆရာသမားများအား ကျေးဇူးတင် ရိုသေနိုင်မည်ဖြစ်သည်။

ယင်း အနန္တောအနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူးတော်များကို ရိုးရိုးပကတိသာမန်မျက်စိနှင့်ကြည့်ပါက ရိုး ရိုး အမြင်သာ မြင်ကြပေလိမ့်မည်။ ဉာဏ်မျက်စိနှင့် ကြည့် ရှုမှ သာ လျှင် အနန္တောအနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူးတော်များ ကြီးမား မြင့်မြတ်ကြောင်းကို ပိုမိုပြီးထင်ရှားစွာ သိမြင်နိုင်ကြမည် ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ကျေးဇူးတော် အနန္တ ဂုဏ်တော်အနန္တ ဘုန်းတော်အနန္တ တန်ခိုးတော်အနန္တ ပါရမီတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တည်းဟူသောအနန္တ အပါင်းတို့နှင့်ပြည့်စုံတော်မူသော ဗုဒ္ဓ ရှင်တော်မြတ်ကြီး ဖြစ်တော်မူသောကြောင့် ထိုထိုသော ကျေးဇူးတော်အစုံဂုဏ်တော် အပေါင်းစသည်တို့ကို ရေး၍ကားမကုန် ပြော၍ကား မပြီးနိုင်အောင်ပင် အလွန့်အလွန် ကြီး ကျယ် မြင့်မြတ် အံ့ဩဘွယ်ရာ ကောင်းလှပေတော့သည်။

ဗုဒ္ဓ ရှင်တော် မြတ်ကြီး သည် တိဏ္ဏောတာရေယျံ ငါသည် သက္ကာယနယ်မှ သက္ကာယကင်းသည့်နယ်သို့ ကူးမြောက်နိုင်သကဲ့သို့ သတ္တဝါများလည်း ကူးမြောက်နိုင်စေရမည်။မုတ္တော

စာကြည့်တိုက်

မောဓေယျ ငါသည် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း အစရှိသော ဘေးဆိုးအပေါင်းတို့မှ လွတ်ကင်းနိုင်သကဲ့သို့ သတ္တဝါတွေလည်း လွတ်ကင်းနိုင်စေရမည်။ ဗုဒ္ဓေါဗောဓေယျ ငါသည် သစ္စာလေးပါးတရားတို့ကို သိနိုင်သကဲ့သို့ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်နိုင်သကဲ့သို့ သတ္တဝါတွေလည်း သိမြင်နိုင်စေရမည် ဟူသော ကြိမ်းဝါးသံကြီးသည် သုမေဓာရှင်ရသေ့ ဖြစ်စဉ်မှစ၍ကြိမ်းဝါးလာခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ ကြိမ်းဝါးလာခဲ့သည့်အတိုင်း ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် ပါရမီတော်အပေါင်းတို့ကို ပြည့်ရန်ကြိုးစားအားထုတ် ဖြည့်ဆည်းခဲ့၍လည်း ပါရမီတော်အပေါင်းတို့နှင့် ပြည့်စုံပြီး ဘုရားအဖြစ်ကို ရရှိတော်မူခြင်းပင်ဖြစ်ပေသည်။

ထိုကဲ့သို့ လွန်စွာကြီးမားသော မဟာ ကရုဏာတော်၊ အတိုင်းအဆမရှိသောဉာဏ်တော် အစရှိသည်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကြီး၏ အဆုံးအမ ဩဝါဒစကားတော်များကို မကြုံကြိုက် မသိကြရ၍ မနာကြား မခံယူမကျင့်ကြံ မရှုပွားလိုက်ရသော ပုဂ္ဂိုလ်အပေါင်းတို့သည် နစ်နာဆုံးရှုံးကြသဖြင့် သနားဘွယ်ရာကောင်းလှသည့်အပြင် ကြုံကြိုက်ပါလျက် လေ့လာလိုက်စားနာယူမှတ်သား ကျင့်ကြံအားထုတ် ရှုပွားခြင်းမရှိကြသောပုဂ္ဂိုလ်အပေါင်းတို့သည်ကား သာလွန်ပိုကဲ နစ်နာဆုံးရှုံးကြသဖြင့် ပိုမို၍ အလွန်သနားဘွယ်ရာ ကောင်းလှပေတော့သည်။

ဤနေရာ၌ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ အဆုံးအမ ဩဝါဒစကားတော်များကို လေ့လာ လိုက်စား နာယူ မှတ်သား၍

ကျင့်ကြံအားထုတ်ရှုပွားလိုကြသည့် ပုဂ္ဂိုလ်တို့မှသာလျှင် ဆင်းရဲခြင်းဘေးဆိုးအပေါင်းတို့မှ လွတ်ကင်းပြီး ချမ်းသာရာအစစ်အမှန်ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြုရမည်ဟု မှတ်ယူရမည်ဖြစ်ပေသတည်း။

## ပထမ ဗုဒ္ဓဝစန

ပထမ ဗုဒ္ဓဝစနဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်၏ ပထမအဦးဆုံးဖြစ်သောစကားပင်ဖြစ်သည်။ဗုဒ္ဓရှင်တော်မြတ်၏ စကားတော်တို့ကို တရားတော်ဟူ၍ မှတ်ယူကြရမည်ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အလုံးစုံသော တရားအပေါင်းတို့ကို ဆရာမကူ–သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ထိုးထွင်း၍ သိမြင်နိုင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကြီးကို ရယူပိုင်ဆိုင်ပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည့်အခါ ကိလေသာရာဂစသော အဝိဇ္ဇာအမိုက်မှောင်တို့မှကင်း၍ အရဟတ္တမဂ်–အရဟတ္တဖိုလ်၌ ဆိုက်ရောက်လိမ္မာသောဝိဇ္ဇာဉာဏ်ဖြင့် ထွန်းလင်းပြီးရကား ဝမ်းမြောက်ကြည်နူးစွာဖြင့် ဥဒါန်းဂါထာကို ဤသို့ကျူးရင့်မိန့်မြွက်တော်မူလေသည်။

"အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ။

ဂဟာကာရက ဒိဋ္ဌေသိ ပုန—ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ”။

ဟူ၍ဖြစ်ပေသည်။

အကျဉ်းအဓိပ္ပါယ်မှာ-

ကြိမ်ဖန်များစွာ ရုပ် နာမ် ခန္ဓာအိမ်ကို နှောင်ဖွဲ့တတ်သော တဏှာလက်သမား။သင့်အားရှာသောငါသည် သဗ္ဗညုတဉာဏ်ဖြင့် သိမြင်ခြင်းငှါ စွမ်းလေပြီ။ သိမြင်ခြင်းငှာ မစွမ်းသေးသောကာလ၌ မရေမတွက်နိုင်သော ခန္ဓာအိမ်ဖြင့် သံသရာဝဋ္ဋ ဆင်းရဲခြင်း ဘေးဆိုးအပေါင်းတို့၌ အဖန်ဖန် အထပ်ထပ် ပဋိသန္ဓေ နေခြင်းဖြင့် ဆင်းရဲခဲ့လေပြီ။ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ဖွဲ့တတ်သော တဏှာလက်သမား။ အဝိဇ္ဇာ ကိလေသာ တို့ဖြင့် ဖွဲ့အပ်သည်ကိုသိ၍ အပြီးအပိုင်ချိုးဖဲ့ဖျက်ဆီးရကား ပြည့်စုံသောစိတ်နှင့် အရဟတ္တ ဖိုလ်သို့ မျက်မှောက် ပြုခြင်းဖြင့် သင့်အား အောင်နိုင်လေပြီ။

အထက်ပါ စကားတော်သည်ကား ဗုဒ္ဓရှင်တော်မြတ်၏ အဦးဆုံးသော စကား၊ ပထမ ဗုဒ္ဓဝစန အကျဉ်းမျှပင်တည်း။

ဤသို့ ပထမ ဗုဒ္ဓဝစန အရဆိုပါလျှင်မူ ဗုဒ္ဓရှင်တော်မြတ်၏ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားမိန့်မြွက်တော်မူခဲ့သော တရားဓမ္မတို့သည် အဝိဇ္ဇာနှင့်တဏှာ ပြတ်ရန်သာ အဓိကထားပြီး ဟောကြား မိန့်မြွက်တော်မူခဲ့ခြင်းဖြစ်သည် ဟု သိအပ်လှပေသည်။

သံသရာဝဋ် ဆင်းရဲအတွင်း၌ ကျင်လည်၍ နေရခြင်း၏ အကြောင်းရင်းကား အဝိဇ္ဇာနှင့် တဏှာပင် ဖြစ်၏။

ထို အဝိဇ္ဇာနှင့် တဏှာ မူလအရင်းခံ တရား နှစ်ပါးတို့တွင် အဝိဇ္ဇာတရားသည် သတ္တဝါတို့အား သံသရာ အစမှ လည်စေခြင်းဖြစ်၏။ တဏှာတရားသည် သတ္တဝါတို့အား သံသရာ အလယ်မှ လည်စေခြင်းဖြစ်၏။

သံသရာဆိုသည်မှာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ပါရားတို့၏ အစဉ်မပြတ် ဒလစပ် ဖြစ်ပျက် ပြောင်းလဲနေခြင်းကို သံသရာဟု ခေါ်ဆိုပေသည်။

ဗာလော သံသာရဒီဃော ဟူသော ဒေသနာပါဠိလာ ရှိသည်နှင့်အညီ လူမိုက်သည် သံသရာရှည်၏။ သံသရာ ရှည် လေလေပဋိသန္ဓေနေ၊ အို၊ နာ၊သေ၊ ပဋိသန္ဓေနေ၊ အို၊ နာ၊သေ စသည်ဖြင့် ဆင်းရဲခြင်းဝဋ် ရှည်လေလေ ဖြစ်ပေတော့သည်။

## မဇ္ဈိမ–ဗုဒ္ဓ–ဝစန

မဇ္ဈိမ ဗုဒ္ဓ ဝစနဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်၏အလယ် အလတ်ဖြစ်သော စကားပင် ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်၏ အလယ်အလတ်ဖြစ်သော စကားတော်တို့ကို ဤနေရာတွင် ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ်၏ အလယ်အလတ်ဖြစ်သော စကားတော်တို့ကို ရေးသားဖော်ပြရာ၌ ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမဖြစ်သော သာသနာတော်မြတ် သုံးရပ်တို့ကို ရေးသားဖော်ပြရမည် ဖြစ်ပေသည်။

**သာသနာတော်မြတ်သုံးရပ်ဆိုသည်မှာ....**

၁။ ပရိယတ္တိသာသနာ။ ၂။ ပဋိပတ္တိသာသနာ။ ၃။ ပဋိဝေဓသာသနာဟူ၍ သာသနာတော်မြတ်သုံးရပ်ရှိပေ၏။

ထိုသုံးရပ်တို့တွင် ပရိယတ္တိသာသနာဆိုသည်မှာ သုတ်သုံးကျမ်း။ ဝိနည်းငါးကျမ်း။ အဘိဓမ္မာခုနစ်ကျမ်း တို့ဖြစ်ပေသည်။

သုတ်သုံးကျမ်းဆိုသည်မှာ သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျဟူ၍ သုတ်သုံးကျမ် ဖြစ်၏။

ဝိနည်းငါးကျမ်းဆိုသည်မှာ ပါရာဇိကဏ်၊ ပါစိတ်၊မဟာဝါ၊ စူဠဝါ၊ ပရိဝါဟူ၍ ဝိနည်းငါးကျမ်းဖြစ်၏။

အဘိဓမ္မာ ခုနစ်ကျမ်းဆိုသည်မှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ အဘိဓမ္မာ ခုနစ်ကျမ်းတို့ဖြစ်ကြကုန်၏။

ၡင်းပရိယတ္တိ သာသနာတော်မြတ်တို့သည် လေ့လာဆည်းပူး သင်အံကျက်မှတ်ရမည့် တရားတို့ပါပေတည်း။

ပရိပတ္တိ သာသနာဆိုသည်မှာ သီလ၊ သမာဓိ၊ပညာတို့ ဖြစ်ကြကုန်၏။

ၡင်းပဋိပတ္တိ သာသနာတော်မြတ်တို့သည် ကျင့်ကြံအားထုတ် ရှုပွားရမည့် တရားတို့ပါပေတည်း။

ပဋိဝေဓ သာသနာဆိုသည်မှာ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်တို့ ဖြစ်ကြကုန်၏။

ၚင်းပဋိဝေဓ သာသနာတော်မြတ်တို့သည် သိမြင် ရရှိရမည့် တရားတို့ပါပေတည်း။

အထက်ပါ သာသနာတော်မြတ် သုံးရပ်တို့ကို အကျဉ်းချုံးလိုက်ပါလျှင် သစ္စာလေးပါး တရားအတွင်း၌သာအကျုံးဝင်ခြင်းပင် ဖြစ်ပေသည်။

ဤနေရာတွင် ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက်တော် မူခဲ့သော ဥပမာတခုကို တင်ပြလိုပေသည်။

ခြေရှိသော တိရစ္ဆာန်အမျိုးမျိုးမှန်သမျှ မိမိတို့၏ခြေရာ ရှိကြသည်ချည်းပင် ဖြစ်၏။ မည်သည့်ခြေရာမဆို ထပ်ချလျှင် ဆင်ခြေရာ၏ အတွင်း၌သာ ဝင်ကြရမည်ဆိုသကဲ့သို့....

မည်သည့်တရားမဆို နောက်ဆုံး၌ သစ္စာလေးပါးတရား အတွင်း၌သာ ဝင်ကြရမည်ဟု ဆင်ခြေရာကို ဥပမာပြ၍ သံယုတ်ပါဠိတော် ဟတ္ထိပဒေါပမ သုတ်၌ ဗုဒ္ဓရှင်တော်မြတ်ဟောကြား မိန့်မြွက်တော် မူခဲ့လေသည်။

ဤကဲ့သို့ တင်ပြခဲ့သော အကျဉ်းသခေ်ပ စကားရပ်တို့ကို မမှိတ်မသုံ ယုံကြည်စွာ မှတ်ယူကြရပေမည်။

ဗုဒ္ဓရှင်တော်မြတ်ပင်ဖြစ်စေ၊ ရှင် ပစ္စေကဗုဒ္ဓပင်ဖြစ်စေ၊ ရဟန္တာ ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့ပင်ဖြစ်စေ သစ္စာလေးပါး တရားတို့ကိုလျှော်စွာ သိနားလည်သည့် သစ္စာနုလောမိကဉာဏ်ဖြင့် မိမိတို့ ကိုယ်တိုင် ပိုင်းခြားထိုးထွင်း၍ သိနားလည်သည့် ပဋိဝေဓဉာဏ်ကို ရမှသာ

လျှင် မအိုရာ မနာရာ မသေရာဖြစ်သော နိဗ္ဗာန်ချမ်းသာ တရား တော်မြတ်ကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်က "ရဟန်းတို့ ငါသည် သစ္စာလေးပါး တရားကို လျှော်စွာမသိခြင်း၊ ထိုးထွင်း၍ မသိခြင်း တို့ကြောင့် သံသရာ ရှည်ခဲ့ရသည်။

ချစ်သားတို့သည်လည်း သစ္စာလေးပါး တရားကို မသိ ကြသေးသမျှ သံသရာဝဋ်ဆင်းရဲအတွင်း၌ ကျင်လည်ပြေးသွား ရှည်လျားကြရဦးမည်ပင် ဖြစ်သည်"ဟု မဟာဝါပါဠိတော်၌ ဟောကြား မိန့်မြွက်တော်မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူသည်ဖြစ်စေ၊ ပွင့်တော်မမူ သည်ဖြစ်စေ၊ ဤသစ္စာလေးပါး တရားတို့သည်ကား အစကနဦး ကပင် ရှိကြသည်သာဖြစ်၏။

သို့သော်လည်း ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူမှသာလျှင် ဤကား ဒုက္ခသစ္စာ။ ဤကား သမုဒယသစ္စာ။ ဤကားမဂ္ဂသစ္စာ။ ဤကား နိရောဓသစ္စာဟု သစ္စာလေးပါး တရားတော်ကို ဗုဒ္ဓ ရှင်တော်မြတ်က ထင်ရှားစွာ ဖွင့်ပြဟောကြား မိန့်မြွက်တော် မူခြင်းဖြစ်၏။ ဤသည်ကို သဘောပေါက် နားလည် ထားကြရ ပေမည်။

ဗုဒ္ဓ ရှင်တော်မြတ်က "ငါသည် အကြင်အခါ၌ သစ္စာ လေးပါးတရားကို ထိုးထွင်း၍မသိသေး။ ထိုအခါ၌ နတ်ပြဟ္မာ တို့နှင့်တကွသော လူအပေါင်းတို့အား ဘုရားဟူ၍ ဝန်ခံတော် မမူသေး။

"အကြင်အခါ၌ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိ၏။ ထိုအခါ၌ နတ်ပြဟ္မာတို့နှင့်တကွသော လူအပေါင်းတို့အား ဘုရားဟု ဝန်ခံတော်မူပြီ" ဟူ၍ ဓမ္မစကြာသုတ်တော်၌ ဟောကြား မိန့်မြွက်တော်မူခဲ့၏။

ထို့ကြောင့် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်း ဟူသော ၉အောင်ပန်းကို ဆွတ်ခူးနိုင်ကြသည့် ပုဂ္ဂိုလ်တိုင်းတို့သည် သစ္စာလေးပါးတရားမပါဘဲ ဆွတ်ခူးနိုင်ကြသည် ဟူ၍ မရှိချေ။

သစ္စာလေးပါးတရားဆိုသည်မှာ ၁ ဒုက္ခသစ္စာ။ ၂ သမုဒယသစ္စာ။ ၃ မဂ္ဂသစ္စာ။ ၄ နိရောဓသစ္စာဟူ၍ သစ္စာတရားလေးပါး ရှိကုန်၏။

ထိုလေးပါးတို့တွင် ဒုက္ခသစ္စာဆိုသည်မှာ ဆင်းရဲခြင်း အမှန်တရားဖြစ်၏။ ယင်းသည် ရုပ် နာမ် ဓမ္မ သင်္ခါရ တရားတို့၏ ဖြစ်ဒုက္ခ ပျက်ဒုက္ခ တရားတို့ကို ပိုင်းခြား၍ သိအပ်သော တရားဖြစ်သည်။

သမုဒယသစ္စာဆိုသည်မှာ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရားဖြစ်၏။ ယင်းသည် တဏှာ လောဘ ပယ်ရမည့်တရား ဖြစ်သည်။

မဂ္ဂသစ္စာဆိုသည်မှာ ဒုက္ခသစ္စာ၏ ချုပ်ကြောင်း၊ သမုဒယသစ္စာ၏ ပယ်ကြောင်း၊ အကျင့်မှန်တရားမဂ္ဂင်ရှစ်ပါး ဖြစ်၏။ ယင်းသည် ရှုပွါးအားထုတ်ရမည့် တရားဖြစ်သည်။

နိရောဓသစ္စာဆိုသည်မှာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ဖြစ်၏။ ယင်းသည် မျက်မှောက် ပြုရမည့်တရားဖြစ်သည်။

မဂ္ဂင်ရှစ်ပါးတရားဟူသည်ကား ၁။သမ္မာဒိဋ္ဌိ၊ ၂။သမ္မာသင်္ကပ္ပ၊ ၃။ သမ္မာဝါစာ၊ ၄။ သမ္မာကမ္မန္တ၊ ၅။ သမ္မာအာဇီဝ၊ ၆။ သမ္မာဝါယမ၊ ၇။ သမ္မာသတိ၊ ၈။ သမ္မာသမာဓိ ဟူ၍မဂ္ဂင်တရား ရှစ်ပါးရှိကုန်၏။

ထိုရှစ်ပါးတို့တွင် ၁။ သမ္မာဒိဋ္ဌိဆိုသည်မှာ အမှန်တရားကိုမြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပဆိုသည်မှာ အမှန်တရားကို ကြံစည်ခြင်း။

(ဤကား ပညာမဂ္ဂင်နှစ်ပါး ဖြစ်၏။)

၁။ သမ္မာဝါစာဆိုသည်မှာ အမှန်တရားကိုပြောဆိုခြင်း။

၂။ သမ္မာကမ္မန္တဆိုသည်မှာ အမှန်တရားကိုပြုလုပ်ခြင်း။

၃။ သမ္မာအာဇီဝဆိုသည်မှာအမှန်တရားနှင့်အသက်မွေးခြင်း

(ဤကားသီလ မဂ္ဂင်သုံးပါးဖြစ်၏။)

၁။ သမ္မာဝါယမဆိုသည်မှာ အမှန်တရားကို ကြိုးစားအားထုတ်ခြင်း။

၂။ သမ္မာသတိဆိုသည်မှာ အမှန်တရားကိုမမေ့မလျော့ခြင်း။

၃။ သမ္မာသမာဓိဆိုသည်မှာ အမှန်တရား၌ ကောင်းစွာတည်နေခြင်း။

(ဤကား သမာဓိမဂ္ဂင်သုံးပါးဖြစ်၏။)

အထက်ပါ ပညာမဂ္ဂင်နှစ်ပါး သီလမဂ္ဂင်သုံးပါး-သမာဓိမဂ္ဂင်သုံးပါးတို့ကို ပေါင်းလိုက်လျှင် မဂ္ဂင်ရှစ်ပါးတရားတို့ဖြစ်ကြကုန်၏။

အဘိဓမ္မာခုနစ်ကျမ်းသည် ပညာမဂ္ဂင်နှစ်ပါး၌ အကျုံးဝင်၏။ ရုပ် နာမ်တရားတို့၏ အပိုင်းအခြားကို ခန္ဓာအတွင်း၌ ဉာဏ်အမြင်ရှင်းပြီး၊ ဟုတ်တိုင်းမှန်စွာ သိမြင်ရလျှင် အဘိဓမ္မာ ခုနစ်ကျမ်းကို တတ်သည်မည်၏။

ဝိနည်းငါးကျမ်းသည်သီလမဂ္ဂင်သုံးပါး၌အကျုံးဝင်၏။ ရုပ် နာမ် တရားတို့ကို ပိုင်းခြားနိုင်သော ဉာဏ်အမြင်နှင့် ပြည့်စုံသည့် သီလရှိခဲ့သော် ဝိနည်းငါးကျမ်းကို တတ်သည် မည်၏။

သုတ်သုံးကျမ်းသည် သမာဓိမဂ္ဂင်သုံးပါး၌ အကျုံးဝင်၏။ ရုပ် နာမ်တရားတို့၏ ဖြစ်မှု ပျက်မှုတို့ကို သိမြင်ပြီးနောက် ငါ သူ လုံးဝမရှိ၊ အတ္တမဟုတ် အနတ္တသရုပ်ကို စွဲမြဲစိတ်ထားသော သမာဓိနှင့် ပြည့်စုံခဲ့ပါမူ သုတ်သုံးကျမ်းကို တတ်သည် မည်၏။

ဗုဒ္ဓရှင်တော်မြတ်သည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီရသေ့ ငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူရာ၌ ကာမ သုခလ္လိကာ နုယောဂ ခေါ်သည့် ကာမဂုဏ်တရားငါးပါးနှင့် စပ်ယှက်ဖွဲ့နှောင်သော အယူတလမ်းတလမ်း။ အတ္တကိလမထာ နုယောဂ ခေါ်သည့် ခန္ဓာကိုယ်၏ အကျိုးမဲ့သက်သက် ပင်ပန်း ညစ်နွမ်းခြင်းနှင့် စပ်ယှတ်ဖွဲ့နှောင်သော အယူကလမ်းတလမ်း။

ထိုကဲ့သို့ အယူတလမ်း ဘယ်,ညာ, အစွန်းနှစ်ဖက်ကို စွန့်ပယ်ခွာစေပြီး၊ မဇ္ဈိမပဋိပဒါခေါ်သည့်အလယ်အလတ်အကျင့် ဗဟိုအကျင့် မယုတ်မလွန်အကျင့်ကို ဟောပြဆုံးမတော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ဤပဉ္စဝဂ္ဂီငါးဦးတို့အား အယူ လျှော့သော ကာမသုခအချက်၊ အယူတင်းသော အတ္တကိလမထ အချက် အစွန်းနှစ်ဖက်ကို ပယ်ဖျယ်၍ နိဗ္ဗာန်ချမ်းသာတရာ

တော်မြတ်ကို ရကြောင်းဖြစ်သော အလယ်အချက် ဓမ္မစက်ဝင်ရှစ်တန်သော မဂ္ဂင်တရားတို့ကို ကျင့်ကြံအားထုတ် ရှုပွားကြရန် ဟောကြားမိန့်မြွတ်တော် မူခဲ့ခြင်းပင်ဖြစ်ပေသည်။

ဤမဂ္ဂင်ရှစ်ပါးတရားသည်အခက်ကြီးခက်လှသောတရား မဟုတ်ပါ။ အလွယ်ဆုံးတရားဟုလည်း မယူဆသင့်ပါ။ အလယ်အလတ်ဖြစ်သော မဇ္ဈိမ ပဋိပဒါတရားပင်ဖြစ်ပေသည်။

ကျင့်ကြံအားထုတ်ရှုပွားရမှာက မဇ္ဈိမ ပဋိပဒါ၊ အလယ်အလတ်လမ်းဖြစ်သော မဂ္ဂင်ရှစ်ပါး ဥာဏ်အလုပ်တရားတို့ဖြင့်၏။ သိရမှာက သစ္စာတရားတို့ဖြစ်၏။ မြင်မှ ရမှုက မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်တို့ဖြစ်ပေ၏။

သာသနာတော်မြတ် သုံးရပ်တို့တွင် ပရိယတ္တိသာသနာ ပထမ အရင်းခံမရှိပါဘဲလျက် ပဋိပတ္တိသာသနာမဖြစ်နိုင်။ ပဋိပတ္တိသာသနာထွန်းကားပါမှ ပဋိဝေဓသာသနာခေါ်သည့် မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်တို့ကို ရသော သောတာပန်ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ်စသည်များ ဖြစ်နိုင်ကြပေလိမ့်မည် ဖြစ်သည်။

ပရိယတ္တိ သာသနာတော်မြတ်ကို တတ်မြောက်အောင်မြင်စွာ သင်ကြားလေ့ကျင့်နိုင်ပါက အလွန်ကျေးဇူးများပြီး ပို၍ကောင်းမွန်လှပါ၏။

အကယ်၍ ပရိယတ္တိသာသနာတော်မြတ်ကို တတ်မြောက်အောင်မြင်စွာ မသင်ကြားနိုင်ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် လည်းမည်သို့မျှ အားငယ်၍စိတ်အားလျော့ပြီး မနေကြစေလိုပါ။ အလွန်ပင်ရခဲလှသည့် လူ့ဘဝကိုလည်း အဆုံးရှုံးမခံစေလိုပါ။

မိမိတို့ တတ်နိုင်သမျှနှင့်သာ သင်ကြား လေ့လာမှတ်သားရမည် ဖြစ်ပေသည်။

စာရှုသူတို့အနေဖြင့် သစ္စာတရားတို့ကို နာယူမှတ်သား ကြသည်ဖြစ်စေ၊ တိုင်ပင်ဆွေးနွေးကြသည်ဖြစ်စေ၊ ရေးသားထား သော စာပေများကို ဖတ်ရှု မှတ်သား သင်ယူကြသည်ဖြစ်စေ အထူးထူးအထွေထွေသော ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် လည်း ပရိယတ္တိသာသနာတော်မြတ်ကို တတ်မြောက်ရန် သင်အံ လေ့လာမှတ်သား ဆည်းပူးပြီး နေကြခြင်းပင် မည်ပါပေသည်။

သုတ္တ,ဝိနည်း, အဘိဓမ္မာ, ဆိုသည့် ပရိယတ္တိသာသနာ တော်မြတ်အား မဂ္ဂင်ရှစ်ပါး တရား အတွင်းသို့ အသီးသီး အကျုံးဝင်ပုံတို့ကိုလည်း အသိရ လွယ်စေရန် အကျဉ်းချုံး၍ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပေသည်။

သို့ဖြစ်ပါ၍ သစ္စာတရား လေးပါးတို့ကို သိရန်အတွက် မဂ္ဂင် ရှစ်ပါးတရားတို့ကို ကျင့်ကြံအားထုတ် ရှုပွားရမည်ဖြစ်ပေသည်။

ဤနေရာ၌ မိမိခန္ဓာ၏ အရှိဖြစ်ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ်အသိတည်းဟူသောမဂ္ဂသစ္စာတရားနှင့် သိမြင်အောင် မှန်းအောင် ဆုံးအောင် ရှုပွားအားထုတ်ကြရန်သာ အဓိက အချက်ဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရန် လိုအပ် လှပေတော့သည်။

ဤကား ဗုဒ္ဓရှင်တော်မြတ်၏အလယ်အလတ်ဖြစ်သော မဇ္ဈိမ ဗုဒ္ဓဝစန အကျဉ်းအမြွက်မျှသာတည်း။

# ဓမ္မနိယာမ တရား အစဉ်

ကျွန်ုပ်ရေးသားဖော်ပြလိုရင်းကလည်းအထက်ပါအတိုင်း မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းအကျင့်မှန်ဖြစ်သောမဂ္ဂင်ရှစ်ပါး ဉာဏ်အလုပ်တရားကို ရှုပွားအားထုတ်၍ သစ္စာတရားတို့ကို ခန္ဓာ ဉာဏ်ရောက်သိပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်ရန် ရရန်အတွက်သာ အဓိကအချက်ဖြစ်ပေသည်။

စာရှုသူတို့အနေဖြင့် ဤသစ္စာတရားတို့ကို လွယ်ကူစွာဖြင့် ခန္ဓာဉာဏ်ရောက် သိမြင်ပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်ကြ ရကြစေရန်အတွက် ဥပမာ ဥပမေယျအမေးအဖြေ ဝတ္ထု ဇာတ်ကြောင်းပါဠိအနက်စကားပြေများစုံလင်စွာတို့ဖြင့်အကျဉ်း ချုံး၍ ရေးသားဖော်ပြ ထားခြင်းဖြစ်ပါသည်။

ရေးသားဖော်ပြ လိုရင်းဖြစ်သည့် ဤမဂ္ဂင်ရှစ်ပါး ဉာဏ် အလုပ်တရားကို မည်သို့မည်ပုံ ကျင့်ကြံအားထုတ် ရှုပွားရသည်နှင့် တကွ ခန္ဓာအရှိနှင့် ဉာဏ်အသိကိုက်၍ သစ္စာ သိပြီး နိဗ္ဗာန် ချမ်းသာတရားတော်မြတ်ကို မြင်ပုံ ရပုံတို့ကိုလည်း အောက်ပါ စာများ၌ အကြောင်းအကျိုးဆက်ပြကာ ရေးသား ဖော်ပြထား ပါသည်။

အကယ်၍ ဉာဏ်အမြင်မရှင်း သဘော မပေါက်သည့် စာများကို တွေ့ရှိဖတ်ရှုမိပါက သေချာစွာ ဉာဏ်နှင့် ယှဉ်ပြီး ဖတ်ရှုကြပါ။ ဖတ်ရှုရင်းဖတ်ရှုရင်းနှင့်ပင် ဉာဏ် အမြင် ရှင်း၍ နားလည် သဘောပေါက်နိုင်ကြလိမ့်မည် ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် သစ္စာတရားလေးပါးတို့ကို မဟောမီ အဆင့်ဆင့်အနေဖြင့် ဒါနကထာ လှူဒါန်းပေးကမ်းခြင်း စသည့် အလှူဒါနကို ပြုလုပ်လျှင်ပစ္စည်းဥစ္စာ ပေါများမည်ဖြစ်ကြောင်း၊ သီလကထာ သီလတော်မြတ်ကို စောင့်ထိန်းလျှင် အသက်ရှည်မည် ဖြစ်ကြောင်းတို့ကို ပထမ ရှေးဦးစွာ ဟောကြား မိန့်မြွက်တော်မူ သည်။

ယင်းနောက် ဒါန သီလ စသည့် ကုသိုလ်ကံ တရားတို့ ကြောင့် လူ့ဘဝ နတ်ဘဝသို့ရောက်လိမ့်မည်ဟု သဂ္ဂကထာကို ဟောတော်မူသည်။

တဖန် လူ့ဘဝ နတ်ဘဝ တို့သည်လည်း အာရုံငါးပါး ကာမဂုဏ်တရားများနှင့်သာ ခံစားမွေ့လျော် ကျင်လည်နစ်မျော နေကြသည်ဖြစ်၍ ခွေး အမဲရိုး ရသည်နှင့်တူ၏ဟု ဆိုခြင်းကို သိသာ စိမ့်သောငှါ လူ နတ်ကာမ စသည်တို့ကိုဖျက်ဆီးအပ်သော တရားများအဖြစ် ကာမာနံ အာဒီနဝ ကထာကို ဟောတော်မူ သည်။

ယင်းမှ ဆက်လက်၍ ကိလေသာ ကာမဂုဏ်အပြစ်ဟူ သမျှတို့ကို ဖျက်ဆီးတော်မူလိုသဖြင့် နေက္ခမ္မေအာဒီနဝကထာကို ဟောကြားတော်မူပြန်သည်။

ထိုကဲ့သို့ ကာမဂုဏ်အပြစ်တွေကို အဆင့်ဆင့်ပြ၍ ဟော တော်မူလာပြီးမှ ကာမဂုဏ်တရားငါးပါးအပေါ်၌ စိတ်သည် ငြီးငွေ့လာသောအခါ၊ နူးညံ့ သိမ်မွေ့လာသောအခါ၊ သန့်ရှင်း စင်ကြယ်လာသောအခါ၊အညစ်အကြေး ကင်းစင်လာသောအခါ

ပြုပြင်ခြင်းငှါ သင့်လျော်သောအခါကျမှပင် သစ္စာကထာသစ္စာလေးပါးတရား တို့ကို ဟောတော်မူသည်။

ဤသို့ အဆင့်ဆင့် အနေဖြင့် ဟောကြား မိန့်မြွက်တော်မူခြင်းသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့၏ ဓမ္မနိယာမတရားအစဉ်ပင်ဖြစ်ပေတော့သည်။

ဤကား ဓမ္မနိယာမတရားအစဉ်အကျဉ်းမျှပင်တည်း။

## အရေတော်ဋ္ဌ လူ့ဘဝ

ဤလောကကြီးအတွင်းရှိ လူသား တို့သည် လွန်စွာထိတ်လန့်ကြောက်ရွံ့ကြသဖြင့် မတွေ့ မမြင် မကြားသိလိုသောဘေးဥပဒ်အန္တရာယ်ဆိုးအမျိုးမျိုးတို့သည် အထင် အရှား ရှိကြကုန်၏။ ထိုဘေးဥပဒ် အန္တရာယ်ဆိုး အမျိုးမျိုးတို့နှင့် ပက်ပင်းတိုးမိကြသဖြင့် မရှုမလှအသက်ဆုံးရှုံးကြသူများ၊ လူပြင်ကျိုးရှုံးလောက်အောင် ရင်ပျက် ဆင်းပျက်ဖြစ်ကြရသူများကိုလည်း ရံဖန်ရံခါတွေ့မြင်ကြားသိနေကြရသည်။ မီးဘေး ရေဘေး လေဘေး မြေငလျင်ဘေး ကပ်ရောဂါဘေး အစရှိသော ဘေးဟုဆိုအပ်သည့် ရုတ်တရက် ဖြစ်ပေါ်လာတတ်သည့် ဘေးဥပဒ်အန္တရာယ်ဆိုး အမျိုးမျိုးတို့ကို လူသားများ အထူးပင်ထိတ်လန့်ကြောက်ရွံ့ကြကုန်သည်။

ဤသို့ ကြောက်မက်ဘွယ်ရာကောင်းသော ဘေးဥပဒ္ဒဝ အန္တရာယ်ဆိုးအမျိုးမျိုးတို့သည် သူ့အချိန်နှင့်သူ့အခါတိုင်း သူ့အလိုအလျောက် ဖြစ်ပေါ် လာကြသည် ဟု အများအားဖြင့် ယူဆကောင်းယူဆကြမည်ဖြစ်ပေသည်။

ထိုအယူအဆမျိုးတို့သည်ကား ဗုဒ္ဓ ရှင်တော်မြတ်ဘုရားနှင့်တကွ အရိယာသူတော်ကောင်းတို့၏ ယူဆချက်မျိုးမဟုတ်ပါချေ။

စင်စစ်သတ္တဝါတို့၏ လောဘ ဒေါသ မောဟ အစရှိသော အကုသိုလ်ကံတရားတို့ကြောင့်ပင်ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အယူသည် အကြောင်းတရားမရှိဘဲလျက် အကျိုးတရား မဖြစ်ပေါ် လာနိုင်ဟု ယူခြင်းပင်ဖြစ်သည်ကို သိအပ်လှပေသည်။

သတ္တဝါတို့၏ကိုယ်နှုတ်စိတ်တို့မှ ပြုလုပ်ပြောဆိုကြံစည်မှု ကံဆိုးကံကောင်းတို့ကြောင့်သာဖြစ်ရပေသည်။

ကုသိုလ်ကံသည် ကောင်းကျိုး ကို ပေး၏။ အကုသိုလ်ကံသည် မကောင်းကျိုးကိုပေး၏။ သို့သော် ၎င်းကုသိုလ်ကံ၊ အကုသိုလ်ကံတရားတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းတည်းဟူသော ဘေးဆိုးတွေမှ မလွတ်ကင်းနိုင်ဟု မှတ်ယူရမည်ဖြစ်ပေသည်။

အချို့လူသားများက ဒါန သီလ သမထတရားတို့သည် သံသရာလည်၏ဟုပြောဆိုကြသည်။ အမှန်စင်စစ် ဒါန သီလ သမထတရားတို့က သံသရာလည်ခြင်းမဟုတ်ပါ။ ပြုလုပ် ပြောဆိုကြံစည်ကြသူတို့၏စိတ်ထားမတတ်ခြင်းကြောင့် တနည်းအားဖြင့်

သစ္စာတရားတို့ကို မသိခြင်းကြောင့်သာ သံသရာလည်ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ဒါန သီလ သမထတရားတို့ကို ပြုလုပ်ပြောဆို ကြံစည်ကြသမျှဉာဏ်နှင့်ယှဉ်ကာသစ္စာသိပြီးပြုလုပ်ပြောဆိုကြံစည် မှသာ ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်းတည်း ဟူသော ဘေးဆိုးအပေါင်းတို့မှ လွတ်ရာလွတ်ကြောင်း နည်း လမ်းကောင်းအမှန်ဖြစ်ပေမည်။

ဗုဒ္ဓရှင်တော်မြတ်သည် အပါယ်လေးဘုံသို့ ရောက်စေ နိုင်သောတရားတို့ကို သိတော်မူသည်။ လူ့ဘုံသို့ ရောက်စေနိုင် သောတရားတို့ကို သိတော်မူသည်။ နတ်ဘုံ ခြောက်ဌာနသို့ ရောက်စေနိုင်သောတရားတို့ကို သိတော်မူသည်။ ဗြဟ္မာ့ဘုံ နှစ် ဆယ်သို့ရောက်စေနိုင်သောတရားတို့ကိုသိတော်မူသည်။ ဤကဲ့သို့ သုံးဆယ့်တဘုံသို့ ရောက်စေနိုင်သောတရားတို့ကို သိမြင်တော် မူသည့်အပြင် ဒုက္ခမရောမယှက်ချမ်းသာခြင်း သက်သက်သာရှိရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို ရစေနိုင်သော တရားတို့ကို လည်း သိမြင်တော်မူလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါများ အပေါ်၌အလွန်ကြီးမားသောမဟာကရုဏာတော်ဖြင့်နိဗ္ဗာန်ချမ်း သာတရားတော်မြတ်ကိုရနိုင်သော ပုဂ္ဂိုလ်များအတွက် ရအောင် နည်းလမ်းပေး၍ မရနိုင်သောပုဂ္ဂိုလ်များအတွက်"ဤအကုသိုလ် ကံတွေကို မပြုလုပ် မပြောဆို မကြံစည်ကြနှင့်၊ ပြုလုပ် ပြောဆို ကြံစည်လျှင် အလွန်ပင် ကြောက်မက်ဘွယ်ရာ ကောင်းသည့် အပါယ်လေးဘုံသို့ ရောက်လိမ့်မည်"

"အပါယ်လေးဘုံသို့ ရောက်ရသည်နှင့်စာလျှင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေက တော်သေး၏" ဆိုသည့် သဘောဖြင့် ဤအာကာသိုလ်ကံတွေကို ပြုလုပ်ပြောဆိုကြံစည်လျှင် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံများသို့ရောက်လိမ့်မည်" ဟု ဟောကြား မိန့်မြွက်တော်မူခြင်းဖြစ်ပေသည်။

တဖန် လူ နတ် ဗြဟ္မာတွေသည်လည်း အဖန်ဖန် ပဋိသန္ဓေနေရသည့်ဘေး. အိုရသည့်ဘေး နာရသည့်ဘေး သေရသည့်ဘေး စိုးရိမ်ပူဆွေးရသည့်ဘေး ငိုကြွေးရသည့်ဘေး ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းရသည့်ဘေး မုန်းသည့်ပုဂ္ဂိုလ် အာရုံဝတ္ထုတွေနှင့် ပေါင်းသင်းတွေ့ကြုံရသည့်ဘေး ချစ်နှစ်သက်သည့်ပုဂ္ဂိုလ် အာရုံဝတ္ထုတွေနှင့် ရှင်ကွဲ သေကွဲ ကွဲရသည့်ဘေး လိုတာမရသည့်ဘေး မလိုတာရသည့်ဘေးအစရှိသော ဘေးဆိုးအမျိုးမျိုးတွေက မလွတ်ကင်းနိုင်။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတွေက ကုသိုလ်ကံအချိန်တွေကုန်လျှင်လည်း ဆင်းရဲခြင်းအပြည့်နှင့် ချမ်းသာခြင်းကင်းသည့်အပါယ်လေးဘုံသို့ ပြန်ဆင်းရမည် ဖြစ်ပေတော့သည်" ဟု အဆင့်ဆင့်အကျိုးပေးပုံတို့ကို ဟောကြား မိန့် မြွက်တော်မူလေသည်။

ထိုဘေးဆိုးအပေါင်းတို့မှ လွတ်ကင်းရန်အတွက် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင်က တန်ခိုးနှင့် အာဏာနှင့် မတားဆီးနိုင် မကယ်ဘင်နိုင်ပေ၊ တရားက သာ လျှင် ကယ်တင်နိုင်မည်ဖြစ်သည် ဟု နားလည်သဘောပေါက်ထားရပေမည်။

ဗုဒ္ဓရှင်တော်မြတ်က တရား က သာ လျှင် သံသရာဝဋ်ဆင်းရဲဘေးဆိုးအပေါင်းတို့မှ လွတ်ကင်းပြီး အေးငြိမ်း ချမ်း

သာရာ အမှန် ဖြစ်သော နိဗ္ဗာန်တရားတော် မြတ်ရနိုင်ကြောင်း ကို နည်းလမ်း ညွှန်ပြထားတော်မူခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ် နည်းလမ်း ညွှန်ပြထားခဲ့သည့် နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး လမ်းကောင်း လမ်းမှန် တရားအတိုင်း ကျင့်ကြံအားထုတ်ရှုပွားရပေမည်။

ဤမဂ္ဂင်ရှစ်ပါး လမ်းကောင်း လမ်းမှန် တရားအတိုင်းကို မလိုက်နာ မကျင့်ကြံ မရှုပွါးကြသော သတ္တဝါ အပေါင်းတို့သည် မိမိတို့၏ ကံစီမံရာသော ဆင်းရဲခြင်း ဘေးဆိုး အပေါင်းတို့နှင့် ပြည့်စုံသည့် သံသရာဝဋ် အတွင်းဝယ် ကျင်လည်နစ်မျော၍ ခံစားနေကြရမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် သုံးဆယ့် တဘုံရှိသည့် အနက် ယခု ကံကောင်း ထောက်မ၍ လူ့ဘုံသို့ ရောက်ရှိ နေခြင်းပင်ဖြစ်၏။ လူဆိုသည်က ကုသိုလ်ကံ ကောင်းကျိုးကိုပေးမည်။ အကုသိုလ်ကံ မကောင်းကျိုးကို ပေးမည်ဟု သိတတ်သည့် အပြင် အကြောင်း ဟုတ်သည် မဟုတ်သည် တို့ကိုလည်း သိတတ်သောကြောင့် လူဟုခေါ်ဆိုသမုတ် နေကြခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ အသိဉာဏ်ရှိသော လူ့ဘုံ ဘဝကို ရထားသည်မှာ ဒုလ္လဘ ရခဲပေခြင်းဖြစ်၏။ အလွန်ပင် ရခဲလှသည်ဟု မှတ်ယူရမည်။လွန်စွာမှအရတော်သည်ဟုလည်းမှတ်ယူရမည်ဖြစ်ပေသည်။

ယခုလို လူ့ဘဝကိုရထားချိန်၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်နှင့်လည်း ကြုံကြိုက်နေ၏။ ရတနာမြတ်သုံးပါးအား သဒ္ဓါကြည်ညိုသော အမျိုးကောင်းသား အမျိုးကောင်း

သမီးများ လည်းဖြစ်ကြရ၏။ ထောင်နိုင်သည့်နား ဖတ်ရှုမြင်နိုင်သည့်မျက်စိအလင်းလည်းရ၏။ သစ္စာလေးပါး တရားတော်မြတ်ကို သိမြင်အောင် ဟောပြောပြသတတ်သည့် ဆရာကောင်းသမားကောင်းရှာလျှင် ရနိုင်သော အချိန်အခါလည်းဖြစ်၏။ တရားကိုအားထုတ်နိုင်သော အခွင့် အခါကောင်းနှင့် လည်းပြည့်စုံနေ၏။

ဤကဲ့သို့ အဖက်ဖတ်မှ လိုလေသေးမရှိ ပြည့်စုံလုံလောက်နေသည့် အချိန်အခါကောင်းမျိုး၌ မိမိတို့၏ ရရှိထားသောလူ့ဘဝကို အလဲသုံးစားမဖြစ်ကြစေရန် အရှုံးကြီး မရှုံးကြစေရန်ကိုယ်ကျိုးမနည်းရစေရန်အနည်းဆုံး မည်သည့်ဘဝမှအပါယ်လေးဘုံ ဌာနသို့ မကျရောက် မခံစားရစေရန် အတွက် သစ္စာလေးပါးတရားကိုကို သိမြင်အောင် ကျင့်ကြံအားထုတ် ရှုပွါးထားကြရမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် မိခင်ဝမ်း အတွင်း၌ ပဋိသန္ဓေတည်သည့်အချိန်မှစ၍ မည်သည့် ရောဂါ မည်သည့် အချိန် မည်သည့်နေရာ၌ သေကြရမည်ဟုသာ အတိအကျ မသိကြရသော်လည်း ကေန်မုချ အမှန် သေရမည့်အချိန်သို့သာ ဦးတည်ပြီး မရပ်မနား ပြေးသွားနေကြ ရသည် ကိုတော့ နားလည် သဘော ပေါက် ထားကြပြီးဖြစ်ပေသည်။

ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း တည်းဟူသော တရားတို့သည်ကား ချမ်းသာမဖက် ဆင်းရဲခြင်း သဘောသက်သက်ဖြစ်သော တရားအစုသာ ဖြစ်ပေသည်။

ဤဆင်းရဲခြင်း သဘောသက်သက်သာ ဖြစ်သော တရား

အစုကြီးကို မိမိတို့၏ အရေးမဟုတ်သကဲ့သို့ လျစ်လျူရှု၍ နေနိုင်ကြသောပုဂ္ဂိုလ် အပေါင်းတို့သည်ကား အထူးပင် ဝမ်းနည်းစရာကောင်းလှပါဘိ။

## မီး-၁၁-မီး

သုံးဆယ့်တဘုံ တည်းဟူသော သံသရာ ဝဋ်အတွင်း၌ ကျင်လည်နစ်မျော၍ နေကြရသော သတ္တဝါတိုင်းပင် ပဋိသန္ဓေ တည်သည့်အချိန်မှစ၍ သေရမည့်အချိန် သို့သာ အစဉ်တစိုက်မရပ် မနားသွားနေကြရပေသည်။

သံသရာ တလျှောက်လုံးတွင်လည်း ရောဂါမျိုးစုံနှင့် ပြည့်လျက်ရှိသော ခန္ဓာဝန်ထုပ်ကြီးကို ထမ်းကာ မီး- ၁၁ -မီးလောင်ခြင်းကိုခံရင်းမရပ်မနား ပြေးလွှားနေကြရသည်ဟုသဘောပေါက်ထားကြရန် လိုအပ်လှပေသည်။

မီး-၁၁-မီးသည် သတ္တဝါတို့အား လောင်ကျွမ်းပျက်ဆီးစေ၏။

မီး-၁၁မီးဆိုသည်မှာ

၁။ လောဘမီး ၂။ ဒေါသမီး ၃။ မောဟမီး ၄။ ဇာတိမီး ၅။ ဇရာမီး ၆။ မရဏမီး ၇။ သောကမီး ၈။ ပရိဒေဝမီး

၉။ ဒုက္ခမီး ၁၀။ ဒေါမနဿမီး ၁၁။ ဥပါယာသမီးတို့ ဖြစ်ကြကုန်၏။

ထိုမီး ၁၁ မီးတို့တွင် လောဘမီးဆိုသည်မှာ လိုချင်တပ်မက် နှစ်သက်ရသဖြင့် ပူလောင်ခြင်း။

ဒေါသမီး ဆိုသည်မှာ မလိုမုန်းထား ပြစ်မှား စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း။

မောဟမီး ဆိုသည်မှာ အမှန်တရားတို့ကို မသိရသဖြင့် ပူလောင်ခြင်း။

ဇာတိမီးဆိုသည်မှာ ဘဝသစ်၌ဖြစ်ရသဖြင့်ပူလောင်ခြင်း၊ တနည်းအားဖြင့် (က)သြပပါတိက၊ ကိုယ်ကောင် ထင်ရှားစွာဖြစ်ခြင်း။(ခ)သံသေဒဇ၊အရာဝတ္ထု၌ရှိသော အညှိကိုစွဲ၍ဖြစ်ခြင်း၊ (ဂ) အဏ္ဍဇ၊ ဥခွံအတွင်း၌ ဖြစ်ခြင်း။ (ဃ) ဇလာဗုဇ၊ မိခင်၏ သားအိမ်အတွင်း၌ဖြစ်ခြင်း တည်းဟူသော ပဋိသန္ဓေ လေးမျိုး တမျိုးမျိုး၌ ပဋိသန္ဓေ တည်နေရသဖြင့် ပူလောင်ခြင်း။

ဇရာမီးဆိုသည်မှာ အိုမင်းရင့်ရော်ရသဖြင့်ပူလောင်ခြင်း။

မရဏမီးဆိုသည်မှာ သေကြေပျက်စီးရသဖြင့် ပူလောင်ခြင်း။

သောကမီးဆိုသည်မှာ စိုးရိမ်ကြောင့်ကြ ပူဆွေးရသဖြင့် ပူလောင်ခြင်း။

ပရိဒေဝမီးဆိုသည်မှာ စိုးရိမ်ကြောင့်ကြ ပူဆွေးရရုံမျှမက ရှိုက်ကြီးတငင် ငိုကြွေးရသဖြင့် ပူလောင်ခြင်း။

ဒုက္ခမီးဆိုသည်မှာ ရုပ်ကိုမှီ၍ မသာမယာ ဖြစ်ရသဖြင့် ပူလောင်ခြင်း။

ဒေါမနဿမီးဆိုသည်မှာ စိတ်ကိုမှီ၍ မသာမယာ ဖြစ်ရသဖြင့် ပူလောင်ခြင်း။

ဥပါယာသမီး ဆိုသည်မှာ ရှိုက်ကြီးတငင် ငို ကြွေး မြည်တမ်း ရရုံမျှမက ပြင်းထန်စွာ စိတ်ထိခိုက်ပြီး မေ့မြော ရင်ကွဲနာကျသည်အထိ စိတ်ပင်ပန်း ဆင်းရဲဖြစ်ရသဖြင့် ပူလောင်ခြင်းတို့ ဖြစ်ကြကုန်၏။

အထက်ဖော်ပြပါ မီး- ၁၁-မီးရှိသည့်အနက် လောဘမီး၊ ဒေါသမီး၊ မောဟမီးတည်းဟူသော မီး-၃-မီး တို့သည် အကြောင်းတရားဖြစ်ကြ၏။

ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး တည်းဟူသော မီး-၈မီးတို့သည် အကျိုးတရား ဖြစ်ကြကုန်၏။

အိပ်ရာမှ နိုးပြီး လောကီကိစ္စ အ ၀၀ အရေး တို့ကို ပြုလုပ် ပြောဆို ကြံစည်နေကြသော ပုဂ္ဂိုလ်တို့အား မီး ၁၁ မီးသည် လောင်ချင်သလို လှည့်ပြီးလောင်နေလျက်ရှိ၏။

အိပ်ပျော်နေသော ပုဂ္ဂိုလ်နှင့် သတိမေ့ မြောနေသော ပုဂ္ဂိုလ်တို့အား ဇာတိမီး၊ ဇရာမီး၊ မရဏမီး တည်းဟူသော မီး ၃ မီးတို့က လှည့်ပြီးလောင်နေလျက် ရှိ၏။ မီးမလောင်သော အချိန်ဟူ၍ မည်သည့်အချိန်မှမရှိ၊ အစဉ်ဒလစပ် မီးလောင်ခြင်းကို ခံနေကြရကုန်၏။

ဤနေရာ၌ ဇာတိမီး၊ ပဋိသန္ဓေနေခြင်း၊ ဇရာမီး၊အိုမင်းရင့်ရော်ခြင်း၊ မရဏမီး၊ သေကြေပျက်စီးခြင်း သဘောတရားတို့ ဆိုရာတွင် ယခုဖြစ်ဆဲ ရုပ် နာမ် ခန္ဓာတို့၏ အစဉ်ဒလစပ် မွေးပြီး

သေနေသော သဘောတရားတို့ကိုဆိုလိုခြင်းဖြစ်သည်။တနည်းအားဖြင့် ယခုဖြစ်ဆဲ ရုပ် နာမ် ခန္ဓာတို့၏ အစဉ်ဒလစပ် ဖြစ်ပြီးပျက်နေသော သဘောတရားတို့ကိုဆိုလိုခြင်းဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ဖြစ်ခြင်းသည် ဇာတိ။ ဖြစ်ပြီးခြင်းသည် ဇရာ။ ပျက်ခြင်းသည် မရဏတရားတို့ ဖြစ်သောကြောင့်ပင်တည်း။

ဋ္ဌင်းမီး ၁၁မီးတို့သည် ခန္ဓာရှိရှိသာ ခန္ဓာ အတွင်း၌ လောင်နေကြခြင်းဖြစ်ပေသည်။

သတ္တဝါအပေါင်းတို့သည် မိမိခန္ဓာကိုမီး၁၁မီးအလောင်ခံနေရမှန်းသိမှသာ မီး ၁၁ မီး အလောင်မခံရရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြလိမ့်မည်ဖြစ်သည်။

စာရှုသူတို့သည်လည်း ဤ မီး ၁၁ မီး တို့ဖြင့် အစဉ်ဒလစပ် လောင်ခြင်း ခံနေကြရသည်ကို သိပြီး သဘော ပေါက်ပြီးဖြစ်ကြပေလိမ့်မည်။

ယခုလို ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် မြတ်နှင့်ကြုံကြိုက်နေပါလျက် မီး ၁၁မီးတို့ဖြင့် လောင်ခြင်းကို ခံနေရပြီးဖြစ်ပြီးပျက် ဖြစ်ပြီးပျက် စသည်ဖြင့် တနည်းအားဖြင့် မွေးပြီးသေ၊ မွေးပြီးသေ စသည်ဖြင့် မွေးပြီးသေရမည့်ဘက်ကိုချည်းသာ မရပ်မနား ပြေးလွှားသွားနေရသည့် သံသရာ ဝဠ်ဆင်းရဲ အစစ်အမှန် တရားကြီးကိုပင်လျှင် လောကီကိစ္စလေး ပြည့်စုံလိုလောက်ရုံမျှဖြင့် ချမ်းသာ၏ဟုထင်ပြီး တနည်းအားဖြင့် ငါလူ့ဘဝအရတော်၏ဟုထင်ပြီး ဘဝင်မြင့်၍ ကျေနပ်ပျော်ရွှင်နေကြသော

ပုဂ္ဂိုလ်တို့သည် မသိနားမလည်သေးသည့်ကလေးအရွယ် လူမမယ် ဖြစ်၍လည်း နေရမည်။ သို့တည်းမဟုတ် ဉာဏ်မျက်စိ စုံလုံးကန်း နေခြင်းကြောင့်လည်းဖြစ်ရမည်။ သို့မဟုတ်က ဉာဏ်နားမရှိခြင်း ကြောင့်လည်း ဖြစ်ရပေတော့မည်။

## လူမိုက်နှင့်-လူလိမ္မာ ကွာခြားပုံ

စာရှုသူတို့အနေဖြင့် ယခုအချိန်၌ လောကီ စည်းစိမ် ချမ်းသာဟု ဆိုအပ်သော စည်းစိမ်ချမ်းသာ အာရုံ အားလုံး ဟူသမျှတို့ကို ပြည့်စုံလုံလောက်စွာ လိုလေသေးမရှိ၊ရရှိမည်ဆိုကြ ပါစို့။ စာရှုသူတို့အနေဖြင့် ပျော်ရွှင် နိုင်ပါမည်လော။

ဤကဲ့သို့မေးလျှင် အဘယ်ကဲ့သို့သော အဖြေများကို ဖြေ မည်နည်း။

အကယ်၍ စာရှုသူအနေဖြင့် ကျေနပ် ပျော်ရွှင်ပါသည် ဟု ဖြေခဲ့သည်ရှိသော် စာရှုသူသည် မလွဲကေန် အမှန်မုချရင်ဆိုင် ရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသည့် ဆင်းရဲခြင်း ဘေးဆိုး အပေါင်းတို့ကို ကျေနပ်ပျော်ရွှင်စွာ လက်ခံသိမ်းပိုက် ပါမည်ဟု ဖြေသည်နှင့်တူ၏။

ဗုဒ္ဓရှင်တော်မြတ်က ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊နာခြင်း

သေခြင်းအစရှိသော တရားတို့သည် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားဟု ဓမ္မစကြာသုတ်တော်၌ ဟောကြား မိန့် မြွက်တော် မူခဲ့လေသည်။

မိမိခန္ဓာကို ဆင်းရဲခြင်းအမှန်တရားဟု သိမြင်မှသာ ဤဆင်းရဲခြင်းအမှန်တရားမှ လွတ်ကင်းလိုကြပေလိမ့်မည် ဖြစ်သည်။

အချို့သော လူများက "နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မရသေးမီးစပ်ကြား၌ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို ဘဝများစွာ အကြိမ်ကြိမ် ခံစားစံစားရပါလို၏" ဟုဆုတောင်းကြသည်။ဤကဲ့သို့ဆုတောင်းခြင်းသည်လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို ခံစားစံစားရမည်မှာ မသေချာ။ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊နာခြင်း၊ သေခြင်းတည်းဟူသော ဆင်းရဲခြင်း အမှန်တရားတို့ကို ရမည်မှာ သေချာလှ၏။

အကြောင်းကို ဆိုရသော် လူ၊ နတ်၊ ဗြဟ္မာ တို့နှင့်တကွ သုံးဆယ့်တဘုံအတွင်း၌ ကျင်လည်နစ်မျော၍ နေကြရသော သတ္တဝါအပေါင်းတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ဆင်းရဲခြင်း အမှန်တရားတို့မှ မလွတ်ကင်းနိုင်သောကြောင့်ပင် ဖြစ်ပေသည်။

များစွာသော လူသားတို့သည် ဤပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ဆင်းရဲခြင်း အမှန်တရားတို့ကို ဖြစ်ရိုးဖြစ်စဉ် သဘောတရားဘဲ မည်သို့မျှမတတ်နိုင်တော့ပြီဟု ယူဆပြီး ထွက်ရာလမ်းမရှာတော့ဘဲ စိတ်အားလျော့ကာ နေတတ်ကြသည်။

ဤကဲ့သို့ ယူဆပြီး စိတ်အားလျော့ကာ နေသောပုဂ္ဂိုလ်သည် လိမ္မာသော ပုဂ္ဂိုလ်မဟုတ်၊ အမှားကြီးမှားနေပြီး အမိုက်ကြီးမိုက်နေသော ပုဂ္ဂိုလ်ဟူ၍သာ ဆိုရပေမည်။

အဘယ့်ကြောင့်နည်းဟူမူ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းများစွာတို့အား လူမိုက်နှင့်လူလိမ္မာတို့သည် လာပုံတွင်တူကြငြားသော်လည်း သွားပုံတွင် မတူကြပုံတို့ကို ဤသို့ဟောကြားမိန့်မြွက်တော်မူခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

လူမိုက်နှင့်လူလိမ္မာသည် လွန်လေပြီးသော အတိတ်ကာလမှ အဝိဇ္ဇာ သင်္ခါရတည်းဟူသော တရားတို့ကြောင့် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာခံစားကြသည်အထိအတူတူပင်ဖြစ်၏။ လာပုံချင်းတူ၏။

လူမိုက်သည် ဝေဒနာခံစားပြီးနောက်တွင် လောဘဒေါသ မောဟလိုက်၏။

လူလိမ္မာသည် ဝေဒနာ ခံစားပြီးနောက်တွင် အလောဘအဒေါသ အမောဟ လိုက်၏။

လူမိုက်သည် ဝေဒနာခံစားပြီးနောက်တွင် တဏှာ ကျင့်မှုလိုက်၏။

လူလိမ္မာသည် ဝေဒနာခံစားပြီးနောက်တွင် ပညာကျင့်မှုလိုက်၏။

လူမိုက်သည် အတိတ် ပစ္စုပ္ပန် အနာဂတ် သုံးဘဝဆက်၏။

လူလိမ္မာသည် အတိတ် ပစ္စုပ္ပန်နှစ်ဘဝနှင့် ဇာတ်သိမ်း၏။ နောက်အနာဂတ် ဘဝသို့ မဆက်တော့ပေ။

လူမိုက်သည် နောက်ထပ်တဖန် ပဋိသန္ဓေနေရန် ကျင့်ကြံအားထုတ် ပြုလုပ်၏။

လူလိမ္မာသည် နောက်ထပ်တဖန်ပဋိသန္ဓေမနေရန်ကျင့်ကြံအားထုတ် ရှုပွား၏။

လူမိုက်သည် ယုတ်သောအကျင့်ကို ကျင့်ကြံ အားထုတ် ပြုလုပ်သဖြင့် သုံးဆယ့်တဘုံ ဒုက္ခထောင် အနှောင်အဖွဲ့တည်းဟူသော သံသရာဝဋ်ဆင်းရဲအတွင်းဝယ် ကျင်လည် နစ်မျော၍ နေရ၏။

လူလိမ္မာသည် မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ် ရှုပွားသဖြင့် သုံးဆယ့်တဘုံ ဒုက္ခထောင် အနှောင်အဖွဲ့တည်းဟူသောသံသရာဝဋ် ဆင်းရဲတွင်းမှ လွတ်ကင်းရ၏။

လူမိုက်သည် ယခုဒုက္ခရှိလျက် နောက်ဒုက္ခကို ထပ်ဆက်ရန် ကျင့်ကြံ အားထုတ် ပြုလုပ်၏။

လူလိမ္မာသည် ယခုရရှိပြီးသား ဒုက္ခကိုပြတ်ရန် ကျင့်ကြံ အားထုတ် ရှုပွား၏။

လူမိုက်သည် အဝိဇ္ဇာတည်းဟူသော အမှောင်ဆင်းရဲခြင်းမှလာပြီး အဝိဇ္ဇာတည်းဟူသော အမှောင် ဆင်းရဲခြင်းအတွင်းမှာသာနေ၍ အဝိဇ္ဇာတည်းဟူသော အမှောင်ဆင်းရဲခြင်းအတွင်းသို့သာ ပြန်ဝင်သွားခြင်းဖြင့် သံသရာ ဝဋ်ဆင်းရဲအတွင်းဝယ် ကျင်လည်ရ၏။

လူသိမ္မာသည် အဝိဇ္ဇာတည်းဟူသော အမှောင်ဆင်းရဲခြင်းမှလာပြီး ဝိဇ္ဇာတည်းဟူသော အလင်းချမ်းသာခြင်း အတွင်းမှာနေ၍ ဝိဇ္ဇာတည်းဟူသော အလင်းချမ်းသာခြင်း ဘက်သို့သာ ကူးပြောင်းသွားတော့၏ဟူ၍ ဟောကြား မိန့်မြွက်တော်မူလေသည်။

အဝိဇ္ဇာဆိုသည်ကား သစ္စာလေးပါး တရားတို့ကို မသိခြင်းဖြစ်၏။

ဝိဇ္ဇာဆိုသည်ကား သစ္စာလေးပါး တရားတို့ကို သိခြင်းပင်ဖြစ်၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက်တော်မူခဲ့သည့်အတိုင်း လူမိုက်မဖြစ်ဘဲ လူလိမ္မာဖြစ်ဖို့ရန် အထူးအရေးကြီးကြောင်းကို သိအပ်လှပေတော့သည်။

အထက်ပါလူမိုက်နှင့်လူလိမ္မာတို့၏ ကွာခြားပုံအကြောင်းစုံတို့ကို အကျယ်အားဖြင့် သိလိုပါလျှင် ဗာလ ပဏ္ဍိတသုတ်နှိဒါနဝဂ္ဂသံယုတ်ပါဠိတော်တွင် ကြည့်ရှုနိုင်ကြပေ၏။

## ကြောက်သေ မကြောက်သေ

ကမ္ဘာလောကအတွင်း၌ ရှိကြကုန်သောပုဂ္ဂိုလ်အပေါင်းတို့သည် သေရမည်ကိုကြောက်သည့် ပုဂ္ဂိုလ်များလည်း ရှိကြ၏။ သေရမည်ကို မကြောက်သည့် ပုဂ္ဂိုလ်များလည်း ရှိကြကုန်၏။

သို့ဖြစ်ပါ၍ သေရမည်ကို မကြောက်သည့် ပုဂ္ဂိုလ်ဖြစ်ဖို့ ရန်က အလွန်အရေးကြီးလှပေသည်။

ဤသည်ကိုသိသာရန် ဇာတကုသောဏပုဏ္ဏားက မေးမြန်း လျှောက်ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်က ဖြေကြားဟော မိန့် တော်မူပုံတို့ကို ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ်အား ဇာတကုသောဏ ပုဏ္ဏားက ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်၏ အမြင်အတိုင်း လျှောက်ထားရပါမူ လူသားတို့နှင့်တကွ အခြားသောသတ္တဝါ များပါ သေရမှာကို ကြောက်ကြသည်ဟု တပည့်တော်မြင်ပါ သည်ဘုရား၊ ဤသို့တပည့်တော်မြင်သော အမြင်သည် မှန်ပါ သလားဘုရား" ဟု မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ဇာတကုသောဏ ပုဏ္ဏားအား ဤကဲ့သို့ မြင်ခြင်းသည် အမြင်မမှန်၊ အမြင်မှားနေခြင်းဖြစ် ကြောင်းနှင့် သေရမည်ကို ကြောက်သော ပုဂ္ဂိုလ်လေးယောက် မကြောက်သောပုဂ္ဂိုလ်လေးယောက်ရှိကြောင်းတို့ကို ဟောကြား မိန့်မြွက်တော်မူ၏။

ဗုဒ္ဓ ရှင်တော်မြတ် ဟောကြား မိန့်မြွက်တော်မူပုံမှာ

၁။ သားသမီး ဇနီး လင်သား ဆွေမျိုးစသည်များနှင့် တကွ ပစ္စည်းစသည့် ဝတ္ထုအာရုံတွေအပေါ်၌ ခင်တွယ် မက်မော စွဲလမ်းနေသောပုဂ္ဂိုလ်။

၂။ မိမိကိုယ်ကို မိမိခင်တွယ် မက်မော စွဲလမ်းနေသော ပုဂ္ဂိုလ်။

၃။ မကောင်းမှု ဒုစရိုက်တည်းဟူသော အကုသိုလ် ကံတရား များစွာတို့ကို ပြုလုပ်ထားမိသော ပုဂ္ဂိုလ်။

၄။ သေလျှင်မည်သို့မည်ပုံ ဖြစ်မည်နည်း စသည်ဖြင့် အမှန်တရားတို့ကိုမသိ၊ တွေဝေမေ့မောသို့လောသို့လော သံသယဖြစ်နေသော ပုဂ္ဂိုလ်။

အထက်ပါပုဂ္ဂိုလ်လေးယောက်တို့သည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော တပါးပါးသောစိတ်နှင့် သေမည်ဖြစ်သောကြောင့် သေရမည်ကို ကြောက်ကြကုန်၏။ ဤကဲ့သို့ ကြောက်ပြီး သေသော ပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံ တဘုံဘုံ၌ ပဋိသန္ဓေနေရမည်ဖြစ်၏။

အထက် ပါ သေပုံ သေနည်း လေးမျိုးတို့မှ လွတ်ပြီး သေသော ပုဂ္ဂိုလ်လေးယောက်တို့သည် သေရမည်ကို မကြောက်ကြကုန်။ ထိုပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံမှ လွတ်ကြကုန်၏။

သေရမည်ကို ကြောက်သည့် အချက်လေးချက်မှ လွတ်ကင်းရန်ကလည်း မိမိခန္ဓာ၏ အရှိ ဖြစ် ပျက် သဘောတရားတို့ကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ်တရားနှင့် သိမြင်အောင် ရှုပွားအားထုတ်ပြီး သေမှသာ လွတ်ကင်းမည် ဖြစ်၏၊ အပါယ်လေးဘုံသို့ မကျရောက်ရန် သေတတ်သည်မည်ဖြစ်၏ ဟုဖြေကြားဟောမိန့်တော်မူလေသည်။

မိမိခန္ဓာ၏ အရှိ ဖြစ်ပျက်နှင့် မိမိ၏ ဉာဏ်အသိတည်းဟူသောမဂ်၊ ဤကဲ့သို့ ဖြစ် ပျက်နှင့်မဂ် ဖြစ် ပျက်နှင့်မဂ် စသည်ဖြင့်သာ ကိုက်နေသောပုဂ္ဂိုလ်သည် ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို

တရားတို့ကို သိမြင်နေသောကြောင့် ခန္ဓာငါးပါးကို ငါဟုယူဆထားသည့် သက္ကာယဒိဋ္ဌိပြုတ်နေပေ၏။

မိမိ၏ ခန္ဓာ၏အရှိ ဖြစ်ပျက်နှင့် မိမိ၏ ဉာဏ်အသိတည်းဟူသောမဂ် ဖြစ်ပျက်နှင့်မဂ် ဤသို့သာ ကိုက်နေသော ပုဂ္ဂိုလ်သည် အယုတ်တရား နှစ်ပါးဖြစ်သည့် အယူလျှော့သော ကာမ သုခလ္လိကာ နုယောဂအချက်၊ အယူကင်းသော အတ္တကိလမထာနုယောဂ အချက်တည်းဟူသော အစွန်းနှစ်ဘက်မှလည်း လွတ်ပြီး အလယ်အချက် ဓမ္မစကြာဝင် ရှစ်တန်သော မဂ္ဂင်တရားတို့ကို ရှုပွား အားထုတ်နေခြင်းပင် ဖြစ်ပေသည်။

ထိုကြောင့်မိမိခန္ဓာ၏ အရှိ ဖြစ်ပျက်တရား တို့ကို မိမိ၏ ဉာဏ် အသိတည်းဟူသော မဂ်တရားနှင့် သိမြင်အောင် ရှုပွား အားထုတ်နေသော ပုဂ္ဂိုလ်သည် သေရမည်ကို ကြောက်သော အချက်လေးချက်မှလွတ်၏။သေရမည်ကို မကြောက်သော ပုဂ္ဂိုလ်ဖြစ်ရ၏။ ယင်းပုဂ္ဂိုလ်သည် အပါယ်လေးဘုံမှ လွတ်ရခြင်းလည်း ဖြစ်ပေတော့သည်။

အထက်ဖော်ပြပါ ဇာတကသောဏပဏ္ဏားက မေးမြန်းလျှောက်ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်က ဖြေကြားမိန့်တော်မူပုံတို့ကို အကျယ်အားဖြင့် သိလိုပါလျှင်အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ဇာတကသောဏဗြာဟ္မဏသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

# အပါယ်လေးပါး

ဤနေရာ၌ အပါယ်လေးပါးအကြောင်းကို ထည့်သွင်းရေးသားဖော်ပြရန် လိုအပ်လာပေသည်။

## အပါယ်လေးပါးဟူသည်ကား

၁။ ငရဲ။ ၂။ တိရစ္ဆာန်။ ၃။ ပြိတ္တာ။ ၄။ အသူရကာယ် ဟူ၍ လေးပါးရှိကုန်၏။

ထိုလေးပါးတို့တွင် ငရဲဆိုသည်မှာ လောက အမြင်နှင့် ချမ်းသာခြင်းအလျှင်းမရှိ မီးတောက်၊ မီးလျှံ၊ ဓါးလှံ၊လက်နက်ကြေးရေပူ၊ သံရေပူ စသည်တို့ဖြင့် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံနေ အသောက်ရသော သတ္တဝါတို့ဖြစ်ကြ၏။

တိရစ္ဆာန်ဆိုသည်မှာ ကုသိုလ်ကံ အကုသိုလ်ကံ တရားတို့ကိုမသိ။ အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်း တည်းဟူသော အသိသုံးမျိုးကိုသာသိ၏။ ထို့ကြောင့် ၎င်းတို့သည် စျာန်၊ မဂ်၊ ဖိုလ် တရားတို့မှ ဖီလာကန့်လန့်ဆန့်ကျင်ဘက်ဖြစ်နေသောသတ္တဝါ တို့ဖြစ်ကြ၏။

ပြိတ္တာဆိုသည်မှာ ဖုတ်၊ တစ္ဆေ၊ သူရဲ၊ သူဘက်၊ ဘီလူး၊ စသည်တို့ဖြစ်ကြပြီး လောကအမြင်နှင့် ချမ်းသာခြင်းအပေါင်းတို့မှ ကင်းလွတ်၍ အငတ်ငတ် အမွတ်မွတ်ဖြင့် ခံနေရသော သတ္တဝါတို့ဖြစ်ကြ၏။

အသူရကာယ်ဆိုသည်မှာ ပြိတ္တာ အကြီးစားမျိုး၌ ဖြစ်ပြီး နတ်များကဲ့သို့ ကာမဂုဏ် စည်းစိမ် ချမ်းသာတို့ကို မြူးတူး

မျော်ပါး မခံ စားတတ်သည့် အပြင် အလင်းရောင်မရှိ အစား အသောက်မရဘဲ ခံနေရသော သတ္တဝါတို့ဖြစ်ကြကုန်၏။

အပါယ်လေးပါးဆိုသည်မှာ သံသရာခေါ်သော တမလွန် လောက၌ ကာယဒုစရိုက် ကိုယ်ဖြင့်ပြုလုပ်သော မကောင်းမှု။ ဝစီဒုစရိုက် နှုတ်ဖြင့်ပြောဆိုသော မကောင်းမှု။ မနောဒုစရိုက် စိတ်ဖြင့်ကြံစည်သော မကောင်းမှုတို့ရှိကြကုန်သော သတ္တဝါတို့၏ အပြစ်ခံရာ ဌာနတို့ပင် ဖြစ်ပေသည်။

အပါယ် လေးဘုံ၌ ဖြစ်ကြရသော သတ္တဝါတို့သည် လည်း ထိုအပါယ်လေးဘုံမှ ပြန်လွတ်ရန် ခဲယဉ်းလှပေ၏။

အပါယ်လေးဘုံမှ ပြန်လွတ်ရန်ခဲယဉ်းကြောင်းကိုပုံသက် သေ သာဓက များစွာရှိသည့် အနက် ကြောင်၊ အိမ်မြှောင် စသော တိရစ္ဆာန်များနှင့်ပင် ပုံပမာ ပြပေအံ့။

ကျွန်ုပ်တို့အနေဖြင့်လူနှင့်နီးကပ်လျက်ရှိသော ကြောင်ကို ဦးစွာကြည့်ပါစို့။ ကြောင်သည် ကြွက်စသော တိရစ္ဆာန်ငယ် များကို သတ်ဖြတ် စားနေ သဖြင့် အကုသိုလ်ကံများသာလျှင် ဆက်ပွားဖြစ်နေရပေသည်။ ထိုအကုသိုလ်ကံတို့ကြောင့် ငရဲဘုံ၌ သာ ပြန်၍ခံရန် အကြောင်းရှိပေသည်။

တဖန် အိမ်မြှောင်ကိုလည်းကြည့်ကြပါဦးစို့။အိမ်မြှောင် သည် နေ့ရှိ သရွေ့ဆိုသလို ပိုးမွှားစသော တိရစ္ဆာန် ငယ် များကို သတ်ဖြတ်စားနေသဖြင့် ထိုအကုသိုလ် ကံများကြောင့် ငရဲဘုံ၌သာ ပြန်၍ခံရန် အကြောင်းရှိပေသည်။

သူတို့သည် ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ် စားနေကြသဖြင့်

ငရဲဘုံ၌ ခံရကြပေမည်။ ငရဲဘုံမှ လွတ်ပြန်လျှင်လည်း တိရစ္ဆာန်ဘုံ၌သာ ပြန်၍ဖြစ်ကြရန် အကြောင်းရှိပေ၏။

လူ့ဘဝကို ရရန်ဆိုသည်က အလွန်ပင် ဝေးကွာလွန်းလှပေတော့သည်။

ထို့ကြောင့် ကံကောင်း ထောက်မ၍ အရ ထူး သည့်၊ တနည်းအားဖြင့် အလွန်ပင်ရခဲလှသည့် လူ့ဘဝကို အဆုံးရှုံးမခံကြပါနှင့်။ အနစ်နာ မခံကြပါနှင့်။ ယခုလိုရရှိထားသော လူ့ဘဝကို အဆုံးရှုံးအနစ်နာခံလိုက်ကြပါလျှင် နောင် တဘဝ လူလာဖြစ်ရန်မှာ မြော်လင့်ချက်မရှိနိုင်အောင်ပင်ဝေးကွာလွန်းလှပေတော့သည်။

လူဖြစ်ရန်သည် လူ့ပြည်မှ အပ်တစင်းနှင့် ဗြဟ္မာပြည်က အပ်တစင်း ပစ်ချလိုက်ပါလျှင် အပ်သွားချင်းသာ ထိနိုင်ဘွယ်ရာ အကြောင်းရှိ၏။ လူဖြစ်ရန်ကား သည့်ထက်ပင် ခဲယဉ်းသည်ဟု သိအပ်လှသည်။

လူဖြစ်ရန်မည်မျှခဲယဉ်းသနည်းဆိုသော် အခြားသတ္တဝါတွေကိုထားဘိဦး။ လူနှင့်တိရစ္ဆာန်တို့၏ အရေအတွက်ကိုပင် တွက်ဆကြည့်ပါက သိနိုင်ပါ၏။

လူသားတဦးတယောက်၏ မွေးဖွားသော သားသမီးများကို ရေတွက်လျှင် အလွယ်တကူရနိုင်သော်လည်း ငါးသလောက်တကောင်၏ ဥမှမွေးထုတ်လိုက်သော ငါးငယ်များကိုကား များပြားလွန်းသဖြင့် ရေတွက်နိုင်ရန်ခဲယဉ်းမည်ဖြစ်ပေသည်။

လူတကိုယ်၌ ကြည့်ကြပါဦးစို့။ပိုးအမျိုးပေါင်းရှစ်ဆယ်ရှိ၏။အကောင်ရေပေါင်းဆိုလျှင် ထောင်သောင်းမက ရှိကြပေလိမ့်မည်။

ပြီးနောက် တိရစ္ဆာန်တွေချည်း နေကြသည့် နေရာများကိုချန်လှပ်၍ လူနေအိမ်တအိမ်၏ အိမ်တွင်းအိမ်ပြင် ပတ်ဝန်းကျင် ကွက်ကွက်ကလေးမှ တိရစ္ဆာန်ငယ်များကို ကြည့်ပါကလည်း များပြားလွန်းပေစွ။ရေတွက်နိုင်မည်မဟုတ်ပေ။

သို့လျှင် လူနှင့် တိရစ္ဆာန်များ၏ အရေအတွက်သည် များစွာ ကွာခြားနေကြောင်းကို တွေ့မြင်နိုင်သဖြင့် လူဖြစ်ရန် ခဲယဉ်းကြောင်းမှာ ထင်ရှားလွန်းလှပေသည်။

အပါယ်လေးဘုံတို့တွင် ငရဲဘုံဌာနသည် အဆိုးရွားဆုံးသော ဘုံဌာနဖြစ်ပေ၏။ အမှန်ပင်ဆင်းရဲပင်ပန်းကြီးစွာ အပြည့်ဖြင့် ခံနေကြရလေကုန်၏။

ငရဲဘုံ၌ခံရခြင်းများသည် ရဲရဲတောက် ပူလောင်နေသော သံပြားပေါ်၌အိပ်စေ၍ ခွေးနီ ခွေးနက် ခွေးကျားတို့၏ စားမျိုခြင်းကိုခံနေရခြင်း ၊ငရဲထိန်းတို့က ရဲရဲညီး၍ပူလောင်နေသော သံရည်ပူ ကြေးရည်ပူတို့ကို ပါးစပ်အတွင်းသို့သွင်း၍ ဝါးမျိုချခံနေရခြင်း၊ ဓါးစက်၊လှံစက်တို့ဖြင့် အသားများကို အလွှားလွှားကွာကျအောင် ခုတ်လှီးခြင်းတို့ကို ခံနေရခြင်း မျက်စိတမှိတ်၊လျှပ်တပျက်ခန့်မျှပင် သက်သာခွင့်မရဘဲ ပွက်ပွက်ဆူ၍ ပူလောင်နေသော သံရည်၊ကြေးရည် အိုးအတွင်းသို့ ဇောက်ထိုးသွင်းအနှစ်ခံနေရခြင်း အစရှိသည့်အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ကိုခံနေကြရပေသည်။ ငရဲခံနေကြရသော သတ္တဝါတို့မှာငရဲ

ထိန်းတို့က သတ်ဖြတ်သော်လည်း မိမိတို့၏ ကံကြွင်းမှာမကုန်သေး သမျှ အဖန်ဖန်အထပ်ထပ် အစဉ်ဒလစပ် အသက်ရှင်ကာ ခံနေကြရကုန်၏။

ငရဲမီးများသည် ကံအကြောင်းတရားကြောင့် ဖြစ်နေသဖြင့် ငရဲထိန်းတို့ကို မပူလောင်ပေ၊ငရဲခံကြရမည့်သတ္တဝါတို့ကိုသာ ပူလောင်ခြင်းဖြစ်ပေသည်။

ငရဲဆိုသည် လူ့လောကဌ်ရှိကြသည့်မျက်မှောက်ဆင်းရဲခြင်းတို့ထက် ဆင်းရဲရာတွင် အဆပေါင်းများစွာ သာလွန်ပေ၏။ တဆင့်စကား ကြားရမျှနှင့်ပင် အလွန် ကြောက် လန့် ဘွယ်ရာကောင်းလှပေတော့သည်။ ကိုယ်တိုင်ခံနေကြရသော သတ္တဝါတို့အဖို့မှာကား ပြောရှုရေး၍မဆုံးနိုင်အောင်ပင် ဆင်းရဲပင်ပန်းကြီးစွာဖြင့်ခံစားနေကြရပေသည်။

ငရဲဆိုသည်ကား ချမ်းသာခြင်းသဘော ကင်းပျောက်ပြီးဆင်းရဲခြင်းအပြည့်နှင့် ပေါင်းသင်း၍နေရခြင်းကြောင့် ငရဲဟုခေါ်ဆိုပေသည်။ငရဲဘုံဌာနတို့၌ ချမ်းသာမှုဟူ၍ ရှာမရ၊ ချမ်းသာမှုမှ ကင်း၍နေပေသည်။

ငရဲဘုံဌာနတို့၌ မည်သို့မည်ပုံခံကြရသည်။ ငရဲပေါင်းက မည်မျှရှိသည်။ငရဲသက်က မည်မျှရှည်ကြာသည် စသည်တို့ကို အကျဉ်းအားဖြင့်ရေးသားဖော်ပြပေအံ့။

ငရဲကြီးကား ရှစ်ဌာနရှိပေသည်။ ငရဲကြီးရှစ်ဌာနဆိုသည်မှာ ၁ သိဉ္စီးငရဲ၊ ၂ ကာဠသုတ်ငရဲ၊ ၃ သင်္ဃာတငရဲ၊ ၄ ရောယုဝငရဲ၊ ၅ မဟာယောယုဝ ငရဲ၊ ၆ တာပနငရဲ၊ ၇ မဟာတာပနငရဲ၊ ၈ အဝိစိငရဲကြီးတို့ဖြစ်ကြကုန်၏။

ထိုငရဲကြီးရှစ်ဌာနတို့တွင် သိဉ္ဇီဝ ငရဲကြီးဆိုသည်မှာ ၎င်းငရဲကြီး၌ကျခံနေရသော သတ္တဝါတို့သည် အလျှံပြောင်ပြောင်တောက်လောင်နေသော သံမြေပြင်ပေါ်၌ အလျှံပြောင်လက်ထက်မြက်လှစွာသော ဓား လှံ တင်းပုတ်စသည့်လက်နက်တို့ဖြင့်ကြေမွအောင် ရိုက်ပုတ်ထိုးခုတ်ထုရိုက် သတ်ဖြတ်ခြင်းတို့ကို ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ နှစ်ပေါင်းငါးရာခံရ၏။ ငရဲသက် တနေ့နှင့်တညအခါလည်သည် လူတို့အသက် နှစ်ပေါင်းကိုးသန်းနှင့်ညီမျှသည်။

ကာဠသုတ်ငရဲကြီးဆိုသည်မှာ ၎င်းငရဲကြီး၌ ကျခံနေရသော သတ္တဝါတို့သည် အလျှံ ပြောင် ပြောင် တောက်လောင်နေသော သံမြေပြင်ပေါ်၌ သံပနက် သံ တံ ကျင် ကြီးတို့ဖြင့် မလှုပ်ရှားနိုင်အောင်ခိုင်မြဲစွာအစိုက်ခံရပြီး အလျှံပြောင်ပြောင်တောက်လောင်နေသော ပဲခွပ် ပုဆိန် ဓားမ လှကြီး လှငယ်စသည့် လက်နက်တို့ဖြင့် ခုတ်ကြ တိုက်ခွဲကြ အလွှာလွှာခွာကာ ရွေကြခြင်းတို့ကိုခံနေကြရပေသည်။ ငရဲသက်တမ်းမှာနှစ်ပေါင်းတထောင်ခံရ၏။ ငရဲသက် တနေ့နှင့်တညအခါလည်သည် လူတို့အသက် နှစ်ပေါင်းသုံးကုဋေခြောက်သန်းနှင့်ညီမျှသည်။

သင်္ဃာတငရဲကြီးဆိုသည်မှာ ၎င်း ငရဲကြီး၌ ကျခံနေရသော သတ္တဝါတို့သည် သံမြေပူထဲ၌ခါးအောက်တပိုင်း အမြုပ်ခံနေရပြီး ကြီးကျယ်မြင့်မား၍ အလျှံပြောင်ပြောင် တောက်လောင်နေသောသံတောင်ကြီးတို့ဖြင့် မှုန့်မှုန့် ညက် ညက် ကြေမွအောင် ထပ်ခါထပ်ခါ အကြိတ်ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ နှစ်ပေါင်းနှစ်ထောင်ခံရ၏။ ငရဲသက် တနေ့နှင့်တည

အခါလည်သည် လူတို့အသက် နှစ်ပေါင်း တဆယ့်လေးကုဋေ လေးသန်းနှင့်ညီမျှသည်။

ယောယုဝငရဲကြီးဆိုသည်မှာငင်းငရဲကြီး၌ကျခံနေရသော သတ္တဝါတို့သည် လွန်စွာ ငန် ယား စပ်ခါး ချဉ်တူး အထူးပူ လောင်လှသော အခိုးအငွေ့တို့သည် အသား အရိုး အကြော ရိုးတွင်းခြင်ဆီပါမကျန် တကိုယ်လုံးစိမ့်ဝင်ပြီး လွန်စွာ ပြင်းပြ ပူလောင်ခြင်းတို့ကို ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ နှစ်ပေါင်းလေးထောင်ခံရ၏။ ငရဲသက်တနေ့နှင့်တညအခါလည် သည် လူတို့အသက် နှစ်ပေါင်း ငါးဆယ့်ခုနှစ်ကုဋေ ခြောက် သန်းနှင့်ညီမျှသည်။

မဟာယောယုဝငရဲကြီးဆိုသည်မှာ ငင်းငရဲကြီး၌ ကျခံ နေရသောသတ္တဝါတို့သည် ရောယုဝ ငရဲကြီးထက် သာလွန်၍ ခံရ၏။ အဆိပ်နှင့်တကွသော မီးတောက်မီးလျှံတို့သည် အသား အသွေး အူ စသည်တို့ပါမကျန်ခန္ဓာကိုယ်တကိုယ်လုံး အတွင်းသို့ လျှောက်ဝင်ပြီး မရပ်တည်နိုင်အောင် လွန်စွာပူလောင်ခြင်းတို့ကို ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ နှစ်ပေါင်း ရှစ်ထောင် ခံရ၏။ ငရဲသက်တနေ့နှင့်တည အခါလည်သည် လူတို့အသက် နှစ်ကုဋေပေါင်းနှစ်ရာ့သုံးဆယ်နှင့် နှစ်ပေါင်း လေးသန်းနှင့်ညီမျှ သည်။

တာပနငရဲကြီးဆိုသည်မှာ ငင်းငရဲကြီး၌ကျခံနေရသော သတ္တဝါတို့သည် သံတံကျင်လျှိုထားသဖြင့် ပူပန်မှုပြင်းထန်လှ၍ ရုန်းကန်လှုပ်ရှားလိုပါလည်း လျှိုထားသော သံတံကျင်သံပန္နက် တို့ကြောင့် မလှုပ်ရှားနိုင်ဘဲ ရဲရဲညီးသောသံပူပြားတို့ဖြင့် လာ၍

လာ၍အကပ်ခံရသောကြောင့် ပူလောင် ခြင်း ပြင်းပြစွာ ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ နှစ်ပေါင်း တသောင်းခြောက်ထောင်ခံရ၏။ငရဲသက် တနေ့နှင့် တညအခါ လည်သည် လူတို့အသက် နှစ်ကုဋ္ဌေပေါင်းကိုးရာ့နှစ်ဆယ့် တကုဋ္ဌေနှင့် နှစ်ပေါင်းခြောက်သန်းနှင့်ညီမျှသည်။

မဟာတာပန ငရဲကြီးဆိုသည်မှာ ၎င်းငရဲကြီး၌ကျခံနေရသောသတ္တဝါတို့သည် တာပနငရဲကြီးထက် သာလွန်၍ခံရ၏။ ငရဲထိန်းတို့က မီးလျှံနှင့် တကွ ထက်မြက်လှစွာသော လက်နက်မျိုးစုံတို့ဖြင့် ရိုက်နှက် ထိုးခုတ် ထုရိုက် တက်ခိုင်းသဖြင့် အလျှံပြောင်ပြောင် တောက်လောင်နေသော သံဆူးမီးတောင်ကြီးပေါ်သို့ ခန္ဓာကိုယ် တကိုယ်လုံး စူးဝင်ချိတ်ဆွဲခြင်းတို့ကို ခံရပြီး တက်ကြရ၏။သံဆူးမီးတောင်ထိပ်ပေါ်သို့ ရောက်ပြန်သောအခါ လွန်စွာ စပ်ငန် ပူလောင်ပြင်းထန်သော အဆိပ်အခိုးအငွေ့များနှင့်ရောသော လေပြင်းမုန်တိုင်းတို့က တိုက်ချလိုက်သဖြင့် ဖရိုဖရဲ လွင့်စဉ်ကာ သံဆူးမီးတောင်ခြေရှိ သံတံကျင်ဆူးတောပေါ်သို့ ကျခံရပြီး မချိမဆန့် မရှုဝံ့ မမြင်ဝံ့ လွန်ကာလွန်ကာခံစားကြရ၏။ ဤသည်ကို ငရဲထိန်းတို့က ရဲရဲညီးသော သံတွေခဲ သံမှိန်းစသည်တို့ဖြင့် ပစ်ချ ထိုးဆွသဖြင့် အောက်မြေပြင်သို့ ကျရပြန်သည်။မြေပြင်သို့ရောက်လျှင် တဖန် ရှေးနည်းတူစွာ တက်ရပြန်သည်။

ဤကဲ့သို့ပင် တက်ကာ ကျကာဖြင့် ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ အန္တရကပ် ထက်ဝက်ခံရ၏။ လူတို့၏ အသက်နှစ်ပေါင်းနှင့်ရေတွက်ပါက မကုန် နိုင် အောင် ပင် ရှိပေသည်။

အဝီစိငရဲကြီးဆိုသည်မှာ ငှင်းငရဲကြီး၌ကျခံနေရသော သတ္တဝါတို့သည် အထက်ပါငရဲကြီးခုနစ်ဌာနတို့ထက်သာလွန်၍ ခံရ၏၊ သံရေပူ မီးတောက် မီးလျှံစသည်တို့ဖြင့် အလုံပိတ်ခံရပြီး ငရဲခံကြရသော သတ္တဝါ များမှာ အကြပ် အသိပ် အပြည့် ခံကြရ၏။ ဒုက္ခဝေဒနာလည်း ကွက်လပ်မရှိ ခံနေကြရပေသည်။ ငရဲသက်တမ်းမှာ အန္တရကပ် တကပ်လုံး ခံကြရကုန်၏။

အထက်တွင်ရေးသားဖော်ပြခဲ့သော ငရဲကြီးရှစ်ဌာနတို့သည် ငရဲကြီးဌာနတခု၌ ငရဲငယ်ပေါင်း တဆယ့်ခြောက်ဌာနစိုင်းရံထားလေသည်။ ငရဲကြီး တမျက်နှာလျှင် ငရဲငယ်ပေါင်းလေးဌာနရှိပေသည်။

ငရဲငယ်လေးဌာနဆိုသည်ကား ၁။ဘင်ဘုတ်ငရဲ၊ ၂။ပြာပူငရဲ၊ ၃။လက်ပံတောငရဲ၊ ၄။သံလျက်တောငရဲတို့ဖြစ်ကြကုန်၏။

ထိုငရဲငယ်လေးဌာနတို့တွင် ဘင်ဘုတ်ငရဲဆိုသည်မှာ မစင်ဘင်ဘုတ်အတွင်း၌ ခံရပြီး ပိုးလောက်တို့၏ စားခြင်းကို ခံနေကြရပေသည်။

ပြာပူငရဲဆိုသည်မှာ ပြာပူအတွင်း၌ ပူလောင်ခြင်း ပြင်းပြစွာ ခံနေကြရပေသည်။

လက်ပံတောငရဲဆိုသည်မှာ ထက်မြက်လှစွာသောလက်ပံဆူးအမျိုးမျိုး စူးရှခြင်းတို့ကို ခံနေကြရပေသည်။

သံလျက်တောငရဲဆိုသည်မှာ လက်ပံတောငရဲနှင့်အလားတူကဲ့သို့ပင် သံလျက်ပမာ ဆူးများ စူးရှခြင်းတို့ကို ခံနေကြရပေသည်။

ထိုငရဲငယ်တို့သည် ငရဲအနေဖြင့် ငယ်သည်ဟု ဆိုရပြား သော်လည်း ဆင်းရဲခံကြရခြင်းမှာမူ မသေးငယ်ကြကုန်။

ငရဲကြီးရှစ်ဌာနကို ငရဲငယ် ၁၆ ဆယ့် ခြောက်ဌာနနှင့် မြှောက်သော် ငရဲပေါင်း တရာ့နှစ်ဆယ့် ရှစ်ဌာန ရှိလေသည်။

နေမိမင်းကြီး၏ ဇာတ်တော်မှလာသော ငရဲတို့သည်ကား များစွာရှိပေသေး၏။

၎င်းဇာတ်တော်၌ နေမိမင်းကြီးအား သိကြားမင်းက ငရဲဘုံဌာနများကို လိုက်ပြရာ ငရဲဘုံဌာန ကုန်အောင်မရောက် ခဲ့ပေ။ လူသားတို့၏ သက်တမ်းစေ့၍ နေမိမင်းကြီး၏ အသက် သာလျှင် သေဘွယ်ရာရှိ၏။ ငရဲဘုံဌာနတို့သည်ကား လိုက်ပြ၍ မကုန်နိုင်သေးဟု ဆိုပေသည်။

ငရဲဘုံဌာနတို့၌ အားလပ်နေသော ငရဲဘုံဌာနဟူ၍တခု မျှမရှိပေ။ ငရဲဘုံဌာနသို့ ကျခံရသော သတ္တဝါများမှာ အပြည့် အကြပ်ရှိကြကုန်၏။ ငရဲဘုံဌာန၌ ခံကြရသော သတ္တဝါတို့သည် လည်း ဤမျှလောက်ပင် များပြားစွာ ရှိကြကုန်၏။

အချို့သောလူသားများက ဉာဏ်အမြင်မရှိကြ၍တနည်း အားဖြင့် ဉာဏ်မမှီကြ၍ ငရဲခံကြရပုံတို့သည် လွန်လွန်း၏။ငရဲဘုံ ဌာနဆိုသည်မှာ ရှိမှရှိပါမလားဟု သို့လောသို့လော တွေးတော ကြံဆသူတွေလည်း ရှိကောင်း ရှိကြပေလိမ့်မည်။

ဤကဲ့သို့ သို့လောသို့လော တွေးတောကြံဆရန်မသင့်ပါ။ ငရဲဘုံဌာနတို့ကို သတ္တဝါတွေအား ကြောက်ရွံ့အောင် ချောက် လှန့်ပြီး ရေးသားထားခြင်းလည်း မဟုတ်ပါ။ ငရဲဘုံ ဌာနတို့ သည်ကား အမှန်ပင်ရှိပါ၏။

အဘယ့်ကြောင့် ငရဲစသော အပါယ်လေးဘုံဌာန ရှိရပါသနည်းဟူမူ အပါယ်လေးဘုံဌာနတို့၌ ကျခံ စေတတ်သော လောဘ ဒေါသ မောဟတည်းဟူသောတရားတို့ အရင်းခံသည့် အကုသိုလ်ကံအကြောင်း တရားတို့ကို ပြုလုပ် ပြောဆို ကြံစည်မိကြသော သတ္တဝါများအတွက် ငရဲစသော အပါယ် လေးဘုံဌာန ရှိရခြင်းဖြစ်သည်ဟု ဆိုရချိမ့်မည်။

ငရဲစသော အပါယ်လေးဘုံဌာနတို့၌ ကျခံစေတတ် သော လောဘ ဒေါသ မောဟတည်းဟူသော တရားတို့ အရင်းခံသည့် အကုသိုလ်ကံ အကြောင်းတရားတို့ကို မပြုလုပ် မပြောဆို မကြံစည် ကြသော သတ္တဝါများအတွက် ငရဲစသော အပါယ်လေးဘုံဌာနတို့သည် မရှိရိုးအမှန်ပင် ဖြစ်ပေသည်။

ထိုနည်းတူစွာပင် ငရဲဘုံဌာနအပါအဝင် သုံးဆယ့်တဘုံ ရှိကြသည်မှာလည်း အမှန်ပင်ဖြစ်သည်ဟု သိမြင်အင်လှပေသည်။

အကြောင်းကိုဆိုရသော် ဤသုံးဆယ့်တဘုံဌာနတို့သည် ကား ကံဆိုး ကံကောင်း အကြောင်းခံ တရား တို့ကြောင့် ဖြစ်ပေါ်နေသောကြောင့်ပင်တည်း။

စင်စစ်ကံအကြောင်းတရားတို့သည်ဟား အလွန်တရာမှ ဆန်းကြယ်လှ၏။

ဤနေရာတွင် ပမာအားဖြင့် ဆိုရပါမူ လူဟု ခေါ်ဆို သမုတ်ထားကြသော လူသားများကိုပင် ကြည့်ကြပါစို့။ လူသား တို့သည် တဦးနှင့်တဦး အင်္ဂါအစိတ်အပိုင်းများ တူပင်တူကြငြား သော်လည်း ပုံသဏ္ဍာန်ချင်းမတူညီကြဘဲ အမျိုးမျိုး ကွဲပြား ခြားနေကြသည်ကို တွေ့မြင်ရပေသည်။

ထိုကဲ့သို့ တဦးနှင့်တဦးသည် အင်္ဂါအစိတ်ပိုင်းများတူကြ ပါလျက်ပုံသဏ္ဌာန်များမတူညီကြခြင်းသည်ကား ကံအကြောင်း တရားကြောင့်လည်း ပါဝင်နေသည်ဟု သဘောပေါက်နားလည် ကြရပေမည်။

အထက်ပါ ငရဲဘုံ၌ာနများအကြောင်းကို အကျယ်အားဖြင့် သိလိုပါလျှင် နခသိခသုတ္တန်ပါဠိတော်တွင် ကြည့်ရှုနိုင်ကြ ပေ၏။

# အကုသိုလ်ကံ ကုသိုလ်ကံ အကျိုးပေးပုံ သာဓကများ

အကုသိုလ်ကံ ကုသိုလ်ကံ အကြောင်း များကြောင့် ဆိုးကျိုး ကောင်းကျိုးပေးပုံတို့မှာ ပုံသက်သေသာဓက များစွာ ရှိသော်လည်း ဤဆိုးကျိုး ကောင်းကျိုးပေးပုံတို့ကို သိသာရန် အနည်းငယ်ရေးသား ဖော်ပြပေအံ့။

သုပ္ပဗုဒ္ဓဘုင်ရ၏ သား၊ယသော်ဓရာ၏ မောင်ဖြစ်သော ဒေဝဒတ်သည် ဗုဒ္ဓရှင်တော်မြတ်အားပြစ်မှားမိခဲ့သောအကုသိုလ် ကံတို့ကြောင့် မြေမျိုခံရပြီး အဝီစိငရဲကြီး၌ ကျခံရ၏။

သို့သော် ဤသို့ခံရခြင်းသည်ကား ဒေဝဒတ်အား ဗုဒ္ဓ ရှင်တော်မြတ်က အပြစ်ပြန်ပေး၍ ခံရခြင်းမဟုတ်ပါ။ မဟာ ပထဝီမြေကြီးက ဗုဒ္ဓရှင်တော်မြတ်ဖက်မှ မခံမရပ်နိုင် ဖြစ်သဖြင့်

မြေကိုခွဲ၍ အဝီစိငရဲကြီးအထိ ပို့လိုက်ခြင်းလည်း မဟုတ်ပါ။ မည်သည့် နတ် ဗြဟ္မာ ရဟန်း၊ ရှင်၊လူ တဦးတယောက်ကမှ ဗုဒ္ဓရှင်တော်မြတ်ဖက်မှ မခံမရပ်နိုင်ဖြစ်ပြီး အဝီစိငရဲကြီးသို့ ပို့လိုက်ခြင်းလည်းမဟုတ်ပါ။

ဒေဝဒတ်၏ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်သော မကောင်းမှု အကုသိုလ်ကံတို့ကြောင့်သာ ခံရခြင်းပင်ဖြစ်ပေသည်။

ပြီးနောက် သာဝတ္ထိပြည်၌နေသည့် နန္ဒမည်သောနွား သတ်ယောက်ျားသည် အရှင်လတ်လတ် နွား၏လျှာကိုဖြတ်၍ ဟင်းချက်ပြီးသည့်နောက် စားရန်လျှာပေါ်သို့တင်လိုက်သည်နှင့် တပြိုင်နက် နန္ဒနွားသတ်ယောက်ျား၏ လျှာသည်ပြတ်၍ကျလေသည်။ ထိုခဏ၌မှာပင်နန္ဒနွားသတ်ယောက်ျား၏ကိုယ်တွင် အဝီစိငရဲကြီးမှ မီးလျှံသည် တက်လာ၍ ပူလောင်ပြီး သေရာ နန္ဒနွားသတ်ယောက်ျားသည် အဝီစိငရဲကြီး၌ ကျခံရလေ၏။

ဤသို့ခံရခြင်းသည်ကား နန္ဒနွားသတ်ယောက်ျားအား လျှာဖြတ်ခံရသောနွားက တန်ပြန်ဂလဲ့စားချေလိုက်ခြင်းမဟုတ်ပါ။မည်သည့်နတ်ဗြဟ္မာ၊ရဟန်း၊ရှင်လူ တဦးတယောက်ကမှ နန္ဒနွားသတ်ယောက်ျားအား ကိုယ်ချင်းစာနာမှုမရှိ မတရားပါဟု မကျေနပ်သဖြင့် အပြစ်ပေးခြင်းလည်းမဟုတ်ပါ။

နန္ဒနွားသတ်ယောက်ျား၏ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်ပြောဆိုကြံစည်သော မကောင်းမှုအကုသိုလ်ကံတို့ကြောင့်သာ ခံရခြင်းပင်ဖြစ်ပေသည်။

တဖန်မိလက္ခမုဆိုးသည် သိတတ်သည့်အရှယ်မှစ၍ တောတွင်း၌ တိရစ္ဆာန်များ၏အသက်ကို မညှာမတာ သတ်ဖြတ်ပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်စားသောက်နေလေ၏။

ထိုသို့လုပ်ကိုင်စားသောက်နေရင်း တောနက်အတွင်း၌ မျက်စိလည်လမ်းမှားပြီးနေခဲ့ရသည်။

တနေ့သောအခါ မိလက္ခမုဆိုးသည် တောနက်အတွင်း၌ပင် တိရစ္ဆာန်များကို သတ်ဖြတ်ကာစားပြီး ရေအလွန်ဆာလောင်မွတ်သိပ်၍နေသဖြင့် ရေကိုလိုက်ရှာရာ မည်သည့်နေရာမှ ရေကိုရှာမတွေ့ဘဲဖြစ်နေရ၏။

နောက်ဆုံး၌ ရဟန္တာအရှင်မြတ်တပါး တရားအားထုတ်နေသော ကျောင်းကလေးကို တွေ့လိုက်ရ၍ မိလက္ခမုဆိုးသည် အားရဝမ်းသာစွာဖြင့်သွားပြီး ကျောင်း၌ရှိသော ရေအိုးထဲမှရေကို အားပါးတရ သောက်ရန် ခပ်ယူလိုက်လေ၏။ သို့သော် ရေအိုးနှင့်ရေခွက်ခြစ်ခတ်သံသာ ထွက်ပေါ်၍လာလေ၏။ ရေကားလုံးဝမရပေ။

သို့အတွက်ကြောင့် မိလက္ခမုဆိုးက ရဟန္တာအရှင်မြတ်အား ကျောင်း၌နေပြီး မိမိကိုယ်တိုင် သောက်မည့်ရေအိုးကိုတောင် ရေခပ်ထည့်မထားရကောင်းလားဟု အပြစ်တင်စကားဆိုလိုက်၏။

ထိုအခါ ရေအိုးနှင့် မလှမ်းမကမ်း နေရာတွင် ထိုင်ပြီးသက်န်းချုပ်နေသော ရဟန္တာအရှင်မြတ်က မိလက္ခမုဆိုး၏အပြစ်တင်ပြောဆိုသံကို ကြား လိုက်ရသဖြင့် ယနေ့နံက်ကပင် ရေအပြည့်ခပ်ထည့်ထား၍ါလျက် ယခုအခါအဘယ်ကြောင့် ရေမရှိဖြစ်

ရပါသနည်းဟု တေးတောဆင်ခြင်ရင်း အနီးသို့ကြွလာပြီးမိလက္ခမုဆိုးအား ရေအိုးထဲမှရေကိုပင် ခပ်၍ပေးလိုက်၏။ ထိုသို့ ရဟန္တာအရှင်မြတ်က ရေကိုခပ်၍ပေးမှ မိလက္ခမုဆိုးသည် ရေကိုသောက်ရလေ၏။

ဤအကြောင်းအရာဖြစ်ရပ်ကို မြင်တွေ့လိုက်ရသောအခါ မိလက္ခမုဆိုးသည် သူ့ကိုယ်သူ မသေမီကပင်ပြိတ္တာဘဝသို့ရောက်နေပါကလားဟု သတိသံဝေဂရ၏။

ထိုကဲ့သို့ ရေအိုးနှင့်အပြည့်ရှိသောရေသည်ပင်လျှင် မိလက္ခမုဆိုး၏လက်နှင့်ခပ်ယူလိုက်မှ ရေမရှိဖြစ်ရခြင်းသည် မျက်လှည့်ပြလိုက်ခြင်းမဟုတ်ပါ။

ရဟန္တာ အရှင်မြတ်အား မပန်ကြားဘဲ ခပ်ယူ၍လည်း မဟုတ်ပါ။ မည်သည့်နတ်ပြဟ္မာ ရဟန်းရှင်လူတဦးတယောက်ကမှ မိလက္ခမုဆိုးအား အကုသိုလ်ကံ တွေသာ ပြုလုပ်နေခြင်းကြောင့် အပြစ်ပေးလိုက်ခြင်းလည်းမဟုတ်ပါ။

မိလက္ခမုဆိုး၏ ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်ပြောဆိုကြံစည်သော မကောင်းမှု အကုသိုလ်ကံ တို့ကြောင့်သာ ခံရခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် မိလက္ခမုဆိုးသည် သူပြုလုပ်ထားခဲ့မိသော အကုသိုလ်ကံတို့ကြောင့် သူအပြစ် ပြန်လည်ခံရမည်ကို အလွန်ကြောက်လန့် တုန်လှုပ်ပြီး သူပြုလုပ်မိခဲ့သော အကုသိုလ်ကံတွေကို ပိတ်ပင်တားဆီးနိုင်သည့် နည်းလမ်းများရှိပါသလား၊ ကယ်နိုင်လျှင် ကယ်တင်ပေးပါရန် ရဟန္တာအရှင်မြတ်အား မေးလျှောက်တောင်းပန်လေသည်။

ထိုအခါ ရဟန္တာအရှင်မြတ်က မိမိသည် မကယ်တင်နိုင် တရားသာလျှင်ကယ်တင်နိုင်မည့် အကြောင်းကို မိန့်တော်မူ လိုက်လေသည်။

ထို့ကြောင့်မိ လက္ခမှဆိုးက သူသည် သင်္ကန်းဝတ်ပြီး တရားအားထုတ်ပါမည့်အကြောင်းကို ထပ်မံလျှောက်ထားလိုက် သဖြင့် ရဟန္တာအရှင်မြတ်က မိလက္ခမှဆိုးအား မိလက္ခတိဿ အမည်ဖြင့် သင်္ကန်းစည်းပေးလိုက်ပြီး တရားအားထုတ်ရန်နည်း ပေးလိုက်၏။ မိလက္ခတိဿလည်း ရဟန္တာအရှင်မြတ်ပေးသော ဝိပဿနာတရားကို ရှုပွားအားထုပ်၍နေလေသည်။

ထိုသို့မိလက္ခတိဿသည် ဝိပဿနာတရားကိုရှုပွားအားထုတ်၍ နေပါသော်လည်း တရားကိုမမြင်နိုင်ဘဲဖြစ်နေ၏။

အဘယ်ကြောင့်နည်းဟူမူ မိလက္ခတိဿသည် သူ၏ပြုလုပ် ပြောဆို ကြံစည်မိခဲ့သော အကုသိုလ်က ဒုစရိုက်အမှုတွေကိုသာ ပြန်ပြီးမြင်တွေ့နေရခြင်းကြောင့်ဖြစ်ပေသည်။

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်းဖြစ်သော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် စသည့်တရားတို့ကို မရနိုင်အောင် ပိတ်ပင်တားဆီးထားသော တရားကား ခြောက်ပါးရှိ၏။ ဤ သည်ကို နီဝရဏ တရားခြောက်ပါးဟုခေါ်ဆိုပေသည်။

နီဝရဏတရားခြောက်ပါးဟူသည်ကား

၁။ ကာမစ္ဆန္ဒနီဝရဏ။ ၂။ ဗျာပါဒနီဝရဏ။ ၃။ထိနမိဒ္ဓနီဝရဏ ၄။ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ။ ၅။ ဝိစိကိစ္ဆာနီဝရဏ ၆။ အဝိဇ္ဇာ နီဝရဏ။ ဟူ၍ခြောက်ပါးရှိကုန်၏။

ထိုခြောက်ပါးတို့တွင် ကာမစ္ဆန္ဒနီဝရဏ ဆိုသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားလိုမှု၊ တဏှာ လောဘ။

ဗျာပါဒ နီဝရဏ ဆိုသည်မှာ အကြောင်းအားလျော်စွာ ဖြစ်သော အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ခိုက်ရန်များခြင်း၊ သူတပါး ပျက်စီးကြောင်းကို ကြံစည်ခြင်းတည်း ဟူသော စိတ် ပြစ်မှား အနိုင်ရလိုမှု။ ဒေါသ။

ထိနမိဒ္ဓနီဝရဏဆိုသည်မှာ ကိုယ့်စိတ်ကိုယ် မနိုင်။ အပ်ချင် ငိုက်ချင်မှု၊ ပျင်းရိ ထိုင်းမှိုင်းမှု။ မောဟ။

ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ ဆိုသည်မှာ ဥဒ္ဓစ္စက ပြန့်လွင့်မှု၊ ကုက္ကုစ္စက ပြုလုပ်ပြီးသား အကုသိုလ်ကံတရား များအပေါ်၌ အဖန်တလဲလဲ နှောင်တရ ပူပန်မှု၊ မပြုရသေးသော ကုသိုလ်ကံ တရားများပေါ်၌ မပြုရသေးပါကလားဟု အဖန် တလဲလဲ နှောင်တရ ပူပန်မှု၊ လောဘ ဒေါသ မောဟ။

ဝိစိကိစ္ဆာ နီဝရဏ ဆိုသည်မှာ ဘုရား တရား သံဃာ တည်းဟူသော ရတနာ မြတ်သုံးပါးအပေါ်၌ရင်း။ မိမိနှာယူ မှတ်သားရှုပွားအားထုတ်နေသော တရားတော်မြတ်အပေါ်၌ရင်း ယုံမှားသံသယဖြစ်မှု၊ အာရုံကိုမဆုံးဖြတ်နိုင်မှု။ မောဟ။

အဝိဇ္ဇာနီဝရဏ ဆိုသည်မှာ သစ္စာလေးပါးတရားတို့ကို မသိမှု။ မောဟ။

ဤကား နီဝရဏ တရား ခြောက်ပါးပင်ဖြစ်၏။

အထက်ပါခြောက်ပါးသော နီဝရဏစိတ်တွေရှိနေပါ လျှင် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်း ဖြစ်သော

ဝိပဿနာဉာဏ် မဂ်ဉာဏ် စသည့်တရားတို့ကို ရှုပွားအားထုတ်၍ မရနိုင်ပေ။

ဝိပဿနာတရားကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း အထက်ပါ နီဝရဏ တရားခြောက်ပါးတပါးပါးခံနေလျှင် ဝိပဿနာတရားကို ရှုပွားအားထုတ်၍ မရနိုင်သည်ကို သတိပြုသင့်လှပေသည်။

ထို့ကြောင့် မိလက္ခုတိဿသည် နီဝရဏ တရားများ ခံနေခြင်းကြောင့် ဝိပဿနာတရားကို ရှုပွားအားထုတ်၍မရဘဲဖြစ်နေသဖြင့် စိတ်အားလျော့ကာ ဘယ်လိုဘဝမျိုး ရောက်ရောက် ဘယ်လိုဘဲ ခံရခံရ လူထွက်ပြီး မုတ်ဆိုး ပြန်လုပ် တော့မည့်အကြောင်းကို ရဟန္တာအရှင်မြတ်အားလျှောက်ထားလိုက်သည်။

ရဟန္တာအရှင်မြတ်က မိလက္ခုတိဿအား သဖန်းသားအစို လှည်းနှစ်စီး သုံးစီးတိုက်ခန့်ကို ရှာ၍ပုံပြီး မီးနှင့်ရှို့စေကာပြာဖြစ်မှ လူထွက်ရမည်ဟု အမိန့်ရှိလိုက်၏။

ထိုအခါ မိလက္ခုတိဿသည်လည်း လူထွက်လိုသော စိတ်ဇောဖြင့် သဖန်းသားအစို လှည်းနှစ်စီး သုံးစီးတိုက်ခန့်ကို ရှာ၍ပုံပြီး မီးနှင့် အမျိုးမျိုးရှို့လေသည်။ သဖန်းသားများသည်အစိုဖြစ်နေ၍ မီးနှင့်မည်သို့ပင် ရှို့ငြားသော်လည်းမီးမလောင်ဘဲ မိလက္ခုတိဿမှာ မောပန်းရုံသာ ရှိတော့၏။

သည်တော့မှ ရဟန္တာအရှင်မြတ်က မိလက္ခုတိဿအားအဘိညာဉ်တန်ခိုးဖြင့် မြေကိုဖောက်ခွဲ၍ ငရဲဘုံသို့ ပြလိုက်ရာ မိလက္ခုတိဿသည် ငရဲဘုံ၌ ခံနေကြရသော သတ္တဝါများနှင့်အတူ

သူ၏ မိဘဆွေမျိုးများကိုပါ ငရဲဘုံ၌ ကြီးကျယ်သော ဒုက္ခပျိုးစုံခံနေကြရပုံတို့ကို တွေ့မြင်လိုက်ရ၏။

ပြီးနောက် ရဟန္တာအရှင်မြတ်ကငရဲမီးပိုးစုန်းကြဲ့းခန့်ကို ယူလိုက်ပြီး သဖန်းသား အစိုပုံကြီးတဲ့သို့ ထည့်ပြလိုက်ရာသဖန်းသား အစိုပုံကြီးသည် တခဏခြင်းပြာကျသွားတော့၏။

ဤသည်ကို မြင်တွေ့လိုက်ရပြန်သဖြင့် မိလက္ခတိဿသည် ပိုမို၍ တုန်လှုပ်ခြောက်ခြား ကြောက်ရွံ့သွားပြီး လူမထွက်တော့သည့်အပြင် ဝိပဿနာတရား စသည်တို့ကိုလည်း နေ့မအိပ် ညမအိပ် ဆက်တိုက်ဆိုသကဲ့သို့ ရှုပွားအားထုတ်လိုက်သဖြင့် မိလက္ခတိဿသည် အနာဂါမ် ပုဂ္ဂိုလ် အထိဖြစ်သွားရပေတော့သည်။

မိလက္ခတိဿသည် ဤဘဝ၌ သူပြုလုပ်ပြောဆိုကြံစည်မိခဲ့သော အကုသိုလ်ကံ တို့ကြောင့် ငရဲဘုံ၌ကျခံရမည့်အပူမီးကို ဤဘဝ၌ပင် ဝိပဿနာ ဉာဏ်စသည်ဖြင့် ငြိမ်းသတ်လိုက်သောကြောင့် အကုသိုလ်ကံတို့သည် အဟောသိကံ အကျိုးပေးခွင့်မရဘဲ ဖြစ်သွားရတော့သည်။

ဤနေရာ၌ ကံအကျိုးပေးမည်ကို ဝိပဿနာ ဉာဏ်စသည်ဖြင့် ဖြတ်လိုက်နိုင်ပါက ကံတရားတို့သည် ပြတ်၏–ဟု နားလည်သဘောပေါက်ရမည်ဖြစ်ပေသည်။

အထက်ပါ မိလက္ခမုဆိုးအကြောင်းကို အကျယ်အားဖြင့်သိလိုပါလျှင် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကြည့်ရှုနိုင်ကြပေ၏။

နန္ဒိယကျောင်းတကာ အကြောင်းကိုလည်း ဆက်ကြပါဦးစို့။ ဗုဒ္ဓရှင်တော်မြတ်၏ လက်ဝဲတော်ရံဖြစ်ပြီး ဗုဒ္ဓရှင်တော်မြတ်ကြီးမှလွဲ၍ နှစ်ပါးမရှိ၊ တန်ခိုးအရာ၌ ဧတဒဂ်ရတော်မူသော

အရှင် မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးသည် ခါတိုင်းနည်းတူ ဆွမ်းခံပြီး ကောင်းကင်ယံမှ ပျံကြွလာစဉ် လမ်းခုလတ်တနေရာတွင် နတ်သမီး များစွာနှင့် တကွ နတ်ဘုံ နတ်နန်းကြီး ပေါ်ပေါက်နေသည်ကို တွေ့မြင်ရသဖြင့် နတ်သမီးတွေအား "မနေ့ကဤနေရာ၌ မည်သည့်အရာမှ မရှိပါဘဲ ယခုမှ ဤဘုံနန်းကြီးက မည်သည့်အတွက်ကြောင့် ပေါ်ပေါက်နေရပါသနည်း" ဟုမေးလိုက်ရာ

နတ်သမီးများက "ယခုလို ဘုံနန်းကြီးပေါ်ပေါက်ပြီး တပည့်တော်မတို့က လာစောင့်၍ နေရခြင်းသည် လူ့ပြည်မှ နန္ဒိယကျောင်းတကာအတွက် ဖြစ်ပါသည်ဘုရား၊ အရှင်ဘုရား လူ့ပြည်သို့ ပြန်ရောက်သွားလို့ ရှိလျှင်လည်း နန္ဒိယကျောင်းတကာကို လူ့ပြည်မှာရှိသောမြေအိုးနှင့် တူသည့် စည်းစိမ်တွေကို အမြန်စွန့်ပြီး ရွှေအိုးနှင့်တူသည့် နတ်ပြည်က စည်းစိမ်ချမ်းသာတို့ကို သုံးဆောင်ပါရန် တပည့်တော်မတို့က မှာလိုက်သည့်အကြောင်းကို အရှင်ဘုရားမှ တဆင့် မိန့်တော်မူပေးပါဘုရား" ဟု နတ်သမီးများက လျှောက်ထား မှာလိုက်လေသည်။

ဤအကြောင်းအရာများကို ထောက်ထားခြင်း အားဖြင့် နန္ဒိယကျောင်းတကာ မသေခင်ကပင်ယခုလိုနန္ဒိယကျောင်းတကာအတွက် နတ်ဘုံ နတ်နန်းကြီး ပေါ်ပေါက်နေရခြင်းသည် နန္ဒိယကျောင်းတကာက လက်သမားတွေငှားပြီး ဆောက်လုပ်ခိုင်းထားခြင်း မဟုတ်ပါ။ နန္ဒိယကျောင်းတကာသည် လှူရေးတန်းရေး၌ တော်ပါပေသည်။ စေတနာ သန့်ရှင်းဖြူစင်ပါပေသည်။ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နိုင်ပါပေသည်ဟု မည်သည့် နတ် ဗြဟ္မာ

ရဟန်း ရှင် လူ တဦးတယောက်ကမှ ဆောက်လုပ် ပေးထား လိုက်ခြင်းလည်း မဟုတ်ပါ။

နန္ဒိယကျောင်းတကာ၏ ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်သော ကောင်းမှု ကုသိုလ်ကံ တို့ကြောင့်သာ စံစားရခြင်းပင် ဖြစ်သည်ဟု သိအပ်လှပေသည်။

အထက်ပါ အကုသိုလ်ကံ ကုသိုလ်ကံ အကျိုး ပေးပုံ သာဓကများကို ဖတ်ရှုရခြင်းအားဖြင့် စာရှုသူတို့ အနေဖြင့် အကုသိုလ်ကံ ကုသိုလ်ကံ အကျိုးပေးပုံတို့ကို နားလည်သဘော ပေါက်ကြလိမ့်မည် ဖြစ်ပေတော့သည်။

## သမ္မာဒိဋ္ဌိ-၄ ါးမျိုး

ဘုံဘဝအားဖြင့် အကုသိုလ်ကံ ကုသိုလ်ကံအကြောင်း တရားတို့ကြောင့် ဆိုးကျိုး ကောင်းကျိုး ပေးပုံ တို့ကို သိ၍ အကုသိုလ်ကံအကြောင်းတရားများကို မကောင်းသဖြင့်ပယ်ပြီး ကုသိုလ်ကံအကြောင်းတရားများကို ကောင်းသည်ဟု ယူဆကာ ပြုလုပ် ပြောဆို ကြံစည်၍ နေရုံမျှနှင့်လည်း ပဋိသန္ဓေနေခြင်း၊ အိုခြင်း နာခြင်း သေခြင်း အစရှိသော ဘေးဒုက္ခ အပေါင်း တို့မှ မလွတ်ကင်းနိုင်ပေ။

ထို့ကြောင့် ဤနေရာတွင် သမ္မာဒိဋ္ဌိ၄ ါးမျိုး ရှိသည်ကို ခွဲခြားပြီး သိထားကြရန် လိုအပ်လှပေသည်။

သမ္မာဒိဋ္ဌိ၏အဓိပ္ပါယ်မှာ သမ္မာဆိုသည်က အမှန်အကန်။ ဒိဋ္ဌိဆိုသည်က မြင်ခြင်း၊ ယူခြင်းဖြစ်သဖြင့် အမှန်အကန်မြင်ခြင်း ယူခြင်းဟု အဓိပ္ပါယ်ရသည်။

**သမ္မာဒိဋ္ဌိငါးမျိုးဟူသည်ကား....**

၁။ ကမ္မဿကတ သမ္မာဒိဋ္ဌိ
၂။ ဈာန သမ္မာဒိဋ္ဌိ
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ
၄။ မဂ် သမ္မာဒိဋ္ဌိ
၅။ ဖိုလ် သမ္မာဒိဋ္ဌိ

တို့ဖြစ်ကြကုန်၏။

ကမ္မဿကတ သမ္မာဒိဋ္ဌိဆိုသည်မှာ ကောင်းသည့်ကုသိုလ်ကံအကြောင်းတရားကိုပြုလုပ်ပြောဆိုကြံစည်လျှင် ကောင်းကျိုးပေးမည်။ မကောင်းသည့် အကုသိုလ်ကံ အကြောင်းတရားကို ပြုလုပ် ပြောဆို ကြံစည်လျှင် မကောင်းကျိုးပေးမည်ဟု ကံတရား၏ အကျိုးပေးပုံတို့ကိုသိသော အမြင်မှန် တရားကို ဆိုလိုခြင်းဖြစ်သည်။

ဈာန သမ္မာဒိဋ္ဌိဆိုသည်မှာ ဈာန်လမ်း အလုပ်ဖြစ်သော သမထတရားတွေကိုသာ ရှုပွားအားထုတ်နေပြီး ၎င်းဈာန်တရားတွေ မပျက်မစီးဘဲသေလျှင် ရူပ အရူပ ဗြဟ္မာဘုံများသို့ ရောက်ကြောင်း တို့ကို သိသော အမြင်မှန်တရားကို ဆိုလိုခြင်းဖြစ်သည်။

ဝိပဿနာ သမ္မာဒိဋ္ဌိဆိုသည်မှာ ရှေ့ပိုင်းမှ ခန္ဓာကိုလည်း

မမြင် စွန့်၏။ နောက်ပိုင်းမှ တဏှာ ကိလေသာကိုလည်း မမြင် စွန့်၏။ ကြားမှနေ၍ ခန္ဓာ၏အရှိ ဖြစ်ပျက် ဒုက္ခ သစ္စာ တရားကိုသာ သိသော အမြင်မှန်တရားကို ဆိုလိုခြင်းဖြစ်သည်။

မဂ် သမ္မာဒိဋ္ဌိဆိုသည်မှာ ဝိပဿနာ သမ္မာဒိဋ္ဌိ တရားကို ရှုပွားအားထုတ်ဖန်များ၍ ဉာဏ်အမြင်မှန်ရင့်သန်လာမှပေါ်ခြင်း ဖြစ်၏။ ယင်း မဂ်သမ္မာဒိဋ္ဌိသည် ရှေ့ပိုင်းမှ ခန္ဓာကိုလည်းမမြင် စွန့်၏။ နောက်ပိုင်းမှ ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော ကိလေသာကိုလည်း မမြင်စွန့်၏။ ဖြစ်ပျက် ဒုက္ခတရားကိုလည်း မမြင်ဘဲ ဖြစ်ပျက် ဒုက္ခသစ္စာတရား ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန် ချမ်းသာ အစစ်တရားကို တကြိမ်သိသော အမြင်မှန်တရားကို ဆိုလိုခြင်း ဖြစ်သည်။

ဖိုလ် သမ္မာဒိဋ္ဌိဆိုသည်မှာ မဂ်ဉာဏ်ကိုရပြီးလျှင် ဖိုလ် ဉာဏ်ကိုရခြင်းဖြစ်သည်။ မဂ်ဉာဏ်ရပြီးပါက ဖိုလ်ဉာဏ်သည် အခါမလင့်အကျိုးပေး၏။ အခြားမရှိမူ၍ ကျေးဇူးပြု၏။ ဖိုလ် ဉာဏ်သည် နိဗ္ဗာန်အစစ်တရားကို တကြိမ်မကသိသော အမြင် မှန်တရားကို ဆိုလိုခြင်းဖြစ်သည်

အထက်ပါ သမ္မာဒိဋ္ဌိငါးမျိုး ရှိသည့်အနက် ကမ္မဿကတ သမ္မာဒိဋ္ဌိနှင့် ဈာနသမ္မာဒိဋ္ဌိနှစ်မျိုးသည် ဗုဒ္ဓရှင်တော်မြတ် မပွင့်မီ သာသနာပအချိန်၌လည်း သိမြင်နိုင်သည်။

ထို့ကြောင့်ယင်းသမ္မာဒိဋ္ဌိနှစ်မျိုးကို သာသနာ့ပအမြင် မှန်တရားဟု ခေါ်ဆိုရပေမည်။

ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူလာ ပြီး သာသနာတွင်း

အချိန်ကျမှသာ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ်သမ္မာဒိဋ္ဌိ ဖိုလ်သမ္မာ ဒိဋ္ဌိတည်းဟူသော သမ္မာဒိဋ္ဌိသုံးမျိုးကို သိမြင်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ယင်းသမ္မာဒိဋ္ဌိသုံးမျိုးကို သာသနာတွင်း အမြင်မှန်တရားဟုခေါ်ဆိုရပေမည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်အတွင်းနှင့် ကြုံကြိုက်နေပါလျက် သာ သ နာ ပ အချိန်၌ သိမြင်နိုင်သော သမ္မာဒိဋ္ဌိနှစ်မျိုးကိုသာ အားထားပြီး ပြုလုပ်ပြောဆို ကြံစည်၍နေကြသောပုဂ္ဂိုလ်တို့သည် သာသနာတော်တွင်း အချိန်၌ဖြစ်သော ပုဂ္ဂိုလ်မမည်ဘဲ သာသနာပ အချိန်၌ ဖြစ်သော ပုဂ္ဂိုလ်ဟူ၍သာမည်ပေသည်။

ထိုပုဂ္ဂိုလ်မျိုးသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်တွင်း အချိန်၌ ဖြစ်လာငြားသော်လည်း ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မဂ်သမ္မာဒိဋ္ဌိဉာဏ် ဖိုလ်သမ္မာဒိဋ္ဌိဉာဏ် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို မရသောကြောင့် အဆုံးရှုံးကြီး ဆုံးရှုံး အနစ်နာကြီးနစ်နာသော ပုဂ္ဂိုလ်သာ မည်ပေသည်။

ကမ္မဿကတ သမ္မာဒိဋ္ဌိနှင့် ဈာန သမ္မာ ဒိဋ္ဌိ နှစ်မျိုး၏ အသိအမြင်ကိုသာသိမြင်ပြီး ပြုလုပ်ပြောဆိုကြံစည်၍နေကြသော ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း အစရှိသော ဘေးဒုက္ခအပေါင်းတို့မှ မလွတ်ကင်းနိုင်ကြပေ။

ထို့ကြောင့် ဤကမ္မဿကတ သမ္မာဒိဋ္ဌိနှင့် ဈာနသမ္မာ ဒိဋ္ဌိနှစ်မျိုး၌သာ လမ်းဆုံးပြီး ရောင့်ရဲတင်းတိမ်ကာ မနေကြပါဘဲ ဆက်လက်၍ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ်သမ္မာဒိဋ္ဌိ ဖိုလ်သမ္မာ ဒိဋ္ဌိ တည်းဟူသော သာသာနာတွင်းအမြင်မှန်တရားသုံးမျိုးကို

အချိန်ရှိခိုက် လုံ့လစိုက်၍ တတ်သိနားလည်အောင် လေ့လာလိုက်စားပြီး သိမြင်အောင် ရှုပွား အား ထုတ် ထား ကြရမည် ဖြစ်ပေသည်။

သို့မှသာပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသောဘေးဒုက္ခအပေါင်းတို့မှ လွတ် ကင်း ရာ ဖြစ် သော နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကိုရနိုင်ကြမည်ဖြစ်ပေတော့သည်။

ဤကား သမ္မာဒိဋ္ဌိငါးမျိုး၏ ကွာခြားပုံ အကျဉ်းမျှပင် တည်း။ အကျယ်အားဖြင့် သိလိုပါလျှင် မူလပဏ္ဏာသ ပါဠိ တော်တွင် ကြည့်ရှုနိုင်ကြပေ၏။

## အစေလက ကဿပ တိတ္ထိရဟန်း

ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်းသေရခြင်းတို့သည် ဒုက္ခရခြင်းပင်းဖြစ်၏။ **တနည်းအားဖြင့်** ဖြစ်ပြီးပျက် ရခြင်းသည် ဒုက္ခရခြင်းပင်ဖြစ်၏။ တနည်းအားဖြင့် ခန္ဓာငါးပါးရရှိခြင်းသည် ဒုက္ခရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ဤဒုက္ခတရားများအား မည်သို့ မည်ပုံ ရရှိခြင်းဖြစ်သည်ကို သိနိုင်ရန် အတွက် **အ**စေလက ကဿပ အမည်ရှိသည့် တိတ္ထိရဟန်းက မေးမြန်း လျှောက် ထားသဖြင့် ဗုဒ္ဓရှင်

တော်မြတ်က ဖြေကြား ဟောမိန့်တော်မူပုံတို့ကို ထည့်သွင်းရေး သားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိတော်မူစဉ် အခါ တွင်အစေလက ကဿပအမည်ရှိသည့်တိတ္ထိရဟန်း တပါးရှိလေ၏။

အစေလက ကဿပဆိုသည့် အဓိပ္ပါယ်မှာ အစေလက ဆိုသည်က အဝတ်အထည် မဝတ်ဘဲနေခြင်းဖြစ်၏။ ကဿပဆို သည်က လူ၏အမည်နာမ ဖြစ်သဖြင့် အဝတ်မဝတ်ဘဲနေသည့် ကဿပအမည်ရှိသော တိတ္ထိရဟန်းဟု အဓိပ္ပါယ်ရခြင်းဖြစ်သည်။

တနေ့သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် တွင်းသို့ ဆွမ်းခံကြွတော်မူလာစဉ် ထိုအစေလကကဿပ အမည် ရှိသည့် တိတ္ထိရဟန်းသည်လည်း သူတို့၏ ထုံးစံအတိုင်း ဆွမ်းခံ လာသဖြင့် ဗုဒ္ဓရှင်တော်မြတ်နှင့် ဆုံမိကြလေသည်။

ထိုအခါ အစေလကကဿပသည် ဗုဒ္ဓရှင်တော်မြတ်အား မြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက် မေးခွန်းပုစ္ဆာများ မေးရန် အကြံဖြစ်ပေါ်လာပြီး ဗုဒ္ဓရှင်တော်မြတ်၏ အနီးသို့ချဉ်းကပ်၍ "ရှင်ကြီးဂေါတမ ပုစ္ဆာကလေး တခုလောက် မေးပါရစေ" ဟုလျှောက်ထားလေသည်။

ထိုအခါဗုဒ္ဓရှင်တော်မြတ်က "အချင်းအစေလက ကဿပ ရွာလယ်လမ်းမှာ ဆွမ်းခံကြွရင်း ဤအချိန်မမေးနှင့်" ဟူ၍ မိန့်တော်မူလိုက်၏။

သည်လိုနှင့်ပင် ဆွမ်းခံကြွ သွားရင်း နောက်တပြ နှစ်ပြ လောက် ရောက်သော အခါ အစေလက ကဿပက "ရှင်ကြီး

ဂေါတမ ပုစ္ဆာကလေး တခုလောက် မေးပါရစေ” ဟု ဒုတိယ အကြိမ် ထပ်မံ လျှောက်ထားပြန်သည်။

ဗုဒ္ဓရှင်တော်မြတ်က “အစေလက ကဿပ ဆွမ်းခံကြွ နေစဉ် ဤအချိန် မေးရန်မသင့်ပါ”ဟု ငြင်းပယ်တော်မူလိုက် ပြန်လေသည်။

ယည်လိုနှင့်ပင် ဆွမ်းခံကြွသွားရင်း နောက်တပြန်စံပြ လောက် ရောက်ပြန်သော် အစေလက ကဿပက “ရှင်ကြီးဂေါ တမ များလဲ မများပါဘူး၊ အမှန်တကယ်မသိလဲ မသိလို့ပါ၊ ဤပုစ္ဆာလေး မေးပါရစေ”ဟု တတိယအကြိမ် တောင်းပန် လျှောက်ထားပြန်လေသည်။

ထိုကဲ့သို့ သုံးကြိမ်သုံးခါ တောင်းပန် လျှောက်ထားမှ ဗုဒ္ဓရှင်တော်မြတ်က အစေလက ကဿပအား မေးရန် ခွင့်ပြု လိုက်လေသည်။

(ဗုဒ္ဓရှင်တော်မြတ်သည် ဤကဲ့သို့ သုံး ကြိ မ် တို င် တိုင် တောင်းပန်လျှောက်ထားမှ အစေလက ကဿပ တိတ္ထိရဟန်း၏ မေးခွန်းပုစ္ဆာများကို မေးခွင့်ပြုရခြင်းသည် တိတ္ထိရဟန်းတွေက နေရာမရွေး အချိန်အခါမရွေး မေးမြန်းလျှောက်ထားလျှင် ရလွယ်သည်ဟု ထင်ပြီး ပေါ့ပေါ့ဆဆ မှတ်ယူသွားမည်ကို သိမြင် တော်မူသည်က တကြောင်း။

အစေလက ကဿပ အနေဖြင့် ဉာဏ်ပညာ ရင့်သန်လာ စေရန်အတွက်ကြောင့် တကြောင်း တို့ကြောင့် ဤသို့ အချိန်ကို ဆွဲ၍ စောင့်ဆိုင်း နေရခြင်းဖြစ်ပေသည်။)

အစေလက ကဿပ တိတ္ထိရဟန်းက မေးမြန်းလျှောက်ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်က ဖြေကြားဟောမိန့်တော် မူပုံတို့မှာ

အစေလက ကဿပ။ ။ရှင်ကြီးဂေါတမ ဒုက္ခတရားသည် မိမိပြုခြင်းကြောင့်လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။ဒုက္ခတရားသည် မိမိပြုခြင်းကြောင့် မဟုတ်ပါ။
အစေလက ကဿပ။ ။ဒုက္ခတရားသည် သူတပါးပြုခြင်းကြောင့်လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။မဟုတ်ပါ။
အစေလက ကဿပ။ ။သို့မဟုတ်လျှင် ဒုက္ခတရားသည် မိမိနှင့် သူတပါးနှစ်ဦးသား ပေါင်းပြီး ပြုခြင်းကြောင့်လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။မဟုတ်ပါ။
အစေလက ကဿပ။ ။ဒုက္ခတရားသည် အလိုလိုဖြစ်ခြင်း ကြောင့်လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။မဟုတ်ပါ။
အစေလက ကဿပ။ ။သို့မဟုတ်က ဒုက္ခတရားသည် မရှိ၍လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။ရှိပါသည်။
အစေလက ကဿပ။ ။ဒုက္ခတရား ရှိသည်ဆိုလျှင် ထို ဒုက္ခတရားကို ရှင်ကြီးဂေါတမ၊ သိပါသလော။

ဗုဒ္ဓရှင်တော်မြတ် ။ ။သိပါသည်။
အစေလက ကဿပ။ ။သို့ဖြစ်လျှင် ရှင်ကြီးဂေါတမ ဒုက္ခ
တရား ရှိပုံသိပုံတို့ကို ဟောမိန့်ပါ။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် အစေလက ကဿပ တိတ္ထိ ရဟန်းအား ဒုက္ခတရားရရှိပုံနှင့် ပတ်သက်၍ ဤသို့မိန့်မြွက်တော်မူလေသည်။ ဒုက္ခတရားသည် မိမိပြုခြင်းကြောင့် မိမိခံရခြင်း သူတပါးပြုခြင်းကြောင့် မိမိခံရခြင်း။မိမိနှင့်သူတပါး နှစ်ဦးသားပေါင်းပြီးပြုခြင်းကြောင့် မိမိခံရခြင်း အစရှိသည့် မေးခွန်းပုစ္ဆာများသည်ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ပုံတရားတို့ကို မသိနားမလည်သဖြင့် သမုဒယ သစ္စာတရားကြောင့်ဖြစ်သော ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရားကို မိမိ သူတပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်ဟုထင်မှတ်ပြီး လွဲမှားသောဒိဋ္ဌိအယူဖြင့်သာမေးမြန်းနေခြင်းဖြစ်ကြောင်း၊စင်စစ်မှာမူအဝိဇ္ဇာ သင်္ခါရတည်းဟူသော အကြောင်း သမုဒယသစ္စာတရားကြောင့် အကျိုးတရား ဒုက္ခသစ္စာဖြစ်သည့်ခန္ဓာငါးပါး ဆင်းရဲခြင်းအစုတရားတို့ကို ရရှိခြင်းဖြစ်ကြောင်း၊အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားတို့သည် မိမိ သူတပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားမိန်းမငါ့ကိုယ် ငါ့ဟာငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ကြောင်းတို့ကို ရှင်းပြ ဟောမိန့်တော်မူ၏။

တဖန်ဆက်၍ အဝိဇ္ဇာ သင်္ခါရတည်းဟူသောအကြောင်း သမုဒယသစ္စာတရားကြောင့် အကျိုးတရား ဒုက္ခသစ္စာဖြစ်သည့် ခန္ဓာငါးပါး ဆင်းရဲခြင်း အစုတရားတို့ကို ရရှိခြင်းဖြစ်သဖြင့် ထိုအကြောင်း သမုဒယသစ္စာတရားကို ဖြစ်ခွင့်မပေးဘဲ ပယ်ပြီး

ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာတရားကို ဥာဏ်တည်းဟူသောမဂ္ဂသစ္စာတရားဖြင့် သိမြင်အောင် မုန်းအောင်ဆုံးအောင် ရှုပွား အားထုတ်နိုင်ပါက ဒုက္ခသစ္စာတရား ချုပ်ဆုံးရာအထိ သိမြင်ရပုံအကြောင်းစုံတို့ကိုဟောကြားမိန့်မြွက်တော်မူလေသည်။

နောက်ဆုံးတွင် အစေလကကဿပ တိတ္ထိရဟန်းသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် အတွင်းသို့ဝင်၍ ရဟန်းပြုကာ ဝိပဿနာတရားစသည်တို့ကို ရှုပွားအားထုတ်လိုက်သည်တွင် ခန္ဓာ၏အရှိဖြစ်ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်သွားရပေတော့သည်။

အထက်ပါ အစေလက ကဿပ အကြောင်းအရာများကို အကျယ်အားဖြင့် သိလိုပါလျှင် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အစေလက ကဿပသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## သမုတိ သစ္စာနှင့် ပရမတ္ထသစ္စာ

ဤနေရာ၌ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတရား နှစ်ပါးတို့ကိုလည်း နားလည်သဘောပေါက်ထားကြရန် လိုအပ်လှပေသည်။

မရှိအမှန်တရားတို့သည် သမုတိသစ္စာဖြစ်၏။
ရှိအမှန်တရားတို့သည် ပရမတ္ထသစ္စာဖြစ်၏။

ၛင်းသစ္စာနှစ်ပါးသည် သူ့ နေရာနှင့်သူ အမှန်တရားတွေ ချည်းပင်ဖြစ်သည်ဟု သဘောပေါက်ထားကြရပေမည်။

သမုတိသစ္စာတရားဆိုသည်ကား အဟုတ်မရှိအမှန်တကယ် မရှိသောသဘော၊ မရှိပါဘဲလျက် အရှိသဘောလုပ်ပြီး လောက ဝေါဟာရ အမည်နာမအားဖြင့် တော်အောင်လျော်အောင် ခေါ်ဝေါ်သမုတ်၍နေကြသည့်အတိုင်း ယူမှတ်ပြီး နေကြသော သဘောတို့ကို ဆိုလိုပေသည်။

ထိုသဘောတို့မှာ လောက၌ ရှိသမျှသော သက်ရှိသက်မဲ့ တို့ကို အရာဌာနနှင့် ပုံသဏ္ဌာန်အားလျော်စွာ လူ နတ် ဗြဟ္မာ သတ္တဝါ အမိ အဘ ဆွေမျိုး ဥာတကာ ရှင်ဘုရင် မိဖုရား မင်း ခစား အစေခံ တိရစ္ဆာန်အစားစား ကျွဲ နွား မြင်း ဆင် သစ်ပင် တောတောင် အစရှိသည်တို့ကို ခေါ်ဆိုပညတ် သမုတ်အပ်သည့် အတိုင်း ယူမှတ်ယုံကြည်၍နေကြ၏။

ထိုကဲ့သို့ ယူမှတ်ယုံကြည်၍နေကြသည့်အတိုင်းသာ သက်ရှိ သက်မဲ့အရာဝတ္ထုတို့သည်လည်းလောက၌ အမှန်ပင်ရှိ၍နေကြ၏။ သို့အတွက် ပညတ်သဘောအားဖြင့် ခေါ်ဝေါ်သမုတ်ကြသည့် အတိုင်း ဖြစ်၍နေကြသည်ကို သမုတိသစ္စာဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ပရမတ္ထသစ္စာတရား ဆိုသည်ကား

၁။ စိတ်–၂။ စေတသိက်–၃။ ရုပ်–၄။ နိဗ္ဗာန်ဟူ၍ လေးပါး ရှိကုန်၏။ ထိုလေးပါးတို့တွင်

စိတ်။ဆိုသည်မှာအာရုံကိုကြံတထ်သိတတ်သောကြောင့် စိတ်မည်၏။

စေတသိက်။ ဆိုသည်မှာ စိတ်နှင့်အတူတကွ ဖြစ်တတ်သောကြောင့် စေတသိက် မည်၏။

ရုပ်။ ဆိုသည်မှာ ဖောက်ပြန်တတ်သောကြောင့် ရုပ် မည်၏။

နိဗ္ဗာန်။ ဆိုသည်မှာ တဏှာမှလွတ်မြောက်ရာဖြစ်သောကြောင့် နိဗ္ဗာန် မည်၏။

ထိုပရမတ္ထသစ္စာ တရား တို့ သည် သူ့ သဘောကို သူ ဆောင်ခြင်းမှတပါး အခြားပြောင်းလဲခြင်းမရှိ၊ ပရမတ္ထသဘာဝ အားဖြင့် ထင်ရှားရှိသောသဘော၊အဟုတ်ရှိအမှန်တကယ်ရှိသော သဘောတရားတို့ကို ပရမတ္ထသစ္စာဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

ပရမတ္ထသစ္စာတရား လေးပါးရှိသည့် အနက် စိတ် စေတသိက် ရုပ် တည်းဟူသောတရားသုံးပါးသည် အကြောင်းပေါင်းဆုံ တိုက်ဆိုင်လျှင် ဖြစ်ပေါ်ရင့်ရော်ပြီး ပျက်စီးချုပ်ပျောက်ရပါသည်။

ထိုကြောင့် စိတ် စေတသိက် ရုပ် တည်းဟူသော တရားသုံးပါးကို သင်္ခတ တရားဟုခေါ်ဆိုပေသည်။

နိဗ္ဗာန်တရားကို အသင်္ခတ တရားဟု ခေါ်ဆိုပေသည်။

အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန် တရား သည် ဖြစ်ပျက် တည်းဟူသော ဆင်းရဲခြင်း မရောမယှက် ချမ်းသာခြင်းသဘော သက်သက်သာရှိရာဖြစ်သောကြောင့်ပင်တည်း။

သမုတိသစ္စာတရားနှင့် ပရမတ္ထ သစ္စာ တရား တို့သည် တပါးနှင့်တပါးမကင်းနိုင်ပေ။ သမုတိသစ္စာတရားသည် ပရမတ္ထသစ္စာတရားကို စွဲ၍ဖြစ်၏။

ဥပမာအားဖြင့်ဆိုရပါမူ မီးတောက်ကို စွဲ၍ မီးရောင်ဖြစ်သကဲ့သို့ပင်။ ပရမတ္ထသစ္စာတရားကိုစွဲ၍ သမုတိသစ္စာတရားတို့ဖြစ်ရပေသည်။

ဥပမာဆောင်ဦးအံ့။ ရွှံ့များကိုယူ၍ နွားရုပ်လုပ်လိုက်ပါ၊ ရွှံ့က ပရမတ္ထသစ္စာတရား၊ နွားရုပ်က သမုတိသစ္စာတရားဆိုကြပါစို့၊ တဖန် ထိုနွားရုပ်ကိုဖျက်၍ ကျွဲရုပ် ပြန်၍လုပ်လိုက်ပါ။ နွားမှကျွဲဟု အမည်အားဖြင့် ပြောင်းလဲသွားသော်လည်း ရွှံ့က ရွှံ့ဘဲဖြစ်၍ ပရမတ္ထသစ္စာတရားက ပြောင်းလဲခြင်းမရှိ သမုတိသစ္စာတရား နွား ကျွဲ အမည်ကသာ ပြောင်းလဲ သွားသော သဘောရှိခြင်းဖြစ်ပေသည်။

ထင်ရှားစွာ အဟုတ်ရှိအမှန်တကယ်ရှိသည့် ပရမတ္ထသစ္စာတရားကို အဟုတ်မရှိ အမှန်တကယ်မရှိသည့် သမုတိသစ္စာတရားက အပေါ်ယံ၌ဖုံးအုပ်ထားခြင်းကြောင့်သာ အတွင်းက ပရမတ္ထသစ္စာတရားတို့ကို မသိ မမြင်နိုင်ခြင်း ဖြစ်ပေသည်။

လောက၌ ရှိကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါ အစားစား သစ်ပင်တောတောင်များအစရှိသည်တို့သည် သမုတိသစ္စာအားဖြင့် အရာဌာနနှင့် ပုံသဏ္ဌာန်အားလျော်စွာ အမည်နာမ ခေါ်ဆိုသမုတ်ထားကြသော ဆိုင်းဘုတ်တွေသာဖြစ်၏။

သမုတိသစ္စာတရားဖြစ်သည့် အမည်နာမ ခေါ်ဆိုသမုတ်ထားကြသော ဤဆိုင်းဘုတ် အသိတွေကိုသာ သိနေကြသည့် သတ္တဝါတို့သည် ဆင်းရဲပွဲအမျိုးမျိုးနှင့်၍ ငိုပွဲ ဆက်နေကြရမည် ဖြစ်ပေသည်။

ပရမတ္ထသစ္စာတရားဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရ သဘောတရားတို့ကို အမှန်ဥာဏ်အမြင်နှင့်သိမြင်ကြသော သတ္တဝါတို့မှသာ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာတရားတို့ကို အစဥ်အတိုင်း ရကြမည်ဖြစ်ပေတော့သည်။

သတ္တဝါတို့သည်ကား သမုတိသစ္စာအားဖြင့် ခေါ်ဆို သမုတ်ထားကြသော လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ သစ်ပင် တောတောင် ရေ မြေ သမုဒ္ဒရာ အစရှိသည့် ပုံသဏ္ဍာန် အမျိုးမျိုး အပေါ်၌သာ မက်မော စွဲလန်းနေကြသည်မဟုတ်ပါလော။

ဥပမာဆောင်ပြပါဦးအံ့။ တန်ဘိုးမရှိသည့် ရွှံ့များကို ယူ၍ ပန်းပုဆရာက လက်ရာမြောက်စွာဖြင့် ရုပ်ပုံအမျိုးမျိုးကို ပြုလုပ်ကာ ပန်းချီဆရာက လှပ သေသပ် စွာ ဆေးခြယ်သပြီး ရောင်းချပါလျှင် မိမိတို့ကြိုက်နှစ်သက်ရာ အရုပ်တို့ကို တန်ဘိုးထားပြီး ဝယ်ယူသုံးစွဲကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

တဖန် ၎င်းရွှံ့ဖြင့် ပြုလုပ်ထားသောအရုပ်များကို ပြန် ဝယ်ယူပြီး ရေနှင့်ဖျော်စပ်၍ ရွှံ့တုံးပြန်ပြုလုပ်ထားပါကမည်သူ တဦးတယောက်ကမျှ တန်ဘိုးငွေပေးပြီး ဝယ်ယူ သုံးစွဲကြတော့ မည်မဟုတ်ပေ။

ထိုကဲ့သို့ အသက်ကင်းမဲ့သည့်ပုံသဏ္ဍာန်အမျိုးမျိုးအပေါ်၌ တန်ဘိုးထားပြီး နှစ်သက် မက်မော စွဲလန်းနေကြပါလျှင် လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့်ခေါ်ဆို သမုတ်ထားကြသော အသက်ရှိသည့်

ပုံသဏ္ဍာန်အမျိုးမျိုးအပေါ်၌ မည်မျှနှစ်သက်မက်မော စွဲလန်း၍ နေကြမည်ကို ဉာဏ်အမြင်နှင့်သာ ကြည့်ကြစေလိုပေသည်။

အထက်ပါဥပမာများကို ဖတ်ရှုရခြင်းအားဖြင့် သတ္တဝါတို့သည် သမုတိသစ္စာအားဖြင့် ခေါ်ဆို သမုတ်ထားကြသော ပုံသဏ္ဍာန်အမျိုးမျိုးအပေါ်၌ နှစ်သက် မက်မော စွဲလန်းနေကြခြင်းသည်က အမှန်ပင်ထင်ရှားလှပေ၏။

တဖန် မိမိ အလွန်ချစ်မြတ်နိုးလှပါသည်ဆိုသည့် မိမိ၏ အချစ်ဆုံးသောသူကိုဖြစ်စေ၊ သို့မဟုတ် မိမိ ကိုယ်ကိုပင်ဖြစ်စေ ရုပ်အစုအဝေးများဖြစ်သည့် သုံးဆယ့်နှစ်ကောဋ္ဌာသ တည်းဟူသောရုပ်အစုဝေးများကို ဉာဏ်အမြင်နှင့်တခုစီခြားပုံ၍ ကြည့်ကြစေလိုပေသည်။

သုံးဆယ့်နှစ်ကောဋ္ဌာသရုပ်အစုအဝေးဖြစ်သည့် ဆံပင် မွေးညှင်း ခြေသည်းလက်သည်း သွား အရေထူအရေပါး အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျင်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ် တည်းဟူသော သုံးဆယ့်နှစ်ကောဋ္ဌာသရုပ်အစုတို့ကို တခုစီ ခြားပုံပြီး ဉာဏ် အမြင်နှင့် စိစစ်ဝေဖန်ကြည့်ရှုပါက ချစ်ခင် နှစ်သက် မက်မော စွဲလန်းနိုင်ကြလိမ့်မည် မဟုတ်တော့ပေ။

ထိုကဲ့သို့ တခုစီခြားပြီး ပုံထားသော သုံးဆယ့်နှစ် ကောဋ္ဌာသ ရုပ်အစုအပုံတို့သည်လည်း နာရီ ရက် လစသည်ဖြင့် အချိန်ကာလ ကြာမြင့်လာသည့်အလျောက် ပုပ်သိုးပျက်စီးလာ

ခြင်းကြောင့် ပို၍ပို၍ပင်မကြည့်ချင်ဘွယ်ရာအနီးအနားသို့မကပ်ချင်ဘွယ်ရာ မသတီဘွယ်ရာ စက်ဆုပ်ဘွယ်ရာ ရွံရှာဘွယ်ရာဖြစ်သည့် အသုဘ မတင့်တယ်သောတရားတို့သာဖြစ်ကြရမည်မှာ သေချာလှပေသည်။

ဤသုံးဆယ့် နှစ်ကောဋ္ဌာသ အစုအဝေးသာ ရှိသော ခန္ဓာကိုယ် ရုပ်၊အကောင်ပုပ်ဖြစ်သည့် အသုဘ မတင့်တယ်သည့် အရာကို သုဘ တင့်တယ်သည်ဟု ထင်ပြီးခင်မင်နှစ်သက်မက်မောစွဲလန်းနေကြခြင်းသည်လည်း အမှတ်မှား၊ အသိမှား၊ အယူမှား တို့ဖြင့် ခင်မင်နှစ်သက် မက်မောစွဲလန်းနေကြသည်မှာ အလွန်ပင် ထင်ရှားလှပေသည်။

တခါန်က ကျွန်ုပ်အား လူတယောက်ကပြောဘူးပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါပိုင်၊ ငါဆိုင် စသည့်အယူ မယူရဟုဆိုလျှင် လူသားတို့သည်အရူးတွေချည်းဖြစ်ကုန်ကြလိမ့်မည်ဟုပြောဘူး၏။

ထိုသူသည် ရိုးရိုးသာမန် ပကတိ မျက်စိအမြင်ဖြင့် သမုတိသစ္စာ တရားအပေါ်၌သာ ကျဉ်းမြောင်းစွာမြင်ပြီး ပရမတ္ထသစ္စာဖြစ်သည့် စိတ် စေတသိက် ရုပ် နိဗ္ဗာန်တည်းဟူသော သဘောတရားတို့အပေါ်၌ ဉာဏ်မျက်စိနှင့်ယှဉ်၍ အမြင်ကျယ်စွာ မမြင်တတ် ခြင်းကြောင့်သာ ဤသို့ ဆိုခြင်းဖြစ်ပေသည်။

အမှန်သိရမည်မှာ သမုတိသစ္စာတရားကို သမုတိ သစ္စာတရားဟု သိရမည်ဖြစ်၏။ ပရမတ္ထ သစ္စာတရားကို ပရမတ္ထသစ္စာတရားဟု သိရမည်ဖြစ်၏။

ဤကဲ့သို့ ခွဲခြားပြီး အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ဉာဏ်နှင့်ယှဉ်၍ သိမြင်တတ်ကြရမည်ဖြစ်ပေသည်။

သမုတိသစ္စာတရား ဆိုသည်မှာ အမှန် အားဖြင့် မရှိ၊ ခေါ်ဝေါ် သမုတ်ထားသော အမည်နာမများသာ ဖြစ်သဖြင့် ယင်းတရားကို မရှိအမှန်တရားဟု သိရမည်ဖြစ်သည်။

ပရမတ္ထသစ္စာတရားဆိုသည်မှာ အမှန်အားဖြင့် ထင်ရှား ရှိသည့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော သဘော တရားတို့ပင် ဖြစ်သဖြင့် ယင်း တရားတို့ကို ရှိအမှန်တရားဟု သိရမည်ဖြစ်သည်။

ဤကဲ့သို့ မရှိအမှန် ရှိအမှန် သဘောတရားတို့ကို ပိုင်ပိုင် နိုင်နိုင် သဘောပေါက် နားလည်ထားကြရမည်ဖြစ်ပေသည်။

ထပ်ရှင်းပြပါဦးအံ့။ မရှိအမှန်ဆိုသည်မှာ မိမိနှင့်တကွ အမိအဖ ညီအကို မောင်နှမ ဇနီး သားသမီး လင်သား စသည် များသည် သမုတိသစ္စာအားဖြင့် ခေါ်ဝေါ်သမုတ်ထားကြသည့် အမည် နာမများသာ ဖြစ်သောကြောင့် အမှန်တကယ်တော့ မရှိပေ။

ထိုကဲ့သို့ မရှိငြားသော်လည်း လောက၌ သမုတိသစ္စာ အားဖြင့် သူ့နေရာနှင့်သူ မှန်ကန်နေခြင်းကြောင့် မရှိအမှန်ဟူ၍ သဘောပေါက် နားလည်ထားကြရမည်ဖြစ်သည်။

ရှိအမှန်ဆိုသည်မှာ မိမိနှင့်တကွ အမိ အဖ ညီအကို 'မောင်နှမ ဇနီး သားသမီး လင်သားစသည်များ အားလုံး တို့ကို ဉာဏ်အမြင်နှင့် အမှုန့်ပြု၍ ခွဲခြမ်းကြည့်ပါလျှင် မိမိနှင့်

တကွ အမိ အဖ ညီအကို မောင်နှမ ဇနီး သားသမီး လင်သား စသည်တို့သည် မရှိတော့ပေ။

ပရမတ္ထသစ္စာအားဖြင့် အမှန်တကယ် ထင်ရှားစွာရှိသည်က ရုပ် ဓာတ်သဘော အစုသာ ရှိခြင်းဖြစ်၏။

ထိုကဲ့သို့ ရုပ် ဓာတ်သဘောအစုသာ အမှန်တကယ်ရှိနေခြင်းကြောင့် ရှိအမှန် ဟူ၍လည်း သဘောပေါက် နားလည်ထားကြရမည် ဖြစ်ပေတော့သည်။

ဤကား သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ တရားနှစ်ပါး အကျဉ်းအမြွက်မျှသာတည်း။

## ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုး

ဗုဒ္ဓ ရှင် တော် မြတ် သည် အပါယ်ငရဲသို့ ကျစေတတ်သည့် အကြောင်းရင်း ဖြစ်သော ဒိဋ္ဌိကို အရင်ဖြုတ်ရမည်ဟု အရေးကြီးစွာ ဟောကြား မိန့်မြွက်တော်မူ၏။

ဒိဋ္ဌိဆိုသည်မှာလည်း သက္ကာယဒိဋ္ဌိကို ဆိုလိုခြင်းဖြစ်သည်။

များစွာသော လူသားတို့က အပါယ် ငရဲသို့ ကျခံရသည်မှာ အကုသိုလ်ကံကြောင့်ဟု ထင်မြင်ယူဆကြပေလိမ့်မည်။

အမှန်ဆိုရပါမူ အကုသိုလ် ကံများစွာတို့ကို ပြုလုပ်ပြောဆို

ကြံစည် နိုင်ခြင်းသည် ဒိဋ္ဌိရှိ၍သာ ပြုလုပ်ပြောဆို ကြံစည် နိုင်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မူလအရင်းကျကျကို စီစစ်သည် ရှိသော် အပါယ်ငရဲသို့ ပို့နေသော အကြောင်းရင်း ရေသောက်မြစ်ကား ဒိဋ္ဌိပင်ဖြစ်၏။

သို့ဖြစ်ပါ၍ ၎င်းဒိဋ္ဌိသည် အလွန်ပင် ကြောက်စရာ ကောင်းသော မူလအကြောင်းရင်းတရား ဖြစ်သည်ဟု နားလည် သဘောပေါက် ထားကြရပေမည်။

ခန္ဓာငါးပါးတရားကို သက္ကာယ ဟုခေါ်ဆို၏။ ဒိဋ္ဌိက ငါတည်းဟူသော အယူဖြစ်သဖြင့် ခန္ဓာငါးပါးတရားကို ငါဟု ယူဆထားခြင်းသည် သက္ကာယ ဒိဋ္ဌိဖြစ်၏။

ဒိဋ္ဌိဝိပ္ပလ္လာသ၊ နိစ္စဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ၎င်းတရားတို့သည် ပါဠိလို အခေါ် မတူ ပြား သော် လည်း အဓိပ္ပါယ်သဘောမှာ အတူတူပင်ဖြစ်၏။ ယင်း တရားတို့သည် ခန္ဓာငါးပါးကို ငါဟု စွဲယူထင်မှတ် နေခြင်းပင် ဖြစ်ပေသည်။ ဒိဋ္ဌိ အမျိုးအပေါင်းကား ခြောက်ဆယ့်နှစ်မျိုးရှိ၏။ ၎င်းတို့မှာ ပုဗ္ဗန္တ၊ ကပ္ပိက၊ ပုဗ္ဗန္တာနုဒိဋ္ဌိ အယူဝါဒ (၁၈)မျိုးရှိ၏။

ပုဗ္ဗ- အန္တ- ရှေးအတိတ်က ဖြစ်ခဲ့သော တရားအစု အကြောင်းအရာကို ကပ္ပိက ကြံစည်လေ့၊ စဉ်းစားလေ့၊ တွေး တောလေ့ရှိကြသူတို့၏ ဝါဒ၊ အပြောအဆို အယူ အဆ ရှိကြ သူတို့ကို ဆိုလိုသည်။

အပရန္တ-ကပ္ပိက အပရန္တာနုဒိဋ္ဌိ အယူဝါဒ (၄၄)မျိုးရှိ၏။

အပရ-အန္တ-နောက် အနာဂတ်ဖြစ်မည့် တရားအစု အကြောင်းအရာကို ကပ္ပိက ကြံစည်လေ့ စဉ်းစားလေ့ တွေး တောလေ့ ရှိကြသူတို့၏ ဝါဒ အပြော အဆို အယူ အဆ ရှိကြ သူတို့ကို ဆိုလိုသည်။

အထက်ပါ ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုး၏ အခြေခံတရား သည်ကား ဆိုလျှင် သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုးပင် ဖြစ်၏။

သဿတဒိဋ္ဌိဆိုသည်မှာ သတ္တဝါတို့၏ သန္တာန်၌ အတ္တ ရှိ၏။ ထိုအတ္တသည် မည်သည့်အခါမှ မပျက်စီးဘဲ မြဲ၏ဟု တနည်းအားဖြင့် ဘဝကို တဘဝပြီးလျှင် တဘဝ ဆက်ပြီး ဘဝကို မြဲသည်ဟု ယူဆထားသည့် အယူဝါဒပင်ဖြစ်၏။

ဥစ္ဆေဒဒိဋ္ဌိဆိုသည်မှာသတ္တဝါသည် သေပြီးလျှင် အဆက် မရှိ ပြတ်စဲတော့၏ဟု တနည်းအားဖြင့် ဤဘဝက သေလျှင် မည်သည့်ဘဝမှ မဖြစ်၊ မည်သည့် ဘဝကိုမှ မရောက်၊ မည်သည့် ဘဝမှမရှိ၊ ဘဝကိုပြတ်သည်ဟု ယူဆထားသည့် အယူဝါဒပင် ဖြစ်၏။

ဤသဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုး၏ အခြေခံတရား သည်ကားဆိုလျှင်လည်း သက္ကာယဒိဋ္ဌိပင်ဖြစ်ပေသည်။ တနည်း အားဖြင့် သက္ကာယဒိဋ္ဌိကသာလျှင် မူလအရင်းခံ ရေသောက်မြစ် ဖြစ်၏။ တနည်းအားဖြင့် သက္ကာယ ဒိဋ္ဌိကသာ ဦးစီးထားခြင်း ဖြစ်သည်ဟု နားလည်သဘောပေါက်ထားကြ ရပေမည်။

ဤသက္ကာယ ဒိဋ္ဌိဖြစ်ရခြင်းသည်ကား ခန္ဓာငါးပါး၏ ဖြစ်ပျက် ပုံတရားတို့ကို မသိခြင်းကြောင့်သာ ဖြစ်ပေသည်။

ခန္ဓာငါးပါးသည်အကြောင်းတိုက်ဆိုင်မှုကြောင့် ဖြစ်ပြီး ပျက်နေသည့် ဒုက္ခသစ္စာတရားသာဖြစ်၏။

ခန္ဓာငါးပါးသည် ဟိုက်ဆိုင်မှု အကြောင်းတရားကြောင့် ဖြစ်ပေါ်ရသည်ဟု အကြောင်းတရားကို သိလျှင် ဝိစိကိစ္ဆာ ပြတ်၏။

အကြောင်းကြောင့်ဖြစ်သော ခန္ဓာငါးပါး အကျိုးတရားတို့၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင်စသည်ဖြင့်မရှိ၊ယင်းခန္ဓာငါးပါး အကျိုးတရားသည် ဖြစ်ပြီး ပျက်သွားသည့် ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာ တရားသာ ရှိပါကလားဟု နှလုံးသွင်း မှန်မှန်နှင့် သိမြင်လျှင် ဒိဋ္ဌိပြတ်ရှိ၏။ ဒိဋ္ဌိပြတ်လျှင် ဝိစိကိစ္ဆာပါ ရောပြတ်၏။

ဒိဋ္ဌိဝိစိကိစ္ဆာသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တည်းဟူသော ဒိဋ္ဌိသုံးမျိုးလုံးပင် ပါဝင်ခြင်းဖြစ်သည်။

ထို့ကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာပြတ်လျှင် ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုးလုံး ပြတ်သည်ဟု နားလည် သဘောပေါက် ထားကြရပေမည်။

အထက်ပါ ဒိဋ္ဌိအမျိုးပေါင်း ခြောက်ဆယ့်နှစ်မျိုးနှင့် ငါတည်းဟူသော အတ္တအစွဲကြီး ပယ်ဖျောက်နိုင်သော နည်းကောင်းများကို သိလိုပါလျှင် ဒိဋ္ဌိအမျိုးပေါင်း ခြောက်ဆယ့်နှစ်မျိုးကို ဖွင့်ဆိုပြသော ဒီဃနိကာယ် သီလက္ခန္ဓဝဂ်ပြဟ္မဇာလသုတ်တွင် ကြည့်ရှုနိုင်ကြပေသည်။

# ဝိပ္ပလ္လာသတရား

ဤနေရာ၌ ဝိပ္ပလ္လာသတရားကို ရေးသားဖော်ပြပေအံ့။

ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မရနိုင်အောင် ကာဆီးပိတ်ပင်ထားသော တရားသည် ဝိပ္ပလ္လာသတရားပင်ဖြစ်ပေသည်။

ဝိပ္ပလ္လာသတရားသည် သုံးပါးရှိ၏။

ဝိပ္ပလ္လာသတရားသုံးပါးဆိုသည်ကား ၁။ သညာဝိပ္ပလ္လာသ။ ၂။ စိတ္တဝိပ္ပလ္လာသ။ ၃။ ဒိဋ္ဌိဝိပ္ပလ္လာသ တရားတို့ ဖြစ်ကြကုန်၏။

သညာဝိပ္ပလ္လာသ ဆိုသည်မှာ အမှတ်မှားခြင်းကို ဆိုလိုသည်။

စိတ္တဝိပ္ပလ္လာသဆိုသည်မှာ အသိမှားခြင်းကို ဆိုလိုသည်။

ဒိဋ္ဌိဝိပ္ပလ္လာသဆိုသည်မှာ အယူမှားခြင်းကို ဆိုလိုသည်။

ၑင်းဝိပ္ပလ္လာသတရားသုံးပါးကိုအကျယ်ပွားလျှင် ဝိပ္ပလ္လာသ တရား တဆယ့်နှစ်ပါးရှိသည်ဟု နားလည်သဘောပေါက်ထားကြရပေမည်။

ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗေသင်္ခါရာအနိစ္စာဟု ဟောတော်မူထားသဖြင့် ခပ်သိမ်းသော သင်္ခါရတရားတို့သည် အနိစ္စသာ ရှိ၏။

သဗ္ဗေသင်္ခါရာဒုက္ခာဟု ဟောတော်မူထားသဖြင့် ခပ်သိမ်းသော သင်္ခါရတရားတို့သည် ဒုက္ခသာရှိ၏။

သင်္ခတဓမ္မာ အနတ္တာဟု ဟောတော်မူထားသဖြင့် ခပ်သိမ်းသော တရားတို့သည် အနတ္တသာရှိ၏။

သင်္ခတဓမ္မာအသုဘာဟု ဟောတော်မူထားသဖြင့်ခပ်သိမ်းသော တရားတို့သည် အသုဘသာ ရှိခြင်းဖြစ်သည်။

ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသာလျှင် ပင်ကိုယ်အရှိက ရှိခြင်းဖြစ်၏။

၎င်း အနိစ္စ ဒုက္ခ အနတ္တ အသုဘတရား တို့သည်လည်း ဖြစ်ပြီး ပျက်သည့် ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရားသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့က ခန္ဓာအတွင်း၌ရှိသည့် အနိစ္စ မမြဲသည်ကို နိစ္စမြဲသည်ဟု အမှတ်မှား၏။ အသိမှား၏။အယူမှား၏။

ဒုက္ခဆင်းရဲသည်ကို သုခချမ်းသာသည်ဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။

အနတ္တ ကိုယ်ပိုင် ကိုယ်ဆိုင်မဟုတ်သည်ကို အတ္တကိုယ်ပိုင် ကိုယ်ဆိုင် ဟုတ်သည်ဟု အမှတ်မှား၏။ အသိမှား၏။အယူမှား၏။

အသုဘ မတင့်တယ်သည်ကို သုဘ တင့်တယ် သည်ဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။

ဤကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တ အသုဘ တရားလေးပါးတို့တွင် တပါးတပါးလျှင်အမှတ်မှား၊အသိမှား၊ အယူမှားတည်းဟူသော အမှားသုံးခု ဝင်ကပ်နေခြင်းကြောင့် ၎င်းတို့ကို ပေါင်းလျှင် ဝိပ္ပလ္လာသတရား အမှား တဆယ့်နှစ်ပါး ဖြစ်လာရတော့သည်။

ဒိဋ္ဌိဝိပ္ပလ္လာသတရား အယူမှားကို ပယ်မှ သောတာပန်ပုဂ္ဂိုလ်ဖြစ်မည်။

သညာဝိပ္ပလ္လာသတရားအမှတ်မှားကိုပယ်မှ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့ဖြစ်မည်။

စိတ္တဝိပ္ပလ္လာသတရား အသိမှားကိုပယ်မှ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရပေမည်ဟု သဘောပေါက် နားလည်ထားကြရန် လိုအပ်လှပေတော့သည်။

အထက်ပါ ဝိပ္ပလ္လာသတရားများကို အကျယ်အားဖြင့် သိလိုပါလျှင် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကြည့်ရှုနိုင်ကြပေ၏။

## ဝိသာခါ၊မဟာသုဘဒ္ဒါ

လူဝတ်ကြောင်နှင့်ပင် သောတာပန် တည်နေကြသော ပုဂ္ဂိုလ်များစွာရှိသည့်အနက် ဓနဉ္စယ သူဌေးကြီး၏ သမီး ဖြစ်သော ဝိသာခါကျောင်းအမကြီးနှင့် အနာထပိဏ်သူဌေးကြီး၏ သမီးဖြစ်သော မဟာသုဘဒ္ဒါတို့အား သာဓကထား၍ဤနေရာ၌ ရေးသားဖော်ပြပေအံ့။

ဝိသာခါကျောင်းအမကြီးသည် ခုနစ်နှစ်သမီး အရွယ်မှစ၍ သောတာပန်တည်ပြီး တဆယ့်ခြောက်နှစ် အရွယ်၌ အိမ်ထောင်ပြု၍ သားသမီးများ မွေးဖွားခြင်း အလုပ်များကို ပြုလုပ်၏။

ထိုကဲ့သို့ပင် မဟာသုဘဒ္ဒါသည်လည်း သောတာပန် တည်ပြီးမှ အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းစသည့် အမှုကိစ္စတို့ကို ပြုလုပ်၏။

ဝိသာခါနှင့် မဟာသုဘဒ္ဒါတို့သည် ရှေးဦးစွာ ဝိပဿနာတရားကို ကျင့်ကြံအားထုတ် ရှုပွား၍ သောတာပန် တည်ပြီးမှ အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းစသည့် အမှုကိစ္စတို့ကို ပြုလုပ်ကြခြင်းဖြစ်ပေသည်။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တည်းဟူသော မဂ်လေးပါးရှိသည့်အနက် သောတာပတ္တိမဂ်ကို ရရန်အတွက် အဓိကအရေးကြီးကြောင်း ဖြစ်သည်ဟု သိအပ်လှပေသည်။

သောတာပတ္တိမဂ်ကို ရထားသည့်အထိ ကျင့်ကြံ အားထုတ် ရှုပွားပြီးမှသာ တနည်းအားဖြင့် သောတာပန် တည်ပြီးမှသာ မိမိတို့၏ သားရေးသမီးရေး စသည့်အရေးတို့ကို ပြုလုပ်ဆောင်ရွက်ကြရန် သင့်လှပေသည်။

အဘယ့်ကြောင့်ဆိုသော် သောတာပန် တည်ပြီးသော ပုဂ္ဂိုလ်တို့မှသာလျှင် အပါယ်လေးပါးမှလုံးဝလွတ်မြောက်မည် ဖြစ်သောကြောင့်ပင်တည်း။

သောတာပန်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဝိစိကိစ္ဆာကင်းသာ ဖြတ်ပြီး တဏှာမကုန်သေးသောကြောင့် အိမ်တောင်ပြုခြင်းစသည့် အမှုကိစ္စတို့ကို ပြုလုပ်ကြခြင်းဖြစ်သည်။

သောတာပန်ပုဂ္ဂိုလ်တို့သည် ပုထုဇဉ် ပုဂ္ဂိုလ်များကဲ့သို့ပင် လုပ်ကိုင် နေထိုင်ဝတ်စားသွားလာနေကြ၏။ လူပုဂ္ဂိုလ်ကို

မြင်ရုံမျှနှင့် မခွဲခြားနိုင်၊သို့ရာတွင်ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်စေ၊ သောတာပန်ပုဂ္ဂိုလ် ဖြစ်စေ၊ ဝိပဿနာတရားကို ကြိုးစား၍ ရှုပွား အားထုတ်ဆဲ ဆိုလျှင် ပြောဆိုနေထိုင်ပုံသိမ်မွေ့၏။ လောကကြီးကို ငြီးငွေ့၍နေတတ်၏။ အဝတ် အစား ကို ဖြစ်သလို နှင့် ရောင့်ရဲတင်းတိမ်၍နေတတ်၏။ဝိပဿနာတရားကို ရှုပွား အားထုတ်ဆဲမဟုတ်ဘဲ စီးပွားရေး အစရှိသော လောကီကိစ္စအဝဝ အရေးတို့ကို ရှာဖွေစားသောက်နေစဉ်တွင်မူကား ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့သည် ရိုးရိုးပကတိ သာ မန် မျက်စိအမြင်အားဖြင့်ခွဲခြားနားခြင်းမရှိလှ၊မိမိ၏ပစ္စည်းဥစ္စာပေါ်ကြွယ်ဝသလောက် ဝတ်စား နေထိုင်ကြပေသည်။

သောတာပန် တည်ပြီးသော ပုဂ္ဂိုလ်တို့သည် မိမိခန္ဓာ၏ အရှိ ဖြစ်ပျက်နှင့် မိမိ၏ဉာဏ် အသိ တည်းဟူသောမဂ်ကိုက်ပြီး ခန္ဓာအတွင်း၌ ဉာဏ်အမြင်ရှင်းသောကြောင့်သမုတိသစ္စာအနေဖြင့် ခေါ်ဝေါ်သမုတ်ထားကြသော ပုဂ္ဂိုလ်သတ္တဝါငါ သူ တပါး ယောကျ်ား မိန်းမ ပစ္စည်းဥစ္စာ စသည်များ အပေါ်၌ တာဝန်ဝတ္တရားအရ အခါအားလျော်စွာ အသုံးချသော်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ကဲ့သို့ မစွဲလန်းကြကုန်။

အပါယ်လေးဘုံသို့ မကျလို မရောက်လို ကြကုန်သော ပုဂ္ဂိုလ် အပေါင်း တို့ သည် လည်း အနည်းဆုံးဝိသာခါ မဟာသဘဒ္ဒါတို့ကဲ့သို့ သောတာပန်တည်ပြီးသောပုဂ္ဂိုလ်အဖြစ်ရထားကြရန်အဘို့ ဝိပဿနာတရားကို ကျင့်ကြံ အားထုတ် ရှုပွား ကြရမည်ဖြစ်ပေသည်။

မည်သည့်လုပ်ငန်းမဆို လေ့ကျင့်မှုရှိမှသာ ထမြောက်

အောင်မြင်သည်ကို စာရှုသူတို့သိကြပြီးဖြစ်ပါသည်။ စားဝတ်နေရေး စသည့် အရေးတွေကြောင့် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်းဖြစ်သော ဝိပဿနာ တရားကို အားမထုတ်မရှုပွားနိုင်ဟုမိမိကိုယ်ကိုမိမိအထင်သေးကာ အားမငယ်သင့်ပါ။ အချိန်ပိုကလေး ရသည့်အချိန်တိုင်းတွင် ဝိပဿနာဉာဏ် အလုပ်တရားကို ကြိုးစား၍ ကျင့်ကြံအားထုတ်ရှုပွားကြရမည်ဖြစ်သည်။

ဝိပဿနာတရားကို လေ့ကျင့်ဖန်များလာလျှင် တစတစနှင့် ဉာဏ်စဉ်တွေရင့်သန်လာပြီး သောတာပန် စသည့်ပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။

ရှင်ရဟန်းစသည်များကဲ့သို့အိမ်ထောင်ပြုခြင်း သားမွေးခြင်းစသည့်အမှုကိစ္စအဝဝတို့ကို မပြုလုပ်ဘဲ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ရှုပွားနိုင်ကြပါက အလွန်ကျေးဇူးများပြီး ပို၍ကောင်းမွန်လှပေသည်။

သို့သော်လည်းစားဝတ်နေရေးစသည့်အရေးတွေကြောင့် မိမိတို့ ကျရာ နေရာမှ လောကီ ကိစ္စအဝဝ ဟာဝန်ဝတ္တရားများကို ထမ်းဆောင်နေရင်း လူဝတ်ကြောင်နှင့်ပင် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရှုပွားနေပါကလည်း သောတာပန်စသည့်ပုဂ္ဂိုလ်ဖြစ်နိုင်သည်ဟုမှတ်ယူရပေမည်။

သောတာပန်ပုဂ္ဂိုလ်ဖြစ်ရန်အတွက် ဒိဋ္ဌိတောကို ရှင်း၍ ဒိဋ္ဌိကိုသတ်ရမည်ဖြစ်သည်။

သကဒါဂါမ် အနာဂါမ်စသည့်ပုဂ္ဂိုလ်တို့ဖြစ်ရန်အတွက် တဏှာတောကိုရှင်း၍ တဏှာကို သတ်ရမည်ဖြစ်သည်ဟု အထူးနားလည် သဘောပေါက်ထားကြရန် လိုအပ်လှပေတော့သည်။

# ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ် ထူးခြားပုံ

စာရှုသူတို့အနေဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား နှင့် သောတာပန် ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား ထူးခြားပုံတို့ကို လည်း သိထားသင့်လှပေသည်။

ကောသမ္ဗီပြည်တွင် ရဟန်းများစွာသီတင်းသုံးနေတော် မူကြသည့် အနက် ရဟန်းတပါးသည် ကုဋိတက်ရာ၌ ရေခွက် အတွင်းဝယ်ရေကျန်ရစ်ခဲ့လေသည်။

နောက်ရဟန်းတပါးက ကုဋိတက်ပြန်ရာ ရေခွက်အတွင်း ၌ ရေကျန်ရစ်နေသည်ကိုတွေ့မြင်သဖြင့် ပထမ ရဟန်းအား အာပတ်သင့်သည်ဟု ပြောဆို၏။ ထိုအခါ ပထမ ရဟန်းက မေ့ကျန်ခဲ့သဖြင့် အာပတ်မသင့်ဟု ပြန်၍ငြင်းဆို၏။

ထိုကဲ့သို့ သုတ္တန်နှင့် အဘိဓမ္မာတတ်ကျွမ်းသောရဟန်းနှင့် ဝိနည်းတတ်ကျွမ်းသောရဟန်းတို့သည်ငြင်းခုံကြရာမှစပြီး စကား များရန်ဖြစ်ကြလေသည်။

ဤကဲ့သို့ရန်ဖြစ်ကြရာမှစ၍တစတစနှင့် နတ်ဗြဟ္မာရဟန်း ရှင်လူ များစွာတို့ကပါ သူမှန်ငါမှန်သူ့ဘက်ငါ့ဘက်နှင့် ဂိုဏ်း ဂဏများကွဲကြလေကုန်တော့သည်။

နောက်ဆုံးတွင် အထက်ပါရဟန်းနှစ်ပါးကို အကြောင်း ပြု၍ ကောသမ္ဗီပြည်၌ပင် ဗုဒ္ဓ ရှင်တော်မြတ်သည် ပုထုဇဉ် ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့၏စိတ်နေသဘောထားထူးခြား

ပုံ အချက် ခုနစ်ချက် ရှိသည်တို့ကို ဟောကြား မိန့်မြွက်တော်မူလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဟောကြားမိန့်မြွက်တော်မူသော ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထား ထူးခြားပုံ အချက်ခုနစ်ချက် ဟူသည်ကား အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ လောဘ ဒေါသ မောဟတည်းဟူသော နီဝရဏတရားခြောက်ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့၌ နှစ်ဦးလုံးပင်ရှိကြ၏။သို့သော် ပုထုဇဉ်ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟမီး စသည်တို့ဖြစ်ရာ၌ ဖြစ်ကျော ရှည်၏။

(ပမာအားဖြင့်ဆိုရသော် ငါဘယ်တော့မှ မကြေဘူးဟု ဆိုခြင်းမျိုး၊ တေးမှတ်ထားခြင်းမျိုးတို့ကို ဆိုလိုခြင်းဖြစ်သည်)။

သောတာပန်ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟ မီး စသည်ဖြစ်ရာ၌ ဖြစ်တိုင်း ဖြစ်တိုင်း ချက်ခြင်း နောက်မှ ဉာဏ် အသိက လိုက်နိုင်သဖြင့် ဖြစ်ကျောတို၏။

၂။ ပုထုဇဉ်ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟ မီး စသည်တို့ကြောင့်ဖြစ်သော အပုမီးတို့ကို ဖြစ်ကျော ရှည်ရုံတွင်မက နောက်ထပ်ပြီး အပုမီးပွားရန်အတွက် ပြုလုပ် ပြောဆို ကြံစည်၏။

သောတာပန်ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟ မီးစသည်တို့ကြောင့်ဖြစ်သော အပုမီးတို့ကို ဖြစ်ကျောတိုရုံတွင်မက အပုမီးပွားရန်အတွက် ထပ်ပြီး ပြုလုပ်ပြောဆိုကြံစည်ခြင်း မရှိတော့ပေ။

၃။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဗုဒ္ဓရှင်တော်မြတ်၏သာသနာ တော်မှတပါး အခြားသော အယူဝါဒ ဘာသာတွင် သံသရာ ဝဋ်ဆင်းရဲအတွင်းမှ လွတ်ရာလမ်းရှိနိုးဖြင့် ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော်အပေါ်၌ ယုံမှားသံသယ ဖြစ်၍နေ၏။

သောတာပန်ပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲ အတွင်းမှ ထွက်ရာလမ်းဖြစ်သော တရားသည် တနည်းအားဖြင့် သုံးဆယ့် တဘုံတည်း ဟူသော ဌာန အသီးသီးတို့မှ သူ့ အဆင့်နှင့် သူ လွတ်မြောက်ကြသည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်စသည်တို့ ဖြစ်နိုင်သော တရားသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်မှ တပါး အခြားသောအယူဝါဒ ဘာသာတွင်မရှိ တော့ကြောင်းကို သံသယကင်းစွာဖြင့် သိမြင်ထားလေသည်။

၄။ ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိ၌ အပြစ်ရှိနေငြားသော် လည်း အပြစ်ကိုမဖြေဘဲ နေစိမ့်၏။ နေရဲ၏။ ရဟန်းဖြစ်နေပါက လည်း မိမိ၌အာပတ်သင့်နေငြားသော်လည်း အာပတ်ကိုမဖြေဘဲ နေစိမ့်၏။ နေရဲ၏။

သောတာပန်ပုဂ္ဂိုလ်သည် ရဟန်းဖြစ်ပါကလည်း မိမိ၌ အာပတ် အပြစ်သင့်နေလျှင် ပြေရာ ပြေကြောင်း ချက်ချင်း အာပတ်အပြစ်ကိုဖြေ၏။ လူဖြစ်လျှင်လည်း မိမိ၌ အပြစ်ရှိနေပါ က ချက်ချက်း ဝန်ချတောင်းပန်၍အပြစ်ကိုဖြေ၏။ ဝန်ချတောင်း ပန်၍ မရနိုင်သော အပြစ်ရှိနေပါကလည်း ဝိပဿနာတရားကို ရှုပွားအားထုတ်ပြီး အစားထိုး၍ အပြစ်ကိုဖြေလေသည်။

၅။ ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိအကျိုးအတွက် လောကီ ကောင်းကျိုးကို ရမည်ဆိုပါက မည်သည့်အရာမျိုးမဆို လိမ်

လည်ရန် ဝန်မလေးပေ။ မတရားသက်သေ စသည်တို့ကို ပင်လိုက် ဝံ့၏။ လိုက်ရဲ၏။

သောတာပန်ပုဂ္ဂိုလ်သည် မိမိအတွက်၎င်း သူတပါး အတွက် ကိစ္စကြီးငယ်တို့ကြောင့် မနေသာ၍ ကူညီမှုပေးရသော်၎င်း၊ မည်သည့်အရာမဆို လိမ်လည်ခြင်းမပြုလုပ်မပြောဆို၊ မိမိ၏ သီလ သမာဓိ ပညာ တို့ကို မည်သည့်အခါမှ အပျက်မခံ ထိန်းသိမ်း နေသည်။

၆။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ဟောပြောပြသနေသည့် ပုဂ္ဂိုလ်၏ရှေ့မှောက်၌ ကြားနာနေ့ရ ငြားသော်လည်း မတည်ငြိမ် စိတ်ပျံ့လွင့်နေ၏။ ဆုံးအောင်နာယူ မှတ်သားရန် ခဲယဉ်းလှ၏။

သောတာပန်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ဟောပြောပြသသည့် ပုဂ္ဂိုလ်ထံ၌ နာကြားမှတ်သားနေရပါလျှင် မည်သည့်နေရာကိုမှ စိတ်အာရုံမသွား စူးစူးစိုက်စိုက် နာယူမှတ် သားနေ၏။ စိတ်ပျံ့လွင့်ခြင်းမခံ။ တရားအာရုံ၌သာ သဘောကျ နှစ်ခြိုက်နေသည်။

၇။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ကြားနာနေရငြားသော်လည်း သစ္စာတရားအပေါ်၌မေ့ပျောက် လွယ်၏။ ပြန်၍မပြောတတ်ပေ။

သောတာပန်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို နာယူမှတ်သားနေရပြီဆိုလျှင်အနက်အဓိပ္ပါယ်တို့ကိုပါသိပြီးခန္ဓာ အတွင်း၌ ဉာဏ်သွင်း၍ စူးစူးစိုက်စိုက် နာယူ မှတ်သား နေ၏။ သစ္စာတရားတို့ကို နာယူမှတ်သားပြီးပြန်လျှင်လည်း ဝမ်းမြောက်

ဝမ်းသာစွာဖြင့် ပြောဆို၍ မပြီးနိုင်အောင်ပင် ပီတိသောမနဿ ဖြစ်နေ ပေတော့သည် ဟူ၍ အငြင်းအခုံ ဖြစ်ကြသော ရဟန်း နှစ်ပါးအား အကြောင်းပြု၍ ဗုဒ္ဓရှင်တော်မြတ်က ဤ ကဲ့သို့ ဟောကြားမိန့်မြွက်တော် မူခဲ့လေသည်။

ဤကား ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန် ပုဂ္ဂိုလ်တို့၏ ထူးခြားပုံ အချက် ခုနစ်ချက်ပင်ဖြစ်သည်။ အကျယ် အားဖြင့် သိလိုပါလျှင် မူလပဏ္ဏာသ ပါဠိတော် ကောသမ္ဗိယသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## အဂ္ဂိဝစ္ဆ ပုဏ္ဏား

သောတာပန် ပုဂ္ဂိုလ်ဖြစ်ရန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာ တရားကို ပြုတ်မှဖြစ်မည်။ ဒိဋ္ဌိဝိစိကိစ္ဆာတရား ပြုတ်ရန်မှာလည်း ရှေးဦးစွာ ခန္ဓ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို နားလည်သဘောပေါက်ထားကြ ရမည် ဖြစ်ပေသည်။

ဤသည်ကိုသိသာရန်အတွက် အဂ္ဂိဝစ္ဆ ပုဏ္ဏားကမေးမြန်း လျှောက်ထားသဖြင့် ဗုဒ္ဓ ရှင်တော်မြတ်က ဖြေကြား ဟော မိန့်တော်မူပုံတို့ကို ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် အဂ္ဂိဝစ္ဆပုဏ္ဏားက မေးမြန်း

လျှောက်ထားသဖြင့် ဗုဒ္ဓ ရှင်တော်မြတ်က ဖြေကြား ဟော
မိန့်တော်မူပုံ တို့မှာ....

အဂ္ဂိဝစ္ဆ ။ ။ရှင်ကြီးဂေါတမ ရုပ်နာမ်လောကသည် မြဲသလော။
ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့မယူပါ။
အဂ္ဂိဝစ္ဆ ။ ။ရုပ် နာမ် လောကသည် မမြဲသလော။
ဗုဒ္ဓရှင်တော်မြတ်။ ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။ရုပ်နာမ်လောကသည်အဆုံးရှိသလော။
ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။ရုပ်နာမ်လောကသည်အဆုံးမရှိသလော။
ဗုဒ္ဓရှင်တော်မြတ် ။ ။ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။ရှင်ကြီးဂေါတမ အသက်နှင့်ကိုယ်တခြားစီလော။
ဗုဒ္ဓရှင်တော်မြတ် ။ ။ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။အသက်နှင့်ကိုယ် အတူတူပင်လော။
ဗုဒ္ဓရှင်တော်မြတ် ။ ။ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။သို့ဖြစ်လျှင် ရှင်ကြီးဂေါတမ သတ္တဝါသေသည်၏ အခြားမဲ့၌ ဖြစ်သေးသလော။
ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့လဲမယူပါ။
အဂ္ဂိဝစ္ဆ ။ ။သတ္တဝါသေသည်၏ အခြားမဲ့၌ မဖြစ်သလော။
ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့လဲမယူပါ။

အဂ္ဂိဝစ္ဆ ။ ။သတ္တဝါသေသည်၏ အခြားမဲ့၌ ဖြစ်ချည်တလှည့် မဖြစ်ချည်တလှည့်လော။

ဗုဒ္ဓရှင်တော်မြတ် ။ ။ဤသို့လဲမယူပါ။

အဂ္ဂိဝစ္ဆ ။ ။သတ္တဝါသေသည်၏ အခြားမဲ့၌ မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင် ဆိုသည့် အယူမျိုးလော။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့လဲမယူပါ။

အဂ္ဂိဝစ္ဆ ။ ။ရှင်ကြီးဂေါတမ ဤအယူတွေကို မယူဟု ဆိုသည်မှာ မည်သည့်အတွက်ကြောင့် ဖြစ်ပါသနည်း။

ဗုဒ္ဓရှင်တော်မြတ် ။ ။အချင်းအဂ္ဂိဝစ္ဆ ယခုသင်မေးသည့် အယူဆယ်မျိုးသည် (ဒိဋ္ဌုပါဒါန်)ဒိဋ္ဌိ ဥပါဒါန် အယူများဖြစ်သည်။ ၎င်းဒိဋ္ဌိဥပါဒါန်အယူတို့သည် နိဗ္ဗာန်ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားတို့ကို မရစေရန် ကာဆီး ပိတ်ပင်ထားသည့် တရားများဖြစ်၍ ငါသည် ဤဒိဋ္ဌိအယူ များကို ဗောဓိပင်အောက် ရွှေပလ္လင် ထက်၌ သောတာပတ္တိမဂ်ဉာဏ်ကို ရကတည်းကပင် ပယ်ထားခဲ့ပြီးဖြစ်သည်။

အဂ္ဂိဝစ္ဆ ။ ။ရှင်ကြီးဂေါတမ ဤအယူတွေ ရှိနေလျှင် နိဗ္ဗာန်ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တရား တို့ကို ကာဆီးပိတ်ပင်ထားသဖြင့်

မရနိုင်ဟု မိန့်တော်မူသည်ကို သဘောကျပါသည်။ သို့ဆိုလျှင် ရှင်ကြီးဂေါတမ အနေဖြင့် မည်သည့်ဒိဋ္ဌိ အယူတွေကို ယူပါသနည်း။

ဗုဒ္ဓရှင်တော်မြတ် ။ ။အချင်းအဂ္ဂိဝစ္ဆ ငါသည် မည်သည့် ဒိဋ္ဌိအယူကိုမှ မယူပါ။

အဂ္ဂိဝစ္ဆ ။ ။မည်သည့် ဒိဋ္ဌိအယူကိုမှ မယူဟုဆိုလျှင် ရှင်ကြီးဂေါတမ ယူသည့် အယူက မည်သည်နည်း။

ဗုဒ္ဓရှင်တော်မြတ် ။ ။ငါယူသည့်အယူက ရုပ်တရားသည် ဖြစ် ပျက်၊ ဝေဒနာတရားသည် ဖြစ် ပျက်၊ သညာတရားသည် ဖြစ် ပျက်၊ သင်္ခါရတရားသည် ဖြစ် ပျက်၊ ဝိညာဏ်တရားသည် ဖြစ် ပျက်၊ ခန္ဓာငါးပါး ရုပ် နာမ်နှစ်ပါးတည်းဟူသော သင်္ခါရတရားတို့သည်ဖြစ်ပြီးလျှင် ပျက်သည့် သဘောတရားသာ ရှိသဖြင့် ဖြစ် ပျက် တရားဟု ယူခြင်းဖြစ်သည်။

အဂ္ဂိဝစ္ဆ ။ ။သင်္ခါရတရားတို့သည် ဖြစ်ပြီးပျက်သည့် တရားသာ ရှိသဖြင့် ဖြစ် ပျက်ဟုယူသည့် အယူကို သဘောကျပါသည်။ ဤဖြစ်ပြီး ပျက်သည့် အယူကို ယူသည်မှာ မည်သို့သောအကျိုးကျေးဇူးရှိပါသနည်း။

ဗုဒ္ဓရှင်တော်မြတ်။ ။ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတို့သည် အမှန်ပင် ဖြစ်ပြီး ပျက်နေသဖြင့် ဖြစ်ပျက်တရားဟု ယူခြင်းသည် တဏှာ မာန ဒိဋ္ဌိ ဥပါဒါန် ကံတရားတို့ ချုပ်ငြိမ်းသော အကျိုးကျေးဇူးရှိ၏။

အဂ္ဂိဝစ္ဆ ။ ။ဤတဏှာ မာန ဒိဋ္ဌိ ဥပါဒါန် ကံတရားတို့ ချုပ်သည့်ပုဂ္ဂိုလ်သည် မည်သည့်ဘဝသွားဖြစ်သနည်း။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့မမေးသင့်၊ ဤသို့အမိပ္ပါယ်မရပါ။

အဂ္ဂိဝစ္ဆ ။ ။ငင်းပုဂ္ဂိုလ်သည် မည်သည့်ဘဝမှ မဖြစ်သနည်း။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့မမေးသင့်၊ ဤသို့လဲအမိပ္ပါယ်မရပါ။

အဂ္ဂိဝစ္ဆ ။ ။ငင်းပုဂ္ဂိုလ်သည် ဖြစ်ချည်တလှည့် မဖြစ်ချည်တလှည့်လော။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့မမေးသင့်၊ ဤသို့လဲအမိပ္ပါယ်မရပါ။

အဂ္ဂိဝစ္ဆ။ ။သို့ဆိုလျှင် ငင်းပုဂ္ဂိုလ်သည် မဖြစ်သည်မဟုတ် ဖြစ်သ ယောင် ယောင် ဆို သည့်သဘောမျိုးလော။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့မမေးသင့်၊ ဤသို့လဲအမိပ္ပါယ်မရပါ။

အဂ္ဂိဝစ္ဆ။ ။ရှင်ကြီး ဂေါတမအနေဖြင့် ရှေ့ကဖြေရှင်းခဲ့ခြင်းများကိုဝမ်းလဲသာပါသည်၊ သဘောလဲကျပါသည်။ သို့သော် ယခု တဏှာ မာန ဒိဋ္ဌိ ဥပါဒါန် ကံတရားတို့ချုပ်သည့်

ပုဂ္ဂိုလ် မည်သည့်ဘဝ သွားဖြစ်သနည်းဟု
စသည်ဖြင့်မေးသောအခါ ရှင်ကြီး ဂေါ
တမက ဤသို့မမေးသင့် ဤသို့အဓိပ္ပါယ်
မရပါဟု ဖြေပြန်သဖြင့် ကျွန်ုပ်မှာ မေး
စရာလဲ မ ရှိ မေး တတ် သော ဉာဏ် လဲ
တုံးသွားပါပြီဟု လျှောက်ထားလိုက်၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် အဂ္ဂိဝစ္ဆ ပုဏ္ဏားအား အချင်းအဂ္ဂိဝစ္ဆ သင် ဉာဏ်တုံးသွားပြီဟု ဖြေဆိုခြင်း သည် မှန်၏။ သင် ဉာဏ်တုံးသွားရခြင်းသည် ခန္ဓပဋိစ္စ သမုပ္ပါဒ် တရား တို့ကို သင် နားမလည် သဘော မပေါက်ခြင်း ကြောင့်ပင်ဖြစ်၏။ သင်သည် ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကိုနားလည် သဘောပေါက်လျှင် ယခုသင်မေးသည့်အမေး ပုစ္ဆာများသည် သင်၏ သန္တာန်မှ အဖြေဖြစ်လိမ့်မည်။ ခန္ဓပဋိစ္စသမုပ္ပါဒ်တရား တို့ကို သင်နားမလည် သဘောမပေါက်သေးလျှင် သင်၏ သန္တာန်မှ အဖြေဖြစ်ရန် ခဲယဉ်းလှ၏။

ထို့ကြောင့် ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို နားလည်၍ ဟောပြောပြသတတ်သော ဆရာကောင်းကိုရှာရမည်၊ သင်သည် သာမည ဆရာနှင့်တွေ့၍လည်း ခန္ဓပဋိစ္စသမုပ္ပါဒ် တရားတို့ကို နားလည်သဘောပေါက်မည်မဟုတ်၊ ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို မှ သင် နားမလည် သဘောမပေါက်သေးလျှင်လည်း နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို သဘောကျလိမ့် မည်မဟုတ်ဟု ဟောကြားမိန့်မြွက်တော်မူလိုက် လေသည်။

(ထို့ကြောင့် မိမိ၏ ခန္ဓပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်ပုံတရားတို့ကိုမှ မသိလျှင် နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကိုလည်း သိမည်မဟုတ်ပေ။

နိဗ္ဗာန်ချမ်းသာ တရား တော်မြတ်ဆိုသည် မည်သည့် တရားဖြစ်သည်ကို သဘောပေါက်နားလည်ထားကြရန် အလွန်လို အပ်လှပေတော့သည်။

တဏှာ မာန ဒိဋ္ဌိ ဥပါဒါန်က တရာ တို့ချုပ်သည့်ပုဂ္ဂိုလ် သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သည့် နိဗ္ဗာန် ချမ်း သာတရားတော်မြတ်ကို မြင်ခြင်း ရခြင်းပင်ဖြစ်ပေသည်။

ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်ရန် ရရန်မှာလည်း ခန္ဓ ပဋိစ္စ သမုပ္ပါဒ် အကြောင်း အကျိုး ဆက်စပ်ပုံတရားတို့ကို ရှေးဦးစွာသိမှဖြစ် ပေမည်။

ဤခန္ဓ ပဋိစ္စသမုပ္ပါဒ် တရားများကို ရှေးဦးစွာ သိရန် အရေးကြီးကြောင်းကို ပွင့်တော်မူပြီးကြကုန်သော ဗုဒ္ဓရှင်တော် မြတ် အဆူဆူတိုင်း ဟောကြားမိန့်မြွက်ေတာ်မူခဲ့လေသည်။

သို့အတွက်ကြောင့် ချမ်းသာရာ အစစ်အမှန် ဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကို မြင်လိုရလိုကြသော ပုဂ္ဂိုလ်အပေါင်း တို့သည် ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို ရှေးဦးစွာ နားလည် သဘောပေါက်ထားကြရန် အထူးပင် လိုအပ်လှပေသည်။

အထက်ပါအင်္ဂုလိမာလ်ပုဏ္ဏား မေးမြန်း လျှောက်ထားရာ၌ ဗုဒ္ဓရှင်တော်မြတ်ဖြေတော်မူသည်က အမှန်ရှင်းနေ၏။ သို့သော် လည်း အင်္ဂုလိမာလ်ပုဏ္ဏားမှာ နားမလည်သဘောမပေါက်ဘဲဖြစ်နေ

သဖြင့် တဏှာ မာန ဒိဋ္ဌိ ဥပါဒါန်က တရားတို့ချုပ်သည့်ပုဂ္ဂိုလ်သည် မည်သည့် တရားကို ရမှန်းမသိဖြစ်နေ၏။

သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်က ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို နားလည်၍ဟောပြောပြသတတ်သည့် ဆရာရှာရမည်ဟု အဂ္ဂိဝစ္ဆပုဏ္ဏားအား မိန့်မြွက်တော်မူလိုက်ခြင်းပင်ဖြစ်ပေသည်)။

ပြီးနောက် ဗုဒ္ဓ ရှင်တော် မြတ် သည် အဂ္ဂိဝစ္ဆပုဏ္ဏားအား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို သဘောပေါက်စေရန် ဥပမာနှင့်ပြပြီး ဤသို့ဆက်လက်၍ မေးခွန်းပုစ္ဆာများမေးမြန်းတော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်။ ။အချင်းအဂ္ဂိဝစ္ဆ သင့်ကို ဥပမာနှင့်ပြအံ့၊ သင် သတိထား နားထောင်လော့။ တို့အရှေ့ဘက်မှာ မီးတောက်လောင်နေသည်ကို သင်ကြည့်စမ်း၊ မြင်သလော။

အဂ္ဂိဝစ္ဆပုဏ္ဏားသည် ဗုဒ္ဓ ရှင်တော်မြတ်၏ ညွှန်ပြသည့်နေရာသို့ ကြည့်လိုက်ရာ အမှန်ပင် မီးတောက်လောင်နေသည်ကို မြင်တွေ့နေရသဖြင့်–

အဂ္ဂိဝစ္ဆ ။ ။မြင်ပါသည်ဘုရား။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤမီးသည် အဘယ့်ကြောင့် တောက်လောင်နေသနည်း။

အဂ္ဂိဝစ္ဆ ။ ။လောင်စာရှိလို့ပါဘုရား။

ဗုဒ္ဓရှင်တော်မြတ်။ ။မည်သည့် လောင် စာကြောင့် တောက်လောင်နေသောမီးဖြစ်သနည်း။

အဂ္ဂိဝစ္ဆ ။ ။ဤမီးသည် ဝါးကိုလောင်လျှင် ဝါးမီး၊ သစ်သားကို လောင်လျှင် သစ်သားမီး၊ နွားချေးကို လောင်လျှင် နွားချေးမီး၊ မြက်ကိုလောင်လျှင်မြက်မီး။ဤကဲ့သို့ ဝါး သစ်သား အစရှိသော လောင်စာ များကြောင့် တောက် လောင် နေသော မီး ဖြစ်ပါသည့်ဘုရား။

ဗုဒ္ဓရှင်တော်မြတ်။ ။မီးသည်လောင်စာရှိ၍သာတောက်လောင်နေသည်ကို သင်သဘောပေါက်ပြီလော။

အဂ္ဂိဝစ္ဆ ။ ။သဘောပေါက်ပါပြီဘုရား။

ဗုဒ္ဓရှင်တော်မြတ်။ ။ဤသို့ဆိုလျှင် မီးသည် လောင်စာ မရှိကမည်သို့ဖြစ်သွားသနည်း။

အဂ္ဂိဝစ္ဆ ။ ။လောင်စာမရှိတော့သဖြင့် ငြိမ်းအေးသွားရပါသည်ဘုရား။

ထိုအခါဗုဒ္ဓရှင်တော်မြတ်သည် အချင်းအဂ္ဂိဝစ္ဆ၊သေချာစွာ မှတ်သားနားထောင်လော့၊ ခန္ဓာသည် လောင်စာထင်းနှင့်တူ၍ ကိလေသာသည် မီးနှင့်တူ၏။တနည်းအားဖြင့် သမုဒယသစ္စာ၊ ဒုက္ခဖြစ်ကြောင်းသည် မီးနှင့်တူ၍ ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်ကျိုးသည် လောင်စာထင်းနှင့်တူခြင်းဖြစ်ပေသည်။ ဤဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုးဖြစ်သည့် သစ္စာနှစ်ပါးနှင့်သာ သတ္တဝါတို့သည် သံသရာ ဝဋ္ဋဆင်းရဲအတွင်း၌ ကျင်လည်နစ်မျော၍ နေကြရ၏။

ယင်းဒုက္ခသစ္စာ ခန္ဓာတည်းဟူသော လောင်စာ ထင်းရှိနေခြင်းကြောင့်သာ သမုဒယသစ္စာ ကိလေသာတည်းဟူသော မီးက လောင်နိုင်ခြင်းဖြစ်၏။ လောင်၍လည်းရ၏။ ခန္ဓာတည်းဟူသော လောင်စာထင်းမရှိလျှင် ကိလေသာ တည်းဟူသော မီးက မလောင်တတ်ပါ၊မလောင်နိုင်ပါ။

ခန္ဓာတည်းဟူသော လောင်စာထင်းသိမ်း၍ ကိလေသာတည်းဟူသောမီးငြိမ်းရာအမှန်သည် နိဗ္ဗာန် ချမ်းသာတရားတော်မြတ်ဖြစ်၏။

သို့ဖြစ်၍ တဏှာ မာန ဒိဋ္ဌိ ဥပါဒါန် က ံတရားတို့ချုပ်သည့် ပုဂ္ဂိုလ်သည်လည်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားကို မြင်ခြင်း ရခြင်းပင်ဖြစ်သည်ဟု ဟောကြားမိန့်မြွက်တော်မူလေသည်။

(နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ဟူသည်ကား တဏှာ မာန ဒိဋ္ဌိ ဥပါဒါန် က ံတရားတို့ချုပ်ရာသည် နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

ဝဋ်သုံးပါးမှ လွတ်ရာသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

လောဘ ဒေါသ မောဟတရားတို့ ကင်းရာ ကုန်ရာသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း တရားတို့ကင်းရာသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏၊

မီးဆယ့်တမီးငြိမ်းရာသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

ဝန္ဓာတည်းဟူသော လောင်စာထင်းသိမ်း၍ ကိလေသာတည်းဟူသော မီးငြိမ်းရသည်လည်း နိဗ္ဗာန်ချမ်းသာ တရားဖြစ်၏။

အမှောင် ဒုက္ခသစ္စာချုပ်ပျောက်ပြီး အလင်းသုခသစ္စာ ရောက်ရာ ရရသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

ဒုက္ခဝပ်သိမ်းချုပ်ငြိမ်းပြီး ချမ်းသာရာ အစစ်အမှန် ဖြစ်သော တရားကို ရရသည်လည်း နိဗ္ဗာန်ချမ်းသာတရားဖြစ်၏။

တထောင့်ငါးရာကိလေသာတရားများ ချုပ်ငြိမ်းရသည်လည်း နိဗ္ဗာန်ချမ်းသာတရား ဖြစ်ပေတော့သည်။)

အထက်တွင် ရေးသားဖော်ပြခဲ့သော အင်္ဂုဝစ္ဆပုဏ္ဏားကြောင်းများကို အကျယ်အားဖြင့် သိလိုပါလျှင် မဇ္ဈိမပဏ္ဏာသ ပါဠိတော် အင်္ဂုဝစ္ဆသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## ကိလေသာတရား

ဤနေရာ၌ အကျဉ်းသင့်၍ ကိလေသာ တရားများ အကြောင်းကို ရေးသားဖော်ပြပေအံ့။

ကိလေသာတရားများသည် အကျယ်အားဖြင့် တထောင့်ငါးရာရှိ၏။ ၎င်း ကိလေသာ တထောင့်ငါးရာတို့ကို အကျဉ်းချုံးလိုက်ပါက ဆယ်ပါးပင် ရှိပေသည်။

ကိလေသာတရား ဆယ်ပါးဟူသည်ကား ၁။ လောဘ ကိလေသာ၊ ခင်မင်နှစ်သက် တပ်မက်ခြင်း။ ၂။ ဒေါသ ကိလေသာ၊အမျက်ထွက်ခြင်း။ ၃။ မောဟကိလေသာ၊ တွေဝေမိုက်မဲခြင်း။ ၄။ မာနကိလေသာ ထောင်လွှားခြင်း။ ၅။ ဒိဋ္ဌိကိလေသာ အယူမှားခြင်း။ ၆။ ဝိစိကိစ္ဆာ ကိလေသာ ယုံမှားသံသယဖြစ်ခြင်း။ ၇။ ထိနမိဒ္ဓကိလေသာ စိတ်၏မခံ့ခြင်း၊ ၈။ ဥဒ္ဓစ္စ ကိလေသာ စိတ်၏ပျံ့လွင့်ခြင်း။ ၉။ အဟိရိက ကိလေသာ မကောင်းမှုမှ မရှက်ခြင်း။ ၁၀။အနောတ္တပ္ပကိလေသာ မကောင်းမှုမှ မထိတ်လန့်ခြင်းတို့ ဖြစ်ကြကုန်၏။

ကိလေသာတရား၏သဘောသည်ကား ညစ်နွမ်းစေတတ်၊ နှိပ်စက်တတ်၊ ညှိုးဆဲတတ်၊ ပူပန်စေတတ်သောကြောင့် ကိလေသာ မည်၏။

ကိလေသာမီးများ အလောင်ခံနေရခြင်းသည် ခန္ဓာရှိ၍သာ အလောင်ခံနေရခြင်း ဖြစ်ပေသည်။

သတ္တဝါတို့သည် ခန္ဓာတည်းဟူသော လောင်စာထင်းနှင့် ကိလေသာတည်း ဟူသော မီးတွဲနေသမျှ မီးအလောင်ခံကာ သံသရာဝဋ်ဆင်းရဲအတွင်းဝယ် ကျင်လည်နစ်မျော၍ နေကြရဦးမည် ဖြစ်ပေတော့သည်။

ဤကား ကိလေသာတရားအကျဉ်းမျှပင်တည်း။

# ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ပုံ

ဗုဒ္ဓရှင်တော်မြတ်သည် သစ္စာအမှန်တရားတို့ကိုဟုတ်တိုင်းမှန်စွာ ဟောပြော ပြသတတ်သည့် ဆရာကောင်း သမားကောင်း လမ်းညွှန်ကောင်းရှာကြရန် လေးဆယ့်ငါးဝါအတွင်း၌ တိုက်ရိုက်အားဖြင့် လေးဆယ့်လေးကြိမ်သွယ်ဝိုက်သောအားဖြင့် အကြိမ်များစွာ သတိပေး တိုက်တွန်းတော် မူခဲ့ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် အနိစ္စာ နုပဿီသုတ်၌ ရှိပေသည်။

ဤသို့မိန့်မှာ သတိပေးတော်မူခဲ့ခြင်းသည် အထူးအရေးကြီးလှန်း၍သာ မိန့်မှာ သတိပေးတော်မူခြင်း ဖြစ်သည်ဟု နားလည် သဘောပေါက်ထားကြရပေမည်။

သတ္တဝါတို့သည် ပဋိစ္စသမုပ္ပါဒ် တရားကို မသိနားမလည်လျှင် အပါယ်လေးဘုံသို့ ကျစေတတ်သည့် ဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့မှ မလွတ်ကင်းနိုင်ပေ။

ပဋိစ္စသမုပ္ပါဒ်တရားတော်ဆိုရာ၌လည်း ခန္ဓပဋိစ္စသမုပ္ပါဒ်ဟု ဆိုအပ်သည့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ဖြစ်သော ခန္ဓ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို နားလည် သဘော ပေါက်ရန်အတွက် ပိုမိုအရေးကြီးလှပေသည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ဖြစ်သော ခန္ဓပဋိစ္စသမုပ္ပါဒ် တရားအစသည် မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် တွေ့ထိစိတ်တွေးတောကြံစည်စိတ်တို့မှစပေါ်ခြင်းဖြစ်သည်။

ဤနေရာ၌ မြင်စိတ်တမျိုးကို ဖော်ပြပါမည်။ ထိုမြင်စိတ်တမျိုးကို ဖော်ပြခြင်းအားဖြင့် ကျန်ရှိသည့် စိတ်တွေ၌လည်း သူ့နေရာနှင့်သူ ဆိုင်ရာ ဆိုင်ရာ တိုက်ဆိုင်ဆုံစည်းမှု တရားကြောင့် ဖြစ်ပေါ်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

မြင်စိတ်တမျိုးကို ဖော်ပြရာတွင် မျက်စိအကြည်ရုပ်နှင့် အဆင်း ရုပ်နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် မြင်စိတ်-ဝိညာဏ် ပေါ်၏။ ၎င်းမြင်စိတ် ဝိညာဏ်သည် ခန္ဓပဋိစ္စသမုပ္ပါဒ် အစ ပေါ်ခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ ခန္ဓပဋိစ္စ သမုပ္ပါဒ် အစ ဖြစ်ပေါ်သည်ကို သစ္စာနှင့် လျော်စွာ မိမိတို့၏ ဉာဏ်ဖြင့် ဆရာ မကူဘဲ သိမြင်တော်မူသည်က ဗုဒ္ဓရှင်တော်မြတ်နှင့် ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သာလျှင် သိမြင်တော်မူကြောင်းကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌၎င်း၊ မဟာဝဂ်အဋ္ဌကထာ၌၎င်း ဗုဒ္ဓရှင်တော်မြတ် ဟောမိန့်တော်မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်နှင့် ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှလွဲ၍ အခြားသောပုဂ္ဂိုလ်အားလုံးတို့သည် ဤခန္ဓပဋိစ္စသမုပ္ပါဒ် တရားတို့ကို ဆရာကောင်း သမားကောင်း လမ်းညွှန်ကောင်းတို့၏ထံ၌ နည်းယူပြီးမှသာ သိရခြင်းဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ်တရားဆိုသည်ကား

ပဋိစ္စဆိုသည်မှာ အကြောင်းတရားဖြစ်၍ သမုပ္ပါဒ်ဆိုသည်မှာ အကျိုးတရားပင် ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ်မှ ကင်းသည့်တရားမရှိပေ။

ပဋိစ္စသမုပ္ပါဒ်မှ လွတ်သည့် သတ္တဝါဟူ၍လည်း မရှိပေ။

ပဋိစ္စသမုပ္ပါဒ်တရား မပါလျှင်လည်း သစ္စာလေးပါး တရားလည်းမဟုတ်ဟု နားလည် သဘောပေါက်ထားကြရမည် ဖြစ်ပေသည်။ခန္ဓပဋိစ္စသမုပ္ပါဒ်ဒေသနာ။အကြောင်းအကျိုးဆက် စပ်ပုံ အခြေခံသဘောတရားတို့ကို သိသာရန် အကျဉ်းအားဖြင့် ရေးသားဖော်ပြပေအံ့။

ခန္ဓပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုသည်ကား သံသရာ၏ အစ ကိုရှင်း၊ သမုတိသစ္စာအလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူ တပါး၊ ယောကျ်ား မိန်းမ စသည်ဟူ၍ရှင်း ခေါ်ဆိုသမုတ်ကြ သူတို့၏ဖြစ်ရာအစသည် အဝိဇ္ဇာနှင့်တဏှာဟူ၍ရှင်း ပြသခြင်း ဖြစ်သည်။ထိုပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့် ခေါ်ဝေါ်သမုတ်ကြသူတို့၏ ခန္ဓာအစဉ် တန်းနေ နေ ခြင်း ကို ပြသခြင်း ဖြစ်သည်။ ပရမတ္ထသစ္စာ အလို အားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မရှိ၊ ဤ အကြောင်းတရားဖြစ်ခဲ့သော် ဤ အကျိုးတရား ဖြစ်ပေါ်ရ၏။ ဤအကြောင်းတရားချုပ်ခဲ့သော် ဤအကျိုးတရား ချုပ်ရ၏ဟု စသည်ဖြင့် ပေါ်လွင်ထင်ရှားစေခြင်းကို ပြသခြင်းဖြစ်သည်။

သင်္ခါရနှင့် ဝိညာဏ်အစပ်၊ ဝေဒနာနှင့် တဏှာအစပ်၊ ကမ္မဘဝနှင့် ဇာတိ အစပ်တို့ဖြင့် အမျှင်မပြတ် အစဉ်ဒလစပ် ဆက်စပ်နေသည်တို့ကိုပြသခြင်းဖြစ်သည်။

ဇာတိဟုဆိုအပ်သောပဋိသန္ဓေနေလိုက် အိုလိုက် သေလိုက် တဖန် ပဋိသန္ဓေနေလိုက် အိုလိုက် သေလိုက်စသည်ဖြင့် အသိမှ

အပင် အပင်မှအသီး ဖြစ်ပေါ်သကဲ့သို့ မီးခိုးမဆုံးမိုးမဆုံးဖြင့် လှည့်လည်ဖြစ်ပွားနေသည်ကို ပြသခြင်းဖြစ်သည်။

ဒုက္ခအစုတွေ တစုပြီးတစု အစဉ်ဒလစပ် တန်း၍ဖြစ်နေသည်ကို ပြသခြင်းဖြစ်သည်။

ခန္ဓာလောင်စာနှင့် ကိလေသာ မီးသာ ထပ်ခါတလဲလဲ တွဲ၍ဖြစ်နေခြင်း၊ လောင်စာထည့်ပေးရင်း မီးအသစ်ထပ်ပွားခြင်းဟူ၍သာ ဆက်ခါဆက်ခါ ဖြစ်နေသည်ကို ပြသခြင်းဖြစ်သည်။

သမုဒယသစ္စာနှင့် ဒုက္ခသစ္စာနှစ်ပါးသာ လှည့်ဖြစ်နေသည်ကို ပြသခြင်းဖြစ်သည်။

ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟု ဆိုအပ်သော ဝဋ္ဋ သုံးပါးနှင့်သာ မရပ်မနား ရဟတ်ခြားပမာ လှည့်ဖြစ်နေသည်ကို ပြသခြင်းဖြစ်သည်။

လွန်လေပြီးသော အတိတ်ဘဝ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၊ နောင်ဖြစ်လတ္တံ့သော အနာဂတ်ဘဝ၊ ထိုဘဝ သုံးပါးနှင့်သာ လှည့်ဖြစ်နေသည်ကို ပြသခြင်းတို့ပင် ဖြစ်ပေတော့သည်။

ဤကား ခန္ဓပဋိစ္စသမုပ္ပါဒ် အခြေခံသဘောတရား ဓမ္မနိယာမအစဉ်ပင်ဖြစ်ပေသည်။ အထက်ပါ ခန္ဓ ပဋိစ္စသမုပ္ပါဒ် အခြေခံသဘောတရားတို့ကိုနားလည်မှသာ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါ ဆိုင်စသည်ဖြင့် မရှိ(ဓမ္မ)တရားအစဉ်တွေသာ တခုပြီးတခု တန်း၍ အစဉ်ဒလစပ် ဖြစ်ပြီး ပျက်နေခြင်းတို့ကို သိကြပေလိမ့်မည် ဖြစ်သည်။ ခန္ဓပဋိစ္စသမုပ္ပါဒ်တရားကို မသိ နားမလည် ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌ ခန္ဓာတည်း

ဟူသောလောင်စာထင်းမကုန်မီ နောင်ဖြစ်လတံ့သော အနာဂတ် ကာလအတွက် ခန္ဓာတည်းဟူသော လောင်စာထင်းတို့ကို ထပ်၍ရှာနေကြမည်သာဖြစ်ပေသည်။

ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌ ခန္ဓာတည်းဟူသော လောင်စာထင်းကို လောဘ ဒေါသ မောဟအစရှိသော ကိလေသာမီးတို့က တဟုန်းဟုန်းတောက်လောင်နေပါလျက် နောင် ဖြစ်လတံ့သောအနာဂတ်ကာလအတွက် ခန္ဓာတည်းဟူသောလောင်စာထင်းကို ထပ်၍ရှာနေကြသောပုဂ္ဂိုလ်တို့သည် အဆိုးဆုံးနှင့်အပြစ်အကြီးဆုံးဖြစ်သည်ဟု ဆိုရပေမည်။

အဘယ့်ကြောင့်ဆိုသော် ဥပရိပဏ္ဏာသပါဠိတော် ဆန္နသုတ်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးသည် အရှင် သာရိပုတ္တရာ ကိုယ်တော်ကြီးအား သတ္တဝါ တဦးတယောက်သည် ခန္ဓာရလျှင်သေရမည်ဖြစ်၏။ဤခန္ဓာကိုစွန့်ပြီး တပါးသောခန္ဓာကို နှစ်သက်စွဲလမ်း၍ ရခဲ့ပါလျှင် အပြစ်ကြီးသင့်၏။ ဤခန္ဓာစွန့်ပြီးလျှင်နောက်ခန္ဓာမရသည့် သေခြင်းမျိုးသည် အပြစ် အကင်းဆုံးနှင့်အကောင်းဆုံးသေခြင်းမည်၏ဟု မိန့်မြွက် တော်မူခြင်းကြောင့်ပင်ဖြစ်သည်။ဗုဒ္ဓရှင်တော်မြတ်သည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကိုရနေပြီး နောင်ဖြစ်လတ္တံ့သောအနာဂတ်ကာလ၌ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားပြန်ရမည်ကို မနှစ်သက် မလိုလား မကြိုက်ခြင်းကြောင့်သာ ဤသို့ဟောကြားမိန့်မြွက်တော်မူသည်ကို သိထားသင့်လှပေသည်။

ဤခန္ဓာစွန့်ပြီး နောက် ခန္ဓာ မရ သ ည့် သေခြင်းမျိုးဆိုသည်မှာ ဆင်းရဲခြင်း အမှန်ချုပ်ပြီး ချမ်းသာရာ အမှန်ဖြစ်

သည့် နိဗ္ဗာန်တရားတော်မြတ်ကို အပြီးတိုင် မြင်ခြင်း ရခြင်းပင် ဖြစ်ပေသည်။

ချမ်းသာရာအမှန်ဖြစ်သည့် နိဗ္ဗာန် တရားတော် မြတ်ကို မြင်ရန် ရရန်အတွက်လည်း ရှေးဦးစွာပစ္စုပ္ပန်ကာလတည့်တည့်၌ ဖြစ်သော ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ပုံတရားတို့ကို သိထားကြရမည်ဖြစ်၏။

ထိုသို့သိထားမှသာ ဒိဋ္ဌိဝိစိကိစ္ဆာ တရား ကို အသိနှင့် ပြုတ်မည် ဖြစ်၏။ ဤကဲ့သို့ ဒိဋ္ဌိဝိစိကိစ္ဆာ တရားကို အသိနှင့် ပြုတ်ပြီးမှ ဝိပဿနာဉာဏ်အလုပ်တရားနှင့် ရှုပွားအားထုတ်၍ ပြုတ်အောင်ဖြုတ်ရမည်ဖြစ်၏။ ဝိပဿနာဉာဏ် အလုပ်တရားကို ရှုပွားအားထုတ်မှရှိမှသာ ဝိပဿနာဉာဏ်ကိုရမည်ဖြစ်၏။ဝိပဿနာဉာဏ်ကိုရမှသာ မဂ်ဉာဏ်ကိုရမည်ဖြစ်၏။ မဂ်ဉာဏ်ကိုရမှသာ ဖိုလ်ဉာဏ်ကိုရမည်ဖြစ်၏။ ဖိုလ်ဉာဏ်ကိုရမှသာ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရမည်ဖြစ်ပေသည်။

သတ္တဝါတို့သည် မိမိ၏ ခန္ဓာ ကိုယ်ကို ကိလေသာမီး တောက်လောင်နေမှန်းသိမှသာ ကိလေသာမီးချုပ်ငြိမ်းရာအမှန် ဖြစ်သောနိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြပေလိမ့်မည် ဖြစ်၏။ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်လိုရလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ရှေးဦးစွာ ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ပုံတရားတို့ကို နားလည် သဘော ပေါက် ထားကြရန် အထူးပင်လိုအပ်လှပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးသည်ပင်လျှင် ခန္ဓ ပ ဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကြီးကို အစ အလယ် အဆုံး သိမြင်တော်မူပြီးမှသာ ဘုရားအဖြစ် ရရှိတော်မူခြင်းဖြစ်ပေသည်။

ခန္ဓပဋိစ္စသမုပ္ပါဒ်တရားဆိုသည်ကား ဤမျှလောက်ပင် အရေးကြီးလှပေသည်။

ခန္ဓပဋိစ္စသမုပ္ပါဒ်တရားဖြစ်စဉ်အစသည် အဝိဇ္ဇာတရားမှ စခြင်းဖြစ်ပေသည်။

သို့သော်ဤခန္ဓပဋိစ္စသမုပ္ပါဒ်တရား ဆက်စပ်လည်ပတ်ပုံတို့ကို အသိရလွယ်စေခြင်းအကျိုးငှာ သေခြင်း တရားမှ စပြီး နောက်ဆုတ်ပြန်၍ပြသောနည်းဖြင့် ရှေးဦးစွာ ရေးသားဖော်ပြပါမည်။

ယခု နောက်ဆုတ် ပြန်၍ ပြသောနည်းကို ရှင်းလင်းစွာ သဘောပေါက်နားလည်ထားကြပါမှသာ နောက်ပိုင်းတွင် ရေးသားဖော်ပြမည့် ခန္ဓပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်လည်ပတ်ပုံတရားတို့ကို လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ကြလိမ့်မည်ဖြစ်ပေသည်။

ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို နောက်ဆုတ် ပြန်၍ပြသောနည်းဖြင့် ရေးသားဖော်ပြပေအံ့။

မရဏ–သေရခြင်းနှင့်ဇရာ–အိုရခြင်းအကျိုးသည် ဇာတိ–ပဋိသန္ဓေနေခြင်း၏အကြောင်းကြောင့်ဖြစ်သည်။

ပဋိသန္ဓေနေရခြင်း၏အကျိုးသည် ကမ္မဘဝ ကာယကံ ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ ဝစီကံ နှုတ်ဖြင့်ပြောဆိုခြင်း၊ မနောကံ စိတ်ဖြင့်ကြံစည်ခြင်းတို့၏ အကြောင်းကြောင့်ဖြစ်သည်။

ကာယက ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ ဝစီက နှုတ်ဖြင့် ပြောဆိုခြင်း၊ မနောကစိတ်ဖြင့်ကြံစည်ရခြင်းအကျိုးသည် ဥပါဒါန် စွဲလန်းခြင်း၏အကြောင်းကြောင့်ဖြစ်သည်။

စွဲလန်းရခြင်းအကျိုးသည် တဏှာ ခင်မင်တပ်မက်ခြင်း၏ အကြောင်းကြောင့်ဖြစ်သည်။

ခင်မင်တပ်မက်ရခြင်းအကျိုးသည် ဝေဒနာခံစားခြင်း၏ အကြောင်းကြောင့်ဖြစ်သည်။

ခံစားရခြင်းအကျိုးသည် ဖဿ မျက်စိအကြည်၊ နားအကြည်၊နှာခေါင်းအကြည်၊လျှာအကြည်၊ကိုယ်အကြည်၊ မနောဘဝင် စိတ် တည်းဟူသော အတွင်း အာယတန၊ အခံဓာတ်ခြောက်ပါးနှင့် အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိအာရုံ၊ သဘောတရား အာရုံ တည်းဟူသော အပြင်အာယတန အတိုက်ဓာတ်ခြောက်ပါးတို့သည် သူ့နေရာနှင့်သူ ဆိုင်ရာ ဆိုင်ရာ တိုက်ဆိုင်ဆုံစည်းမှုဖြစ်တိုင်း အပွင့်ဓာတ်ခြောက်ပါးဖြစ်သော မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် တွေ့ထိစိတ် တွေးတောကြံစည်စိတ်တို့ဖြစ်ပေါ်ရ၏။

ဤကဲ့သို့ ဖြစ်ပေါ်ရခြင်းသည်လည်း အကြောင်းသုံးခု တိုက်ဆိုင် ဆုံစည်းမှု အကြောင်းကြောင့်ဖြစ်သည်။ ထိုကဲ့သို့ အကြောင်းသုံးခု တိုက်ဆိုင်ဆုံစည်းမှုသဘောဖြစ်ပေါ်လာရခြင်း အကျိုးသည်သဠာယတနမျက်စိအကြည်၊နားအကြည်၊နှာခေါင်းအကြည်၊လျှာအကြည်၊ ကိုယ်အကြည်၊ မ နော ဘ ဝင် စိတ် တည်းဟူသောအတွင်းအာယတန အခံဓာတ်ခြောက်ပါးရှိခြင်း၏ အကြောင်းကြောင့်ဖြစ်သည်။

ဋ္ဌင်း အတွင်းအာယတန အခံခြောက်ပါး ရှိရခြင်း အကျိုးသည်နာမ်နှင့်ရုပ် အာရုံရှိရာသို့ ညွတ်တတ်သိတတ်သော သဘော၊ နာမ်နှင့် အာရုံ ရှိရာသို့ မညွတ်တတ် မသိတတ်ပါဘဲ ဖောက်ပြန်မှုသဘောသက်သက်သာရှိသော ရုပ်တရားတို့ရှိခြင်း၏ အကြောင်းကြောင့်ဖြစ်သည်။

ဋ္ဌင်းနာမ်နှင့် ရုပ်တရားရှိရခြင်း အကျိုးသည် ဝိညာဏ် ပဋိသန္ဓေဝိညာဏ်ရှိခြင်း၏ အကြောင်းကြောင့်ဖြစ်သည်။

ပဋိသန္ဓေဝိညာဏ်ရှိရခြင်းအကျိုးသည် သင်္ခါရ ကာယ သင်္ခါရ ကိုယ်ဖြင့်ပြုလုပ်မှု။ ဝစီသင်္ခါရ နှုတ်ဖြင့် ပြောဆိုမှု။ စိတ္တသင်္ခါရ စိတ် ဖြင့် ကြံ စည်မှု တည်း ဟူသော ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတို့ကြောင့်ဖြစ်သည်။

တနည်းအားဖြင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံများသို့ရောက် ကြောင်းကုသိုလ်က ကိုဋ္ဌင်း၊ အပါယ်လေးဘုံသို့ရောက်ကြောင်း အကုသိုလ်ကံကိုဋ္ဌင်း နာမ်ခန္ဓာသာ ရှိပြီး ရုပ် ခန္ဓာ မရှိသော အရူပဘုံ သို့ရောက်ကြောင်း ဈာန်လမ်းကုသိုလ်ကံကိုဋ္ဌင်း ထိုကံ တို့ကို ပြုလုပ်ပြောဆို ကြံစည်ခြင်း၏ အ ကြောင်းကြောင့် ဖြစ် သည်။

ဋ္ဌင်းကံတို့ကို ပြုလုပ်ပြောဆို ကြံစည်ရခြင်းအကျိုးသည် အဝိဇ္ဇာ၊ သစ္စာ လေးပါး တရားတို့ကို မသိခြင်း၏အကြောင်း ကြောင့်ပင်ဖြစ်ပေတော့သည်။

ဤကား ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတို့ကို နောက်ဆုတ်ပြန်၍ ပြသောနည်းအကျဉ်းမျှပင်တည်း။

ထိုဒွါဒသင်္ဂပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်လည်ပတ်ပုံတရားတို့ကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် ပဋိစ္စသမုပ္ပါဒ်အနုလောမပါဠိတော်ကို ထည့်သွင်းရေးသားဖော်ပြပေအံ့။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိတော်

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိတော်၏အဓိပ္ပါယ်

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။နာမ်

ရုပ်ကြောင့် သဠာယတနဖြစ်၏။ သဠာယတနကြောင့် ဖဿ ဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာ ဖြစ်၏။ တဏှာကြောင့်ဥပါဒါန်ဖြစ်၏။ဥပါဒါန်ကြောင့် ကမ္မ ဘဝဖြစ်၏။ ကမ္မဘဝ ကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်းဇရာ သေခြင်းမရဏ ပူဆွေးခြင်းသောက ငိုကြွေးခြင်း ပရိဒေဝ ကိုယ်၏ဆင်းရဲခြင်းဒုက္ခ စိတ်၏ ဆင်းရဲခြင်းဒေါမနဿ ပြင်းစွာစိတ်ပင်ပန်း၍ ငိုကြွေးခြင်း ဥပါယာသတည်းဟူသော တရားတို့ဖြစ်ကြရကုန်၏။

ဤတရားသို့သည်ကား ချမ်းသာ မဖက် ဆင်းရဲခြင်း သဘောသက်သက်သာဖြစ်သောဒုက္ခအစုတရားတို့ပါတည်း။

သုံးဆယ့်တဘုံအတွင်း၌ ကျင်လည်နစ်မျော၍နေကြရ သော သတ္တဝါအပေါင်းတို့သည် ဤဒုက္ခအစုဖြစ်သော ဆင်းရဲ ခြင်းဖြစ်ကြောင်းအမှန်သမုဒယသစ္စာနှင့် ဆင်းရဲခြင်း ဖြစ်ကျိုး အမှန် ဒုက္ခသစ္စာနှစ်ပါးနှင့်သာလျှင် သံသရာအတွင်းဝယ် ကျင် လည်နစ်မျော၍နေကြရပေသည်။

ဤကဲ့သို့ သံသရာအတွင်းဝယ် ချမ်းသာမှုဟူ၍ အပ်ဖျား တထောက်စာမျှ ရှာမရသည့် ဆင်းရဲခြင်းအပြည့်ဖြင့် ကျင်လည် နစ်မျော၍ နေကြရသော သတ္တဝါအပေါင်းတို့သည် အဝိဇ္ဇာနှင့် တဏှာတည်းဟူသော အရင်းခံမူလ တရားနှစ်ပါးတို့ကြောင့်ပင် ဖြစ်ပေသည်။

ထိုအဝိဇ္ဇာနှင့် တဏှာတည်းဟူသော အရင်းခံ မူလတရား နှစ်ပါးတို့ ဆက်စပ်လည်ပတ်ရာ၌ အင်္ဂါအားဖြင့်ဆိုပါက ၁၂ပါး ရှိ၏။

အင်္ဂါ ၁၂ ပါးဆိုသည်မှာ ၁။ အဝိဇ္ဇာ။ ၂။ သင်္ခါရ ၃။ ဝိညာဏ်။ ၄။ နာမ်-ရုပ်။ ၅။ သဠာယတန။ ၆။ ဖဿ။ ၇။ ဝေဒနာ။ ၈။ တဏှာ။ ၉။ ဥပါဒါန်။ ၁၀။ ကမ္မဘဝ။ ၁၁။ ဇာတိ။ ၁၂။ ဇရာ မရဏ တည်းဟူသော တရားတို့ဖြစ်ကြကုန်၏။

အထက်ပါ အင်္ဂါ ၁၂ ပါးတို့ ဆက်စပ် လည်ပတ်ရာ၌ အလှာနှင့်တကွ သစ္စာဖွဲ့ပါလျှင်....

အလှာအားဖြင့် လေးလှာရှိ၏။

အလှာလေးလှာဟူသည်ကား။ ၁။ အတိတ် အကြောင်း တလှာ။ ၂။ ပစ္စုပ္ပန် အကျိုးတလှာ။ ၃။ ပစ္စုပ္ပန်အကြောင်း တလှာ။ ၄။ အနာဂတ်အကျိုးတလှာတို့ ဖြစ်ကြကုန်၏။

ထိုအလှာ လေးလှာတို့တွင် အတိတ်အကြောင်း တလှာ ဆိုသည်မှာ အဝိဇ္ဇာ သင်္ခါရ တည်းဟူသော တရားနှစ်ပါးဖြစ်၏။ ယင်းတရားနှစ်ပါးသည် လွန်လေပြီးသော အတိတ် ကာလမှ ဖြစ်ခဲ့သည့် အတိတ်အကြောင်းတလှာ ဆင်းရဲခြင်း ဖြစ်ကြောင်း အမှန် သမုဒယသစ္စာဖြစ်သည်။

ပစ္စုပ္ပန် အကျိုးတလှာဆိုသည်မှာ ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတည်းဟူသော တရားငါးပါးဖြစ်၏။ ယင်းတရားငါးပါးသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာဖြစ်သော ပစ္စုပ္ပန် အကျိုးတလှာ ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာ ဖြစ်သည်။

ပစ္စုပ္ပန်အကြောင်းတလှာဆိုသည်မှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တည်းဟူသော တရားသုံးပါးဖြစ်၏။ ယင်းတရားသုံးပါး

သည် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာပင်ဖြစ်သောပစ္စုပ္ပန်အကြောင်း တလှာ ဆင်းရဲခြင်းဖြစ်ကြောင်းအမှန် သမုဒယသစ္စာဖြစ်သည်။

အနာဂတ်အကျိုးတလှာဆိုသည်မှာ ဇာတိ၊ ဇရာ-မရဏ တည်းဟူသော တရားနှစ်ပါးဖြစ်၏။ ယင်း တရားနှစ်ပါးသည် နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလမှာ ဖြစ်ရမည့် အနာဂတ် အကျိုးတလှာ ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာဖြစ်သည်။

ဤကဲ့သို့ အင်္ဂါ ၁၂ ပါးတို့ကို အလှာနှင့်တကွ သစ္စာဖွဲ့ ပြရာ၌ အလှာအားဖြင့် လေးလှာရှိပြီး သစ္စာအားဖြင့် ဆိုပါက လည်း ဆင်းရဲခြင်းဖြစ်ကြောင်းအမှန် သမုဒယသစ္စာနှင့် ဆင်းရဲ ခြင်း ဖြစ်ကျိုးအမှန် ဒုက္ခသစ္စာ နှစ်ပါးသာလျှင် လှည့်လည်နေ ခြင်း ဖြစ်သည်ကို နားလည် သဘောပေါက် ထားရမည် ဖြစ် ပေသည်။

တဖန် အင်္ဂါ ၁၂ ပါးတို့ကို အတိတ်၊ပစ္စုပ္ပန်၊အနာဂတ် တည်းဟူသော ကာလ သုံးပါး၌ အကြောင်း အကျိုး ဆက်စပ် လည်ပတ်ပုံတို့နှင့်တကွ သစ္စာဖွဲ့ပါလျှင်....

အဝိဇ္ဇာ သင်္ခါရတည်းဟူသော တရားနှစ်ပါးသည် လွန် လေပြီးသော အတိတ်ကာလမှ ဖြစ်ခဲ့သော သမုဒယသစ္စာဖြစ်၏။

ဤသမုဒယ သစ္စာအကြောင်းကြောင့် ယခုဖြစ်ဆဲပစ္စုပ္ပန် ကာလ၌ ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော ခန္ဓာငါးပါး ဒုက္ခသစ္စာကို ရခြင်းဖြစ်၏။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌မှာပင် နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ အကျိုးအတွက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ အကြောင်းဖြစ်သည့် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတည်းဟူသော

တရားသုံးပါးကို ပြန်၍ ပြုလုပ် ပြောဆို ကြံစည်မှု သမုဒယသစ္စာကြောင့် နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ၌ ဖြစ်ရမည့် ဇာတိ၊ ဇရာ–မရဏ တည်းဟူသော တရားနှစ်ပါး ဒုက္ခ သစ္စာကို ပြန်၍ ရမည်ဖြစ်ပေသည်။

ဤဆင်းရဲခြင်း ဖြစ်ကြောင်းအမှန် သမုဒယ သစ္စာ နှင့် ဆင်းရဲခြင်း ဖြစ်ကျိုးအမှန် ဒုက္ခသစ္စာနှစ်ပါးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလအားဖြင့် သုံးကာလခွဲခြားပြီး ပြထားငြားသော်လည်း အင်္ဂါ ၁၂ပါး ဆက်စပ်လည်ပတ်ရာ၌ အင်္ဂါတပါးအပေါ်တွင် အကြောင်း အကျိုး ဆက်စပ်ပုံ တို့ကို ပြရမည်ဆိုပါလျှင် အင်္ဂါတပါးတည်းအပေါ်၌လည်းဆင်းရဲခြင်း ဖြစ်ကြောင်းအမှန် သမုဒယသစ္စာနှင့် ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာ နှစ်ပါးလုံးပင် ပါဝင်နေခြင်းဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် အင်္ဂါတပါးက အထည်ကိုယ် မလိုက်ဘဲ အကြောင်းသတ္တိက ကျေးဇူးပြု အစားထိုးလိုက်သောကြောင့် နောက်အင်္ဂါတပါးသည် ဖြစ်ပြီးချုပ်ပျက်ရ၏။သို့သော်လည်း ထိုချုပ်ပျက်သည့် အင်္ဂါတပါးက နောက်အင်္ဂါတပါးသို့ အထည်ကိုယ်မလိုက်ငြားသော်လည်း တဖန် အကြောင်းသတ္တိက ကျေးဇူးပြု အစားထိုးလိုက်ပြန်သောကြောင့် နောက်အင်္ဂါတပါးသည်လည်း ဖြစ်ပြီးချုပ်ပျက်ရပြန်၏။ ဤကဲ့သို့ ဆက်ခါဆက်ခါ စသည်ဖြင့်သာ အင်္ဂါ ၁၂ ပါးတို့သည် အစဉ်ဒလစပ် ဆက်စပ် လည်ပတ်နေခြင်းကြောင့်ပင် ဖြစ်ပေသည်။

အင်္ဂါ ၁၂ပါးတို့ ဆက်စပ်လည်ပတ်ရာ၌ အကြောင်း သတ္တိကြောင့် အကျိုးဖြစ်ပြီးပျက်။ တဖန် အကြောင်း သတ္တိ

ကြောင့် အကျိုးဖြစ်ပြီးပျက်နှင့်ပင် ဆက်ခါဆက်ခါ စသည်ဖြင့်သာ ခန္ဓပဋိစ္စသမုပ္ပါဒ် စက်ရဟတ်က အစဉ်ဒလစပ် လည်ပတ်နေခြင်း ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပေသည်။

အင်္ဂါတပါးနှင့် တပါးသည် အထည်ကိုယ် မလိုက်ငြားသော်လည်း အကြောင်းသတ္တိက ကျေးဇူးပြု အစားထိုးပုံတို့ကို ပမာအားဖြင့် ပြရမည်ဆိုပါလျှင် မျိုးစေ့မှအပင်၊ အပင်မှမျိုးစေ့၊ မျိုးစေ့မှအပင်၊ ထိုကဲ့သို့ ဆက်ခါဆက်ခါ ပြန်၍ ပေါက်ရဘိ သကဲ့သို့ပင်။

ဤနေရာ၌ ပင်မနှင့် မျိုးစေ့မှပေါက်သော အပင်သည် သူ့မျိုးစေ့နှင့်သူ့အပင် တခြားစီဖြစ်ပြီး တပင်နှင့် တပင်သည် အပင်တည်းဟူသော အထည်ကိုယ်မလိုက်ငြားသော်လည်း အပင်ပေါက်နိုင်သည့် မျိုးစေ့ တည်းဟူသော အကြောင်း သတ္တိက ကျေးဇူးပြု အစားထိုးလိုက်ပုံတို့ကို ကြည့်မြင်ခြင်း အားဖြင့် နားလည် သဘောပေါက်ရမည် ဖြစ်ပေသည်။

အထက်ပါ အင်္ဂါ ၁၂ပါး၌ တပါးစီ ရှာကြည့်လျှင်သော်၎င်း စုပေါင်းပြီးရှာကြည့်လျှင်သော်၎င်း သူ့သဘောကို သူဆောင်သည်မှအပ အခြား ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့်မရှိပါ။ ဆင်းရဲခြင်းဖြစ်ကြောင်းအမှန် သမုဒယသစ္စာနှင့် ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာနှစ်ပါးသာလျှင်ရှိခြင်း ဖြစ်ပေတော့သည်။

# ခြင်းရာနှစ်ဆယ်

အင်္ဂါ ၂ ပါးတို့ ဆက်စပ်လည်ပတ်ရာ၌အခြင်းအရာနှင့် တကွ သစ္စာဖွဲ့ပါလျှင်....

အခြင်းအရာအားဖြင့် နှစ်ဆယ်ရှိ၏။ ခြင်းရာ နှစ်ဆယ် ဟူသည်ကား အတိတ်အကြောင်းအခြင်းအရာငါးပါး၊ ပစ္စုပ္ပန် အကျိုး အခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါး၊ အနာဂတ်အကျိုး အခြင်းအရာငါးပါးတို့ ဖြစ်ကြ ကုန်၏။

ထိုအခြင်းအရာနှစ်ဆယ်တို့တွင်အတိတ်အကြောင်းအခြင်း အရာငါးပါးဆိုသည်မှာ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော တရားငါးပါးဖြစ်၏။ ယင်းတရားငါးပါးသည် လွန်လေပြီးသောအတိတ်ကာလမှ ဖြစ်ခဲ့သည့် အတိတ်အကြောင်း အခြင်းအရာငါးပါး သမုဒယသစ္စာဖြစ်၏။

ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးဆိုသည်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တည်းဟူသော တရား ငါးပါးဖြစ်၏။ ယင်းတရားငါးပါးသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလမှာဖြစ်သည့် ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး ဒုက္ခ သစ္စာဖြစ်၏။

ပစ္စုပ္ပန်အကြောင်း အခြင်း အရာ ငါး ပါး ဆိုသည်မှာ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ တည်းဟူသော တရား

ငါးပါးဖြစ်၏။ ယင်းတရားငါးပါးသည် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ မှာပင်ဖြစ်သည့် အကြောင်းအခြင်းအရာ ငါးပါး သမုဒယသစ္စာ ဖြစ်၏။

အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုသည်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တည်းဟူသော တရားငါးပါးဖြစ်၏။ ယင်းတရားငါးပါးသည် နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလမှာ ဖြစ် ရမည့် အကျိုး အခြင်းအရာ ငါးပါး ဒုက္ခသစ္စာဖြစ်၏။

ဤကဲ့သို့အင်္ဂါ ၁၂ ပါးတို့ကိုအခြင်းအရာနှင့်တကွ သစ္စာဖွဲ့ ပြရာ၌ အခြင်းအရာအားဖြင့်နှစ်ဆယ်ရှိပြီး သစ္စာအားဖြင့် ဆိုပါ ကလည်း ဆင်းရဲခြင်း ဖြစ်ကြောင်း အမှန် သမုဒယသစ္စာနှင့် ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာနှစ်ပါးသာလျှင် ဆက်စပ် လည်ပတ်နေခြင်းဖြစ်သည်ကို နားလည် သဘောပေါက်ထားရ မည် ဖြစ်ပေတော့သည်။

## ဝဋ် သုံးပါး

အင်္ဂါ ၁၂ ပါးတို့ကို ဝဋ် အားဖြင့် လည်ပတ်ပုံနှင့်တကွ သစ္စာဖွဲ့ပါလျှင် ဝဋ်အားဖြင့်ဆိုပါက သုံးပါးရှိ၏။ ဝဋ်သုံးပါး ဆိုသည်မှာ ၁ ကိလေသဝဋ်။ ၂ ကမ္မဝဋ်။ ၃ ဝိပါကဝဋ်တို့ ဖြစ်ကြကုန်၏။

ထိုဝဋ်သုံးပါးတို့တွင် ကိလေသဝဋ်ဆိုသည်မှာ အဝိဇ္ဇာ တဏှာ ဥဒါဒါန်တည်းဟူသောတရားသုံးပါးဖြစ်၏။ ယင်းတရားသုံးပါးသည် အကြောင်းတရား သမုဒယသစ္စာဖြစ်သည်။

ကမ္မဝဋ် ဆိုသည်မှာ သင်္ခါရ ကမ္မဘဝ တည်းဟူသောတရားနှစ်ပါးဖြစ်၏။ ယင်းတရားနှစ်ပါးသည်လည်း အကြောင်းတရားသမုဒယသစ္စာပင်ဖြစ်သည်။

ဝိပါကဝဋ်ဆိုသည်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဥပပတ္တိဘဝ ဇာတိ ဇရာ-မရဏတည်းဟူသောတရားရှစ်ပါးဖြစ်၏။ ယင်းတရား ရှစ်ပါးသည် အကျိုးတရား ဒုက္ခသစ္စာဖြစ်ပေသည်။

(ဥပပတ္တိဘဝဆိုသည်မှာ ဥပါဒါန်ကြောင့်ပင် ဖြစ်သော ကမ္မဘဝနှင့် ကပ်ပါလာသည့် အကျိုးတရားကို ဆိုလိုခြင်းဖြစ်သည်။ ဥပါဒါန်ကြောင့်ဖြစ်သော ဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်မျိုးရှိသည်ဟုလည်း မှတ်ယူကြရပေမည်။)

ဤကိလေသဝဋ် ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့သည်လည်း ဆင်းရဲခြင်း ဖြစ်ကြောင်းအမှန် သမုဒယသစ္စာနှင့် ဆင်းရဲခြင်းဖြစ်ကျိုးအမှန် ဒုက္ခသစ္စာနှစ်ပါးသာလျှင် လည်ပတ်နေခြင်း ဖြစ်ပေသည်။ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရ၏။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရ၏။ ဝိပါကဝဋ်မှ ကိလေသဝဋ် တဖန်ပြန်၍ ဖြစ်ပွားပြန်သောကြောင့် ဝဋ်အားဖြင့်ဆိုပါကလည်း ဤကဲ့သို့ အစဉ်ဒလစပ် ဆက်ခါဆက်ခါ ဝဋ်သံသရာ လည်ပတ်နေသည်ဟုသိအပ်လှပေသည်။

ထိုကဲ့သို့ဝဋ်ဒုက္ခခန္ဓာတည်းဟူသော လောင်စာထင်းနှင့် ကိလေသာတည်းဟူသော မီးတဲ့ကာ သံသရာဝဋ်ဆင်းရဲအတွင်း ဝယ် ကျင်လည်နှစ်မျှော၍နေကြရသော သတ္တဝါအပေါင်းတို့ သည် သစ္စာလေးပါးရှိသည့်အနက် ဆင်းရဲခြင်း ဖြစ်ကြောင်း အမှန်၊ သမုဒယသစ္စာနှင့် ဆင်းရဲခြင်းဖြစ်ကျိုးအမှန်၊ ဒုက္ခသစ္စာ နှစ်ပါးနှင့်သာလျှင် သံသရာဝဋ်ဆင်းရဲ အတွင်းဝယ် ကျင်လည် နှစ်မျှော၍နေကြရခြင်း ဖြစ်သည်ဟု နားလည်သဘောပေါက် ထားရပေမည်။

သံသရာဝဋ်ဆင်းရဲအတွင်းမှ လွတ်မြောက်ရန်ကလည်း မိမိ၏ခန္ဓာတည်းဟူသော ဒုက္ခသစ္စာ တရားကို မိမိ၏ဉာဏ်တည်း ဟူသောမဂ္ဂသစ္စာတရားနှင့် မြင်အောင် မှန်းအောင် ဆုံးအောင် ကျင့်ကြံအားထုတ်ရှုပွား၍ နိရောဓသစ္စာတရားကို သိမြင်မှသာ သံသရာဝဋ်ဆင်းရဲအတွင်းမှ လွတ်မြောက်မည်ဖြစ်ပေတော့သည်။

## အစပ်သုံးစပ်

ဤနေရာ၌ အစပ်အားဖြင့် သုံးစပ် ရှိသည် ကို လည်း နားလည် သဘောပေါက် ထားကြရပေမည်။

၎င်းအစပ်သုံးစပ်ကို ဖော်ပြရပါလျှင်....

လွန်လေပြီးသော အတိတ်ကာလမှ အကြောင်း သမုဒယ သစ္စာဖြစ်သော သင်္ခါရနှင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကျိုး

ဒုက္ခသစ္စာဖြစ်သော ပဋိသန္ဓေ ဝိညာဏ်ကြား၌ တစပ်ရှိ၏။ ဤ အစပ်သည် သေခဲ့သည့် အစပ် ဖြစ်သည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကျိုးဒုက္ခသစ္စာဖြစ်သော ဝေဒနာနှင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်က လမှာပင် အကြောင်း သမုဒယ သစ္စာဖြစ်သော တဏှာအကြား၌ တစပ်ရှိ၏။ ဤအစပ် သည် ဝိပဿနာတရားစသည်တို့ကို ရှုပွားအားထုတ်ပြီး သံသရာ မှ ထွက်ရမည့် အစပ်ဖြစ်သည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကြောင်း သမုဒယသစ္စာ ဖြစ်သည့် ကမ္မဘဝနှင့် နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ မှာ အကျိုးဒုက္ခသစ္စာဖြစ်မည့် ဇာတိကြား၌ တစပ်ရှိ၏။ ဤ အစပ်သည် သေရမည့်အစပ်ဖြစ်သည်။

ဤကဲ့သို့ အစပ်အားဖြင့် သုံးစပ်ရှိသည့်အနက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကျိုးဒုက္ခသစ္စာဖြစ်သော ဝေဒနာနှင့် ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာပင် အကြောင်း သမုဒယသစ္စာ ဖြစ် သော တဏှာကြားအစပ်တွင် ဝိပဿနာဉာဏ် စသည်ဖြင့် သွင်း၍ ဖြတ်တောက်ပစ်မှသာ ခန္ဓာပဋိစ္စ သမုပ္ပါဒ် သံသရာ မှာလည်း ပြတ်မည် ဖြစ်ပေသည်။

ဝိပဿနာတရား ရှုပွားအားထုတ်ရာတွင် အတိတ်ကာလ နှင့် အနာဂတ်ကာလကို ရှုပွားအားထုတ် ဆင်ခြင်ရန်မလိုပေ။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ အကျိုး ဒုက္ခ သစ္စာဖြစ်သည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော ခန္ဓာငါးပါး တပါးပါး၏ ဖြစ်ပြီးပျက်နေသည့်

သဘောတရား တို့ကိုသာ ဝိပဿနာဉာဏ်ဖြင့် သိမြင် အောင် ရှုပွား အားထုတ် ဆင်ခြင်ရန် လိုအပ်ပေသည်။

ထိုခန္ဓာငါးပါး တပါးပါး၏ ဖြစ်ပြီး ပျက် နေ သည့် သဘော တရားတို့ကိုမူ ဝိပဿနာဉာဏ်ဖြင့် ရှုပွား၍မဖြတ်မိပါ လျှင် နောင်ဖြစ်လတ္တံ့ သော အနာဂတ်ကာလ အကျိုးအတွက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကြောင်းသမုဒယ သစ္စာဖြစ်သည့် တဏှာ ဥပါဒါန် ကမ္မဘဝတည်းဟူသော တရားတို့ကို ပြုလုပ် ပြောဆို ကြံစည်မိသည်နှင့်အမျှ ခန္ဓပဋိစ္စ သမုပ္ပါဒ် သံသရာ မှာ လည်း ဆက်နေမည်ဖြစ်ပေသည်။

ဤကဲ့သို့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တည်းဟူသော ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှ အကြောင်းဖြစ်သည့် သမုဒယသစ္စာ တရားကို ဝိပဿနာဉာဏ်ဖြင့် ရှုပွား၍ မဖြတ်မိပါလျှင် နောင် ဖြစ်လတ္တံ့သော အနာဂတ်ကာလ၌ဖြစ်ရမည့် ဇာတိ၊ဇရာ-မရဏ တည်းဟူသော အကျိုးဖြစ်သည့် ဒုက္ခသစ္စာတရားတို့ကို ပြန်လည် ကြုံတွေ့ရမည်မှာ မလွဲဧကန် အမှန်မုချပင်ဖြစ်သည်။

သို့ဖြစ်၍ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်ဘည့်၌ဖြစ်သော ဝေဒနာနှင့် တဏှာကြားအစပ်တွင် ဝိပဿနာဉာဏ် စသည်ဖြင့် သွင်းကာ ရှုပွားအားထုတ်၍ တဏှာသို့ မကူးမှသာ (ဝေဒနာ နိရောဓာ တဏှာနိရောဓော) ဝေဒနာနှင့်တဏှာ ချုပ်ပြတ်၍ ခန္ဓ ပဋိစ္စ သမုပ္ပါဒ် သံသရာမှာလည်း ပြတ်ပြီး နိဗ္ဗာန်ချမ်းသာတရား တော်မြတ်ကို မျက်မှောက်ပြုနိုင်ကြပေလိမ့်မည် ဖြစ်သည်။

တဏှာ၊ ရာဂ၊ အဿာဒ၊ လောဘ၊ သမုဒယ တည်းဟူ သော တရားတို့သည် ပါဠိလို အခေါ်မတူပြား သော်လည်း

သဘောမှာ အတူတူပင်ဖြစ်၏။ ယင်းတရားတို့သည် ခင်မင်နှစ်သက် တပ်မက်ခြင်းပင်ဖြစ်သည်ဟု မှတ်ယူကြရပေမည်။

ဗုဒ္ဓရှင်တော်မြတ်အား ရိုးရိုးပကတိ သာမန်မျက်စိနှင့် ကြည့်ပါက ဗုဒ္ဓရှင်တော်မြတ်သည် ဗောဓိပင်အောက် ရွှေပလ္လင်အထက်၌ ဘုရားအဖြစ်ကို ရရှိတော်မူသည်ဟု အများအားဖြင့် ထင်မြင် ယူဆကြပေလိမ့်မည်။ ဤသို့ ထင်မြင်ယူဆကြခြင်းသည် သဗ္ဗညုတ်တော်ဘုရား၊ ပညတ်တော်ဘုရားသာ ဖြစ်ပေသည်။

ဉာဏ်မျက်စိနှင့် ကြည့်မည်ဆိုပါလျှင် စင်စစ် ဉာဏ်တော်ဘုရားသည် ဝေဒနာနှင့် တဏှာကြားအစပ်တွင် ဝိပဿနာဉာဏ်စသည်တို့ကိုသွင်း၍ သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင် ဉာဏ်ဖြင့်ထိုးထွင်းကာ ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးမှသာ ဘုရားအဖြစ်ကို ရရှိတော်မူခြင်းပင် ဖြစ်ပေသည်။

နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်သည် မည်သည့်နေရာ၌ ရှိပါသနည်းဟု မေးလျှင် နိဗ္ဗာန်ချမ်းသာ ရကြောင်းဖြစ်သော တရားကို မကျင့်ကြံ၊ မရှုပွား၊ အားမထုတ်ကြသည့်ပုဂ္ဂိုလ်များ အတွက် မည်သည့်နေရာမှ မရှိဟု ဖြေရပေမည်။

နိဗ္ဗာန်ချမ်းသာ တရားဆိုသည်မှာ အမြဲတန်းရှိသည့် အရှိတရား အသခ်တဓာတ် တရားမြတ်ဖြစ်၏။ သို့တစေ ပုဂ္ဂိုလ်တိုင်း မတွေ့နိုင်ပေ။ တွေ့မြင်အောင် ကျင့်ကြံအားထုတ် ရှုပွားသည့် ပုဂ္ဂိုလ်မှသာ တွေ့မြင်နိုင်သော တရားဖြစ်သည်။

နိဗ္ဗာန်ချမ်းသာ တရားဟူသည်မှာ တဏှာ ချုပ်ငြိမ်းရာဖြစ်၏။ တနည်းအားဖြင့် ခန္ဓာ၏အဆုံး၌ရှိ၏။ တနည်းအားဖြင့်

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဖြစ်ပျက်တည်းဟူသော ဒုက္ခသစ္စာတရား၏ အဆုံး၌ရှိ၏။ တနည်းအားဖြင့် လောက၏အဆုံး၌ရှိ၏။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို တွေ့မြင်အောင် ကျင့်ကြံအားထုတ် ရှုပွားသည့်ပုဂ္ဂိုလ်မှသာ တွေ့မြင်နိုင်ခြင်း ဖြစ်ပေသည်။

ဥပမာအားဖြင့် ဆိုရပါမူ ဝါးနှစ်လုံးကို ပွတ်တိုက်သည့်အခါ ပွတ်တိုက်ဖန်များလာလျှင် မီးထွက်ရဘိ သကဲ့သို့ပင်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဖြစ်ပျက်တည်းဟူသော ဒုက္ခသစ္စာတရားတို့ကို မဂ္ဂသစ္စာဉာဏ် အလုပ်တရားနှင့် သိမြင်အောင်၊ မှန်းအောင်၊ ဆုံးသည့်တိုင်အောင် ကျင့်ကြံအားထုတ်ရှုပွားလိုက်သည့်အခါ ဒုက္ခချုပ်ဆုံးရာအထိ သိမြင်လာသည်နှင့် အမျှ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်သည် ထွက်ပေါ်လာရခြင်းပင်ဖြစ်ပေသည်။

သို့အတွက်ကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်လို ရလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလဇာတ်တည့်တည့်၌ ဖြစ်သော ခန္ဓာငါးပါး အတွင်း၌ ဝိပဿနာ ဉာဏ် အလုပ်တရားကိုသွင်း၍ ခန္ဓာ၏အရှိ။ ဖြစ်ပျက်နှင့် ဉာဏ်အသိတည်းဟူသော မဂ် ကိုက်ရန်အတွက် ကြိုးစား အားထုတ် ရှုပွားကြရမည် ဖြစ်ပေတော့သည်။

## ခန္ဓာငါးပါး-သဘောတရား

အထက်တွင် ရေးသားဖော်ပြခဲ့သော ဒုက္ခသစ္စာဖြစ်သည့် ဝိညာဏ်၊နာမ်-ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော

တရား ငါးပါးကို ဝိပဿနာဉာဏ်အလုပ်တချူး ရှုပွားအားထုတ်ရာတွင် အသိရလွယ်စေခြင်းငှာ ခန္ဓာငါးပါးအတွင်း၌ အကျုံးဝင်ပုံတို့ကို ဖော်ပြပါမည်။

ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတည်းဟူသော တရားငါးပါးတို့တွင်—

ဝိညာဏ်ဆိုသည်ကဲ ... ဝိညာဏက္ခန္ဓာဖြစ်၏။

နာမ်ဆိုသည်က.... ဝေဒနာက္ခန္ဓာ၊ သညာ က္ခန္ဓာ၊ သင်္ခါရက္ခန္ဓတို့ဖြစ်ကြ၏။

ရုပ်ဆိုသည်က.... ရူပက္ခန္ဓာတို့ဖြစ်၏။

သဠာယတနတွင်မူ အကြည် ၆ ပါးရှိသည့်အနက် ၁။ မျက်စိအကြည်။ ၂။ နားအကြည်။ ၃။ နှာခေါင်း အကြည်။ ၄။ လျှာအကြည်။ ၅။ ကိုယ်အကြည် တည်းဟူသော အကြည် ငါးပါးက ရုပ်ဖြစ်သောကြောင် ရူပက္ခန္ဓာဖြစ်၏။

၆။ မနောဘဝင်အကြည်စိတ်က.... စိတ်ဖြစ်သောကြောင့် ဝိညာဏက္ခန္ဓာဖြစ်၏။

ဖဿဆိုသည်က.... သင်္ခါရက္ခန္ဓာဖြစ်၏။

ဝေဒနာဆိုသည်က.... ဝေဒနာက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတည်းဟူသောတရားငါးပါးတို့သည် ခန္ဓာငါးပါးတရား အတွင်း၌ အကျုံးဝင်ပုံတို့ပင် ဖြစ်သည်။

ခန္ဓာငါးပါးတရားဟူသည်ကား ၁။ ရူပက္ခန္ဓာ။ ၂။ ဝေဒနာက္ခန္ဓာ။ ၃။ သညာက္ခန္ဓာ။ ၄။ သင်္ခါရက္ခန္ဓာ။ ၅။ ဝိညာဏက္ခန္ဓာတို့ ဖြစ်ကြကုန်၏။

ရူပက္ခန္ဓာဆိုသည်မှာ ဖောက်ပြန်တတ်သော သဘောတရားအစု။

ဝေဒနာက္ခန္ဓာဆိုသည်မှာ ခံစားတတ်သောသဘောတရားအစု။

သညာက္ခန္ဓာဆိုသည်မှာ မှတ်သားတတ်သော သဘောတရား အစု။

သင်္ခါရက္ခန္ဓာဆိုသည်မှာ ပြုပြင်စေ့ဆော်စီရင်တတ်သော စေတနာ သဘောတရားအစု။

ဝိညာဏက္ခန္ဓာဆိုသည်မှာ သိတတ်သော စိတ်သဘော တရားအစုတို့ ဖြစ်ကြကုန်၏။

အထက်ပါ ခန္ဓာငါးပါးကို အကျဉ်းချုံးပါက ရူပက္ခန္ဓာ တပါးသည် ရုပ်တရားဖြစ်၏။

ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာလေးပါးသည် နာမ်တရားဖြစ်၏။ ထို ရုပ် နာမ် တရားနှစ်ပါးကိုပင် ထပ်၍ အကျဉ်းချုံးပါက ဖြစ် ပြီး ပျက်သည့် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန် တရားသာ ရှိပေ တော့သည်။

ဤနေရာ၌ အတွင်းအာယတန အခံဓာတ် ၆ ပါး။အပြင် အာယတန အတိုက်ဓာတ်၆ ပါး။ အပွင့်ဓာတ် ၆ပါးတို့ကိုလည်း ရေးသားဖော်ပြရန် လိုလာပေသည်။ ဤသည်တို့ကို သိသာရန် အကျဉ်းအားဖြင့် ထည့်သွင်း ရေးသားဖော်ပြပေအံ့။

အတွင်းအာယတန အခံခတ် ၆ ပါးဆိုသည်မှာ

၁။ စက္ခာယတန စက္ခု မျက်စိအကြည် ရုပ်
၂။ သောတာယတန သောတ နားအကြည် ရုပ်
၃။ ဃာနာယတန ဃာန နှာခေါင်းအကြည် ရုပ်
၄။ ဇိဝှာယတန ဇိဝှာ လျှာအကြည် ရုပ်
၅။ ကာယာယတန ကာယ ကိုယ်အကြည် ရုပ်
၆။ မနာယတန မန မနောဘဝင် အကြည် စိတ်တို့ ဖြစ်ကြကုန်၏။

အပြင်အာယတန အတိုက်ခတ် ခြောက်ပါး ဆိုသည်မှာ....

၁။ ရူပါယတန ရူပ ရုပ် အဆင်းအာရုံ
၂။ သဒ္ဒါယတန သဒ္ဒ ရုပ် အသံအာရုံ
၃။ ဂန္ဓာယတန ဂန္ဓ ရုပ် အနံ့အာရုံ
၄။ ရသာယတန ရသ ရုပ် အရသာအာရုံ
၅။ ဖောဋ္ဌဗ္ဗာယတန ဖောဋ္ဌဗ္ဗ ရုပ် အတွေ့အထိအာရုံ
၆။ ဓမ္မာယတန ဓမ္မာရုံ ရုပ်-နာမ် သဘောတရား အာရုံတို့ဖြစ်ကြကုန်၏။

အထက်ပါ အတွင်းအာယတနအခံခတ်ခြောက်ပါးနှင့် အပြင်အာယတန အတိုက်ခတ်ခြောက်ပါးတို့ကို ပေါင်းလျှင် ၁၂ ပါးဖြစ်၏။ ယင်းတရား ၁၂ ပါးကို အာယတန ၁၂ ပါးဟု မှတ်ယူရပေမည်။

အတွင်းအာယတနအခံဓာတ်ပေါ်ပါးနှင့် အပြင်အာယတန အတိုက်ဓာတ် ငါးပါးတို့သည် သူ့နေရာနှင့်သူ ဆိုင်ရာ ဆိုင်ရာ တိုက်ဆိုင် ဆုံစည်းမှုဖြစ်တိုင်း အပွင့်ဓာတ် ၆ပါးဖြစ်ပေါ်ရ၏။

အပွင့်ဓာတ် ၆ပါးဆိုသည်မှာ...

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ် | မြင်စိတ် |
| ၂။ | သောတဝိညာဏ် | ကြားစိတ် |
| ၃။ | ဃာနဝိညာဏ် | နံစိတ် |
| ၄။ | ဇိဝှာဝိညာဏ် | စားစိတ် |
| ၅။ | ကာယဝိညာဏ် | တွေ့သိစိတ် |
| ၆။ | မနောဝိညာဏ် | တွေးတော ကြံစည်စိတ် |

တို့ဖြစ်ကြကုန်၏။

အထက်ပါ အတွင်းအာယတနံ အခံဓာတ်၆ပါး၊ အပြင် အာယတန အတိုက်ဓာတ်၆ပါး၊ အပွင့်ဓာတ် ၆ပါးတို့ကိုပေါင်း လျှင် ၁၈ ပါးဖြစ်၏။ ယင်းတရား ၁၈ ပါးကို ဓာတ်၁၈ပါး ဟူ၍ မှတ်ယူရမည်ဖြစ်ပေတော့သည်။

## ခန္ဓာငါးပါး သင်္ခါရတရား

ခန္ဓာငါးပါးသည် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ ခွဲခြား ပြထားသော်လည်း

သုတ္တန်နည်းအရခွဲခြားပြခြင်းပင်ဖြစ်သည်။ အဘိဓမ္မာနည်းအရ ဆိုရပါလျှင်မူ တစပ်တည်းဖြစ်ပြီး တစပ်တည်းပျက်သည့်သဘော ရှိပေသည်။

သက်ရှိခန္ဓာကိုယ်တကိုယ်လုံးသည်လည်း ခန္ဓာ ငါးပါး ရုပ်နာမ်တရား နှစ်ပါးသာရှိခြင်းဖြစ်သည်။

ပုပြင်စေ့ဆော်မှုသဘောဟူသရွေ့သည် သင်္ခါရတရား ဖြစ်သောကြောင့် ခန္ဓာငါးပါး ရုပ်-နာမ်တရား နှစ်ပါးတို့ဖြစ် ပေါ်ရခြင်းသည် အဝိဇ္ဇာအရင်းခံသည့် သင်္ခါရကရားကြောင့် ပင်ဖြစ်ပေါ်ရသည်ဟုမှတ်ယူရပေမည်။

ဤခန္ဓာငါးပါး ရုပ်-နာမ်တရား နှစ်ပါးတို့သည်လည်း သင်္ခါရ တရားက ပုပြင်၍ထားခြင်းကြောင့် ကိုယ်ပိုင် ကိုယ်ဆိုင် တခုမျှမဟုတ်။ ကံသင်္ခါရ စိတ်သင်္ခါရ ဥတုသင်္ခါရ အဟာရ သင်္ခါရတည်းဟူသော သင်္ခါရတရားတို့က ပြု ပြင်၍ ထားခြင်း သာ ဖြစ်သည်။

ကံ စိတ် ဥတု အဟာရတည်းဟူသောအကြောင်းတရား လေးပါးတို့က ပုပြင်သမျှခံနေရသဖြင့် ကိုယ်ပိုင် ကိုယ်ဆိုင် မဟုတ်သော ဤခန္ဓာငါးပါး ရုပ်-နာမ်တရား နှစ်ပါးတို့ကို သင်္ခါရ တရားဟူ၍ ခေါ်ဆိုရပေမည်။

ရုပ်တရားသည် ကံ၊စိတ်၊ ဥတု၊ အဟာရ တည်းဟူသော အကြောင်းတရားလေးပါး သင်္ခါရတရားကြောင့်ဖြစ်သည်။

နာမ်တရားသည် အာရုံဓာတ်နှင့် အတိုက်ဓာတ် တရား နှစ်ပါးတို့၏ တိုက်ဆိုင်ဆုံစည်းမှုသဘော သင်္ခါရတရားကြောင့် ပင်ဖြစ်သည်။

ထို့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားနှစ်ပါးတို့ကို သင်္ခါရတရားဟုပင်မှတ်ယူရပေမည်။ငါ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် ငါ ဝင်၍မရောလိုက်ပါနှင့်။ ငါ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် ငါ ဝင်၍ရောလိုက်ပါလျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏။

ရုပ်ခန္ဓာသည် ငါ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ပါ။ ရုပ်ခန္ဓာသက်သက်ပင်ဖြစ်၏။

နာမ်ခန္ဓာသည်လည်း ငါ ငါ့ ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ပါ၊ နာမ်ခန္ဓာသက်သက်ပင်ဖြစ်၏။

ရုပ်နာမ် ခန္ဓာတရား နှစ်ပါး ပေါင်း၍ လည်း ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင်ငါဆိုင်စသည်ဖြင့်မဟုတ်ပါ။

ရုပ်နာမ် ခန္ဓာ တရားနှစ်ပါးသည် ဆင်းရဲခြင်း အမှန် သက်သက် ချမ်းသာခြင်းမရောမယှက်သည့် သင်္ခါရတရားပင်ဖြစ်ပေသည်။

သင်္ခါရတရားဆိုသည်မှာ ခိုင်မြဲမှု မရှိ၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ အသုဘလက္ခဏာတည်းဟူသော ဖြစ်ပြီးပျက်သည် သဘောတရားတို့သာ ဖြစ်ပေတော့သည်။

## အနတ္တလက္ခဏာ

ငုဒ္ဓရှင်တော်မြတ်သည် ဥပရိပဏ္ဏာသပါဠိတော် ဆဆက္က သုတ်တွင် အနတ္တလက္ခဏာတရားကို ဟောကြားမိန့်မြွက်တော်မူ၏။

ဤနေရာ၌ အနတ္တလက္ခဏာသဘောတရားကို အလျဉ်းသင့်၍ အကျဉ်းအားဖြင့် ထည့်သွင်းရေးသားဖော်ပြပေအံ့။

အနတ္တဆိုသည်မှာ ပြုပြင်မှု အကြောင်းတရားကြောင့်ဖြစ်သဖြင့် ကိုယ်ပိုင် ကိုယ်ဆိုင် မဟုတ်ခြင်းကိုဆိုလို၍ လက္ခဏာဆိုသည်မှာ ပျက်စီးခြင်းသဘောတရားကို ဆိုလိုသည်။

ဥပမာအားဖြင့်ဆိုရပါမူ အနတ္တသည် ပြုလုပ်ထားခြင်းကြောင့်ဖြစ်ပေါ်နေသောအိုးနှင့်တူ၍ လက္ခဏာဆိုသည်က ၎င်းအိုးကွဲသွားခြင်းနှင့်တူပေသည်။

ဤကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရား နှစ်ပါးအပေါ်၌ (ဓမ္မ)တရားက ပြသည်။ လက္ခဏာသဘောတရားကို သိမြင်မှသာလျှင် အနတ္တလက္ခဏာဉာဏ်ကို ရမည်ဖြစ်ပေသည်။

အနတ္တလက္ခဏာဉာဏ်ကိုရသောပုဂ္ဂိုလ်သည် အတ္တမစွဲသဖြင့် ဒိဋ္ဌိပြုတ်၏။ မူလရှိရင်း အနတ္တလက္ခဏာသဘောတရားကို မသိခြင်းကြောင့်သာ အတ္တဒိဋ္ဌိဖြစ်ရ၏။

ဤနေရာ၌ အကြောင်းတရားက အနတ္တတရားဖြစ်သဖြင့် အကျိုးတရားကလည်း အနတ္တတရားပင်ဖြစ်ရ၏ဟု သိအပ်လှပေသည်။

အနတ္တလက္ခဏာဉာဏ်ကို ရပါမှ ခန္ဓပဋိစ္စသမုပ္ပါဒ်တရားပြတ်မည်ဖြစ်သည်။

ခန္ဓပဋိစ္စသမုပ္ပါဒ်တရားကို ဉာဏ်နှင့်ဖြတ်နိုင်မှသာလျှင် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရမည်ဖြစ်ပေတော့သည်။

# ခန္ဓာငါးပါးဖြစ်ပေါ်ပုံ

ခန္ဓာ၏ဖြစ်စဉ်၊အကြောင်း သမုဒယသစ္စာတရားကို မသိလျှင် အကျိုးဒုက္ခသစ္စာတရားကိုလည်း သိမည် မဟုတ်ပေ။ ဆင်းရဲခြင်းအမှန်တရားကို ပြောသံကြားသိ သညာသိ သိရုံမျှနှင့်လည်း ဒုက္ခသစ္စာ ဆင်းရဲ ခြင်း အမှန် တရားကို သိသည် မဟုတ်ပေ။

ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ရသည့် ခန္ဓာငါးပါး ရုပ်-နာမ်တရားနှစ်ပါးတို့၏ ဖြစ်ပြီး ပျက် သည့် သ ဘော တရား တို့ကို ဉာဏ်အမြင်နှင့် သိမြင်မှသာဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရားကို သိမြင်သည်မည်၏။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ ဝိပဿနာ ဉာဏ်နှင့် ရှုပွားအားထုတ်ရမည့် အရှုခံတရားဖြစ်သောခန္ဓာငါးပါး ဖြစ်ပေါ်ပုံတို့ကို ဤနေရာ၌ အကျဉ်းအားဖြင့်ရေးသားဖော်ပြပေအံ့။

အခံဓာတ် မျက်စိအကြည် ရုပ်နှင့်အတိုက်ဓာတ် အဆင်းရုပ် နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် အပွင့်ဓာတ်ဖြစ်သော မြင်စိတ်၊ခံစားမှုဝေဒနာ၊မှတ်သားမှုသညာ၊ စေ့ဆော်မှုစေတနာတို့ ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ ခန္ဓာဖွဲ့သော် မျက်စိအကြည် ရုပ်နှင့် အဆင်း ရုပ် နှစ်ပါးသည် ရူပက္ခန္ဓာဖြစ်၏။ မြင်စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။ မှတ်သားမှု သညာသည် သညာက္ခန္ဓာဖြစ်၏။ စေ့ဆော်မှု စေတနာသည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် မျက်လုံးပေါက်မှခန္ဓာငါးပါးဖြစ်ပေါ် လာရပုံဖြစ်သည်။

အခံဓာတ် နားအကြည် ရုပ်နှင့် အတိုက်ဓာတ် အသံ ရုပ်-နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် အပွင့်ဓာတ် ဖြစ်သော ကြားစိတ်၊ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှု စေ တနာတို့ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ ခန္ဓာဖွဲ့သော် နားအကြည် ရုပ်နှင့် အသံ ရုပ် နှစ်ပါးသည် ရူပက္ခန္ဓာဖြစ်၏။ ကြားစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။ မှတ်သားမှု သညာသည် သညာက္ခန္ဓာဖြစ်၏။ စေ့ဆော်မှု စေတနာသည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် နားပေါက်မှ ခန္ဓာငါးပါး ဖြစ်ပေါ် လာရပုံဖြစ်သည်။

အခံဓာတ် နှာခေါင်းအကြည် ရုပ်နှင့် အတိုက်ဓာတ် အနံ့ရုပ်-နှစ်ပါးတိုက်ဆိုင်ဆုံစည်းမှုကြောင့်အပွင့်ဓာတ်ဖြစ်သော နံစိတ်၊ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှုစေတနာ တို့ ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ ခန္ဓာဖွဲ့သော် နှာခေါင်း အကြည် ရုပ်နှင့် အနံ့ ရုပ်နှစ်ပါးသည် ရူပက္ခန္ဓာဖြစ်၏။နံ့စိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။မှတ်သားမှုသညာသည် သညာက္ခန္ဓာဖြစ်၏။ စေ့ဆော်မှု စေတနာသည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် နှာခေါင်းပေါက်မှ ခန္ဓာငါးပါး ဖြစ်ပေါ်လာရပုံဖြစ်သည်။

အခံခေတ်လျှာအကြည် ရုပ်နှင့်အတိုက်ခေတ်အရသာ ရုပ်နှစ်ပါးတိုက်ဆိုင်ဆုံစည်းမှုကြောင့်အပွင့်ခေတ်ဖြစ်သောစားစိတ်၊ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှု စေတနာတို့ ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ခန္ဓာဖွဲ့သော် လျှာအကြည် ရုပ်နှင့် အရသာ ရုပ် နှစ်ပါးသည် ရူပက္ခန္ဓာဖြစ်၏။စားစိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။ မှတ်သားမှုသညာသည် သညာက္ခန္ဓာဖြစ်၏။စေ့ဆော်မှုစေတနာသည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် လျှာပေါက်မှ ခန္ဓာငါးပါးဖြစ်ပေါ်လာရပုံဖြစ်သည်။

အခံခေတ်ကိုယ်အကြည် ရုပ်နှင့်အတိုက်ခေတ်အတွေ့အထိ ရုပ် နှစ်ပါး တိုက်ဆိုင် ဆုံစည်းမှု ကြောင့် အပွင့်ခေတ်ဖြစ်သော တွေ့ထိစိတ်၊ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှု စေတနာတို့ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ခန္ဓာဖွဲ့သော် ကိုယ်အကြည် ရုပ်နှင့်အတွေ့အထိ ရုပ် နှစ်ပါးသည် ရူပက္ခန္ဓာဖြစ်၏။တွေ့ထိစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။မှတ်သားမှု သညာသည် သညာက္ခန္ဓ ဖြစ်၏။ စေ့ဆော်မှု စေတနာသည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် ကိုယ်ပေါက်မှ ခန္ဓာငါးပါးဖြစ်ပေါ် လာရပုံဖြစ်သည်။

အခံဓာတ် မနောဘဝင်စိတ်နှင့် အတိုက် ဓာတ် (ရုပ် ဓမ္မာရုံ) သဘောတရားနှစ်ပါး တိုက် ဆိုင် ဆုံ စည်း မှုကြောင့် အပွင့်ဓာတ်ဖြစ်သော တွေးတောကြံစည်စိတ်၊ ခံစားမှုဝဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှု စေတနာတို့ဖြစ်ပေါ်ကြကုန်၏။

ဤနေရာ၌ ခန္ဓာဖွဲ့သော် (ရုပ်ဓမ္မာရုံ သဘောတရား သည် ရူပက္ခန္ဓာဖြစ်၏။ တွေးတော ကြံစည်စိတ်သည် ဝိညာ ဏက္ခန္ဓာဖြစ်၏။ ခံစားမှုဝေဒနာသည် ဝေဒနက္ခန္ဓာဖြစ်၏။ မှတ် သားမှုသညာသည် သညာက္ခန္ဓာဖြစ်၏။ စေ့ဆော် မှု စေ တနာ သည် သင်္ခါရက္ခန္ဓာဖြစ်၏။

ဤသည်တို့သည် မနောပေါက်မှ ခန္ဓာငါးပါးဖြစ်ပေါ် လာရပုံဖြစ်သည်။

ဤကဲ့သို့ ခန္ဓာငါးပါး တရား ဖြစ်ပေါ်လာရပုံတို့တို့ ရေးသား ဖော်ပြထားသော်လည်း ခန္ဓာငါးပါး ဖြစ်ပေါ်ရန် ဦးဆောင်သည့်နေရာမှာ ခန္ဓာ တပါးတည်းက ဦးဆောင်နေ သည်မဟုတ်၊ ဦးဆောင်ချင်သောခန္ဓာက ဦးဆောင်နေခြင်းဖြစ် သည်ဟုမှတ်ယူရပေမည်။

မည်သည့်ခန္ဓာက မည်သို့ပင် ဦးဆောင် ဦးဆောင် ခန္ဓာ ငါးပါးတရားသည် သုတ္တန်နည်းအရ ခွဲခြားပြီး ပြခြင်းဖြစ်၏။ အဘိဓမ္မာနည်းအရဆိုပါလျှင်မူ တစပ်တည်းဖြစ်ပြီး တစပ်တည်း ပျက်သည့်သဘောသာ ရှိပေသည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းတရား ကြောင့် အကျိုးတရား ဖြစ်ပေါ်လာရသည့် ခန္ဓာ ငါးပါး ရုပ်-နာမ် တရားနှစ်ပါးသည် ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ-သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ငါ့ကိုယ်၊ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါပိုင်၊ ငါဆိုင် စသည်ဖြင့် မဟုတ်သည်က အမှန်ပင်။ ဤသည်ကို ငါဝင်၍ မရောလိုက်ပါနှင့်၊ ငါဝင်၍ ရောလိုက်ပါလျှင် သက္ကာယ ဒိဋ္ဌိ ဖြစ်သည့်အပြင် လောဘ ဒေါသ မောဟအစရှိသော ကိလေသာ တရားများ ဖြစ်ပွား၍ သံသရာဝဋ်ဆင်းရဲအတွင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ကြတော့မည် မဟုတ်ပါပေ။

## လောဘ၊ ဒေါသ၊ မောဟ တရားဖြစ်ပေါ်ပုံ

အထက်တွင်ရေးသားဖော်ပြခဲ့သော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ တွေးတောကြံစည်စိတ် တည်းဟူသော တရားတို့နောက်မှ လောဘ ဒေါသ မောဟ တည်းဟူ

သော တရားသုံးပါးဖြစ်ပေါ်လာရပုံတို့ကို ဤနေရာ၌ အကျဉ်းအားဖြင့် ရေးသားဖော်ပြပေအံ့။

မျက်လုံးပေါက်မှ မျက်စိအကြည် ရုပ်နှင့် အဆင်း ရုပ်နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် မြင်စိတ်ဖြစ်ပေါ်၏။ ၎င်း မြင်စိတ်နောက်မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ နှစ်သက်မိပါက ပြုံးစိတ်ပေါ်၏။ ယင်းသည် လောဘဖြစ်သည်။ မနှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ်ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက် ဘွယ်ရာလည်း မဟုတ်။ မနှစ်သက်ဘွယ်ရာလည်း မဟုတ်ဟု မှတ်ထင် ခံစား၍ အမှတ်မထင် နေလိုက်မိပါကလည်း မပြုံး မမုန်းစိတ်ပေါ်၏။ ယင်းသည် မောဟဖြစ်သည်။

ဤသည်တို့သည် မြင်စိတ်နောက်မှ လောဘ ဒေါသ မောဟ တရားတို့ ဖြစ်ပေါ်လာပုံဖြစ်သည်။

နားပေါက်မှ နားအကြည် ရုပ်နှင့် အသံ ရုပ် နှစ် ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် ကြားစိတ်ပေါ်၏။ ၎င်း ကြားစိတ်နောက်မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ နှစ်သက်မိပါက ပြုံးစိတ်ပေါ်၏။ ယင်းသည် လောဘဖြစ်သည်။ မနှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ်ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက်ဘွယ်ရာလည်းမဟုတ်။ မနှစ်သက်ဘွယ်ရာလည်း မဟုတ်ဟု မှတ်ထင်ခံစား၍ အမှတ်မထင်နေလိုက်မိပါကလည်း မပြုံး မမုန်းစိတ်ပေါ်၏။ ယင်းသည် မောဟ ဖြစ်သည်။

ဤသည်တို့သည် ကြားစိတ်နောက်မှ လောဘ ဒေါသ မောဟတရားတို့ ဖြစ်ပေါ်လာရပုံဖြစ်သည်။

နှာခေါင်း ပေါက်မှ နှာခေါင်း အကြည် ရုပ်နှင့် အနံ့ ရုပ် နှစ်ပါး တိုက်ဆိုင် ဆုံစည်းမှုကြောင့် နံ့စိတ်ပေါ်၏။ ၎င်း နံ့စိတ်နောက်မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ နှစ်သက် မိပါက ပြုံးစိတ်ပေါ်၏။ ယင်းသည် လောဘဖြစ်သည်။ မနှစ် သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ် ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက်ဘွယ်ရာလည်း မဟုတ်။ မနှစ်သက်ဘွယ်ရာလည်း မဟုတ်ဟု မှတ်ထင် ခံစား၍ အမှတ်မထင် နေလိုက်မိပါကလည်း မပြုံး မမုန်းစိတ် ပေါ်၏။ ယင်းသည် မောဟဖြစ်သည်။

ဤသည်တို့သည် နံ့စိတ်နောက်မှ လောဘ ဒေါသ မောဟ တရားတို့ ဖြစ်ပေါ်လာရပုံဖြစ်သည်။

လျှာပေါက်မှ လျှာအကြည် ရုပ်နှင့် အရသာ ရုပ် နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် စားစိတ်ပေါ်၏။ ၎င်းစားစိတ်နောက် မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ နှစ်သက်မိပါက ပြုံးစိတ် ပေါ်၏။ ယင်းသည် လောဘဖြစ်သည်။ မနှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ်ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက် ဘွယ်ရာလည်းမဟုတ်။ မနှစ်သက် ဘွယ်ရာလည်းမဟုတ်ဟု မှတ်ထင်ခံစား၍ အမှတ်မထင်နေလိုက် မိပါကလည်း မပြုံး မမုန်းစိတ်ပေါ်၏။ ယင်းသည် မောဟ ဖြစ်သည်။

ဤသည်တို့သည် စားစိတ်နောက်မှ လောဘ ဒေါသ မောဟတရားတို့ ဖြစ်ပေါ်လာပုံဖြစ်သည်။

ကိုယ်ပေါက်မှ ကိုယ့်အကြည် ရုပ်နှင့် အတွေ့ အထိ ရုပ်နှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် တွေ့ထိစိတ်ပေါ်၏။ ၎င်းတွေ့ထိစိတ်နောက်မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင် ခံစား၍ နှစ်သက်မိပါက ပြုံးစိတ်ပေါ်၏။ ယင်းသည်လောဘဖြစ်သည်။ မနှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ်ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက် ဘွယ်ရာလည်း မဟုတ်။ မနှစ်သက်ဘွယ်ရာလည်း မဟုတ်ဟု မှတ်ထင်ခံစား၍ အမှတ်မထင် နေလိုက်မိပါကလည်း မပြုံး မမုန်းစိတ် ပေါ်၏။ ယင်းသည် မောဟဖြစ်သည်။

ဤသည်တို့သည် တွေ့ထိစိတ်နောက်မှ လောဘ ဒေါသ မောဟတရားတို့ ဖြစ်ပေါ်လာရပုံဖြစ်သည်။

မနောပေါက်မှမနောဘဝင်စိတ်နှင့်(ရုပ်ဓမ္မာရုံ)သဘောတရားနှစ်ပါး တိုက်ဆိုင်ဆုံစည်းမှုကြောင့် တွေးတော ကြံစည်စိတ် ပေါ်၏။ ၎င်းတွေးတော ကြံစည်စိတ်နောက်မှ နှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ နှစ်သက်မိပါက ပြုံးစိတ်ပေါ်၏။ ယင်းသည် လောဘဖြစ်သည်။ မနှစ်သက်ဘွယ်ရာဟု မှတ်ထင်ခံစား၍ မနှစ်သက်ပါက မုန်းစိတ်ပေါ်၏။ ယင်းသည် ဒေါသဖြစ်သည်။ နှစ်သက်ဘွယ်ရာလည်း မဟုတ်။ မနှစ်သက် ဘွယ်ရာလည်း မဟုတ်ဟု မှတ်ထင်ခံစား၍ အမှတ်မထင် နေလိုက်မိပါကလည်း မပြုံးမမုန်းစိတ်ပေါ်၏။ ယင်းသည် မောဟဖြစ်သည်။

ဤသည်တို့သည်တွေးတောကြံစည်စိတ်နောက်မှ လောဘ ဒေါသ မောဟတရားတို့ ဖြစ်ပေါ်လာရပုံဖြစ်သည်။

ဤလောဘ ဒေါသ မောဟတည်းဟူသော တရား သုံးပါးသည် သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲ အတွင်း၌ ကျင်လည် နစ်မျောစေသော တရားတို့ပင်တည်း။

လောဘတရားကို ဝိပဿနာဉာဏ်စသည်ဖြင့် မဖြတ်မိပါက လောဘ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ စသည်ဖြင့် ခန္ဓပဋိစ္စသမုပ္ပါဒ် သံသရာအလယ်မှစ၍ ဆက်လည်မည်ဖြစ်သည်။

ဒေါသတရားကို ဝိပဿနာဉာဏ်စသည်ဖြင့် မဖြတ်မိပါက ဒေါသ၊ သောက၊ ပရိဒေဝ စသည်ဖြင့် ခန္ဓပဋိစ္စ သမုပ္ပါဒ် သံသရာ အဆုံးမှစ၍ ဆက်လည်မည်ဖြစ်သည်။

မောဟတရားကို ဝိပဿနာဉာဏ်စသည်ဖြင့် မဖြတ်မိပါက မောဟ၊ အဝိဇ္ဇာ၊ သင်္ခါရ စသည်ဖြင့် ခန္ဓပဋိစ္စ သမုပ္ပါဒ် သံသရာ အစမှစ၍ ဆက်လည်မည်ဖြစ်သည်။

ထိုလောဘ ဒေါသ မောဟတရားတို့၏ ချုပ်ရာ ချုပ်ကြောင်းကား ခန္ဓာငါးပါး တပါးပါး၏ ဖြစ်ပြီး ပျက်သည့် ဒုက္ခသစ္စာတရားကို ဝိပဿနာဉာဏ်ဖြင့်သိမြင်အောင် ရှုပွားအားထုတ် ရမည် ဖြစ်ပေသည်။

ဝိပဿနာတရားကို မရှုပွားဘဲ ရိုးရိုးနေပါက အဝိဇ္ဇာတရားနှင့် အသက်ရှင်နေ၍ သက်ဆိုးရှည်ခြင်းဖြစ်သည်။ ဝိပဿနာတရားကို ရှုပွားအားထုတ်နေပါလျှင် ဝိဇ္ဇာဉာဏ် တရားနှင့် အသက်ရှင်နေ၍ သက်ကောင်းရှည်ခြင်းဖြစ်သည်။

ထို့ကြောင့် သက်ဆိုးရှည်ခြင်းထက် သက်ကောင်းရှည်ဖြစ်ဖို့ရန်က အရေးကြီးလှ၏။တနည်းအားဖြင့် ကံကောင်းဖို့ထက် ဉာဏ်ကောင်းဖို့က ပိုမို၍အရေးကြီးလှပေသည်။

မိမိခန္ဓာကို မည်သည့်သစ္စာပါလိမ့်ဟု မိမိဉာဏ်နှင့် ကြည့်ရှုရန်လို၏။ အနီးကပ်ဆုံးဖြစ်သော မိမိခန္ဓာမှပြသည့် ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရားကိုမှ မိမိဉာဏ်က မမြင်လျှင် သုခသစ္စာချမ်းသာရာအမှန်ဖြစ်သော နိဗ္ဗာန် တရားတော်မြတ် ကိုလည်းမြင်မည်မဟုတ်ပေ။

ခန္ဓပဋိစ္စ သမုပ္ပါဒ်တရားသည် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်နေရသဖြင့် သတ္တဝါ အပေါင်းတို့သည်လည်း ဖြစ်ပြီးပျက်။ ဖြစ်ပြီးပျက်စသည်ဖြင့်သာ မရပ်မနား ရဟတ်ခြားပမာ သံသရာဝဋ်ဆင်းရဲအတွင်း၌ ကျင်လည်နစ်မျော၍ နေကြရသည်ဟု မှတ်ယူရပေမည်။

ခန္ဓ ပဋိစ္စ သမုပ္ပါဒ် တရား ဆက်စပ် လည် ပတ် ရာ ၌ အကြောင်း သမုဒယသစ္စာတရားကြောင့် အကျိုး ဒုက္ခသစ္စာတရား ဖြစ်နေရသဖြင့် ထိုအကြောင်း သမုဒယသစ္စာတရားကို မဖြစ်အောင်ဝိပဿနာဉာဏ်စသည်ဖြင့်ဖြတ်နိုင်ပါက အကြောင်း သမုဒယသစ္စာတရားကြောင့်ဖြစ်မည့်အကျိုးဒုက္ခသစ္စာတရားသည်လည်း ချုပ်ပြတ်မည် ဖြစ်ပေသည်။

အဓိပ္ပာယ်သဘောမှာ ခန္ဓာ၏အရှိတရားသည် ဒုက္ခသစ္စာတရားဖြစ်နေသောကြောင့် ထိုဒုက္ခသစ္စာတရားကို မဂ္ဂသစ္စာဉာဏ်အလုပ်တရားနှင့် မြင်အောင် မှန်းအောင် မလိုချင်၍ ချုပ်ဆုံးအောင် ရှုပွားအားထုတ်နိုင်မှသာ ခန္ဓာ၏အရှိ ဒုက္ခသစ္စာတရား

သည်လည်း ချုပ်ငြိမ်းမည်ဖြစ်သည်ဟု နားလည်သဘောပေါက်ထားရမည်ဖြစ်ပေသည်။

ဤနေရာတွင်ခန္ဓပဋိစ္စသမုပ္ပါဒ်တရား အကြောင်းအကျိုးဆက်စပ်လည်ပတ်ရာ၌ အကြောင်း သမုဒယသစ္စာတရား ချုပ်ငြိမ်းလျှင် အကျိုးဒုက္ခသစ္စာတရားသည်လည်း ချုပ်ငြိမ်းရပုံတို့ကိုသိသာရန် ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ပါဠိတော်ကို ထည့်သွင်းရေးသားဖော်ပြပေအံ့။

## ပဋိစ္စသမုပ္ပါဒ် ပဋိလောမပါဠိတော်

အဝိဇ္ဇာယတွေ၀ အသေသ၊ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ၊ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ၊ နာမရူပနိရောဓော၊နာမရူပနိရောဓာ၊သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ၊ ဖဿနိရောဓော၊ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော၊ တဏှာနိရောဓာ၊ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ၊ ဘဝနိရောဓော၊ ဘဝ နိရောဓာ၊ ဇာတိနိရောဓာ၊ ဇာတိနိရောဓာ၊ ဇရာမရဏ သောက ပရိဒေဝဒုက္ခ ဒေ မနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

# ပဋိစ္စသမုပ္ပါဒ်ပဋိလောမပါဠိတော်၏ အကျဉ်းအဓိပ္ပါယ်

အဝိဇ္ဇာ ချုပ် လျှင် သင်္ခါရ ချုပ်၏။ သင်္ခါရ ချုပ်လျှင် ဝိညာဏ်ချုပ်၏။ ဝိညာဏ်ချုပ်လျှင် နာမ်-ရုပ် ချုပ်၏။ နာမ်-ရုပ် ချုပ်လျှင် သဠာယတနချုပ်၏။ သဠာယတနချုပ်လျှင် ဖဿ ချုပ်၏။ ဖဿချုပ်လျှင် ဝေဒနာ ချုပ် ၏။ ဝေဒနာချုပ်လျှင် တဏှာချုပ်၏။ တဏှာချုပ်လျှင် ဥပါဒါန်ချုပ်၏။ ဥပါဒါန် ချုပ်လျှင် ဘဝချုပ်၏။ ဘဝချုပ်လျှင် ဇာတိချုပ်၏။ ဇာတိ ချုပ်လျှင် ဇရာ မရဏ သောက ပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော ဒုက္ခအစုတို့ချုပ်ရကုန်၏။ တနည်းအား ဖြင့် ဒုက္ခခပ်သိမ်းချုပ်ရကုန်၏။

ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာသည် နိဗ္ဗာန် ချမ်းသာ တရား တော်မြတ်ပင် ဖြစ်ပေသည်။

နိဗ္ဗာန်တရားသည် ဒုက္ခမရောမယှက် သုခသက်သက်သာ ရှိရာဖြစ်သော အသင်္ခတဓာတ်တရားမြတ်ဖြစ်ပေတော့သည်။

အထက်ပါခန္ဓပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အကျယ် အားဖြင့်သိလိုပါလျှင် နိဒါနဝဂ္ဂသံယုတ် ပဋိစ္စသမုပ္ပါဒ် ပါဠိ တော်တွင်ကြည့်ရှုနိုင်ပေသည်။

# ဝိသုဒ္ဓိတရားခုနစ်ပါးအမေးအဖြေ

ခန္ဓပဋိစ္စသမုပ္ပါဒ်တရားကိုအပြီးတိုင် ချုပ်ပြတ်ပြီးနိဗ္ဗာန် ချမ်းသာတရားတော်မြတ်ကိုမြင်ရန် ရရန် က လည်း နည်းလမ်း မမှန်ဘဲ ကျင့်ကြံအားထုတ် ရှုပွား၍ ရမည်ပဟုတ်ပေ။

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်းဖြစ်သည့် ကျင့်စဉ် အစဉ်အတိုင်းကို ကျင့်ကြံအားထုတ်ရှုပွားမှသာ ရမည် ဖြစ်ပေသည်။

သို့အတွက်ကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်လို ရလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့အား နိဗ္ဗာန်ချမ်းသာ တရားရကြောင်းကို နည်းလမ်းကျကျ သိ မြင် ကြ ရန် အတွက် မြေပုံသဖွယ် လမ်းညွှန်ပြတော်မူခဲ့ကြသော အရှင် သာရိပုတ္တရာ နှင့် အရှင်ပုဏ္ဏတို့၏ ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရားအမေးအဖြေ များမှာ အလွန်မှတ်သားဘွယ်ရာကောင်းလှပေသည်။

အရှင် သာရိ ပုတ္တရာ ကိုယ်တော် ကြီး သည်ကားဆိုလျှင် စာရှုသူတို့အနေဖြင့် သိပြီး ဖြစ်ကြသည့် အတိုင်း ဗုဒ္ဓရှင်တော် မြတ်ကြီး၏ လက်ျာတော်ရံဓမ္မသေနာပတိဖြစ်ပြီး ဗုဒ္ဓရှင်တော် မြတ်ကြီးမှလွဲ၍နှစ်ပါးမရှိ၊ ပညာအရာ၌ တေဒဂ်ရတော်မူသော ရဟန္တာကြီးပင်ဖြစ်သည်။

အရှင်ပုဏ္ဏဆိုသည်ကလည်း ရဟန်းများစွာတို့ကို သော တာပန်စသည်တည်အောင် ခန္ဓာနှင့်ဟပ်၍ဟပ်၍ အကွက်ကျကျ

ဟောပြောပြသနိုင်ကြောင်းကို အရှင်ပုဏ္ဏ၏တပည့် ရဟန်းတပါးက ဗုဒ္ဓရှင်တော်မြတ်အား လျှောက်ထားသဖြင့်၊ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင်က ချီးမွမ်းပြီး သာဓုခေါ်တော်မူခြင်းကိုခံတော်မူရသည့်အပြင် ဗုဒ္ဓရှင်တော်မြတ်ကြီးမှလွဲ၍ နှစ်ပါးမရှိ တရားကို ပြသသည့်အရာ၌ ဧတဒဂ် ရတော်မူသော ရဟန္တာကြီးပင်ဖြစ်ပေသည်။

ဤသို့ဗုဒ္ဓရှင်တော်မြတ်ကြီး၏ သာဓုခေါ်တော်မူခြင်းကို ခံတော်မူရသော အရှင်ပုဏ္ဏအား အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက အလွန်တွေ့မြင်လိုလှသော်လည်း တွေ့ဆုံ ခွင့်က မရဘဲဖြစ်နေရ၏။

ထိုသို့ တွေ့ဆုံခွင့်က မရဘဲ ဖြစ် နေ ရ ခြင်း မှာ လည်း ထိုအချိန်၌ ဗုဒ္ဓ ရှင်တော်မြတ်ကြီးနှင့် အရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည်တွင်သီတင်းသုံးနေတော်မူပြီး အရှင်ပုဏ္ဏက ကပိလဝတ်ပြည်၌ ရဟန်းများစွာတို့ကို တရားပြ၍ သီတင်းသုံးနေတော်မူခြင်းကြောင့်ပင်ဖြစ်ပေသည်။

တနေ့သောအခါအရှင်ပုဏ္ဏသည် သီတင်းဝါလကျွတ်၍ ဗုဒ္ဓရှင်တော်မြတ်ကြီးအား ဖူးမျှော် ကန်တော့ရန်အတွက် ဗုဒ္ဓရှင်တော်မြတ်ကြီးထံသို့ရောက်ရှိလာလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးက အရှင်ပုဏ္ဏအားတရားဓမ္မအကြောင်းအရာများကို အမျိုးမျိုး အဖုံဖုံ မေးမြန်းတော်မူရာ အရှင်ပုဏ္ဏက အကွက်ကျကျ ဖြေ လျှောက် ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီးက အရှင်ပုဏ္ဏအား တရားပြသသည့်အရာ၌ တော်လွန်းသည်ဖြစ်၍ သာဓုခေါ်တော်မူပြန်သည်။

အရှင်ပုဏ္ဏသည်လည်း ဗုဒ္ဓရှင်တော်မြတ်ကြီးအားဖူးမျှော်ကန်တော့ပြီးသည့်နောက် အန္ဓဝနအမည်ရှိသည့်တောသို့ကြွသွားတော်မူလေသည်။

ဤသို့ အရှင်ပုဏ္ဏကြွသွားသည့် သတင်းစကားကို အရှင်သာရိပုတ္တရာကြားသိရသောအခါ အရှင်သာရိပုတ္တရာသည်လည်း အရှင်ပုဏ္ဏနောက်သို့လိုက်၍ကြွသွားလေသည်။

အန္ဓဝနတောအတွင်းသို့ ရောက်သောအခါ အရှင်ပုဏ္ဏသည်တရားဓမ္မများကိုရှုပွားအားထုတ်ပြီးဖလသမာပတ်ဝင်စား၍နေတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည်လည်း အရှင် ပုဏ္ဏနှင့်မနီးမဝေးသောအရပ်၌မှာပင် တရားဓမ္မများကို ရှုပွားအားထုတ်ပြီး ဖလသမာပတ်ဝင်စား၍ နေတော်မူလေသည်။

(ဖလသမာပတ် ဝင်စားနေခြင်းဆိုသည်မှာ ဖိုလ်ဇောတွေချည်း ဆက်တိုက်ဖြစ်ပြီး ဖြစ်ပျက် ဒုက္ခသစ္စာ ချုပ်ငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မျက်မှောက်ပြုနေခြင်းပင် ဖြစ်ပေသည်။)

ဤသို့ အရှင်မြတ်နှစ်ပါး ဖလသမာပတ် ဝင်စားခြင်းကိစ္စ ပြီးသောအခါ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏထံသို့ကြွသွားတော်မူပြီး မေးခွန်းပုစ္ဆာများကို မေးမြန်းတော်မူလေသည်။

အရှင်သာရိပုတ္တရာက မေးမြန်းတော် မူသဖြင့် အရှင်ပုဏ္ဏက ဖြေတော်မူပုံ တို့မှာ....

အရှင်သာရိပုတ္တရာ ။ ။ ငါ့ ရှင်၊ ငါ့ရှင် သည် ကားဆို လျှင် ဗုဒ္ဓ ရှင်တော် မြတ်ကြီးထံမှ မြတ်သော တရားတို့ကိုယူပြီး ကျင့်ကြံ အားထုတ် ရှုပွားနေခြင်းသည် (သီလဝိသုဒ္ဓိ) သီလ တရား စင်ကြယ်ရန်အတွက် ကျင့် ကြံ အားထုတ် ရှုပွားနေခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်း အကြောင်း တမျိုးတည်းကြောင့် မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(စိတ္တဝိသုဒ္ဓိ) သမာဓိတရား လုံခြုံပြီး စိတ်စင်ကြယ်ရန်အတွက်ရှုပွားအားထုတ် ခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်းအကြောင်း တမျိုးတည်းကြောင့် လဲ မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(ဒိဋ္ဌိဝိသုဒ္ဓိ) ရုပ် တရား နာမ် တရား ခွဲခြားသိပြီး အယူ အမြင် စင်ကြယ်ရန် အတွက် ရှုပွားအားထုတ်ခြင်း လော။

အရှင်ပုဏ္ဏ။ ။ယင်းအကြောင်း တမျိုးတည်းကြောင့် လဲ မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(ကင်္ခါဝိတရဏဝိသုဒ္ဓိ)၊ ပုဂ္ဂိုလ်၊သတ္တဝါ ငါ၊ သူတပါးစသည်ဖြင့်မရှိ၊အကြောင်း တရားကြောင့်အကျိုးတရား ဖြစ်ရပုံတို့ကို

သိ၍ ယုံမှား သံသယ ကင်းပြီး ဉာဏ် အမြင် စင်ကြယ်ရန်အတွက် ရှုပွားအားထုတ်ခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်းအကြောင်း တမျိုးတည်းကြောင့်လဲ မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ) ဆိုဖြင့် ဘုရား ဖြစ်-ပျက်ဒုက္ခသစ္စာ တရားကိုမြင်ပြီး ဉာဏ်အမြင် စင်ကြယ်ရန် အတွက် ရှုပွားအားထုတ်ခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်း အကြောင်း တမျိုးတည်းကြောင့် လဲ မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(ပဋိပဒါ ဉာဏ ဒဿနဝိသုဒ္ဓိ)ဉာဏ်စဉ် တွေရင့်၍ ဖြစ် ပျက် ဒုက္ခ သစ္စာတရားကို မုန်းပြီး ဉာဏ်အမြင်စင်ကြယ်ရန်အတွက် ရှုပွား အားထုတ်ခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်းအကြောင်း တမျိုးတည်းကြောင့် လဲ မဟုတ်ပါဘုရား။

အရှင်သာရိပုတ္တရာ။ ။(ဉာဏ ဒဿန ဝိသုဒ္ဓိ) ဖြစ် ပျက် ဒုက္ခ သစ္စာ တရား အဆုံးကို မြင်သည့် မဂ် ဉာဏ်၏ အမြင် စင်ကြယ်ရန် အတွက် ရှုပွားအားထုတ်ခြင်းလော။

အရှင်ပုဏ္ဏ။ ။ယင်းအကြောင်း တမျိုးတည်းကြောင့် လဲ မဟုတ်ပါဘုရား။ ယင်း အကြောင်း

> များသည်ကား ဆိုလျှင် ပြုပြင်ခြင်းကြောင့် ဖြစ်သော သင်္ခတ နယ်မှသာ ရှိပါသေးသည်။ ၎င်းသင်္ခတ နယ်မှ လွတ်ပြီး မည်သည့်အကြောင်းမှ ပြုပြင်၍ မထားသော အသင်္ခတဓာတ် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရခြင်းအကျိုးငှာ ကျင့်ကြံအားထုတ် ရှုပွား နေခြင်းသာ ဖြစ်ပါသည် ဘုရားဟု မြွက်ကြားတော်မူ၏။

တဖန်ဆက်၍ အရှင်ပုဏ္ဏကပင် အရှင် သာရိပုတ္တရာအား ရထား ခုနစ်စီးနှင့် ဥပမာပြု၍ ဖြေရှင်းတော်မူပြန်သည်။

အရှင်ပုဏ္ဏ၏ ရထားခုနစ်စီးနှင့် ဥပမာပြု၍ ဖြေရှင်းတော်မူပုံမှာ....

သာဝတ္ထိပြည်၌ရှိနေသော ပသေနဒီကောသလ မင်းကြီးသည် ခရီးအားဖြင့် ခုနစ်ယူဇနာကွာဝေးသည့် သာကေတမြို့ရှိ သူ၏ဆွေမျိုးများထံသို့ ကိစ္စတခုကြောင့် မြင်း ရထား စီးပြီး သွားရလေသည်။

၎င်း ခုနစ်ယူဇနာကွာဝေးသည့် ခရီးလမ်း၌လည်း တယူဇနာလျှင် မြင်းရထားတစီးသာ သူ့နေရာနှင့်သူ ပိုင်းခြားသတ်မှတ်၍ သွားလေသည်။ ပိုပြီးမသွားပေ။

ထို့ကြောင့် ပသေနဒီကောသလမင်းကြီးသည် ပထမ မြင်းရထားတစီးကို စီးရာတွင် တယူဇနာခရီးသာ ရောက်သော

ကြောင့် နောက်တယူဇနာ ခရီးအတွက် ဒုတိယ မြင်းရထား တစီးကို ပြောင်း၍ စီးရပြန်သည်။

သို့နှင့်ပင် ခုနစ်ယူဇနာ ကွာဝေးသော ခရီး လမ်းကို အစဉ်အတိုင်း မြင်းရထားခုနစ်စီးပြည့်အောင် တဆင့်ပြီးတဆင့် အဆင့်ဆင့်ပြောင်းစီး၍ နောက်ဆုံးမြင်းရထားပေါ်မှ ဆင်းပြီးမှသာ သာကေတမြို့ရှိ သူ၏ဆွေမျိုးများ ထံသို့ ရောက်ရခြင်း ဖြစ်သည်။

ဤကဲ့သို့ မြင်းရထားများကို အဆင့်ဆင့် ပြောင်းစီးလာပြီးမှ ရောက်ရသည်ကို ပသေနဒီ ကောသလ မင်းကြီးအား သူ၏ဆွေမျိုးများက ဤမြင်းရထားနှင့်ပင် လာ၍ ရောက်ပါသလောဟု မေးလျှင် ပသေနဒီကောသလ မင်းကြီး အနေဖြင့် နောက်ဆုံးစီးလာသော မြင်းရထားတစီး၏ အမည်ကို ဖော်ပြပြီး ၎င်းမြင်းရထားနှင့်လာ၍ ရောက်သည်ဟု ဖြေ၍ မရသကဲ့သို့ပင်။

နိဗ္ဗာန်ချမ်းသာတရားရကြောင်း ဖြစ်သော တရားကိုလည်း ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရား အစဉ်အတိုင်းကို တဆင့်ပြီးတဆင့် အဆင့်ဆင့် ကျင့်ကြံအားထုတ် ရှုပွားပြီးမှသာလျှင် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကိုလည်း ရမည်ဟု မြင်းရထား ခုနစ်စီးနှင့် ဥပမာပြု၍ ဖြေရှင်းတော်မူလိုက်လေသည်။

အရှင် ပုဏ္ဏ၏ ဝိသုဒ္ဓိတရားခုနစ်ပါးကို မြင်းရထား ခုနစ်စီးနှင့် ဥပမာပြု၍ ဖြေရှင်းတော်မူပုံတို့ကို အရှင်သာရိပုတ္တရာက အလွန်နှစ်ထောင်း အားရတော်မူသဖြင့် ချီးမွမ်းပြီး သာဓု ခေါ်တော် မူလေသည်။

အထက်ပါ ဝိသုဒ္ဓိ တရားခုနစ်ပါး ကျင့်စဉ်တရားများကို အရှင်သာရိပုတ္တရာက မသိ၍ မေးနေခြင်းမဟုတ်ပါ။အကြောင်း မရှိဘဲနှင့်လည်း မေးမြန်းနေသည်မဟုတ်ပါ။ နောင်လာနောင် သား သံသရာဝဋ် ဒုက္ခသည်များ အတွက် နိဗ္ဗာန်ချမ်းသာတရား ရကြောင်း မြေပုံသဘွယ်ဖြစ်သော ဝိသုဒ္ဓိတရားခုနစ်ပါးကျင့် စဉ် အစဉ်အတိုင်းကို ကျင့်ကြံအားထုတ် ရှုပွားပြီးမှသာ နိဗ္ဗာန် ချမ်းသာ တရားတော်မြတ် ရမည်ဖြစ်ကြောင်းကို နား လည် သဘောပေါက်ကြစေရန် အရှင်ပုဏ္ဏအား မေးခွန်းပုစ္ဆာများ ကို မေး၍ ထားတော်မူခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

အထက်ပါ ဝိသုဒ္ဓိတရားခုနစ်ပါး အမေးအဖြေ များကို တနည်းအားဖြင့် အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏတို့၏ အမေး အဖြေများ ကိုအကျယ်အားဖြင့် သိလိုပါလျှင် မူလပဏ္ဏာသ ပါဠိ တော် ရထဝိနီတသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## အရှုခံတရားနှင့် ရှုဉာဏ်တရား

အရှုခံတရားသည် ခန္ဓာငါးပါး ရုပ်-နာမ်တရား နှစ်ပါး တို့၏ ဖြစ်ပြီးပျက်သည့် ဒုက္ခသစ္စာတရားဖြစ်သည်။

ရှုဉာဏ်တရားသည် မဂ္ဂင်ရှစ်ပါး ဉာဏ် အလုပ်တရား ပင်ဖြစ်ပေသည်။

အထက်ပါအရှုခံတရားနှင့် ရှုဉာဏ်တရားတို့ကို နား လည်သဘောပေါက်စေရန် ရေးသားဖော်ပြပေအံ့။

သီလတရားစင်ကြယ်မှ သမာဓိ တရားကို ရှုပွားအား ထုတ်၍ရမည်ဖြစ်၏။သမာဓိတရား လုံခြုံပြီး စိတ်စင်ကြယ်မှ ရုပ်တရား နာမ်တရားတို့ကို ခွဲခြားပြီးသိမြင်မည်ဖြစ်၏။ ရုပ်တရား နာမ်တရားတို့ကို ခွဲခြားသိပြီး အယူအမြင် စင်ကြယ်မှ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည် ဖြင့် မရှိ အကြောင်းတရား ကြောင့် အကျိုးတရားဖြစ်ရပုံတို့ကို သိ၍ ယုံမှားသံသယ ကင်းပြီး ဉာဏ်အမြင်စင်ကြယ်မည်ဖြစ်၏။

ထိုကဲ့သို့ ဉာဏ်အမြင်စင်ကြယ်မှ ဖြစ်–ပျက် ဒုက္ခ သစ္စာ တရားကိုမြင်အောင် ရှုပွား အားထုတ်၍ရမည်ဖြစ်၏။ ဖြစ်–ပျက် ဒုက္ခသစ္စာတရားကို မြင်အောင် ရှုပွားအားထုတ်နိုင်မှ ဖြစ်–ပျက် ဒုက္ခသစ္စာတရာကိုမြင်မည်ဖြစ်၏။ ဖြစ်–ပျက် ဒုက္ခသစ္စာတရားကို သိမြင်မှဖြစ်–ပျက်ဒုက္ခသစ္စာတရားကိုမုန်းမည်ဖြစ်၏။ဖြစ်-ပျက်ဒုက္ခ ဒုက္ခသစ္စာတရားကိုမုန်းမှ ဖြစ်–ပျက် ဒုက္ခသစ္စာတရား အဆုံးကို မြင်သည့် မဂ်ဉာဏ်တရားကို ရမည်ဖြစ်၏။ မဂ်ဉာဏ်တရားကို ရမှ ဖိုလ်ဉာဏ်တရားကိုရမည်ဖြစ်၏။ ဖိုလ်ဉာဏ်တရားကို ရမှ သာလျှင် သုခသစ္စာချမ်းသာရာအမှန်ဖြစ်သည့်နိဗ္ဗာန်တရားတော် မြတ်ကိုရမည်ဖြစ်၏။

သို့ဖြစ်၍ နိဗ္ဗာန်ချမ်းသာ တရား တော် မြတ်ကို ရရန် အဘို့က် အထက်တွင် ရေး သား ဖော် ပြခဲ့ပြီး ဖြစ်သည့် ဝိသုဒ္ဓိ ခုနစ်ပါး ကျင့်စဉ်တရား အစဉ်အတိုင်းကို ကျင့်ကြံ အားထုတ် ရှုပွားရမည်ဖြစ်ပေသည်။

ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရား အစဉ်အတိုင်းဆိုရပါမူ....

နံပါတ် ၁ ဖြစ်သည့် သီလတရားစင်ကြယ်ရန်မှာ သီလတရားကို ခံယူ ဆောက် တည် စောင့်ထိန်း ထား လိုက် ပါလျှင်ရပေသည်။

နံပါတ် ၂ ဖြစ်သည့် သမာဓိတရား လုံခြုံပြီး စိတ်စင်ကြယ်ရန်မှာလည်း အာနာပါနနုဿတိစသည့်သမထတရားတို့ကို ရှုပွားအားထုတ်ပါလျှင်ရပေသည်။

နံပါတ် ၃ ဖြစ်သည့် ရုပ်တရားနာမ်တရားတို့ကို ခွဲခြားသိပြီးအယူအမြင်စင်ကြယ်ရန်နှင့်—

နံပါတ် ၄ ဖြစ်သည့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့်မရှိ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရပုံတို့ကိုသိ၍ ယုံမှားသံသယကင်းပြီး ဉာဏ်အမြင် စင် ကြယ်ရန်အတွက်လည်း ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ပုံတရားတို့ကို ရှင်းလင်း ဖော်ပြ ရေးသား ခဲ့ပြီး ဖြစ်၍ နားလည်သဘောပေါက်ထားကြပြီးဖြစ်ပေသည်။

ထို့ကြောင့် နံပါတ် ၅ ဖြစ်သည့် ဖြစ်–ပျက် ဒုက္ခသစ္စာတရားကိုမြင်ပြီး ဉာဏ်အမြင် စင်ကြယ်ရန်အတွက် ရေးသားဖော်ပြရန်လိုအပ်လာပေသည်။

ဖြစ်ပြီးပျက်သည့် တရားကို ခန္ဓာအတွင်း၌ ဉာဏ်အမြင်ရှင်းအောင် ရှုပွားအားထုတ်ရမည်ဖြစ်သည်။

ဖြစ်ပြီးပျက်သည့်တရားကို ခန္ဓာအတွင်း၌ ဉာဏ်အမြင်ရှင်းအောင် ရှုပွားအားထုတ်ရမည်ဟုဆိုခြင်းသည် အနိစ္စလက္ခ

ဏာသည်ပင် ဖြစ်ပျက်။ ဒုက္ခလက္ခဏာသည်ပင်ဖြစ်ပျက်။အနတ္တလက္ခဏာသည်ပင်ဖြစ်ပျက်။ အသုဘလက္ခဏာသည်ပင် ဖြစ်ပျက်။ ဤကဲ့သို့ ဖြစ်ပျက်တမျိုးတည်း၌ အကျုံး၀င်နေခြင်းကြောင့်ပင် ဖြစ်၏၊ ဤ ဖြစ်ပြီး ပျက်သည့် တရားသည်လည်း ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားသာ ဖြစ်သည်ဟု မှတ်ယူရပေမည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားနှစ်ပါးတို့၏ ဖြစ်ပြီး ပျက်သည့် ဒုက္ခသစ္စာတရားကို ဉာဏ်အမြင်နှင့်သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတည်းဟူသော ဒိဋ္ဌိ သုံးမျိုးလုံးပင် စင်ကြယ်ခြင်းဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သည့် ဖြစ်ပေါ်မှုကို သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ချုပ်ပျက်ကြောင်းဖြစ်သည့် ပျက်မှုကိုသိမြင်လျှင် သဿတဒိဋ္ဌိနှင့်သက္ကာယဒိဋ္ဌိ စင်ခြင်းကြောင့်ပင်ဖြစ်ပေသည်။

ခန္ဓာ၏အရှိ ဖြစ် ပြီး ပျက် သည့် ဒုက္ခသစ္စာ တရားကို ခန္ဓာအတွင်း၌ ဉာဏ်အမြင်ရှင်းစွာ သိမြင်မှသာလျှင် အကျင့်မှန် မဂ္ဂင်လမ်းဖြစ်သည်ဟု နားလည် သဘောပေါက်ထားကြရပေမည်။

ဉပမာ- လူသေကိုမြင်၍ ငါလဲ သေရဦးမည် ဆိုရုံဖြင့် သေခြင်းတရားကို မြင်သည်ဟု မထင်ပါလေနှင့်။ ခေါ်ဝေါ် သမုတ်ထား သည့် သေခြင်း တရားကို သာ မြင်၍ အချိန်မရွေး သေနေလျက်ရှိသော သဘာဝ သေခြင်းဒုက္ခကိုကား မြင်သည် မဟုတ်ပေ။

စာရေးသူ၏ခန္ဓာသည် အစဉ် ဒလစပ် သေနေသည်ဟု မှတ်ယူရမည်။ ယခုစာရှုနေသူ၏ခန္ဓာသည်လည်း စာတလုံးကိုဖတ်ပြီးလျှင် တခါသေခြင်းဖြစ်သည်။ စာဆယ်လုံးကို ဖတ်ပြီးလျှင်လည်း ဆယ်ခါသေခြင်းဖြစ်သည်။ စာလုံးပေါင်း ရာထောင်သောင်း စသည်တို့ကိုဖတ်ပြီးလျှင်လည်း သေခြင်းတရားက ရာထောင်သောင်းစသည်ဖြင့် သေနေလျက်ရှိသည်ဟု တနည်းအားဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ အသုဘလက္ခဏာတည်းဟူသော ဖြစ်ပြီး ပျက်သည့်ဒုက္ခသစ္စာတရားသာဖြစ်နေသည်ဟုသိတတ်ကြရန်လိုအပ်လှသည်။

ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက်တော်မူခဲ့သော သစ္စာလေးပါးတရားကို ပါဠိနှင့် အနက်အဓိပ္ပါယ်တို့ကိုပါ သိပါလျက် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မမြင်ခြင်းသည် ပြောသံကြားသိ၊ သညာသိသာသိနေပြီး ခန္ဓာအတွင်း၌ ပညာသိ ဉာဏ်အမြင်သိ သိခြင်းမဟုတ်သောကြောင့်ပင် ဖြစ်ပေသည်။

ဥပမာဆောင်ပြပါဦးအံ့၊ ဆေးစာဖတ်ရုံမျှနှင့် ရောဂါမပျောက်။ ဆေးစာအတွင်း၌ ရှိသော ဆေးစာအညွှန်းအတိုင်း ဆေးဖော်စပ်ပြီးစားမှသာ ရောဂါ ပျောက်ကင်းမည် ဖြစ်သကဲ့သို့ပင်။

မိမိခန္ဓာအတွင်း၌ရှိသော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို မိမိပညာဉာဏ်နှင့် သိမြင်မှသာ အသိမှန်ဖြစ်ပေသည်။

အမှန်ရှိသည့် သဘာဝတရားတို့ကို မိမိကိုယ်တိုင် သိမြင်ရန်အတွက် ကျင့်ကြံအားထုတ် ရှုပွားရမည် ဖြစ်ပေသည်။

"ဒုက္ခပါဘဲ"ဟု ဆိုခြင်းသည် ကလေး လူကြီး အားလုံးက မိမိတို့၏ အလိုဆန္ဒမပြည့်ဝသည့်အခါ၌ နှုတ်မှ ရွတ်ဆိုတတ်ကြသည်။ ထိုဒုက္ခသည် လူတိုင်းသိနေကြသည် မဟုတ်ပါလား။ ဤလို သူငါ သိသည့် ဒုက္ခမျိုးသည် ဒုက္ခတရားအစစ် မဟုတ်ပါ။ ပြောသံကြား၊ ဆိုသံကြားဖြင့် သိသည့် ဒုက္ခ မျိုးပင် ဖြစ်သည်။

ဒုက္ခအစစ်အမှန်က အကြောင်းကြောင့်ဖြစ်သော ဒုက္ခကို ဆိုခြင်းဖြစ်သည်။

အကြောင်းတရားကြောင့်ဖြစ်သော ဒုက္ခကိုသိမှ၊ မြင်မှသာ အကျိုးဒုက္ခသစ္စာတရားကို သိမြင်သည် မည်၏။

ယခု ဒုက္ခဖြစ်ကြောင်းကို မဖြစ်ပါမှသာ နောင်ဖြစ်မည့် အကျိုးဒုက္ခမှလည်း လွတ်မည်ဖြစ်ပေသည်။

ဤသည်ကို သိသာရန် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၌ ဗုဒ္ဓရှင်တော်မြတ် ဟောကြားမိန့်မြွက်တော် မူသည်ကို ရေးသားဖော်ပြပေအံ့။

ဒုက္ခမေဝ၊ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပဇ္ဇတိ။
ဒုက္ခံ၊ နိရုဇ္ဈမာနံ၊ နိရုဇ္ဈတိ။

ဒုက္ခမေဝ၊ဒုက္ခတရားသာလျှင်၊ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲဖြစ်၍ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဒုက္ခမေဝ၊ဒုက္ခတရားသာလျှင်။ နိရုဇ္ဈမာနံ၊ ချုပ်ဆဲဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။ဟုဗုဒ္ဓရှင်တော်မြတ်ဟောကြားမိန့်မြွက်တော်မူခဲ့လေသည်။

ထို့ကြောင့် မိမိသန္တာန်၌ ဖြစ်ပေါ်သည့် တရားသည် ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်ခြင်းသာရှိ၏။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်, ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ ဟု ဆုတောင်းရုံမျှနှင့်မရ။ မိမိခန္ဓာအတွင်း၌ မိမိဉာဏ်နှင့် ဖြစ်-ပျက်တရားတို့ကို သိမြင်အောင်၊ မှန်းအောင်၊ ဆုံးအောင် ရှုပွားအားထုတ်နိုင်မှသာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရမည်ဟု သိအပ်လှပေသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ တည်းဟူသော တရားတို့ကို အကျဉ်းချုံးလိုက်ပါလျှင် ဖြစ်ပြီး ပျက်သည့် သဘောတရားသာ ရှိ၏။

သတိပဋ္ဌာန်ပါဠိတော်၌လည်း သမုဒယဓမ္မာ၊ဖြစ်ကြောင်းသဘော။ ဝယဓမ္မာ၊ပျက်ကြောင်းသဘော၌။သမုဒယ၊ဝယဓမ္မာ၊ ဖြစ်ကြောင်းသဘော၊ ပျက်ကြောင်းသဘော၌သာ ရှုပွားအားထုတ်ရမည်ဖြစ်ပေသည်။ ဖြစ်ပြီးပျက်သွားခြင်းတို့ကို သိမှုသည် အဓိက အရေးကြီးကြောင်း ဖြစ်သည်ဟု ဟောကြား မိန့်မြွက်တော် မူခဲ့လေသည်။

ထို့ကြောင့် ခန္ဓာအတွင်း၌ ဉဒယနှင့် ဝယ သာ ရှိသည်ဟု သိအပ်လှ၏။

ဉဒယဆိုသည်က ဖြစ်မှု၊ ဝယဆိုသည်က ပျက်မှု။ ဖြစ်မှုသည်လည်း ပျက်ရန်ဖြစ်သဖြင့် ဒုက္ခ၊ ပျက်မှုသည်လည်း ပျက်ရသဖြင့် ဒုက္ခ။ ဤကဲ့သို့ ဖြစ်ဒုက္ခနှင့် ပျက်ဒုက္ခသာရှိပြီး ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားချည်းသာ ရှိပေသည်။

ထို့ကြောင့် မိမိခန္ဓာအတွင်း၌ရှိသည့် ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို မိမိဉာဏ်နှင့်သိမြင်အောင် ရှုပွားအားထုတ်ရမည် ဖြစ်သည်။

ခန္ဓာ၏ ဖြစ်စဉ်သည် ပင်ကိုယ်သဘောကို စွန့်ခြင်းသာ ရှိ၏။ ပင်ကိုယ်သဘောက ဖြစ်မှု။ စွန့်တာက ပျက်မှု။ သို့ဖြစ်၍ ဖြစ်မှုနှင့်ပျက်မှုသာ ရှိပေသည်။

ဤဖြစ်-ပျက် တရားတို့ကို သိမြင်ရန်ကလည်း ဝိပဿနာဉာဏ်နှင့် ရှုပွားအားထုတ်မှသာ သိမြင်မည်ဖြစ်သည်။

ဤနေရာတွင် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရမှုသည် ဝိပဿနာတရား ရှုပွားအားထုတ်မှု အပေါ်၌သာ မူတည်နေခြင်းဖြစ်သည်ကို နားလည် သဘောပေါက်ထားကြရပေမည်။

အကြားအမြင် မများသည့် အန္ဓပုထုဇဉ်လူပြိန်း၏ မျက်စိနှင့် ခန္ဓာကိုကြည့်လျှင် လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတရားတို့သာ ဖြစ်ပြီး သံသရာဆက်ခြင်း အကြောင်းဖြစ်သည်။

အကြားအမြင်များသည့် ကလျာဏ ပုထုဇဉ်၏ ဉာဏ်မျက်စိနှင့် ခန္ဓာကိုကြည့်လျှင် ဖြစ်ပြီးပျက်သည့် တရားကိုသာမြင်သဖြင့် သံသရာမှ ပြတ်ခြင်းအကြောင်းဖြစ်သည်။

မိမိခန္ဓာကို မိမိဉာဏ်နှင့် အထူးထူး အပြားပြားစောင့်၍ ရှုပွားဆင်ခြင်သော အလုပ်သည် ဝိပဿနာတရားကို ရှုပွားအားထုတ်နေခြင်း အလုပ်ဖြစ်သည်။

ဝိပဿနာတရား ရှုပွားခြင်းသည် မဂ္ဂင် အလုပ်တရားကို ရှုပွားအားထုတ်နေခြင်းပင် ဖြစ်၏။

မဂ္ဂ ဗြဟ္မ စရိယာ အကျင့်ဆိုသည်လည်း ဝိပဿနာတရား ရှုပွားဆင်ခြင်သည်ကို ဆိုပေသည်။

ဝိပဿနာတရား ရှုပွားခြင်းဆိုသည် နောက် ခန္ဓာအစဉ် ပြတ်ရန် အားထုတ်ခြင်းဖြစ်၏။ မအိုရာ၊ မနာရာ၊ မသေရာ ရှာသည့်အလုပ်လည်း ဖြစ်၏။ သစ္စာသိရန် မိမိစိတ်ကို မိမိအကဲ ခတ်ကြည့်နေခြင်းအလုပ်လည်း ဖြစ်၏။ မိမိခန္ဓာ၏အရှိသဘော အမှန်ကို မိမိဉာဏ်နှင့် စောင့်၍ ရှုပွားနေခြင်း အလုပ်လည်း ဖြစ်၏။

ဝိပဿနာတရားဆိုသည် အားစိုက် လိုက်ရှာပြီး ရှုပွား ရသော အလုပ်မဟုတ်ပါ။ ခန္ဓာမှပြသည့် သဘော လက္ခဏာ အမှန်ကို ဉာဏ်နှင့်စောင့်၍ ရှုပွားအားထုတ်ရသော အလုပ်ပင် ဖြစ်ပေသည်။

ပညာ၊ ဝိဇ္ဇာ၊ အမောဟ၊ သမ္မာဒိဋ္ဌိ၊ သမ္မဇဉ်၊ ဝိပဿ နာ တည်းဟူသောတရားတို့သည် ပါဠိလို အခေါ်မတူခြားသော် လည်း သဘောမှာ အတူတူပင်ဖြစ်၏။ ယင်းတရား တို့သည် ရှုဉာဏ်တရားချည်းသာ ဖြစ်သည်ဟု သဘောပေါက် နားလည် ကြရပေမည်။

ဝိပဿနာတရား ရှုပွားခြင်း ဆိုသည် အရှုခံ ဖြစ်သော ခန္ဓာငါးပါး တပါးပါး ပေါ်၌ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခ ဏာ၊ အနတ္တလက္ခဏာ၊ အသုဘလက္ခဏာတည်းဟူသော ဖြစ်-ပျက် သဘောတရားတို့ကို ဉာဏ်နှင့် အ ထူး ထူး အပြားပြား ရှုပွါးဆင်ခြင်သောအလုပ်ဖြစ်၏။

စာရှုသူတို့အနေဖြင့်လည်း ခန္ဓာငါးပါးသည်အရှုခံတရား ဖြစ်သည်ကို သဘောပေါက် နားလည်ထားကြပြီးဖြစ်ပေသည်။

ဤခန္ဓာငါးပါး တရား တို့ကို ဝိပဿနာဉာဏ် အလုပ် တရားရှုပွားအားထုတ်ရာ၌ လွယ်ကူစေရန်အတွက် သတိပဋ္ဌာန် တရားလေးပါးအတွင်းသို့ အကျုံးဝင်ပုံတို့ကို ထည့်သွင်းရေး သားဖော်ပြပေအံ့။

၁။ ရူပက္ခန္ဓာသည် ကာယာနုပဿနာသတိပဋ္ဌာန်တရား ဖြစ်၏။

၂။ ဝေဒနာက္ခန္ဓာသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် တရားဖြစ်၏။

၃။ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာနှစ်ပါးသည် ဓမ္မာနု ပဿနာသတိပဋ္ဌာန်တရားဖြစ်၏။

၄။ ဝိညာဏက္ခန္ဓာသည် စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားဖြစ်၏။

ဝိညာဏ် နာမ် အသက် စိတ် မနော တည်းဟူသောတရား တို့သည် ပါဠိလို အခေါ် မတူငြားသော်လည်း သဘောမှာ အတူတူပင်ဖြစ်၏။ ယင်းတရားတို့သည် သိမှု တရားချည်းသာ ဖြစ်သည်ဟု နားလည်သဘောပေါက်ထားကြရပေမည်။

ဤကားအရှုခံဖြစ်သော ခန္ဓာ ငါးပါး တရားတို့သည် သတိပဋ္ဌာန်တရားလေးပါးအတွင်းသို့ အကျုံးဝင်ပုံတို့ပင် ဖြစ် ပေသည်။

သတိပဋ္ဌာန်တရားမပါဘဲ နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကို ရသည်ဟူ၍ မရှိချေ။

သတိပဋ္ဌာန်တရားဆိုသည်မှာ သတိသမ္ပဇည သတိနှင့် ပညာ တွဲနေခြင်းကိုဆိုလိုသည်။

သတိဆိုသည်မှာ မိမိ၏ခန္ဓာ မည်ကဲ့သို့ ဖြစ်နေသည်ကို ဂရုတစိုက်ကြည့်ရှုခြင်းဖြစ်၏။

ပညာဆိုသည်မှာ မိမိ၏ခန္ဓာမှုပြသောတရားကို မည်သို့သဘောရှိသည်ဟု ဆုံးဖြတ်ချက်ချခြင်းပင်ဖြစ်သည်။

မိမိခန္ဓာ၏ဖြစ်စဉ်ကို သတိမထားသောပုဂ္ဂိုလ်သည်မသိ၊ သတိထားသော ပုဂ္ဂိုလ်မှသိမည်ဖြစ်သည်။

ရှုဉာဏ်တရားဆိုသည်မှာ သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ ဆိုသည့် ပညာမဂ္ဂင်နှစ်ပါးနှင့် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ ဆိုသည့် သမာဓိမဂ္ဂင်သုံးပါးတည်းဟူသော မဂ္ဂင်တရားငါးပါး သည် ရှုတတ်သော ရှုဉာဏ်တရားများဖြစ်ပေသည်။

အရှုခံတရားသည် ခန္ဓာငါးပါးဖြစ်၏။ တနည်းအားဖြင့် သတိပဋ္ဌာန်တရားလေးပါးဖြစ်၏။ ရှုဉာဏ်တရားသည် အထက်ပါ မဂ္ဂင်တရားငါးပါးသာ အဓိကအချက် ဖြစ်ပေသည်။

ဝိပဿနာတရားကို ရှုပွားအားထုတ်နေသော ပုဂ္ဂိုလ်၌ သီလတရားသည် ရှိပြီးသားဖြစ်နေပေ၏။

ဝိပဿနာတရားတို ရှုပွားအားထုတ်နေသော ပုဂ္ဂိုလ်၌ သီလတရားသည် ရှိပြီးသားဖြစ်နေ၏ ဟု ဆိုရခြင်း သော်လည်း စောင့်ထိန်းထားပြီးဖြစ်နေသည့် သီလတရားသာရှိခြင်းဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်ဖြစ်မှသာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ တည်းဟူသော သီလမဂ္ဂင် သုံးပါးမှာလည်း တည်ပြီး မဂ္ဂင်ရှစ်ပါးပြည့်သည်ဟု နားလည်သဘောပေါက်ထားကြရမည် ဖြစ်ပေသည်။

ဤကားအခံရှုတရားနှင့် ရှုဉာဏ်တရားတို့ကို အကျဉ်းအားဖြင့် ရေးသားဖော်ပြခြင်းပင်ဖြစ်ပေသည်။

## သတိပဋ္ဌာန် တရားလေးပါး ရှုပွားပုံ ရှုပွားနည်း

သတိပဋ္ဌာန် တရားလေးပါးကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဝါသနာ စရိုက်နှင့်လျော်သော အရှုခံ သတိပဋ္ဌာန်တရားကို မှီတည်၍ ရှုပွားအားထုတ် ကြရန်လည်း လိုအပ်သေးသည်။

ဤသည်ကို ဖော်ပြရလျှင် ပညာစရိုက် မထက်မြက်သော ပုဂ္ဂိုလ်သည် ကာယာနုပဿနာ သတိပဋ္ဌာန်တရားနှင့် သင့်လျော်ပေသည်။

တဏှာစရိုက်များသောပုဂ္ဂိုလ်သည် ဝေဒနာ နုပဿနာ သတိပဋ္ဌာန်တရားနှင့် သင့်လျော်ပေသည်။

ဒိဋ္ဌိစရိုက်များသော ပုဂ္ဂိုလ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားနှင့် သင့်လျော်ပေသည်။

ပညာစရိုက်ထက်မြက်သောပုဂ္ဂိုလ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားနှင့် သင့်လျော်ပေသည်။

ဤနေရာ၌ ဝါသနာစရိုက်နှင့် လျော်သော သတိပဋ္ဌာန် တရားလေးပါး ခွဲပြထားသော်လည်း သတိပဋ္ဌာန် တရားလေး

ပါးသည် တပါးကို ရှုပွားလျှင် သတိပဋ္ဌာန် တရား လေးပါး အားလုံးပင် ပါဝင်ခြင်းဖြစ်သည်။

တနည်းအားဖြင့် ခန္ဓာငါးပါးသည် တပါးကိုရှုပွားလျှင် ခန္ဓာငါးပါးအားလုံးပင် ပါဝင်ခြင်းဖြစ်သည်။

တနည်းအားဖြင့် ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်ပါလျှင် ရုပ်တရား၊ နာမ်တရား နှစ်ပါးသာရှိခြင်းဖြစ်သည်။ ၎င်း ရုပ်တရား၊ နာမ်တရား နှစ်ပါးရှိသည့်အနက် ရုပ်တရားကိုရှုပွားလျှင် နာမ်တရားပါဝင်၏။ နာမ်တရားကို ရှုပွားလျှင်လည်း ရုပ်တရား ပါဝင်ခြင်းဖြစ်သည်။

ဝိပဿနာတရားကို ရှုပွားအားထုတ်ရာ၌ မည်သည့်သတိပဋ္ဌာန်တရားမဆို နောက်ဆုံး သစ္စာတရားကို သိမြင်သည့်အပိုင်းတွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား၌သာ လမ်းဆုံးရခြင်းဖြစ်ပေသည်။

ဝိပဿနာတရားကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် အနိစ္စသည် ဒုက္ခသစ္စာ။ ဒုက္ခသည် ဒုက္ခသစ္စာ။ အနတ္တသည် ဒုက္ခသစ္စာ။ အသုဘသည် ဒုက္ခသစ္စာ။ ဖြစ်ပျက်သည် ဒုက္ခသစ္စာ။ ဤကဲ့သို့ ဒုက္ခသစ္စာတရားချည်းသာ ဖြစ်နေသောကြောင့် ဒုက္ခသစ္စာတရား အတွင်း၌သာ အတူတူပင် အကျုံးဝင်၏ဟုမှတ်ယူကြရပေမည်။

ဗုဒ္ဓရှင်တော်မြတ်သည် မဟာသတိပဋ္ဌာနသုတ်ပါဠိတော်တွင် ဝိပဿနာတရား ရှုပွားသည်မှာ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ ရှုပွားအားထုတ်ရမည်ဟု ဟောကြား မိန့်မြွက်တော်မူခဲ့လေသည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ ရှုပွားအားထုတ်ရမည့် အရှုခံဖြစ်သော တရားသည်လည်း သတိပဋ္ဌာန် တရားလေးပါးပင် ဖြစ်ပေသည်။

သတိပဋ္ဌာန်တရားလေးပါးဆိုသည်မှာ

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်။ ၂။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်။ ၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ သတိပဋ္ဌာန်တရားလေးပါး ရှိကုန်၏။

ဤအရှုခံဖြစ်သော သတိပဋ္ဌာန် တရားလေးပါး ရှုပွားပုံ ရှုပွားနည်းကို ဤနေရာ၌ ခွဲခြားပြီး ရေးသားဖော်ပြပေအံ့။

## ကာယာနုပဿနာသတိပဋ္ဌာန်တရား

## ရှုပွားပုံ ရှုပွားနည်း

ကာယာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွား နည်းမှာ (ရူပက္ခန္ဓာ) ဖောက်ပြန်မှု သဘောတရားအစု။ ရုပ်ဓာတ် တို့ကို အဖန်ဖန် ရှုပွားခြင်းပင် ဖြစ်သည်။

ရုပ်ဓာတ်သဘောတရားတို့ ဆိုရာတွင် ရုပ် ၂၈ ပါးရှိ၏။

ဤရုပ် ၂၈ ပါး၏ မူလအရင်းခံ ဦးစီးခေါင်းဆောင်ဖြစ်သော ဓာတ်တရားသည်ကား ဆိုလျှင်လည်း ပထဝီဓာတ်၊ အာ

ပေါခေတ်၊ တေဇောခေတ်၊ ဝါယောခေတ်ဟူ၍ အမာခံ မဟာဘုတ်ခေတ်ကြီး လေးပါးသာ ဖြစ်ပေသည်။

ထိုအမာခံ မဟာဘုတ်ခေတ်ကြီး လေးပါး၏ သဘောတရားသည်ကား....

၁။ ပထဝီခေတ်၊ မာမှုသဘော၊ ပျော့မှုသဘောတရားအစု။ ၂။ အာပေါခေတ် ဖွဲ့စည်းမှုသဘော၊ ယိုးစီးမှုသဘောတရားအစု။ ၃။ တေဇောခေတ် အေးမှုသဘော၊ ပူမှုသဘောတရားအစု။ ၄။ ဝါယောခေတ် ထောက်ကန်မှုသဘော၊ လှုပ်ရှားမှု သဘောတရားအစုတို့ ဖြစ်ကြကုန်၏။

ကာယာ နုပဿနာ ရှုပွားရာ၌ ဤအမာခံ မဟာဘုတ်ခေတ်ကြီးလေးပါးသာ လိုရင်း ပဓာန သဘောတရားဖြစ်သည်။

ရုပ်ခေတ်ဖြစ်ပေါ်ရာ ဌာနများသည်ကား ခန္ဓာကိုယ်တကိုယ်လုံး အတွင်း-အပြင်၌ ဖြစ်ပေါ်သည်။

အထက်တွင်ဖော်ပြခဲ့သော အမာခံမဟာဘုတ် ခေတ်ကြီးလေးပါးသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ပါ။ ဖောက်ပြန်မှု ပြောင်းလဲခြင်းသဘော အရှုခံတရားများသာ ဖြစ်ပေသည်။

ဤအရှုခံတရားများဖြစ်သည့် အမာခံ မဟာဘုတ် ခေတ်ကြီး လေးပါးသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ အကြောင်းနှစ်ခုဖြစ်သော ရုပ်ခေတ် ရုပ်ခေတ်ချင်း တိုက်ဆိုင်မှုကြောင့် မာမှု၊ ပျော့မှု။ ဖွဲ့စည်းမှု၊ ယိုစီးမှု။ အေးမှု၊ ပူမှု။

ထောက်ကန့်မှု၊ လှုပ်ရှားမှုတည်းဟူသော ဓာတ်သဘော တရားအစုတို့ တမျိုးပြီးတမျိုး ဖြစ်ပြီးပျက်နေသည့်သဘောတရားရှိ၏။

ရုပ် ဓာတ် သဘောတရားတို့ကို ဖြစ်ပြီး မပျက် ပါနှင့်ဟု တာ ဆီးပိတ်ပင်ထား၍လည်း မရပါ။သူ့သဘော၌ကပင် ဖြစ်ပြီး ပျက်သည့် သဘောတရားသာ ရှိပေသည်။

ထိုဓာတ်ကြီး လေးပါး၏ သဘောတရားတို့သည် အစဉ်အတိုင်း ဖြစ်ပြီးပျက်သည့် သဘောတရား ရှိလျှင်လည်း ရှိမည်။ အစဉ်အတိုင်းမဟုတ်ဘဲ ဖြစ်ပြီးပျက်သည့် သဘောတရား ရှိလျှင်လည်း ရှိပေလိမ့်မည်။ မည်သည့် ရုပ်ဓာတ် သဘောတရားက မည်သို့ပင် ဖြစ်ပေါ်ဖြစ်ပေါ် ဖြစ်ပြီးပျက်သည့် သဘောတရားသာ ရှိသည်။

ငင်းရုပ်ဓာတ် သဘောတရားတို့သည် မဖြစ်မပျက်သော အချိန်ဟူ၍မရှိ။ ရုပ်ဓာတ်တမျိုးပြီးတမျိုး အစဉ်ဒလစပ် ဖြစ်ပြီး ပျက်နေသည့် သဘောတရားသာလျှင် ရှိသည်။

ထို့ကြောင့် ထက်မြက်ပေါ်လွင် ထင်ရှားသည့် ဖြစ်မှု ပျက်မှုကိုသာ ဝိပဿနာဉာဏ်ဖြင့် သိမြင်အောင် ရှုပွားရမည်။

ပင်ကိုယ်မူလ သဘာဝ ရုပ်ဓာတ် သဘောတရား၌ကပင် ဖြစ်ပြီးပျက်နေသည့် သဘောတရားသာရှိနေခြင်းကြောင့် အားစိုက်လိုက်ရှာပြီး ရှုပွားရန်မလိုပေ။ အားစိုက်လိုက်ရှာပြီး ရှုပွားရသောတရားလည်းမဟုတ်ပေ။ ပင်ကိုယ်မူလ သဘာဝ ဖြစ်ပြီး ပျက်နေသည့်သဘောတရားကိုပင် ပေါ်သည့်နေရာမှာ ဝိပဿနာဉာဏ်နှင့်စောင့်၍ သိမြင်အောင်ရှုပွားရန်လိုအပ်သည်။

ဖြစ်ပြီးပျက်သည့် သဘောတရားသည်လည်း ဤနေရာ၌ ဖြစ်ပြီးလျှင် ဤနေရာ၌ပင်ပျက်သည့်သဘောတရားရှိ၏။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် စောင့်၍ ရှုပွားနေပါလျှင် ရုပ်ဓာတ်၏ ဖြစ်ပြီးပျက်သည့်သဘောတရားကိုသာသိမြင်ရမည်ဖြစ်သည်။

ရုပ်ဓာတ်သဘောတရားတို့သည် အကြောင်းနှစ်ခု တိုက်ဆိုင်မှုကြောင့် ဖြစ်လည်းဖြစ်၏။ ပျက်လည်းပျက်၏။ ရုပ်ဓာတ်သဘောတရားတို့ကို ခွါ၍ ဖြစ်ပျက်သဘောတရားတို့ကို သိမြင်အောင်ရှုပွားအားထုတ်ရပေမည်။

ရုပ်ဓာတ်သဘောတရားတို့နှင့် ငါ မရောစေရ။ ရုပ်ဓာတ်သဘောတရားတို့သည် ငါ မဟုတ်ပါ။ ဖြစ်ပြီးပျက်သည့်သဘောတရားသာဖြစ်သည်။

၎င်းရုပ်ဓာတ်တရားတို့၏ ဖြစ်ပျက်မှုကို ဝိပဿနာဉာဏ်နှင့် သိမြင်အောင် ရှုပွါးနေပါလျှင် ရုပ်ဓာတ်တရားတို့၏ အရှိသည် ဖြစ်-ပျက်၊ သိမြင်သည့်ဉာဏ်သည် မဂ်ဖြစ်၏။

ဤကဲ့သို့ ဖြစ်-ပျက်နှင့်မဂ်။ ဖြစ်-ပျက်နှင့်မဂ်၊ စသည်ဖြင့်သာ ကိုက်နေပါလျှင် ကိလေသာကြားမခင်နိုင်ပါ။ ယင်းသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်မှုကြောင့်ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို သိမြင်သည်မည်၏။

ရုပ်ဓာတ် သဘောတရား တို့ကို မှုတည်၍ ရှုပွားသော်လည်း ရုပ်ဓာတ် သဘောတရားတို့ကို မသိမမြင်ဘဲ ဖြစ်-ပျက်

ဒုက္ခသစ္စာတရားကိုသာ သိမြင်မှသာလျှင် သံသရာပြတ်ကြောင်း နည်းမှန် လမ်းမှန် မဂ္ဂင်လမ်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို သိမြင် ရလိုကြ၍ ရုပ်ဓာတ်သဘောတရားတို့ကို ရှုပွားကြသော ပုဂ္ဂိုလ်တို့သည် ရုပ်ဓာတ် သဘောတရားတို့ကို မသိ မမြင်ဘဲ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်ဆုံစည်းမှုကြောင့် ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်ကြရန် အထူးအရေးကြီးလှပေသည်။

## ဝေဒနာနုပဿနာသတိပဋ္ဌာန်တရား

## ရှုပွားပုံ ရှုပွားနည်း

ဝေဒနာနုပဿနာ သတိပဋ္ဌာန် တရား ရှုပွားနည်းမှာ (ဝေဒနာက္ခန္ဓာ)ခံစားမှုသဘောတရားအစု၊ဝေဒနာတို့ကို အဖန်ဖန် ရှုပွားခြင်းဖြစ်သည်။

ဝေဒနာခံစားခြင်းဆိုရာတွင် သုံးမျိုး ရှိ၏။

ဝေဒနာခံစားခြင်း သုံးမျိုး ဟူသည်ကား....

၁။ သုခဝေဒနာ။ ၂။ ဒုက္ခဝေဒနာ။ ၃။ ဥပေက္ခာဝေဒနာတို့ဖြစ်ကြကုန်၏။

ထို ဝေဒနာခံစားခြင်း သုံးမျိုးတို့တွင် သုခဝေဒနာ ဆိုသည်မှာ ချမ်းသာမှု ခံစားခြင်း။

ဒုက္ခဝေဒနာဆိုသည်မှာ ဆင်းရဲမှုခံစားခြင်း။

ဥပေက္ခာဝေဒနာ ဆိုသည်မှာ ချမ်း သာ သည်လည်း မဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်၊ အမှတ်မထင် ခံစား ခြင်းတို့ ဖြစ်ကြကုန်၏။

ဝေဒနာနုပဿနာ ရှုပွားရာ၌ ဤဝေဒနာ ခံစားခြင်း သုံးမျိုးသာ လိုရင်းပဓာနသဘောတရား ဖြစ်သည်။

ဝေဒနာဖြစ်ပေါ်ရာ ဌာန များ သည် ကား ဝေဒနာ သုံးမျိုးရှိသည့်အနက် သုခဝေဒနာနှင့် ဒုက္ခဝေဒနာ နှစ်မျိုးမှာ ၁။ ကိုယ်အကြည့်၌ ဖြစ်ပေါ်၏။ ၂။ ဟဒယဝတ္ထု နှလုံးအိမ်၌ လည်း ဖြစ်ပေါ်၏ဟူ၍ ဖြစ်ပေါ်ရာနှစ်ဌာနရှိ၏။

ဥပေက္ခာဝေဒနာသည် ၁။ မျက်စိအကြည့်၌ဖြစ်ပေါ်၏။ ၂။ နားအကြည့်၌ ဖြစ်ပေါ်၏။ ၃။ နှာခေါင်းအကြည့်၌ ဖြစ်ပေါ်၏။ ၄။ လျှာအကြည့်၌ဖြစ်ပေါ်၏။ ၅။ ဟဒယဝတ္ထုနှလုံး အိမ်၌လည်း ဖြစ်ပေါ်၏ဟူ၍ ဖြစ်ပေါ်ရာ ငါးဌာနရှိပေသည်။

အထက်တွင်ဖော်ပြခဲ့သော ဝေဒနာခံစားခြင်း သုံးမျိုး သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့်မဟုတ်ပါ၊ ခံစားမှု ပြောင်း လဲ ခြင်း သဘော အရှုခံတရားများသာ ဖြစ် ပေသည်။

ဤအရှုခံတရားများဖြစ်သည့် ဝေဒနာခံစားခြင်းသုံးမျိုး သည် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခုဖြစ်

သော ရုပ်ခဲတတ် ရုပ်ခဲတတ်ချင်း တိုက်ဆိုင်မှုကြောင့် ဝေဒနာ ခံစားမှုတမျိုးပြီးတမျိုး ဖြစ်ပြီးပျက်နေသည့်သဘောတရားရှိ၏။

ခံစားခြင်းသဘောတရားတို့ကို ဖြစ်ပြီး မပျက်ပါနှင့်ဟု တားဆီးပိတ်ပင်ထား၍လည်းမရပါ။ သူ့သဘော၌ကပင် ဖြစ်ပြီး ပျက်နေသည့်သဘောတရားသာရှိပေသည်။

ထိုခံစားခြင်း သုံးမျိုး၏ သဘောတရားတို့သည် အစဉ် အတိုင်း ဖြစ်ပြီးပျက်သည့် သဘောတရား ရှိလျှင်လည်း ရှိမည်။ အစဉ်အတိုင်းမဟုတ်ဘဲ ဖြစ်ပြီးပျက်သည့် သဘောတရား ရှိလျှင် လည်း ရှိပေလိမ့်မည်။ မည်သည့်ခံစားမှုသဘောတရားက မည်သို့ ပင်ဖြစ်ပေါ် ဖြစ်ပေါ်ဖြစ်ပြီးပျက်သည့်သဘောတရားသာရှိသည်။

ငင်ခံစားခြင်းသဘောတရားတို့သည် မဖြစ် မပျက်သော အချိန်ဟူ၍မရှိ။ ခံစားခြင်းတမျိုးပြီးတမျိုး အစဉ် ဒလစပ် ဖြစ်ပြီးပျက်နေသည့် သဘောတရားသာလျှင်ရှိသည်။

ထို့ကြောင့် ထက်မြက် ပေါ်လွင်ထင်ရှားသည့် ဖြစ်မှု ပျက်မှုကိုသာ ဝိပဿနာဉာဏ်နှင့် သိမြင်အောင်ရှုပွားရမည်။

ပင်ကိုယ်မူလ သဘာဝခံစားခြင်း သဘောတရား၌ကပင် ဖြစ်ပြီးပျက်သည့် သဘောတရားသာရှိနေခြင်းကြောင့် အားစိုက် လိုက်ရှာပြီးရှုပွားရန်မလိုပေ။ အားစိုက်လိုက်ရှာပြီး ရှုပွားရသော တရားလည်းမဟုတ်ပေ။ ပင်ကိုယ်မူလ သဘာဝ ဖြစ်ပြီး ပျက်နေ သည့် သဘောတရားကိုပင် ပေါ်သည့်နေရာမှာ ဝိပဿနာဉာဏ် နှင့်စောင့်၍ သိမြင်အောင် ရှုပွားရန်လိုအပ်သည်။

ဖြစ်ပြီးပျက်နေသည့် သဘောတရားသည်လည်း ဤနေရာ ဌပင် ဖြစ်ပြီးလျှင် ဤနေရာဌပင်ပျက်သည့် ဘဘောတရားရှိ၏။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် စောင့်၍ ရှုပွားနေပါလျှင် ခံစားခြင်း၏ ဖြစ်ပြီးပျက်သည့်သဘောတရားကိုသာသိမြင်ရမည် ဖြစ်သည်။

ခံစားခြင်း သဘောတရားတို့သည် အကြောင်း နှစ်ခုတိုက်ဆိုင်မှုကြောင့် ဖြစ်လည်းဖြစ်၏။ ပျက်လည်းပျက်၏။ ခံစားခြင်း သဘောတရားတို့ကိုခွာ၍ ဖြစ်-ပျက် သဘော တရားကိုသိမြင်အောင် ရှုပွားရပေမည်။

ခံစားခြင်း သဘောတရားတို့နှင့် ငါမရောစေရ၊ ခံစားခြင်း သဘောတရားတို့သည် ငါမဟုတ်ပါ။ ဖြစ်ပြီး ပျက်သည့်သဘောတရားသာဖြစ်သည်။

၎င်း ခံစားခြင်း သဘောတရား တို့၏ ဖြစ် ပျက် မှုကို ဝိပဿနာဉာဏ်နှင့် သိမြင်အောင် ရှုပွားနေပါလျှင် ခံစားခြင်း သဘောတရားတို့၏အရှိသည် ဖြစ်-ပျက်၊ သိမြင်သည့်ဉာဏ်သည် မဂ်ဖြစ်၏။

ဤကဲ့သို့ ဖြစ်-ပျက်နှင့်မဂ်၊ ဖြစ်-ပျက်နှင့်မဂ် စသည်ဖြင့် သာ ကိုက်နေပါလျှင် ကိလေသာ ကြားမဝင်နိုင်ပါ။ ယင်းသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခုတိုက်ဆိုင်မှုကြောင့်ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို သိမြင်သည်မည်၏။

ခံစားခြင်း သဘောတရားတို့ကို မှုတည်၍ ရှုပွား သော်လည်း ခံစားခြင်း သဘောတရားတို့ကို မသိမမြင်ဘဲ ဖြစ် ပျက်

ဒုက္ခသစ္စာတရားကိုသာ သိမြင်မှသာလျှင် သံသရာပြတ်ကြောင်း နည်းမှန်၊ လမ်းမှန် မဂ္ဂင်လမ်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို သိမြင်ရလိုကြ၍ ခံစားခြင်း သဘောတရားတို့ကို ရှုပွားကြသော ပုဂ္ဂိုလ်တို့သည် ခံစားခြင်းသဘော တရားတို့ကိုမသိမမြင်ဘဲ ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင် ဆုံစည်းမှုကြောင့် ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်ကြရန် အထူးအရေးကြီးလှပေသည်။

# စိတ္တာ နုပဿနာ သတိပဋ္ဌာန်တရား

## ရှုပွားပုံ ရှုပွားနည်း

စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားနည်းမှာ(ဝိညာဏက္ခန္ဓာ) သိမှုသဘောတရား အစု၊ စိတ်တို့ကို အဖန်ဖန် ရှုပွားခြင်း ဖြစ်သည်။

စိတ်သဘောတရားတို့ဆိုရာတွင် ကာမစိတ် ၅၄ ခု ရှိ၏။ ၎င်းကာမစိတ် ၅၄ခုထဲမှ ရဟန္တာ၌ဖြစ်သော မဟာကြိယာ စိတ် ၈ ခုနှင့် ဟသိတုပ္ပါဒ်စိတ် ၁ခုကို နုတ်လိုက်လျှင် ပုထုဇဉ်၌ဖြစ်သော စိတ်သည် ၄၅ ခုသာရှိ၏။

အထက်ပါ စိတ် ၄၅ခုကို ထပ်၍အကျဉ်းချုံး လိုက်ပါလျှင် စိတ် ၁၃ ခုသာရှိပေသည်။

စိတ် ၁၃ ခုဆိုသည်မှာ ၁။ မြင်စိတ်။ ၂။ ကြားစိတ်။ ၃။ နံစိတ်။ ၄။ စားစိတ်။ ၅။ ယားနာ ကောင်းစိတ်။ ၆။ လောဘစိတ်။ ၇။ဒေါသစိတ်။ ၈။မောဟစိတ်။ ၉။အလောဘစိတ်။ ၁၀။ အဒေါသစိတ်။ ၁၁။ တွေးတော ကြံစည်စိတ်။ ၁၂။ လေကိုသွင်းသောစိတ်။ ၁၃။ လေကိုထုတ်သော စိတ်တို့ဖြစ်ကြကုန်၏။

စိတ္တာနုပဿနာ ရှုပွားရာ၌ ဤစိတ် ၁၃ ခုသာ လိုရင်း ပဓာန သဘောတရားဖြစ်သည်။

စိတ်ဖြစ်ပေါ်ရာ ဌာနများသည်ကား ၆ ဌာနရှိ၏။ ထို ၆ ဌာနတို့တွင်....

၁။ မြင်စိတ် ဖြစ်ပေါ်ရာသည် မျက်စိအကြည်၌ ဖြစ်ပေါ်၏။

၂။ ကြားစိတ် ဖြစ်ပေါ်ရာသည် နားအကြည်၌ ဖြစ်ပေါ်၏။

၃။ နံစိတ် ဖြစ်ပေါ်ရာသည် နှာခေါင်းအကြည်၌ ဖြစ်ပေါ်၏။

၄။ စားစိတ်ဖြစ်ပေါ်ရာသည်လျှာအကြည်၌ဖြစ်ပေါ်၏။

၅။ ယားနာ ကောင်းစိတ် ဖြစ်ပေါ်ရာသည် ကိုယ်အကြည်၌ ဖြစ်ပေါ်၏။

၆။ စိတ် ၁၃ ခု ရှိသည့်အနက် အထက်ပါစိတ်တို့ ဖြစ်ပေါ်ရာ ဌာန ၅ ဌာနမှလွဲ၍ ကျန်ရှိသည့် စိတ် ၈ ခုတို့ ဖြစ်ပေါ်ရာ ဌာနသည် ဟဒယဝတ္ထုနှလုံးအိမ်၌ ဖြစ်ပေါ်ကြကုန်၏။

အထက်တွင် ဖော်ပြခဲ့သော စိတ် ၁၃ ခုသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျာ်း မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ပါ။ စိတ်ပြောင်းလွဲခြင်းသဘော အရှုခံတရားများသာ ဖြစ်ပေသည်။

ဤအရှုခံတရားများဖြစ်သည့် စိတ် ၁၃ ခုသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်း နှစ်ခုဖြစ်သော ရုပ် ဓာတ် ရုပ်ဓာတ်ချင်း တိုက်ဆိုင်မှုကြောင့် စိတ်တခုပြီးတခု ဖြစ်ပြီးပျက်နေသည့် သဘောတရားရှိ၏။

စိတ်သဘောတရားတို့ကို ဖြစ်ပြီး မပျက်ပါနှင့်ဟု တားဆီး ပိတ်ပင်ထား၍လည်း မရပါ။ သူ့သဘော၌ကပင် ဖြစ်ပြီး ပျက်သည့် သဘောတရားသာရှိပေသည်။

ထိုစိတ် ၁၃ ခု၏ သဘောတရားတို့သည် အစဉ်အတိုင်း ဖြစ်ပြီးပျက်သည့်သဘောတရားရှိလျှင်လည်း ရှိမည်။အစဉ်အတိုင်း မဟုတ်ဘဲ ဖြစ်ပြီးပျက်သည့် သဘောတရားရှိလျှင်လည်း ရှိပေလိမ့်မည်။ မည်သည့်စိတ်သဘောတရားက မည်သို့ပင် ဖြစ်ပေါ် ဖြစ်ပေါ် ဖြစ်ပြီးပျက်သည့် သဘောတရားသာရှိသည်။

၎င်းစိတ်သဘောတရားတို့သည် မဖြစ် မပျက်သောအချိန် ဟူ၍မရှိ။ တစိတ်ပြီးတစိတ် အစဉ်ဒလစပ် ဖြစ်ပြီးပျက်နေသည့် သဘောတရားသာလျှင်ရှိသည်။

ထို့ကြောင့် ထက်မြက်ပေါ်လွင် ထင်ရှားသည့် ဖြစ်မှုပျက်မှုကိုသာ ဝိပဿနာဉာဏ်နှင့် သိမြင်အောင် ရှုပွားရမည်။

ပင်ကိုယ်မူလ သဘာဝစိတ်သဘောတရား၌ကဝင် ဖြစ်ပြီးပျက်နေသည့်သဘောတရားသာရှိနေခြင်းကြောင့် အားစိုက်လိုက်ရှာပြီး ရှုပွားရန် မလိုပေ။ အားစိုက်လိုက်ရှာပြီး ရှုပွားရသောတရားလည်းမဟုတ်ပေ၊ ပင်ကိုယ်မူလ သဘာဝဖြစ်ပြီးပျက်နေသည့် သဘောတရားကိုပင် ပေါ်သည့်နေရာမှာ ဝိပဿနာဉာဏ်နှင့် စောင့်၍ သိမြင်အောင် ရှုပွားရန်လိုအပ်သည်။

ဖြစ်ပြီးပျက်သည့် သဘောတရားသည်လည်း ဤနေရာ၌ဖြစ်ပြီးလျှင် ဤနေရာ၌ပင် ပျက်သည့်သဘောတရားရှိ၏။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့်စောင့်၍ ရှုပွားနေပါလျှင် စိတ်၏ ဖြစ်ပြီးပျက်သည့် သဘောတရားကိုသာ သိမြင် ရမည်ဖြစ်သည်။

စိတ်သဘောတရားတို့သည် အကြောင်းနှစ်ခု တိုက်ဆိုင်မှုကြောင့် ဖြစ်လည်းဖြစ်၏။ ပျက်လည်းပျက်၏။ စိတ်သဘောတရားတို့ကိုခွာ၍ ဖြစ်ပျက် သဘောတရားတို့ကို သိမြင်အောင် ရှုပွားရပေမည်။

စိတ်သဘောတရားတို့နှင့် ငါမရောစေရ။ စိတ်သဘောတရားတို့သည် ငါမဟုတ်ပါ။ ဖြစ်ပြီးပျက်သည့် သဘောတရားသာ ဖြစ်သည်။

၎င်း စိတ်သဘောတရားတို့၏ ဖြစ်-ပျက်မှုကို ဝိပဿနာဉာဏ်နှင့် သိမြင်အောင် ရှုပွားနေပါလျှင် စိတ် သဘောတရားတို့၏ အရှိသည် ဖြစ်-ပျက်၊ သိမြင်သည့် ဉာဏ်သည် မဂ် ဖြစ်၏။

ဤကဲ့သို့ ဖြစ်-ပျက်နှင့် မဂ်။ ဖြစ်-ပျက်နှင့်မဂ်စသည်ဖြင့်သာ ကိုက်နေပါလျှင် ကိလေသာ ကြားမဝင်နိုင်ပါ။ ယင်းသည် ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်မှု ကြောင့်ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားတို့ကို သိမြင်သည် မည်၏။

စိတ်သဘောတရားတို့ကို မှတ်၍ ရှုပွား သော်လည်း စိတ်သဘောတရားတို့ကိုမသိမြင်ဘဲ ဖြစ်-ပျက် ဒုက္ခသစ္စာတရား ကိုသာ သိမြင်မှသာလျှင် သံသရာပြတ်ကြောင်း နည်းမှန်၊ လမ်း မှန်၊ မဂ္ဂင်လမ်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ် ကို သိမြင်ရလိုကြ၍ စိတ်သဘောတရားတို့ကို ရှုပွား ကြသော ပုဂ္ဂိုလ်တို့သည် စိတ်သဘောတရားတို့ကို မသိမြင်ဘဲ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်ဆုံစည်းမှု ကြောင့်ဖြစ်သော ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်ကြရန် အထူးအရေးကြီးလှပေသည်။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားပုံ ရှုပွားနည်း

ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား ရှုပွားနည်းမှာ (သညာက္ခန္ဓာနှင့်-သင်္ခါရက္ခန္ဓာ)မှတ်သားမှု သဘောနှင့် ပြုပြင်စေ့ဆော်မှု စေတနာ သဘောတရားအစုတို့ကို အဖန်ဖန် ရှုပွားခြင်းပင် ဖြစ်သည်။

တနည်းအားဖြင့် နိဝရဏ တရားတို့ကို ရှုပွား ခြင်းပင် ဖြစ်သည်။တနည်းအားဖြင့် ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်ပါလျှင် ရုပ်-နာမ်တရားနှစ်ပါးသာရှိ၏။ ထိုရုပ်-နာမ်တရားနှစ်ပါးကို ထပ်၍အကျဉ်းချုံးလိုက်ပါလျှင် ဖြစ်ပြီးပျက်သည့် သဘောတရားသာ ရှိ၏။ ထိုဖြစ်ပျက် သဘောတရားသည်လည်း ဆင်းရဲခြင်း အမှန် ဒုက္ခသစ္စာတရားသာ ဖြစ်သည်။ ၎င်းဆင်းရဲခြင်း အမှန် ဒုက္ခသစ္စာတရားကို ဝိပဿနာဉာဏ်နှင့် သိမြင်အောင်ရှုပွားခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားပင် ဖြစ်ပေသည်။

ဓမ္မာနုပဿနာရှုပွားရာ၌ မှတ်သားမှု သဘော ပြုပြင်စေ့ဆော်မှု စေတနာ သဘောတို့သာ လိုရင်းပဓာန သဘောတရားဖြစ်ပေသည်။

မှတ်သားမှုသဘောနှင့် ပြုပြင်စေ့ဆော်မှု စေတနာ သဘောတို့ဖြစ်ပေါ်ရာဌာနများသည်ကားအထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သော ရုပ်ဓာတ်။ ဝေဒနာ။ စိတ်တည်းဟူသော သဘောတရားတို့၏ ဖြစ်ပေါ်ရာ ဌာနတို့၌ ပါဝင် နေခြင်းပင် ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သော မှတ်သားမှု၊ပြုပြင်မှု စေတနာ သဘော တ ရား တို့ သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါပိုင် ငါဆိုင် စသည်ဖြင့် မဟုတ်ပါ။ မှတ်သားမှု ပြုပြင်မှု ပြောင်းလဲခြင်း သဘော အရှုခံတရားများသာဖြစ်ပေသည်။

ဤအရှုခံ တရား များ ဖြစ်သည့် မှတ်သားမှု ပြုပြင်မှုတို့သည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတည့်တည့်၌ အကြောင်း နှစ်ခု

ဖြစ်သော နာမ်နှင့် ရုပ် တိုက်ဆိုင်မှုကြောင့်လည်းကောင်း နာမ် နာမ်ချင်း တိုက်ဆိုင်မှု ကြောင့်လည်း ကောင်း တမျိုးပြီးတမျိုး ဖြစ်ပြီးပျက်နေသည့်သဘောတရားရှိ၏။

မှတ်သားမှုပြုပြင်မှု သဘောတရားတို့ကို ဖြစ်ပြီးမပျက်ပါ နှင့်ဟု တားဆီး ပိတ်ပင်ထား၍လည်းမရပါ။သူ့သဘော၌ကပင် ဖြစ်ပြီးပျက်နေသည့် သဘောတရားသာရှိပေသည်။

ရင်းမှတ်သားမှု ပြုပြင်မှု သဘော တရားတို့သည် မဖြစ် မပျက်သောအခါနိုင်ဟူ၍မရှိ၊ မှတ်သားမှု ပြုပြင်မှုတမျိုးပြီးတမျိုး အစဉ်ဒလစပ် ဖြစ်ပြီး ပျက်နေသည့် သဘော တရား သာ လျှင် ရှိသည်။

ထို့ကြောင့် ထက်မြက် ပေါ်လွင်ထင်ရှားသည့် ဖြစ်မှု ပျက်မှုကိုသာ ဝိပဿနာဉာဏ်နှင့်သိမြင်အောင်ရှုပွားရမည်။

ပင်ကိုယ်မူလ သဘာဝ မှတ်သားမှု ပြုပြင်မှု သဘော တရား၌ကပင် ဖြစ်ပြီးပျက်သည့် သဘော တရားသာ ရှိနေခြင်း ကြောင့် အားစိုက်လိုက်ရှာပြီးရှုပွားရန်မလိုပေ။ အားစိုက် လိုက် ရှာပြီး ရှုပွားရသောတရားလည်း မဟုတ်ပေ။ ပင်ကိုယ် မူလ သဘာဝ ဖြစ်ပြီးပျက်နေသည့် သဘောတရားကိုပင် ပေါ်သည့် နေရာမှာ ဝိပဿနာဉာဏ်နှင့် စောင့်၍ သိမြင်အောင် ရှုပွားရန် လိုအပ်သည်။

ဖြစ်ပြီးပျက်နေသည့် သဘော တရား သည် လည်း ဤ နေရာ၌ ဖြစ်ပြီးလျှင် ဤနေရာ၌ပင် ပျက်သည့် သဘောတရား ရှိ၏။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် စောင့်၍ရှုပွားနေပါ

လျှင် မှတ်သားမှု ပြုပြင်မှုတို့၏ဖြစ်ပြီးပျက်သည့် သဘောတရားကိုသာ သိမြင်ရမည်ဖြစ်သည်။

မှတ်သားမှု ပြုပြင်မှုသဘောတရားတို့သည် အကြောင်းနှစ်ခုတိုက်ဆိုင်မှုကြောင့် ဖြစ်လည်းဖြစ်၏။ ပျက်လည်းပျက်၏။ မှတ်သားမှုပြုပြင်မှု သဘောတရားတို့ကို ခွာ၍ ဖြစ်ပျက်သဘောတရားကို သိမြင်အောင်ရှုပွားရပေမည်။

မှတ်သားမှု ပြုပြင်မှု သဘောတရားတို့နှင့် ငါ မရောစေရ။ မှတ်သားမှု ပြုပြင်မှုသဘောတရားတို့သည် ငါမဟုတ်ပါ။ ဖြစ်ပြီးပျက်သည့် သဘောတရားသာဖြစ်သည်။

၎င်းမှတ်သားမှုပြုပြင်မှုသဘောတရားတို့၏ ဖြစ်ပျက်မှုကို ဝိပဿနာဉာဏ်နှင့် သိမြင်အောင်ရှုပွားနေပါလျှင် မှတ်သားမှု ပြုပြင်မှုသဘောတရားတို့၏အရှိသည် ဖြစ်-ပျက်သိမြင်သည့်ဉာဏ်သည် မဂ်ဖြစ်၏။

ဤကဲ့သို့ ဖြစ်ပျက်နှင့် မဂ်။ ဖြစ်ပျက်နှင့် မဂ် စသည်ဖြင့်သာ ကိုက်နေပါလျှင် ကိလေသာကြားမဝင်နိုင်ပါ။ ယင်းသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလတည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်မှုကြောင့် ဖြစ်သော ဖြစ်ပျက် ဒုက္ခသစ္စာ တရားကို သိမြင်သည်မည်၏။

မှတ်သားမှု ပြုပြင်မှုသဘောတရားတို့ကို မှတည်၍ ရှုပွားသော်လည်း မှတ်သားမှု ပြုပြင်မှုသဘောတရားတို့ကို မသိမမြင်ဘဲ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်မှသာလျှင် သံသရာ ပြတ်ကြောင်း နည်းမှန်၊ လမ်းမှန် မဂ္ဂင်လမ်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို သိမြင် ရလိုကြ၍ မှတ်သားမှု ပြုပြင်မှုသဘောတရားတို့ကို ရှုပွား ကြသော ပုဂ္ဂိုလ်တို့သည် မှတ်သားမှု၊ ပြုပြင်မှု၊ သဘောတရား တို့ကို မသိမမြင်ဘဲ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ တည့်တည့်၌ အကြောင်းနှစ်ခု တိုက်ဆိုင်ဆုံစည်းမှုကြောင့်ဖြစ်သော ဖြစ်ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်ကြရန် အထူးအရေးကြီး လှပေ တော့သည်။

ဤကား သတိပဋ္ဌာန်တရားလေးပါးရှုပွားပုံ ရှုပွားနည်း အကျဉ်းမျှပင်တည်း။

# ဝိပဿနာတရား ရှုပွားပုံ ရှုပွားနည်း

နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရကြောင်းဖြစ်သည့် ဝိပဿနာတရားကိုရှုပွားအားထုတ်ဘူး၍နားလည်သဘောပေါက် တတ်သိထားကြသော ပုဂ္ဂိုလ်များသည် ဝိပဿနာ တရားကို ရှုပွားအားထုတ်ရာတွင် နေရာမရွေး အချိန်အခါမရွေး ဣရိယာ ပုထ်မရွေးဘဲ ရှုပွားအားထုတ် နိုင်သော်လည်း ဝိပဿနာ တရားကို မရှုပွား အားမထုတ်ဘူးသေးသော ပုဂ္ဂိုလ်များအတွက် ဝိပဿနာတရား ရှုပွားအားထုတ်ပုံနည်းကို ဤနေရာ၌ ထည့်သွင်း ရေးသားဖော်ပြပေအံ့။

ရှေးဦးစွာ ဘုရား၊ တရား သံဃာတည်းဟူသော ရတနာ သုံးပါးတို့ကို ပူဇော်ကန်တော့ပြီး ငါးပါးသီလ ရှစ်ပါး သီလစသည်တို့ရှိရာတွင် မိမိတို့ ဆောက်တည်နိုင်သမျှသော သီလ တော်မြတ်ကို ခံယူဆောက်တည်ရပါမည်။

ဤနေရာ၌ ရတနာမြတ်သုံးပါးတို့ကိုပူဇော်ကန်တော့ရန်နှင့် သီလတော်မြတ်ကိုခံယူဆောက်တည်ရန်တို့မှာ စာရှုသူတို့အနေဖြင့် သိပြီး တတ်ပြီး ဖြစ်ကြပါလိမ့်မည်။ သို့အတွက်ကြောင့် ထည့် သွင်းရေးသားခြင်း မပြုတော့ပါ။

ထို့ကြောင့် မိမိတို့ခံယူဆောက်တည်နိုင်သမျှသော သီလ တော်မြတ်ကို ခံယူ ဆောက်တည်ပြီးသောအခါ ပုဗ္ဗကိစ္စငါးပါး ကို ပြုလုပ်ရပါမည်။

ပုဗ္ဗကိစ္စငါးပါးဆိုသည်မှာ

၁။ မိမိခန္ဓာကိုယ်ကို ဗုဒ္ဓရှင်တော်မြတ်ထံ လှူဒါန်း ထားရမည်။

၂။ ငါသည် မိုက်မဲတွေဝေနေခဲ့သည့်အလျောက် မိဘ ဆရာ ပုဂ္ဂိုလ်သူမြတ်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံ တည်း ဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှါ တောင်းပန်ဝန်ချ ကန်တော့ရမည်။

၃။ အမိအဘ ဆရာသမား ဆွေမျိုး မိတ်သင်္ဂဟတို့မှစ၍ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့နှင့်တကွ ရှိရှိသမျှသော သက်ရှိ သတ္တဝါတို့အား အသက်ထက်ဆုံး ဘေးမသီ၊ ရန်မခ

ကျန်းမာ၍ ချမ်းသာစွာရှိကြပါစေဟု မေတ္တာစိတ်ကို ပြန့်ပွား ပေးရမည်။

၄။ ငါသည် ရှေးဘဝ၊ ယခုဘဝ ပြုပြုသမျှ ငါ၏ ဒါန စသော ကုသိုလ်ကံတို့သည် ငါအလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို မြင်ခြင်း၊ ရခြင်းငှါ လျင်မြန်စွာ ကျေးဇူးပြုပါစေသတည်းဟု အဓိဋ္ဌာန်ပြုရမည်။

၅။ ငါသည် ဘဝများစွာ ခန္ဓာပျက်ကြွေသေခဲ့ရသည့် ဘဝတွေက များလှပေပြီ။ ယခုဘဝ မသေမီ အချိန်၌ တရားကို ရအောင် ရှုပွားအားထုတ်မည်ဟု တရားရှုပွား အားထုတ်မှုကို အရှိန်ပြင်းထန်လာရန် မိမိကိုယ်ကို တိုက်တွန်းရမည်။

ထိုကဲ့သို့ ပုဗ္ဗကိစ္စငါးပါးကို ပြုလုပ်ပြီးသည့် နောက် အဓိပတိသုံးပါးကို အားထားပြီး တရားကို ရှုပွားအားထုတ်ရ ပါမည်။

အဓိပတိသုံးပါးဆိုသည်မှာ-

၁။ အတ္တာဓိပတိ။ ငါသည် စားဝတ်နေရေး ကျန်းမာ ရေးစသည်တို့အတွက် တရားကို ရှုပွားအားထုတ်ခြင်းမဟုတ်။ အိုဘေး၊ နာဘေး၊ သေဘေးစသည့် သံသရာ ဝဋ်ဆင်းရဲ ဘေးဆိုး အပေါင်းတို့မှ လွတ်မြောက်ရန်အတွက် မိမိကိုယ်ကို အားထားပြီး တရားကို ရှုပွားအားထုတ်ရမည်။

၂။ လောကာဓိပတိ။ ငါသည် တရားကို ရှုပွားအားထုတ် နေသည်ဟု အမည်ခံပြီး တရားကို ရှုပွား အားထုတ် နေချိန်၌ လောဘ ဒေါသ မောဟ တရားတွေ ဖုံးလွှမ်းပြီးမနေ။ ထိန်

မိဒ္ဓသည်းဖြစ်မနေ။ ပျင်း၍လည်းမနေ၊ အိပ်ပျော်၍လည်း မနေ။ စိတ်ကလည်းလေလွင့်မနေပါ။ မလျောက်ပတ်သည့် အပြုအမူမျိုး ပြုလုပ်နေလျှင် ကိုယ်စောင့်နတ်များကလည်း သိမည်။ အခြားသော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကလည်း သိမည်။ ဤကဲ့သို့ လောကကြီးကိုရှက်ကြောက်၍လောကကို အားထားပြီး တရားကို ရှုပွားအားထုတ်ရမည်။

၃။ ဓမ္မာဓိပတိ။ တရားတော်မြတ်ကို ရိုသေလေးစားပြီး ဝိပဿနာဉာဏ်နှင့် မမြင်လျှင် မြင်အောင် ရှုပွားအားထုတ်ရမည်။ တရားတော်မြတ်ကို မမြင်ခြင်းသည် တရားက မရှိ၍ မဟုတ်။ ငါက တရားတော်မြတ်ကို မလေးစား၍ မမြင်ခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချ၍ တရားတော်မြတ်ကို အားထားပြီး တရားကို ရှုပွားအားထုတ်ရမည်။

ထိုကဲ့သို့ အဓိပတိ သုံးပါးအတိုင်း ဆုံးဖြတ်ချက်ချပြီး တရားထိုင်ရမည်ဖြစ်ပေသည်။

တရားထိုင်သည့်နေရာ၌ မျက်စိကို မှိတ်ထားပြီး မိမိတို့ တတ်နိုင်သမျှ ထိုင်ရမည်ဖြစ်သည်။

အချိန်ကိုသတ်မှတ်ပြီး အဓိဋ္ဌာန်နှင့် ထိုင်ပါက ပိုမို၍ ကောင်းလှပေသည်။

တရားထိုင်ပုံထိုင်နည်းမှာ အမျိုးသားဖြစ်လျှင် တင်ပလ္လင်ခွေ ထိုင်ရမည်။ အမျိုးသမီးဖြစ်လျှင် ဒူးနှစ်ဘက်ကို လွှဲ၍ကြုံ့ကြုံ့ ထိုင်ရမည်။ ဘယ်ဘက်လက်ဖဝါးပေါ်တွင် ညာဘက်လက်ဖဝါး တင်၍ ခါးကို ဖြောင့်ဖြောင့်မတ်မတ် ထားရမည်။ ရှေ့လည်း

မငိုက်၊ ဘေးလည်း မစောင်းစေနှင့်၊ ဦးခေါင်းကိုလည်း တည့်တည့် ထားရမည်။

အကယ်၍ ခါးအထက်ပိုင်း ကိုယ်ကြီးသည် ရှေ့နောက်ဘေး စသည်ဖြင့် ယိမ်းယိုင်နေပါလျှင် အရိုးအဆစ်များ အဆက်ချင်း တည့်တည့်မနေသည့်အတွက် မကြာမီနာလာပါလိမ့်မည်။ ခါးအောက်ပိုင်းသည်လည်း သိပ်တင်းကျပ်ပြီး ခြေထောက်ချင်း ဖိမထားရပေ။ ဖိထားလျှင် သွေးလွှတ်ကြော၊ သွေးပြန်ကြောများ ကိုက်ခဲလာနိုင်သဖြင့် ထိုင်နည်းမမှန်လျှင် ဝေဒနာခံစားမှုသဘောတရားကို တမင်လုပ်ပြီး ယူရာကျလိမ့်မည်။ ဝေဒနာခံစားမှုသဘောတရားကိုတမင်လုပ်ယူပြီးရှုပွားနေပါလျှင် ဖြစ်ပြီးပျက်သည့် သဘော တရားတွေကို တွေ့မြင်ဘို့ရာ ထား ဘိဦး၊ သမာဓိတရားကိုပင်ရအောင် ထိုင်နိုင်မည်မဟုတ်ပေ။

အထက်ပါ တရားထိုင်ပုံထိုင်နည်း အချက်အလက်တို့သည် တရားထိုင်စ ပုဂ္ဂိုလ်များအတွက် အလွန်အရေးကြီးလှပေသည်။

ဤကဲ့သို့ တရားထိုင်ပုံထိုင်နည်းတို့ကို ရေးသား ဖော်ပြထား သော်လည်း မိမိတို့ကြိုက်နှစ်သက်သော ဣရိယာပုထ်ဖြင့်လည်း ထိုင်နိုင်ကြပေသည်။

ထိုကဲ့သို့တရားထိုင်ပြီးသည့်နောက် အာနာပါန နုဿတိတရားကို ရှုပွားရပေမည်။ အာနာပါန နုဿတိဆိုသည်မှာ ဝင်သက်လေ ထွက်သက်လေကို အာရုံပြု၍ဖြစ်သော သတိကိုဆိုပေသည်။ သတိနှင့် လေဝင် လေထွက် နေသည်ကို သိရမည်ဖြစ်ပေသည်။

ဝင်လေ ထွက်လေကို ရှုပွားအားထုတ်ရာ၌ လေကို ဝအောင်ရှုရမည်။ လျော့ပြီးလည်းမရှုရ၊ သိပ်ပြင်းပြင်းထန်ထန် လည်း မရှုရ၊မှန်မှန်ရှုရှိုက်ရမည်။ ထွက်လေကိုလည်း မှန်မှန်ထုတ် ရမည် ဖြစ်ပေသည်။

စိတ်ကို နှာသီးဖျား၊ အထက်နှုတ်ခမ်း၊ ရင်ညွန့် မိမိတို့ ကြိုက်ရာ တနေရာမှာ ထားရမည်။ သတိနှင့် ကပ်ထားရမည်။ မလစ်စေရ၊ နှာသီးဖျား၌ ထားသည်က ပိုမို၍ကောင်း၏။

ဝင်လေထွက်လေကို ရှုလိုက် ထုတ်လိုက်သည့် အခါတွင် နှာသီးဖျား၌ ထိနေသည်ကို သိရမည်ဖြစ်ပေသည်။

သူ့သဘောအတိုင်း ဝင်သက်လေ-ထွက်သက်လေကို မှန်မှန် သိနေသည့်အာရုံမှတပါး အခြားမည်သည့်အရာမျှအာရုံမပြုရပါ။ သို့သော်လည်း အာနာပါန နုဿတိတရားကို ရှုပွားပြီး သမာဓိ တရား အားကောင်းလာသည့်ပုဂ္ဂိုလ်သည် တရားထိုင်နေသည်က ရုပ်တရား၊သတိနှင့်ယှဉ်သည့်စိတ်သည်လည်းနာမ်တရားပါကလား ဟု သိရပေမည်။

ဤကဲ့သို့သိပြီးလျှင် ငါ **သူ**တပါး ယောကျ်ား မိန်းမ ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာ ငါပိုင် ငါဆိုင်စသည်ဖြင့် မဟုတ်သည် ကို သေသေ ချာချာ ဟုတ်တိုင်းမှန်စွာ ထပ်ပြီး သိရမည် ဖြစ် ပေသည်။

ယခုရရှိထားသည့် ဝဋ်ဒုက္ခ ခန္ဓာကြီးက ကျွတ်လွတ်လိုပြီး မဂ်,ဖိုလ်,နိဗ္ဗာန်,ချမ်းသာ တရားတော်မြတ်ကိုသာ ရလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် စျာန်လမ်းတရားကို မလိုက်ဘဲ အာနာ

ပါန နုဿတိတရားဖြင့် သမာဓိရရှိ သမထ တရား ကိုသာ ထူထောင်ရပေမည်။

ပမာအားဖြင့် ဆိုရပါမူ သမထ တရားသည် ရေယူလျှင် ခွက်ပါသကဲ့သို့ပင် ဖြစ်သည်။ဤနေရာ၌ ရယူလိုသည်က ဝိပဿနာ ဉာဏ်ပင် ဖြစ်သည်ဟု မှတ်ယူရပေမည်။

ထို့ကြောင့် သမာဓိရရှိသာ သမထတရားကို ထူထောင် ပြီး သမာဓိတရား ရလာသည်နှင့် တပြိုင်နက် အစဉ် ဒလစပ် ပြောင်းလဲ ဖောက်ပြန်လျက်ရှိသော ခန္ဓာကပြနေသည်ကို သိမြင် ရပေလိမ့်မည်။

ထိုအခါ အာနာ ပါန နုဿတိတရား ရှုပွားခြင်းကို လွှတ်၍ ခန္ဓာမှပြသော ဖောက်ပြန်ပြောင်းလဲမှု သဘောတရား သို့ ပြောင်းပြီး ဝိပဿနာဉာဏ်နှင့် ခန္ဓာမှပေါ်ရာ ဖြစ် ပျက် သဘောတရားတို့ကို သတိနှင့် မလွှတ်တမ်း စောင့်၍ ရှုပွားရမည် ဖြစ်သည်။

ဝိပဿနာဉာဏ်သို့ ပြောင်းသည်ဆိုသည်မှာ ဉပမာ မီး ရထားခေါင်းတွဲ လမ်းလွှဲလိုက်သကဲ့သို့-

သမာဓိလမ်းမှ ဝိပဿနာဉာဏ်လမ်းသို့ စိတ်ကိုလွှတ်ပြီး ရုပ် နာမ် သဘောတရားတို့၏ဖြစ်ပြီး ပျက်နေသည့် သဘောတရား တို့ကို သိမြင်အောင် ဉာဏ်ကဦးဆောင်ပြီး ရှုပွားအားထုတ်ခြင်း ပင် ဖြစ်သည်။

ဝိပဿနာ ဉာဏ်အလုပ်တရား ရှုပွား အားထုတ် ခြင်း ဆိုသည် ၁။ စက္ခုဝိညာဏ်စိတ်။ ၂။ သောတဝိညာဏ်စိတ်။ ၃။ ဃာနဝိညာဏ်စိတ်။ ၄။ ဇိဝှါ ဝိညာဏ်စိတ်။ ၅။ ကာယ

ဝိညာဏ်စိတ်။ ၆။ မနောဝိညာဏ်စိတ်ဟူ၍ ဝိညာဏ်စိတ် ဖြစ်ပေါ်ရာ ဌာနခြောက်မျိုးရှိသည့်အနက် ဟဒယဝတ္ထု နှလုံးအိမ်၌ ဖြစ်သော အမောဟ မနောဝိညာဏ်စိတ်တမျိုးတည်း၌ ဖွင့်၍ ရှေ့အပျက်စိတ်ကို နောက်အဖြစ်စိတ်နှင့် ရှုပွားခြင်းပင်ဖြစ်သည် ဟု မှတ်ယူရပေမည်။

အမောဟတည်းဟူသော အသိဉာဏ်တရားသည် ဟဒယဝတ္ထု နှလုံးအိမ်တွင်းမှ သိနေခြင်းဖြစ်သဖြင့် ၎င်းသိမှုသဘော တရား ဖြစ်ပေါ်ရာ၌သာ ဉာဏ်နှင့်စောင့်၍ သိမြင်အောင်ရှုပွား အားထုတ်ရမည်ဟု နားလည်သဘောပေါက်ရမည် ဖြစ်ပေသည်။

ဝိပဿနာတရား ရှုပွားအားထုတ်ခြင်းအလုပ်သည် လိုက်ရှာပြီး ရှုပွားခြင်း၊ တမင်လုပ်ယူပြီးရှုပွားခြင်းအလုပ်မျိုး မဟုတ်ချေ။ မိမိခန္ဓာ၏ ပင်ကိုယ်အမှန်ရှိသည့် မွေး-သေ။ တနည်းအား ဖြင့် ဖြစ်-ပျက် သဘောတရားတို့ကို မိမိဉာဏ်အသိနှင့် စောင့်၍ ဟုတ်တိုင်းမှန်စွာ သိမြင်အောင် ရှုပွားသော အလုပ်ပင် ဖြစ်၏။ ခန္ဓာမှပြသည့် ဖြစ်မှု ပျက်မှုတရားတို့ကို ဉာဏ်အမြင်နှင့် သိမြင်မှုသာ အသိမှန်ဖြစ်ပေသည်။

အဓိပ္ပါယ်သဘောမှာ မိမိခန္ဓာမှ ပြသည့် ဖြစ်မှု ပျက်မှု တရားတို့ကို မိမိဉာဏ်နှင့်စောင့်ပြီးရှုပွား၍ ဖြစ် ပျက် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား ဟုတ်ပါကလားဟု သိပြီး ဉာဏ် က ခေါင်းညိတ်လိုက်နေခြင်းပင် ဖြစ်ပေသည်။

ဝိပဿနာတရား ရှုပွားအားထုတ်ခြင်း ဆိုသည်မှာ မိမိ စိတ်ကို မိမိအကဲခတ်ကြည့်ရှုခြင်းပင် ဖြစ်သည်။

သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ်သော စိတ်သည် နှစ်စိတ်ပြိုင်၍ မဖြစ်ပေ။ တစိတ်ပြီးမှတစိတ် ဖြစ်ပေါ်သည့်အတွက် ဝိပဿနာတရား ရှုပွားရာတွင် ရှေ့အပျက်စိတ်ကို နောက်အဖြစ်စိတ်နှင့် ရှုပွားခြင်းဖြစ်သည်။ တနည်းအားဖြင့် ရှေ့အသေစိတ်ကို နောက်အရှင်စိတ်နှင့် ရှုပွားခြင်းဖြစ်သည်။ တနည်းအာ ဖြင့် ရှေ့အပျက်နာမ်ကို နောက်အဖြစ်ဉာဏ်နှင့် ရှုပွားခြင်းဖြစ်သည်။ တနည်းအားဖြင့် ရှေ့အသေနာမ်ကို နောက်အရှင်ဉာဏ်နှင့် ရှုပွားခြင်းဖြစ်ပေသည်။

မိမိခန္ဓာ အတွင်း၌ ဖြစ်-ပျက် သဘော တရားသာ ရှိ၍ ဖြစ်-ပျက်သဘောတရားက အစဉ်ဒလစပ် ပြနေငြားသော်လည်း မိမိက အမှုမဲ့ အမှတ်မဲ့နေ၍သာ မတွေ့မမြင် မသိခြင်းဖြစ်ပေသည်။ မိမိက သတိထား၍ ဝီရိယစိုက်ပြီး ပညာနှင့်သိမြင်အောင် ကြည့်ရှုတတ်ပါမှသာ သိမြင်မည်ဖြစ်ပေသည်။

သမဓိတရားရပြီး ဝိပဿနာဉာဏ်သို့ ပြောင်း၍ ရှုပွားသည့်အချိန်၌ ဝီရိယနှင့် သမာဓိညီရမည်။ သဒ္ဓါနှင့် ပညာလည်းညီရမည်။ သတိကိုလည်း အလျှော့မပေးဘဲ တပါးတည်း ကပ်လိုက်ထားရမည်ဖြစ်သည်။ သို့မှသာ မိမိခန္ဓာမှ ပြသည့် ခန္ဓာ၏အရှိ ဖြစ်-ပျက်ဒုက္ခသစ္စာတရားကို မိမိဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်ရမည်ဖြစ်ပေသည်။

ထို့ကြောင့် အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သော သတိပဋ္ဌာန်တရားလေးပါးရှိသည့် အနက် မိမိတို့ ကြိုက်သည့် သတိပဋ္ဌာန်တရား တပါးပါးကို မှီတည်၍ ဝိပဿနာဉာဏ်နှင့် သိမြင်အောင် ရှုပွားရမည်ဖြစ်ပေသည်။

ဤကဲ့သို့ ရှုပွားနေပါလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို ရှုပွားလျှင် ဖြစ်-ပျက် သဘောတရားသာရှိ၍ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်မည်။

ဝေဒနာ နုပဿနာသတိပဋ္ဌာန်တရားကို ရှုပွားလျှင်လည်း ဖြစ်-ပျက် သဘောတရားသာရှိ၍ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်မည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားကို ရှုပွားလျှင်လည်း ဖြစ်-ပျက် သဘောတရားသာရှိ၍ဖြစ်-ပျက်ဒုက္ခသစ္စာတရားကိုသာ သိမြင်မည်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကိုရှုပွားလျှင်လည်း ဖြစ်ပျက် သဘောတရားသာ ရှိ၍ ဖြစ်ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်မည်ဖြစ်ပေသည်။

မိမိခန္ဓာအတွင်း၌ မိမိက ဝိပဿနာဉာဏ်နှင့် စောင့်၍ ရှုပွားအားထုတ်သည့်အခါတွင် ခန္ဓာမှ ဖျပ် ဖျပ် ဖျပ်ဖျပ်စသည် ဖြင့်သာ အစဉ်ဒလစပ် ဖောက်ပြန်ပြောင်းလဲ ဖြစ်ပြီး ပျက်နေသည့် သဘောတရားတွေကို သိမြင်ရပေလိမ့်မည်။ ၎င်းကိုပင် ထပ်ကာ ထပ်ကာ သိသိနေရန် လိုသည်။ ဤကဲ့သို့ ထပ်ကာ ထပ်ကာ သိသိနေပါက အသိဉာဏ်တရား ရင့်သန်လာမည် ဖြစ်သည်။

အသိဉာဏ် ရင့်သန်လာသည်နှင့်အမျှ ဖြစ်-ပျက်သဘောတရားတွေ ပေါ်တိုင်းပေါ်တိုင်း ဤတရားတွေသည် အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားတည်းဟူသော ဖြစ်-

ပျက် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားတွေချည်းပါကလားဟု မိမိဉာဏ်၌ သိမြင်ရလိမ့်မည်ဖြစ်သည်။

ထိုကဲ့သို့ ဖြင်ပျက် သဘောတရားတွေကို ရှုပွားနေရင်း ရှုပွားဖန်များလာသောအခါ၌ ဖြစ်ပျက် သ ဘော တရား တွေ သည် ချမ်းသာဟူ၍ လုံးဝမဖက် ဆင်းရဲခြင်းသက်သက် တရား တွေပါကလားဆိုသည်ကို မိမိဉာဏ်၌ ကြည် လင် ပြတ်သား ထင်ရှားစွာသိမြင်ရမည်ဖြစ်ပေသည်။

မိမိခန္ဓာအတွင်း၌ မိမိဉာဏ်နှင့် ဆက်လက်၍ကြိုးစားပြီး ရှုပွားနေပါလျှင် မိမိဉာဏ်၌ ပိုမိုရှင်းလင်းပြတ်သားသည်ထက် ပြတ်သားစွာ ပေါ်လွင်ထင်ရှားလာသည့်အခါတွင် ဖြစ်ပျက်နှင့် တကွဖြစ်-ဆင်းရဲ ပျက် ဆင်းရဲအမှန် ဒုက္ခသစ္စာတရားကိုသိမြင် ရမည်ဖြစ်ပေသည်။

ခန္ဓာမှ ဖြစ်-ပျက် သဘော တရားတွေကို မပြသသည့် အချိန်ဟူ၍မရှိ။ မိမိဉာဏ်က မလိုက်နိုင်သောအချိန်သာ ရှိ၏။

သို့အတွက်ကြောင့် မိမိဉာဏ်နှင့် မိမိခန္ဓာကို ရှုပွားနေရင်း ခန္ဓာမှပြသည့် ဖြစ်ပျက်သဘောတရားတွေကို မမြင်လျှင် လေကို သွင်းသောစိတ် လေကို ထုတ် သော စိ တ် တို့ ကို ရှုပွားရမည် ဖြစ်သည်။

ဝင်လေစိတ် ထွက် လေ စိတ်တို့သည်ကား တပါးသော စိတ်တွေထက် ခန္ဓာ၌ အကြိမ်များစွာ ပို၍ဖြစ်ပေါ်လေ့ရှိ၏။ သို့ဖြစ်သောကြောင့် ဝင်လေစိတ် ထွက်လေစိတ်တို့၏ ဖြစ်-ပျက် မှု သဘောတရားတို့ကို ချည်တိုင်သဖွယ် မှုတည်ထားပြီး ရှုပွား ရမည်ဖြစ်ပေသည်။

ထိုဝင်လေစိတ် ထွက်လေစိတ်တို့၏ ဖြစ်ပျက်မှု သဘော တရားတို့ကို ရှုပွားနေရင်း ခန္ဓာမှ ပြသည့် ဖြစ်ပျက်သဘော တရားတို့ကိုမြင်လျှင် ခန္ဓာမှပြသော ဖြစ်ပျက်သဘောတရားတို့ကို ရှုပွားရမည်။

ထိုကဲ့သို့ ဖြစ်ပျက်သဘော တရားတွေ ပေါ်ရာ ကိုသာ ဉာဏ်နှင့်လိုက်ပြီး ရှုပွားနေပါလျှင် ဖြစ်ပျက်သဘောတရားတွေ ကို ကျကျသိမြင်နေရာမှ တဖြေးဖြေးရုပ်နာမ်တရားတွေ တခုပြီး တခု အစဉ်ဒလစပ်ဖြစ်ပြီးပျက်နေသည်ကို မိမိဉာဏ်၌ ခပ်စိပ်စိပ် သိမြင်လာပါလိမ့်မည်။

ခန္ဓာ၏အရှိက ဖြစ်ပျက်သဘောတရားတွေ ရှိသော်လည်း ဝိပဿနာဉာဏ် အမြင်မှန်ရင့်သန်လာသောအခါ၌ အထူးသဖြင့် အပျက်သဘော ဒုက္ခသစ္စာတရားကိုသာ ဉာဏ်ကသိမြင်လာမည် ဖြစ်ပေသည်။

မိမိခန္ဓာအရှိကို မိမိဉာဏ်နှင့်သိမြင်အောင် ရှုပွားနေပါ လျှင် မိမိခန္ဓာ၏အရှိက ဖြစ်ပျက်၊ မိမိ၏ဉာဏ်အသိက မဂ်ဖြစ် နေသောကြောင့် ခန္ဓာအရှိနှင့် ဉာဏ်အသိကိုက်ကာ ဖြစ်ပျက် သဘောတရားတို့ကို သိမြင်နေသော ဉာဏ်သည် ဝိပဿနာ ဉာဏ်ကိုရခြင်း ဖြစ်ပေသည်။ ဝိသုဒ္ဓိတရား ခုနစ်ပါးအရဆိုပါ လျှင်မူ နံပါတ် ၅ ဖြစ်သည့်(မဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ) ဖြစ်ပျက် ဒုက္ခသစ္စာတရားကိုမြင်ပြီး ဉာဏ်အမြင်စင်ကြယ်ခြင်း လည်းဖြစ်ပေသည်။

ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ ဉာဏ်၊ သစ္စာနုလောမိက ဉာဏ်၊ လောကီမဂ်ဉာဏ်၊ ယထာဘူတဉာဏ်၊ ဥဒယဗ္ဗယဉာဏ်

တို့သည်ပါဠိလိုအခေါ်မတူငြားသော်လည်း သဘောမှာအတူတူပင်ဖြစ်၏။ ယင်းတရားတို့သည် ခန္ဓာ၏အရှိ ဖြစ်ပျက်သဘောတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်ပင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ခန္ဓာ၏အရှိ ဖြစ်–ပျက် သဘောတရားတို့ကို ဟုတ်တိုင်း မှန်စွာသိမြင်သည့် ဥဒယဗ္ဗယဉာဏ်မှတဆင့်တက်ပြီး ခန္ဓာ၏အရှိ ဖြစ်ပျက်သဘောတရားတို့ကို စောင့်၍ ရှုပွားနေပါလျှင် ခန္ဓာ၏ အရှိ ဖြစ်ပျက်သဘောတရားတို့ကို ခပ်စိပ်စိပ် သိမြင်လာရာမှ ဉာဏ်အမြင်မှန်ရင့်သန်လာ၍ ခန္ဓာ၏အရှိဖြစ်ပျက်သဘောတရားတို့သည် ချမ်းသာခြင်းကြားမညှပ် ဆင်းရဲခြင်း အစဉ်ဒလစပ်ပါကလားဟုသိပြီး ခန္ဓာရှိလျှင် ဤကဲ့သို့ ဖြစ် ပျက် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားသာရှိပါကလားဟု မိမိခန္ဓာကို ကြောက်ရွံ့ပြီး စွန့်လွှတ်ချင်သောစိတ်၊ ရွံစရာ မလိုချင်စရာ မုန်းစရာ ဖြစ်ပြီး ငြီးငွေ့နေသောစိတ်များ ဖြစ်ပေါ်လာပေလိမ့်မည်။

ထိုကဲ့သို့ခန္ဓာအပေါ်၌ကြောက်ရွံ့ပြီး-စွန့်လွှတ်ချင်သော စိတ် ငြီးငွေ့နေသောစိတ်များ ဖြစ် ပေါ် လာ သည် နှင့် အမျှ တလောကလုံး နှစ်သက်မက်မောစရာ စွဲလန်းစရာ ပျော်မွေ့စရာ ဆို၍ တကွက်မှ မရှိပါကလားဟု မြင်ပြီး မိမိခန္ဓာသည်လည်း ချမ်းသာခြင်းကင်းသည့် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားသာဖြစ်ကြောင်းကို သိမြင်လာပေလိမ့်မည်။

ဤကဲ့သို့ တသေတည်း သေနေသည့် တနည်းအားဖြင့် တပျက်တည်း ပျက်နေသည့် မိမိ ခန္ဓာကို မိမိက မုန်းပြီး ငြီးငွေ့ပြီးနေသောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်ကိုရခြင်းဖြစ်သည်။ ဝိသုဒ္ဓိ

တရား ခုနစ်ပါးအရဆိုပါလျှင်မူ နံပါတ် ၆ ဖြစ်သည့်(ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ)ဉာဏ်စဉ်တွေ့ရင့်သန်၍ ဖြစ်ပျက်ဒုက္ခသစ္စာ တရားကို မုန်းပြီး ဉာဏ်အမြင်စင်ကြယ်ခြင်းလည်းဖြစ်ပေသည်။

ခန္ဓာ၏ အရှိ ဖြစ် ပျက် သဘောတရားတွေကိုမုန်းပြီး ငြီး ငွေ့ပြီးနေသည့် နိဗ္ဗိန္ဒဉာဏ်ကိုပင် ဆက်လက်၍ ရှုပွားနေပါလျှင် ဉာဏ်စဉ်တွေ ရင့်သန်လာသည်ထက် ရင့်သန်လာပြီး ၎င်းဒုက္ခ သစ္စာ ဆင်းရဲခြင်းအမှန်တရားနှင့် မနေလို မရလိုသည့်ဉာဏ်ဖြစ် လာလိမ့်မည်။

ထိုကဲ့သို့ဖြစ်လာသောအခါ မိမိခန္ဓာ၏ အရှိတရားသည် ဖြစ် ပျက် ဒုက္ခသစ္စာ ဆင်းရဲခြင်းအစစ်အမှန်တရားဘဲ။ ဤဆင်းရဲ ခြင်းအစစ်အမှန်ဖြစ်သော မိမိခန္ဓာကို မိမိကမလိုချင်လှန်းသဖြင့် မယူဘော့ပြီဟု ဆုံးဖြတ်ချက်ချလိုက်ပြီးဖြစ်သွားလိမ့်မည်။

ယင်းသို့ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့်တပြိုင်နက်ဖျပ်ခနဲ ဆို မိမိဉာဏ်၌ဖြစ်–ပျက်ဒုက္ခသစ္စာတရားချုပ်ဆုံးပြီး မဖြစ် မပျက် ချမ်းသာခြင်းသဘောသက်သက်သာ ရှိရာ ဖြစ်သော တရားကို သိမြင်ရပေမည်။ ထိုကဲ့သို့ သိမြင်သောဉာဏ်သည် လောကုတ္တရာ မဂ်ဉာဏ်ဖြစ်သည်။

လောကုတ္တရာမဂ်ဉာဏ်သည် ဖြစ်–ပျက် ဒုက္ခသစ္စာတရား ဆုံးသွားပြီး မဖြစ်မပျက်သည့် သုခသစ္စာ ချမ်းသာရာအမှန်ဖြစ် သောနိဗ္ဗာန်တရားတော်မြတ်ကို တကြိမ်သိမြင်ခြင်းပင်ဖြစ်သည်။

ဤကဲ့သို့ ဖြစ် ပျက် ဒုက္ခသစ္စာတရားအဆုံး၌ရှိသော ချမ်း သာရာ အမှန်ဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကို တကြိမ်သိမြင်

သော ဉာဏ်သည် လောကုတ္တရာ မဂ်ဉာဏ်ကို ရခြင်းဖြစ်သည်။ တနည်းအားဖြင့် သောတာပတ္တိ မဂ်ဉာဏ်ကို ရခြင်းဖြစ်သည်။ တနည်းအားဖြင့် သောတာပန်ပုဂ္ဂိုလ်မည်ခြင်း ဖြစ်သည်။ဝိသုဒ္ဓိတရား ခုနစ်ပါးအရ ဆိုပါလျှင်မူ နံပါတ် ၇ ဖြစ်သည့် (ဉာဏဒဿနဝိသုဒ္ဓိ)ဖြစ်–ပျက် ဒုက္ခသစ္စာတရား အဆုံးကို သိမြင်သော မဂ်ဉာဏ်၏ အမြင်စင်ကြယ်ခြင်းလည်း ဖြစ်ပေသည်။

ဥပမာအားဖြင့် ဆိုရပါလျှင် နေအရုဏ် တက်ပြီးမှသာ နေထွက်ဘိသကဲ့သို့ပင်။

ဝိပဿနာမဂ်ဉာဏ်သည် သောတာပန်ဖြစ်ရန် ပမာအားဖြင့် နေအရုဏ် တက်ခြင်းနှင့် တူပေသည်။

ဝိပဿနာမဂ်ဉာဏ်သည် ခန္ဓာနှင့် တဏှာ ကိလေသာကို မမြင် စွန့်၏။ ခန္ဓာ၏အရှိ ဖြစ် ပျက် ဒုက္ခသစ္စာတရားကိုသာ သိမြင်၏။

သောတာပတ္တိ မဂ်ဉာဏ်သည် သောတာပန်ပုဂ္ဂိုလ်ဖြစ်၍ ပမာအားဖြင့် နေထွက်ခြင်းနှင့် တူပေသည်။

သောတာပတ္တိ မဂ်ဉာဏ်သည် ခန္ဓာနှင့် ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော ကိလေသာကို မမြင် စွန့်၏။ ဖြစ် ပျက်ဒုက္ခသစ္စာတရားကိုလည်း မမြင်ဘဲ သုခသစ္စာ ချမ်းသာရာ အမှန်ဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကို တကြိမ်သာ သိမြင်ခြင်းဖြစ်ပေသည်။

ဝိပဿနာမဂ်ဉာဏ်ကို အကြိမ်များစွာ ရှုပွားအားထုတ်ပြီး ဝိပဿနာဉာဏ်အမြင်မှန် ရင့်သန်လာမှ သောတာပတ္တိ မဂ်ဉာဏ်ကို ရမည်ဖြစ်သည်ဟု နားလည် သဘောပေါက်ထားရမည် ဖြစ်ပေသည်။

ဝိပဿနာတရားကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှေ့က ဖြစ် ပျက် နောက်ကမင်္ဂဟူ၍ မိမိခန္ဓာ၏ အရှိ၊ ဖြစ်ပျက်နှင့် မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ် ကိုက်နေကြရန်အတွက် အထူးပင် အရေးကြီးလှပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးက အပျက်နှင့် မဂ်ကြားထဲ ကိလေသာမဝင်ဘဲ နှလုံးသွင်းမှုမှန်နေလျှင် နံက် ရှုပွား အားထုတ်လျှင် ညနေ၊ ညနေရှုပွားအားထုတ်လျှင် နံက် အချိန်အတွင်း သောတာပန် ပုဂ္ဂိုလ် စသည်ဖြစ်နိုင်ကြောင်းကို မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ဗောဓိရာဇကုမာရသုတ်၌ ဟောကြား မိန့်မြွက်တော်မူခဲ့လေသည်။

ဤနေရာ၌ ဝိပဿနာတရားကို ရက်ပေါင်းများစွာ ရှုပွားအားထုတ် နေပါသော်လည်း အဘယ့်ကြောင့် သောတာပန်ပုဂ္ဂိုလ်စသည် မဖြစ်ပါသနည်းဟု မေးစရာရှိ၏။ ဤကဲ့သို့မေးမြန်းစရာ သံသယမဖြစ်ကြပါလေနှင့်။ အပျက်နှင့် မဂ်ကြားထဲ ကိလေသာ ကြားဝင်ခံနေ၍သာဟု မှတ်ယူရပေမည်။

အပျက်နှင့် မဂ်ကြားထဲ ကိလေသာ ကြားဝင်ခံနေပါက အချိန်ကြာမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ကိလေသာကြားဝင်လာလျှင် ထိုကြားဝင်လာသည့် ကိလေသာကိုပင် ဖြစ် ပျက်နှင့် မဂ်ကိုက်အောင် ရှုပွားအားထုတ်ရမည်ဖြစ်သည်။ သို့မှသာ ကြားဝင်လာသည့် ကိလေသာပင်လျှင် အရှုခံတရားဖြစ်ပြီး ဖြစ်ပျက်နှင့်မဂ် ကိုက်မည်ဖြစ်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်လှပေသည်။

မိမိခန္ဓာ၏ အရှိ ဖြစ် ပျက် သဘောတရားနှင့်မိမိ၏ဉာဏ် အသိတည်းဟူသော မင်္ဂကိုက်ပြီး နှလုံးသွင်းမှု မှန်နေကြသော ပုဂ္ဂိုလ်တို့၌ သစ္စာလေးပါးတရား ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။

အကြောင်းကို ဆိုရသော် အရှုခံဖြစ်သော ခန္ဓာငါးပါး ဖြစ် ပျက်သဘောတရားသည် ဒုက္ခသစ္စာဖြစ်၏။

သိမြင်သည့်ရှုဉာဏ်သည် မဂ္ဂသစ္စာဖြစ်၏။

ဒုက္ခဖြစ်ကြောင်း ကိလေသာ တရားများ ဖြစ်ခွင့်မရ၊ ပယ်ပြီးသား ဖြစ်ခြင်းသည် သမုဒယသစ္စာဖြစ်၏။

ဒုက္ခသစ္စာ ချုပ်ဆုံးရာသည် နိရောဓသစ္စာ ဖြစ်သော ကြောင့်ပင်တည်း။

ဒုက္ခသစ္စာတရားကို ပိုင်ပိုင်သိမြင်ခြင်းသည် မဂ္ဂင်အလုပ် တရားကြောင့်ပင် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါး ဉာဏ်အလုပ်တရားသည် ဒုက္ခသစ္စာတရားကို မြင်အောင်၊ မှန်းအောင်၊ ဆုံးအောင် ရှုပွားသည်။ သမုဒယ သစ္စာတရားကိုလည်း ဖြစ်ခွင့်မပေးသဖြင့် ပယ်သတ် ပြီး သား ဖြစ်သည်။ နိရောဓ သစ္စာတရားဖြစ်သည့် သုခသစ္စာ ချမ်းသာရာ အမှန် နိဗ္ဗာန်တရားတော် မြတ်ကိုလည်း မြင်ခြင်း ရခြင်း ဖြစ် ပေသည်။

ဤကဲ့သို့ သစ္စာလေးပါး တရား ဖြစ်ပေါ် ရခြင်းသည် မဂ္ဂင်အလုပ်တရား ရှုပွားအားထုတ်ခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထို့ကြောင့် မိမိ၏ ခန္ဓပဋိစ္စသမုပ္ပါဒ်တရားကို မိမိ၏ဉာဏ် အလုပ်ဖြစ်သော မဂ္ဂင်တရားနှင့်ဖြတ်မှသာ ခန္ဓပဋိစ္စသမုပ္ပါဒ်

သံသရာမှ ပြတ်ပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရမည် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးလမ်းသည် ချမ်းသာရာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သို့ သွားရာလမ်းအမှန်ဖြစ်သည်။ မည်သူတဦးတယောက်ကမှ လိုက်ပို့၍မရ၊ ဆုတောင်း ယူ၍လည်းမရ၊ မိမိကိုယ်တိုင် မဂ္ဂင်အလုပ်ဖြင့် ခန္ဓာဉာဏ်ရောက် ရှုပွားအားထုတ်မှသာ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရမည်ဖြစ်ပေသည်။

ဝိပဿနာတရားကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာ၌ ဖြစ်ပျက် ဒုက္ခသစ္စာ တရားရှိပါလျက် ဤဖြစ်ပျက် ဒုက္ခသစ္စာတရားကိုမှ မမြင်သေးလျှင်လည်း ဖြစ်ပျက်ဒုက္ခသစ္စာတရားကို မုန်းမည်မဟုတ်ပေ။ ဖြစ်ပျက် ဒုက္ခသစ္စာတရားကိုမှ မမုန်းသေးလျှင်လည်း ဖြစ်ပျက်ဒုက္ခသစ္စာ တရားအဆုံးကို မြင်မည် မဟုတ်ပေ။ ဖြစ်ပျက် ဒုက္ခသစ္စာတရားအဆုံးကိုမှ မမြင်သေးလျှင်လည်း ဖြစ်ပျက်ဒုက္ခသစ္စာ တရားအဆုံး၌ရှိသော မဖြစ်မပျက်သည့် သုခသစ္စာ ချမ်းသာရာအမှန် နိဗ္ဗာန် တရားတော်မြတ်ကို မမြင်နိုင်ပေ။ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို တကြိမ်တခါမျှ မမြင်ဘူးသေးသောပုဂ္ဂိုလ်သည်လည်း အပါယ်လေးပါးမှ မလွတ်ကင်းနိုင်သေးဟု မှတ်ယူရမည် ဖြစ်ပေသည်။

ထို့ကြောင့် အနည်းဆုံး အပါယ်လေးပါးမှ လွတ်ကင်းသည်အထိ အချိန်ရှိခိုက် လုံ့လစိုက်၍ ဝိပဿနာဉာဏ် အလုပ်တရားကို ခန္ဓာဉာဏ်ရောက် ရှုပွားအားထုတ်ထားကြရမည် ဖြစ်ပေတော့သည်။

ဤကား ဝိပဿနာတရား ရှုပွားပုံ ရှုပွားနည်း အကျဉ်း မျှပင်တည်း။

## ပဥ္စနန္တရိယကံငါးပါး

ဤနေရာ၌ အလျဉ်းသင့်၍ ပဥ္စနန္တရိယ ကံငါးပါး အကြောင်းကိုရေးသားဖော်ပြပေအံ့။

ပဥ္စနန္တရိယ ကံ ငါးပါးဆိုသည်မှာ....

၁။ မာတုဃာတက — အမိကို သတ်သောကံ။
၂။ ပိတုဃာတက — အဖကို သတ်သောကံ။
၃။ အရဟန္တဃာတက — ရဟန္တာကို သတ်သောကံ။
၄။ လောဟိတုပ္ပါဒက — ဗုဒ္ဓရှင်တော်မြတ်အား သွေး စိမ်း တ ည် အောင် ပြုသော ကံ။
၅။ သံဃဘေဒက — သံ ဃာ တော် များ အား အချင်းချင်း ကွဲပြားအောင် ပြုသောကံတို့ဖြစ်ကြကုန်၏။

အထက်ပါ ပဥ္စနန္တရိယကံငါးပါးတို့တွင် တပါးပါး သောကံကို ပြုမိသောပုဂ္ဂိုလ်တို့ကား သေသည်၏ အခြားမဲ့၌ မချွတ်မလွဲငရဲခံရမြဲဖြစ်၏။

၎င်းက ်တို့ကို ပြုမိသောပုဂ္ဂိုလ်တို့သည် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို မရနိုင်ဟု နားလည်သဘောပေါက်ထားရမည်ဖြစ်ပေတော့သည်။

ဤကား ပဋ္ဌာနဒေသနာ ရိယက ် ငါးပါးအကြောင်း အကျဉ်းမျှပင်တည်း။

## မဂ်အတုတရားဆယ်ပါး

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကိုရလိုကြ၍ ဝိပဿနာတရားကို ရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ်အပေါင်း တို့ သည် မိမိခန္ဓာ၏အရှိ ဖြစ်ပျက်သဘောတရားတို့ကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ်တရားနှင့်သိမြင်အောင် ရှုပွားအားထုတ်ရမည်ဖြစ်သည်။

ဝိပဿနာတရားကို ရှုပွား အားထုတ်ရာတွင်လည်း မိမိခန္ဓာ၏အရှိ ဖြစ်ပျက်သဘောတရားတို့ကို မိမိ၏ဉာဏ်အသိတည်းဟူသောမဂ်နှင့် သိမြင်သည့် ဥဒယဗ္ဗယဉာဏ်၌ မဂ်အတုတရားဆယ်ပါး တပါးပါးဝင်ခံနေလျှင် လောကုတ္တရာမဂ်အစစ်တရားကို မရနိုင်ဟု နားလည် သဘောပေါက်ထားကြရန် အလွန်ပင်လိုအပ်လှပေသည်။

ဤသည်ကိုသိသာရန် ဗုဒ္ဓရှင်တော်မြတ်ကြီးအား အရှင်မဟာကဿပရဟန္တာကြီးက မေးမြန်းလျှောက်ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီးက ဖြေကြား ဟောမိန့်တော်မူပုံတို့ကို ထည့်သွင်းရေးသားဖော်ပြလိုက်ပေအံ့။

ဗုဒ္ဓ ရှင်တော် မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာကဿပရဟန္တာကြီးက ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"အရှင်မြတ်ဘုရား။ နှစ်ရာ့ နှစ် ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တော့မပြည့်မီ သိက္ခာပုဒ်တွေ နည်းစဉ်အခါက ရဟန္တာအဖြစ် အလွန်များကြပါသည်။ နောက် အရှင်မြတ်ဘုရားက သိက္ခာပုဒ်တွေ ပေါ်တိုင်း ပေါ်တိုင်း တိုးလိုက်သဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သောသိက္ခာပုဒ်တွေ ပြည့်သွားပြီးသည့်အခါ ရဟန္တာ အဖြစ်နည်းသွားပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းသည် မည်သည့် အကြောင်း ကြောင့် ပါနည်း ဘုရား"ဟု မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးက "ချစ်သား ကဿပ၊ ရဟန္တာ အဖြစ်နည်းရခြင်းမှာ သိက္ခာ ပုဒ်တွေ များခြင်းကြောင့် မဟုတ်၊ ဥပမာ ရွှေအတုများပေါ်နေလျှင် ၎င်းရွှေအတုများကို ရွှေအစစ်ကဲ့သို့သုံးစွဲနေကြသဖြင့် ရွှေအစစ်များ ပျောက်ရဘိသကဲ့သို့၊ ဝိပဿနာတရားရှုပွားအားထုတ်နေသော ပုဂ္ဂိုလ်သည် ဖြစ် ပျက် မြင်သော ဥဒယဗ္ဗယဉာဏ်၌ မဂ်အတုတရားဆယ်ပါးတပါးပါးဝင်ခံနေသည်ကို လောကုတ္တရာ မဂ် အစစ် တရားဟု

ထင်မှတ်ကျေနပ်နေခြင်းကြောင့်သာ ရဟန္တာ အဖြစ်နည်းရခြင်း ဖြစ်သည်''ဟု ဖြေကြား မိန့်မြွက်တော်မူလေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီး ဖြေကြား ဟောမိန့်တော်မူသော မဂ်အတုတရားဆယ်ပါးသည် အောက်ပါအတိုင်း ဖြစ်ပေသည်။

ယင်းတို့မှာ....

၁။ ဩဘာသ
၂။ ပီတိ
၃။ ပဿဒ္ဓိ
၄။ သဒ္ဓါ
၅။ ဝိရိယ
၆။ သုခ
၇။ ဉာဏ
၈။ သတိ
၉။ ဥပေက္ခာ
၁၀။ တဏှာ တို့ ဖြစ်ကြကုန်၏။

ဩဘာသ ဆိုသည်မှာ ခန္ဓာကိုယ်က အရောင်အဆင်း အနည်းအများစသည်ဖြင့် အမျိုးမျိုးထွက်ပေါ်လာတတ်သည်။ ဉာဏ်ဖြူစင်၍ ဉာဏ်ကြည်လင်ပြီး ဩဘာသဆိုသည့် အရောင် အဆင်းများထွက်ပေါ်လာခြင်းဖြစ်သည်။ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာမဂ်အစစ် တရားဟု မှတ်ယူပြီး ရှုပွား

လက်စ တရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာမဂ်အစစ်တရားကို မရနိုင်ပေ။

ပီတိဆိုသည်မှာ ခန္ဓာကိုယ်သည် ကြွပြီးတက် သွားသလို၊ ကြက်သီးမွေးညှင်းထသလို၊ ကောင်းကင်သို့ ပျံတက်သွားသလို၊ ပေါ့ပါးသွားပြီး ထိုင်နေမှန်း မသိသလို၊ ထနေမှန်း မသိသလို ဖြစ်နေတတ်သည်။ ဤသည်ကို အထင်ကြီးကျေနပ်နေ၍ လောကုတ္တရာမဂ် အစစ်တရားဟု မှတ်ယူပြီး ရှုပွားလက်စတရားကိုရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာမဂ်အစစ်တရားကို မရနိုင်ပေ။

ပဿဒ္ဓိ ဆိုသည်မှာ ခန္ဓာကိုယ်သည် ကျောက်တိုင်ကြီး သဖွယ်ဖြစ်ပြီး ကာယပဿဒ္ဓိ ကိုယ်၏ ပူပန်မှုငြိမ်းခြင်း၊ စိတ္တပဿဒ္ဓိ စိတ်၏ပူပန်မှု ငြိမ်းခြင်းဖြစ်နေတတ်သည်။ ဤသည်ကို အထင်ကြီးကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပွားလက်စတရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာမဂ်အစစ်တရားကိုမရနိုင်ပေ။

သဒ္ဓါဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ကြီးကို ယုံကြည်လွန်းအားကြီး၍ အထူးကြည်ညိုလေးစားပြီး နေသည်။ထိုကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ကြီးအား ကြည်ညိုလေးစားပြီးနေသောသဒ္ဓါတရားကို တရား ရပြီဟု ဆုံးဖြတ်ချက်ချပြီး နေတက်သည်၊ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာ မ ဂ် အ စစ် တ ရား ဟု မှတ်ယူပြီးရှုပွားလက်စတရားကို ရပ်ထားလိုက်တတ်သည်။ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

ဝီရိယဆိုသည်မှာ နည်းနည်းကလေးမှ မလှုပ်ရှားနိုင်သည့် ဝီရိယအကြီးစားဖြစ်နေတတ်သည်။ ဤသည်ကိုအထင်ကြီးကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပ္ပွားလက်စ တရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

သုခဆိုသည်မှာခန္ဓာကိုယ် တကိုယ်လုံး၌ ဆင်းရဲခြင်းဟူ၍ ရှာမတွေ့ဘဲ ကိုယ်ရောစိတ်ပါ ချမ်းသာနေတတ်သည်။ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပ္ပွားလက်စ တရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက်ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

ဉာဏဆိုသည်မှာ ဉာဏ်ထက်မြက်လွန်းပြီး ဉာဏ်ကစူးစူး ရှရှ ထိုးထွင်း၍ သိမြင်လာတတ်သည်။ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပ္ပွား လက်စ တရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက် ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

သတိဆိုသည်မှာ နည်းနည်းကလေးမှ မလွတ်သည့် သတိကို ရပြီးနေတတ်သည်။ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပ္ပွားလက်စတရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ရပ်ထားလိုက်ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

ဥပေက္ခာဆိုသည်မှာ မိမိ၏စိတ်၌ ဖြစ် ပျက်သဘောတရား တွေကိုသာ တန်းတန်း၊ တန်းတန်းပြီး တတန်းတည်းကဲ့သို့ အစဉ် ဒလစပ် ဖြစ်ပြီးပျက်နေသည်ကိုမြင်၍ သာယာမှု ပြစ်မှားမှုတို့

ကင်းပြီး လျစ်လျူပြု၍ နေတတ်သည်။ ဤသည်ကို အထင်ကြီး ကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ်တရားဟု မှတ်ယူပြီး ရှုပွား လက်စတရားကို ရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ ရပ်ထားလိုက် ပါလျှင် လောကုတ္တရာ မဂ်အစစ်တရားကို မရနိုင်ပေ။

တဏှာဆိုသည်မှာ အထက်ပါ မဂ်အတုတရား ကိုးပါး တပါးပါးပေါ်နေသည်ကို ငါသည် လောကုတ္တရာမဂ်အစစ် တရားကို ရပြီဟု ထင်ပြီး နှစ်သက် တပ်မက်နေတတ်သည်။ ဤ သည်ကို အထင်ကြီးကျေနပ်နေ၍ လောကုတ္တရာ မဂ်အစစ် တရားဟုမှတ်ယူပြီးရှုပွားလက်စတရားကိုရပ်ထားလိုက်တတ်သည်။ ဤကဲ့သို့ရပ်ထားလိုက်ပါလျှင် လောကုတ္တရာမဂ်အစစ် တရားကို မရနိုင်ပေ။

ဤကား အရှင်မဟာကဿပ ရဟန္တာကြီးက မေးမြန်း လျှောက်ထားသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကဟောကြားမိန့်မြွက် တော်မူသော မဂ်အတုတရား ဆယ်ပါးပင် ဖြစ်၏။

ယင်းသို့ဖော်ပြထားသော မဂ်အတုတရားဆယ်ပါးရှိသည့် အနက် နံပါတ် တဆယ်ဖြစ်သည့် နှစ်သက် တပ်မက်မှုတဏှာသည် အဆိုးရွားဆုံးသော တရားဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တဏှာသည် မဂ်အတု တရား ဆယ်ပါးဖြစ်ပေါ်ရာတွင် အားလုံး၌ ပါဝင် နေခြင်းကြောင့် ပါပေ။

ဝိပဿနာတရားကို ရှုပွား အားထုတ်နေကြသောပုဂ္ဂိုလ် တို့မှာ ဝိပဿနာတရားကို ရှုပွားအားထုတ်နေရင်း ဖြစ် ပျက် သဘောတရားတွေကို ခပ် စိပ်စိပ် သိမြင်လာသည့် ဥဒယဗ္ဗယ

ဉာဏ် ရင့်သန်လာသော အခါနိုင်၌ အထက်တွင် ရေးသားဖော်ပြခဲ့သော မဂ်အတုတရား ဆယ်ပါးသည် တပါးပါး ပေါ်လာတတ်ခြင်း ဖြစ်သည်။ မဖြစ်ပေါ်ဘဲ မနေပေ။ မဂ်အတု တရား ဆယ်ပါးထဲမှ တပါးပါးတော့ ဖြစ်ပေါ်ရပေမည်။ ဤမဂ်အတု တရားဆယ်ပါး တပါးပါးဖြစ်ပေါ်ပြီးမှသာ လောကုတ္တရာ မဂ် အစစ်တရားကိုလည်း ရနိုင်မည်ဖြစ်ပေသည်။

ထိုမဂ်အတု တရားဆယ်ပါး ရှိသည့်အနက် တ ပါးပါး ပေါ်လာလျှင် ဤပေါ်လာသည့် မဂ်အတုတရားကိုပင် ဖြစ်ပျက် မြင်အောင် ရှုပွားရမည်ဖြစ်၏။ ပေါ်လာသည့် မဂ်အတုတရား ကိုမှ ဖြစ်ပျက်မြင်အောင် မရှုပွားမိလျှင် မိမိခန္ဓာမှပြသည့် ဖြစ် ပျက် သဘောတရားတို့ကို မြင်အောင် ရှုပွားရမည်ဖြစ်သည်။

သို့မှသာ မဂ်အတုတရားကို ကျော်လွန်ပြီး လောကုတ္တရာ မဂ်အစစ်ကို ရပေမည်။

ဤကဲ့သို့ပေါ်ရာ ဖြစ် ပျက် သဘောတရားတို့ကို ရှုပွား နေလျှင် ဖြစ် ပျက်မြင်မည်။ ဖြစ် ပျက်မြင်ပြီးမှ ဖြစ် ပျက် မုန်းမည်။ ဖြစ် ပျက်မုန်းပြီးမှ ဖြစ် ပျက်အဆုံးကိုမြင်မည်။ ဖြစ် ပျက်အဆုံးကို မြင်မှသာ လောကုတ္တရာမဂ်အစစ်တရားကို ရမည်။ တနည်းအားဖြင့် ချမ်းသာရာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်တရားတော် မြတ်ကို သိမြင်ရမည် ဖြစ်ပေတော့သည်။

အထက်ပါ မဂ်အတုတရားဆယ်ပါး အကြောင်းများကို အကျယ်အားဖြင့် သိလိုပါလျှင် နိဒါနဝဂ္ဂကဿပ သံယုတ်ပါဠိ တော် သဒ္ဓမ္မ ပဋိရူပကသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရ

ဤနေရာတွင် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြ၍ ဝိပဿနာတရားကို ရှုပွား အားထုတ်ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် နှလုံးသွင်းမှန်မှသာ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ် ရမည်ဖြစ်ကြောင်းကို သိသာရန် အရှင်ဘူမိဇရဟန်းနှင့် ဇယသေနမင်းသားတို့၏ အမေးအဖြေ များကို ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဘူမိဇ အမည်ရှိသည့် ရဟန်းတပါး ရှိလေသည်။

ထိုအရှင် ဘူမိဇအမည်ရှိသော ရဟန်းသည် ဗိမ္ဗိသာရမင်းကြီး၏ သားအငယ်ဆုံးဖြစ်သည့် ဇယသေနမင်းသား၏ ဦးရီးတော်ဖြစ်သည်။

အရှင်ဘူမိဇသည် တူဖြစ်သော ဇယသေန မင်းသား၏ အိမ်သို့ ခါတိုင်းနည်းတူ ဆွမ်းခံကြွစဉ် ဇယသေန မင်းသားက ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"အရှင်ဘုရား၊တပည့်တော်သည်အိမ်မှုကိစ္စအဝဝတွေနှင့်သာအချိန်ကုန်နေသဖြင့် ကျောင်းတော်သို့အရောက်နည်းပါသည်ဘုရား၊သို့ဖြစ်ပါ၍အရှင်ဘုရားကိုသာမေးလျှောက်ပါရစေ။နိဗ္ဗာန်ချမ်းသာတရားကို ဆုတောင်းပြီး လုပ်လဲ မရပါ။ နိဗ္ဗာန်ချမ်းသာတရားကို ဆုမတောင်းဘဲလုပ်လဲ မရပါ။ နိဗ္ဗာန်ချမ်းသာတရား

ကို တခါတရံဆုတောင်းပြီး တခါတရံ ဆုမတောင်းဘဲလုပ်လဲ မရပါ။ နိဗ္ဗာန်ချမ်းသာတရားကို ဆုတောင်းသယောင်ယောင်နှင့် လုပ်ပြန်သော်လဲ မရပါဟု အချို့သောလူများက ပြောဆိုနေကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် မည်သည့် အကြောင်းကြောင့် ပါနည်း ဘုရား။ ဗုဒ္ဓ ရှင်တော်မြတ်က ဤအကြောင်းမျိုးကို မည်သို့ဟောကြားပါသနည်း ဘုရား''ဟုမေးမြန်းလျှောက်ထားခြင်းပင် ဖြစ်ပေသည်။

ထိုအခါ အရှင်ဘူမိဇက "ဤအမေးပုစ္ဆာများအား ဗုဒ္ဓရှင်တော်မြတ်က ဖြေကြားဟောမိန့်တော်မူသည်ကို ငါလဲတခါမျှ မကြားနာဘူးပါ၊ ဤအမေးပုစ္ဆာများကို ငါ-ဗုဒ္ဓရှင်တော်မြတ်ထံ လျှောက်ထားကြည့်ပါဦးမည်။ ယခုငါ့အမြင်အတိုင်း ဖြေရမည် ဆိုလျှင် နှလုံးသွင်းမမှန်၍သာ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မရခြင်းဖြစ်သည်''ဟု ဖြေကြားပြီး ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

ကျောင်းတော်သို့ ရောက်သောအခါ အရှင် ဘူမိဇသည် ဇယသေနမင်းသား၏ မေးမြန်းသောအမေးပုစ္ဆာများနှင့် သူပြန်ဖြေခဲ့သော 'အဖြေများဟုတ်မဟုတ် မှန်မမှန်တို့ကို ဗုဒ္ဓရှင်တော်မြတ်အား တဖန်ပြန်၍ မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က အရှင် ဘူမိဇရဟန်းအား ဥပမာနှင့်ပြ၍ ဤသို့ဟောကြား၊ မိန့်မြွက်တော် မူလေသည်။

"ချစ်သားဘူမိဇ၊ သဲများ ကို ရေ ဆေး ပြီး ဆီဆုံထဲ ထည့်၍ကြိတ်လျှင် ဆီထွက်စေသတည်းဟု ရှတ်ဆို၍လည်း ဆီထွက်မည်မဟုတ်။ ဆီ မထွက် စေ သတည်းဟု ရှတ်ဆို၍လည်း

ဆိထွက်မည်မဟုတ်။ ၎င်းဆီဆုံထဲတွင် သဲများ ကို မထည့်ဘဲ ဆီ ထွက်စေမည့် ပဲ၊ နှမ်း စသည်တို့ကို ရွေးဆေးပြီး ထည့်၍ ကြိတ် လျှင် ဆီထွက်စေသတည်းဟု ရွတ်ဆို၍လည်း ဆီထွက်မည်ဖြစ် သည်။ ဆီမထွက်စေသတည်းဟု ရွတ်ဆို၍လည်း ဆီထွက်မည် ဖြစ်သကဲ့သို့ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို မည်သို့ပင် ဆု တောင်း ဆုတောင်း၊ မည်သို့ပင် အားစိုက်အားထုတ် နှလုံးသွင်း မမှန်လျှင် ရမည်မဟုတ်။ မိမိခန္ဓာ၏အရှိ ဖြစ်ပျက် သဘောတရား နှင့် မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ်တရား ကိုက်အောင် နှလုံးသွင်းမှုမှန်မှသာ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရမည် ဖြစ်ပေသည်"ဟု အရှင်ဘူမိဇ၏ အဖြေကို ထောက်ခံချက် ပေး သောအားဖြင့် ဥပမာနှင့်တကွပြပြီး ဖြေရှင်းဟောကြားမိန့်မြွက် တော်မူလေသည်။

ဤသို့ ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက်တော်မူခဲ့ သည့် အတိုင်း ဆိုရ ပါမူ နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရကြောင်းဖြစ်သည့် ဝိပဿနာတရားကို ရှုပွား အားထုတ်ကြ သော ပုဂ္ဂိုလ်အပေါင်းတို့သည် မိမိခန္ဓာ၏အရှိဖြစ်ပျက်သဘော တရားနှင့် မိမိ၏ဉာဏ်အသိတည်းဟူသော မဂ်တရား ကိုက်မှသာ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရမည်ဖြစ်သည်ဟုသိအပ်လှ ပေသည်။

မိမိခန္ဓာ၏အရှိ ဖြစ်ပျက် သဘောတရားနှင့် မိမိ၏ဉာဏ် အသိတည်းဟူသော မဂ်တရားကိုက်နေခြင်းသည် (ယောနိသော မနသိကာရ)နှလုံးသွင်းမှုမှန်နေခြင်းပင်ဖြစ်သည်။

မိမိခန္ဓာ၏အရှိ ဖြစ်ပျက် သဘောတရားများကို နှလုံးသွင်းမှန်မှန်နှင့် ရှုပွားအားထုတ်နေသော ပုဂ္ဂိုလ်သည် ဖြစ်–ပျက်မြင်မည်။ ဖြစ်-ပျက်မြင်ပြီးမှ ဖြစ်–ပျက်မုန်းမည်။ ဖြစ်–ပျက် မုန်းပြီးမှ ဖြစ်–ပျက်အဆုံးကိုမြင်မည်။ ဖြစ်-ပျက်အဆုံးကိုမြင်မှသာ ဖြစ်-ပျက်အဆုံး၌ရှိရာဖြစ်သောနိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရမည်ဖြစ်ပေသည်။

အထက်တွင် ရေးသား ဖော်ပြခဲ့သော နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရမည်ဖြစ်ကြောင်းကို တနည်းအားဖြင့် အရှင်ဘူမိဇရဟန်းနှင့် ဇယသေနမင်းသားတို့၏အမေးအဖြေများကို အကျယ်အားဖြင့် သိလိုပါလျှင် ဥပရိပဏ္ဏာသပါဠိတော် ဘူမိဇသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## ရဟန္တာကြီးနှစ်ပါး အမေးအဖြေ

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ရဟန္တာ အရှင်မြတ်ကြီးနှစ်ပါးဖြစ်ကြသည့် အရှင်မဟာကောဋ္ဌိကနှင့် အရှင်သာရိပုတ္တရာတို့၏ အမေးအဖြေများကိုလည်း သဘောပေါက် နားလည်ထားကြရန် လိုအပ်လှပေသည်။

အရှင်မဟာကောဋ္ဌိက ရဟန္တာကြီးက မေးမြန်းသဖြင့် အရှင်သာရိပုတ္တရာရဟန္တာကြီးက ဖြေဆိုပုံတို့မှာ....

အရှင်မဟာကောဋ္ဌိက ။ ။အရှင်ဘုရား— သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန်လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ ။ ။သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှာ ဆက်လုပ်ရန် အလုပ်များ စွာလိုပါသေးသည်။ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်မိမိခန္ဓာ၏အရှိဖြစ် ပျက်သဘောတရားများကို မိမိ၏ဉာဏ်အသိ တည်းဟူသော မဂ်တရားနှင့် သိမြင်အောင် နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရန်လိုပါသေးသည်။

အရှင်မဟာကောဋ္ဌိက ။ ။မိမိခန္ဓာ၏ အရှိ ဖြစ်-ပျက်သဘော တရားများကို မိမိ၏ ဉာဏ်အသိ တည်းဟူသော မဂ်တရားနှင့် ရှုပွားအားထုတ်၍ သိမြင်သော ပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ ။ ။ဖြစ်- ပျက် သဘောတရားများကို သိမြင်သော ပုဂ္ဂိုလ်သည် ဖြစ် ပျက် သဘော တရားများကို မုန်းအောင်

နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရန်လိုပါသေးသည်။

အရှင်မဟာကောဋ္ဌိက ။ ။ဖြစ်ပျက် သဘော တရား များကို မှန်းနေသောပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ ။ ။ဖြစ် ပျက် သဘောတရား များကို မှန်းနေသောပုဂ္ဂိုလ်သည် ဖြစ် ပျက် သဘောတရားများကို ဆုံးသည့်တိုင် သိမြင်အောင် နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရန်လိုပါသေးသည်။

အရှင်မဟာကောဋ္ဌိက ။ ။ဖြစ် ပျက် သဘောတရားများကို ဆုံးသည့် တိုင်အောင် သိမြင်သော ပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ် ဖြစ်ပါသလဲဘုရား။

အရှင်သာရိပုတ္တရာ ။ ။ဖြစ် ပျက်သဘောတရားများကို ဆုံးသည့်တိုင် သိမြင်သောပုဂ္ဂိုလ်သည် ဖြစ် ပျက်သဘောတရားများအဆုံး၌ရှိသော ချမ်းသာရာအမှန်ဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကို တကြိမ်မြင်သဖြင့် သောတာပန် ပုဂ္ဂိုလ်ဖြစ်ပါသည်။

အရှင်မဟာကောဋ္ဌိက ။ ။သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ ။ ။သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် ဖြစ်၊ ပျက် သဘော တရား များကို သိမြင်အောင် နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရပါသည်။သို့မှသာ ဖြစ် ပျက်မြင်၊ဖြစ် ပျက်မုန်း၊ဖြစ် ပျက်ဆုံးပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ဒုတိယအကြိမ် ထပ် မြင်သဖြင့် သကဒါဂါမ် ပုဂ္ဂိုလ် ဖြစ်ပါသည်။

အရှင်မဟာကောဋ္ဌိက။ ။သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ။ ။သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်သည် လည်း ဖြစ်ပျက်သဘောတရား များကို သိမြင်အောင် နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရပါသည်။ သို့မှသာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ် ပျက်ဆုံးပြီး နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို တတိယအကြိမ် ထပ် မြင်သဖြင့်အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပါသည်။

အရှင်မဟာကောဋ္ဌိက။ ။အနာဂါမ် ဖြစ်သော ပုဂ္ဂိုလ်သည် မည်သည့်တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲဘုရား။

အရှင်သာရိပုတ္တရာ။ ။အနာဂါမ်ဖြစ်သော ပုဂ္ဂိုလ် သည် လည်း ဖြစ် ပျက်သဘောတရားများ ကိုသိမြင်အောင် နှလုံးသွင်းမှန်မှန်နှင့် ရှုပွားရပါသည်။သို့မှသာ ဖြစ် ပျက် မြင်၊ ဖြစ် ပျက်မုန်း၊ ဖြစ် ပျက်ဆုံး ပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ် ကို စတုတ္ထအကြိမ် ထပ်မြင်ရသဖြင့် ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ပါသည်။

အရှင်မဟာကောဋ္ဌိက။ ။ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် မည် သည့် တရားများကို ဆက်လုပ်ရန် လိုပါသေးသလဲ ဘုရား။

အရှင်သာရိပုတ္တရာ။ ။ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည်လည်း သတ္တဝါတို့က အာရုံငါးပါး ကာမ ဂုဏ် တရားများ ခံစားနေကြ သည် ကိုမြင်၍ အမြင် ရှုပ်နေလျှင် ၎င်း အမြင်ရှုပ်မှုကို ငြိမ်းအောင် ဖြစ် ပျက် မြင်သော ဉာဏ်မှုစပြီး ရှု ပွား ကာ နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကို မျက်မှောက် ပြု၍ နေရပါသည်ဟု ဖြေတော်မူလေသည်။

အထက်ပါ ရဟန္တာကြီးနှစ်ပါးသည် ဤသို့အမေးအဖြေများကို ပြုလုပ်ကြရာ၌ အရှင်မဟာ ကောဋ္ဌိက ရဟန္တာကြီးသည် မသိ၍မေးခြင်းမဟုတ်။ အကြောင်းမရှိဘဲနှင့်လည်း မေးမြန်းခြင်း မဟုတ်ပေ။ နောင်လာနောက်သား သံသရာဝဋ္ဋဒုက္ခသည် အပေါင်းတို့အား ဝဋ္ဋဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရကြစေခြင်းအကျိုးငှာ ဤကဲ့သို့ အမေးအဖြေများကို ပြုလုပ်၍ ထား တော် မူ ခဲ့ ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ရဟန္တာကြီးနှစ်ပါး၏ အမေး အဖြေများ အတိုင်း ကျင့်ကြံအားထုတ် ရှုပွားမှသာ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို အပြီးတိုင် ရကြမည်ဖြစ်ပေတော့သည်။

အထက်တွင်ဖော်ပြခဲ့သော ရဟန္တာကြီးနှစ်ပါး၏အမေးအဖြေများကို အကျယ်အားဖြင့် သိလိုပါလျှင် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် သီလသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

**မှတ်ချက်။**

သောတာပတ္တိမဂ်ဉာဏ်ကိုရလျှင် သောတာပတ္တိဖိုလ်ဉာဏ်ကို ရမည်ဖြစ်သည်။

သကဒါဂါမိမဂ်ဉာဏ်ကိုရလျှင် သကဒါဂါမိဖိုလ်ဉာဏ်ကို ရမည်ဖြစ်သည်။

အနာဂါမိမဂ်ဉာဏ်ကိုရလျှင် အနာဂါမိဖိုလ်ဉာဏ်ကို ရမည်ဖြစ်သည်။

အရဟတ္တမဂ်ဉာဏ်ကို ရလျှင် အရဟတ္တဖိုလ်ဉာဏ်ကို ရမည်ဖြစ်ပေသည်။

အဘယ့်ကြောင့်နည်းဟူမူ မဂ်ဉာဏ်ကိုရလျှင် ဖိုလ်ဉာဏ်ကို ရရန်အတွက် အထူးကြိုးစား အားထုတ်၍ ယူရသော တရားမဟုတ်ပေ။ (ဓမ္မနိယာမ) တရားသဘော အစဉ်အတိုင်း အခါမလင့် အကျိုးပေး၏။ အခြားမရှိမူ၍ ကျေးဇူးပြု၏။ မဂ်ဉာဏ်ချုပ်လျှင် ဖိုလ်ဉာဏ်က အစားထိုးပြီး ဝင်လာခြင်းကြောင့်ပင်ဖြစ်ပေသည်။

မဂ်ဉာဏ်သည် နိဗ္ဗာန်ချမ်းသာတရားကို တကြိမ်မြင်ခြင်းဖြစ်သည်။

ဖိုလ်ဉာဏ်သည် နိဗ္ဗာန်ချမ်းသာတရားကို တကြိမ်မက မြင်ခြင်း ဖြစ်ပေသည်။

သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ အများဆုံး ခုနစ်ကြိမ်သာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်သည်။

သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်သည် ကာမဘုံ၌ တကြိမ်သာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်သည်။

အနာဂါမိဖိုလ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ ပဋိသန္ဓေအားဖြင့် မနေသော ပုဂ္ဂိုလ်ဖြစ်သည်။

အရဟတ္တဖိုလ် ပုဂ္ဂိုလ်သည် ရဟန္တာ ပုဂ္ဂိုလ်ဖြစ်သည်။ တနည်းအားဖြင့် ကိလေသာတရားများကို အကြွင်းမဲ့ ပယ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပေတော့သည်။

# ပုထုဇဉ် ရဟန်းတပါးအကြောင်း

မိမိခန္ဓာ၏အရှိ ဖြစ်-ပျက်သဘောတရားတို့ကို မိမိ၏ဉာဏ် အသိတည်းဟူသော မဂ်တရားနှင့် သိမြင်အောင်၊ မှန်းအောင်၊ ဆုံးအောင် ရှုပွားအားထုတ်မှသာ သောတာပန် ပုဂ္ဂိုလ်စသည် ဖြစ်နိုင်မည်ကို သိသာရန် ပုထုဇဉ်ရဟန်းတပါး၏ အကြောင်း ကိုလည်း ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိတော် မူစဉ် အခါ၌ ပုထုဇဉ်ရဟန်းတပါးရှိလေ၏။ ထိုပုထုဇဉ် ရဟန်းသည် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို သိမြင်လိုသော ဆန္ဒပြင်းပြ စွာ ရှိလှသဖြင့် ရဟန္တာကြီးလေးပါးရှိသည့်အနက် ရဟန္တာကြီး တပါးထံသို့ ချဉ်းကပ်ပြီး ဤသို့မေးမြန်းလျှောက်ထားလေသည်။

"တပည့်တော်သည် နိဗ္ဗာန်ချမ်းသာ တရားကို သိမြင်လို လှပါသည်ဘုရား။ အရှင်ဘုရားအနေဖြင့် နိဗ္ဗာန်ချမ်းသာတရား ကို ကိုယ်တိုင်သိမြင်ပြီးသား ဖြစ်နေပါ၍ ဝိပဿနာဉာဏ် အမြင် မှန်ရပုံမှစပြီး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို အရှင်ဘုရား သိမြင်သည့်အတိုင်း တပည့်တော်အား ပြန်လည်၍ အမိန့်ရှိပါ ဘုရား"ဟု မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ ရဟန္တာကြီးက "ငါ့ရှင် အတွင်း အာယတန ခြောက်ပါး တပါးပါးအပေါ်၌ ဖြစ်-ပျက် သဘောတရား တို့ကို စ၍ မြင်သော အမြင်သည် နိဗ္ဗာန်ချမ်းသာ တရားကို ရကြောင်းအမြင်မှန်ဖြစ်သည်"ဟု ဖြေတော်မူလေသည်။

ဤကဲ့သို့ ရဟန္တာကြီးက ဖြေလိုက်သည်ကို ပုထုဇဉ်ရဟန်းသည် အာယတန ခြောက်ပါးသိရုံမျှနှင့် နိဗ္ဗာန်ချမ်းသာတရားကို ရမည်ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု နားမလည်သဘောမပေါက်ဘဲဖြစ်နေသဖြင့် နောက်ရဟန္တာကြီးတပါးထံသို့ချဉ်းကပ်ပြီး ပထမရဟန္တာကြီးအား မေးမြန်းလျှောက်ထားသည့်အတိုင်းပင် မေးမြန်းလျှောက်ထား ပြန်လေသည်။

ထိုအခါ ဒုတိယ ရဟန္တာကြီးက "ငါ့ရှင် ခန္ဓာငါးပါး တပါးပါးအပေါ်၌ ဖြစ်-ပျက်သဘောတရားတို့ကို စ၍မြင်သောအမြင်သည် နိဗ္ဗာန်ချမ်းသာတရားကို ရကြောင်း အမြင်မှန်ဖြစ်သည်"ဟု ဖြေတော်မူလေသည်။

ဤကဲ့သို့ ဒုတိယ ရဟန္တာကြီးက ဖြေလိုက်သည် ကိုလည်း ပုထုဇဉ်ရဟန်းသည် သာ၍ နားမလည်၊ သဘောမပေါက်ဘဲ ဖြစ်နေပြန်သဖြင့် နောက် ရဟန္တာကြီး တပါးထံသို့ ချဉ်းကပ်ပြီး ပထမ ရဟန္တာကြီးအား မေးမြန်း လျှောက်ထားသည့်အတိုင်းပင် မေးမြန်းလျှောက်ထားပြန်လေသည်။

ထိုအခါ တတိယ ရဟန္တာကြီးက "ငါ့ရှင် ဓာတ်ကြီးလေးပါး တပါးပါးအပေါ်၌ ဖြစ်-ပျက် သဘောတရားတို့ကို စ၍ မြင်သောအမြင်သည် နိဗ္ဗာန်ချမ်းသာ တရားကို ရကြောင်း အမြင်မှန်ဖြစ်သည်"ဟု ဖြေတော်မူလေသည်။

ဤကဲ့သို့ တတိယရဟန္တာကြီးက ဖြေလိုက်သည်ကိုလည်း ပုထုဇဉ်ရဟန်းသည် သာ၍သာ၍ပင် နားမလည်သဘောမပေါက်ဘဲ ဖြစ်နေပြန်သဖြင့် နောက်ရဟန္တာကြီး တပါးထံသို့ ချဉ်း

ကပ်ပြီး ပထမ ရဟန္တာကြီးအား မေးမြန်းလျှောက်ထားသည့် အတိုင်းပင် မေးမြန်းလျှောက်ထားပြန်လေသည်။

ထိုအခါ စတုတ္ထ ရဟန္တာကြီးက "ငါ့ရှင် အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်ခြင်းသဘောရှိ၏။ ထို ဖြစ်-ပျက် သဘောတရားနှစ်ပါးတို့ကိုစ၍ မြင်သော အမြင်သည် နိဗ္ဗာန်ချမ်းသာ တရားကို ရကြောင်း အမြင်မှန် ဖြစ်သည်"ဟု ဖြေတော်မူလေသည်။

ဤကဲ့သို့ စတုတ္ထရဟန္တာကြီးက ဖြေလိုက်သည်ကိုလည်း ပုထုဇဉ်ရဟန်းသည် မည်သို့မျှပင် နားမလည်သဘောမပေါက်ဘဲ ဖြစ်နေပြန်သဖြင့် စတုတ္ထရဟန္တာကြီးကိုပင် ထပ်ဆင့်၍ ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"အရှင်ဘုရား အနေဖြင့် ဤကဲ့သို့ အမြင်မှန်ရသော နည်းများကို မိမိအလိုလိုကိုယ်ပိုင်ဉာဏ်နှင့် ရခြင်းလော။ သို့တည်း မဟုတ် ထိုအမြင်မှန်ရသောနည်းများကို မည်သည့် ပုဂ္ဂိုလ်ထံမှ ရခြင်း ဖြစ်ပါသနည်း ဘုရား"ဟု မေးမြန်း လျှောက်ထားလေသည်။

ထိုအခါ စတုတ္ထ ရဟန္တာကြီးက"ငါ့ရှင် ဤသို့အမြင်မှန် ရသောနည်းသည် ဗုဒ္ဓရှင်တော်မြတ်ကြီးထံမှ ရခြင်းဖြစ်သည်"ဟု ဖြေတော်မူလိုက်လေသည်။

ထိုအခါ ပုထုဇဉ်ရဟန်းသည် စတုတ္ထ ရဟန္တာကြီးအား ခွင့်ပန်ကြား ကန်တော့ပြီးနောက် ဗုဒ္ဓရှင်တော်မြတ်ကြီးထံသို့ ကြွရောက်၍ ဖူးမျှော်ကန်တော့ပြီး မေးမြန်း လျှောက်ထားပြန် လေသည်။

ပုထုဇဉ်ရဟန်း၏ မေးမြန်းလျှောက်ထားပုံမှာ

"အရှင်မြတ်ကြီးဘုရား၊ တပည့်တော်သည် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မြင်လိုရလိုသော ဆန္ဒအလွန်ပြင်းပြနေပါ သဖြင့် နိဗ္ဗာန်ချမ်းသာ တရားကို သိမြင်ပြီးသား ဖြစ်ကြသည့် ရဟန္တာကြီးလေးပါးထံသို့ ချဉ်းကပ်ပြီး နိဗ္ဗာန်ချမ်းသာတရားကို သိမြင်ရန်အတွက် မည်ကဲ့သို့စ၍ ရှုပွားအားထုတ်မှ ဝိပဿနာ ဉာဏ်အမြင်မှန် ဖြစ်ပါသနည်းဟု မေးမြန်း လျှောက်ထားခဲ့ပါ သည် ဘုရား။ ထိုအခါ ပထမ ရဟန္တာကြီးက အာယတန ခြောက်ပါး။ ဒုတိယ ရဟန္တာကြီးက ခန္ဓာငါးပါး။ တတိယ ရဟန္တာကြီးက ဓာတ်ကြီးလေးပါး။ စတုတ္ထ ရဟန္တာကြီးက ဖြစ်-ပျက်တရား နှစ်ပါးသာရှိသည်ဟု အရေအတွက်အားဖြင့် အမျိုးမျိုး ဖြေကြပါသည်ဘုရား။ ဤကဲ့သို့ တပါးနှင့် တပါး သည် အဖြေများ မတူညီကြခြင်းကြောင့် တပည့်တော်မှာ မည်သို့မျှ သဘောမပေါက်ဘဲ ဖြစ်နေရပါ၍ တပည့်တော်အား သနားသောအားဖြင့် နားလည်သဘောပေါက်အောင် ဟော ကြားမိန့်မြွက်တော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ပုထုဇဉ်ရဟန်းအား ပေါက်ပင်နှင့် ဥပမာပြ၍ ဟောကြားမိန့်မြွက်တော် မူလေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ပေါက်ပင်နှင့် ဥပမာပြ၍ ဟော ကြားမိန့်မြွက်တော်မူပုံမှာ။

ရှေးအခါကမြစ်ချောက်ရောဂါ(ယခုအခါတီဘီရောဂါ) ကုသသော ဆေးဆရာကြီးတဦး ရှိလေသည်။ ထိုဆေးဆရာကြီး

ထံသို့ မြစ်ချောက် ရောဂါရှိကြသော အရပ်လေးမျက်နှာမှ ရောဂါသည် လေးယောက်တို့သည် လာရောက်၍ ဆေးကုသကြလေ၏။ ဆေးဆရာကြီးက ပေါက်ပင်မှ ပေါက်သားကို အရေကျိုပြီး ၎င်းပေါက်သားရေနှင့် သူ၏ဆေးကို ရောစပ်၍ သောက်ခိုင်းလေသည်။

ထိုအခါရောဂါသည် လေးယောက်တို့သည်လည်း ဆေးဆရာကြီး၏ညွှန်ပြပြောသည့်အတိုင်းပြုလုပ်၍ ဆေးကိုသောက်ကြသဖြင့်ရောဂါသည်လေးယောက်တို့သည်လွယ်ကူစွာနှင့်ပင်ရောဂါပျောက်ကင်းကြလေသည်။

ထို့နောက် ဇနပုဒ်ရွာသားတယောက်မှာလည်း ၎င်းမြစ်ချောက်ရောဂါ စွဲကပ်နေသဖြင့် ဆေးဆရာကြီးထံသို့ လာရောက်၍ ဆေးကုသလေသည်၊ ဆေးဆရာကြီးသည်လည်း ဇနပုဒ်ရွာသားအား ရှေးနည်းတူစွာပင် ဆေးပေးကာ ပေါက်သားကို အရေကျိုပြီး ၎င်းပေါက်သားရေနှင့် ဆေးကိုရောစပ်၍ သောက်ရန် ညွှန်ကြားလိုက်သည်။

ထိုအခါ ဇနပုဒ်ရွာသားက ပေါက်ပင်ကို မသိကြောင်း ဆေးဆရာကြီးအားပြောပြသဖြင့် ဆေးဆရာကြီးက သူ၏ထံ၌ ဆေးကုသဘူး၍ ရောဂါပျောက်ကင်းကြသော အရပ် လေးမျက်နှာမှ ပုဂ္ဂိုလ်လေးယောက်တို့သည် ပေါက်ပင်ကိုသိကြောင်း ၎င်းပုဂ္ဂိုလ်များထံသို့ သွားရောက်ပြီး မေးမြန်းရန်လမ်းညွှန်လိုက်လေသည်။

ထိုအခါ ဇနပုဒ်ရွာသားသည် ဆေးဆရာကြီးညွှန်ပြလိုက်သော ပုဂ္ဂိုလ်လေးယောက်ရှိသည့်အနက် အရှေ့အရပ်၌

နေသောပုဂ္ဂိုလ်ထံသို့ ရှေးဦးစွာ သွားရောက်ပြီး ပေါက်ပင်သည် မည်သည့်ပုံသဏ္ဍာန် ရှိသောအပင်မျိုး ဖြစ်ပါသနည်း”ဟု မေးလေသည်။

ထိုအခါ အရှေ့အရပ်မှပုဂ္ဂိုလ်က သူပေါက်ပင်ကိုမြင်တွေ့ခဲ့ရသော အချိန်တွင် အရွက်များကြွေကျနေသည့်အချိန် ဖြစ်၍ မီးလောင်ထားသော သစ်ပင်ကြီးနှင့် တူနေသဖြင့် သူအမှန်မြင်တွေ့ခဲ့ရသည့်အတိုင်း၊ “ပေါက်ပင်သည် မီးလောင်ထားသော သစ်ပင်ကြီးပမာတူသည့် မဲမဲအပင်ကြီးဖြစ်သည်”ဟု၊ ဖြေလိုက်လေသည်။

ထိုအဖြေကို ဇနပုဒ်ရွာသားသည် မီးလောင်ထားသော သစ်ပင်ကြီးကဲ့သို့ မဲမဲအပင်မျိုးကို တကြိမ်တခါမျှ မမြင်ဘူး၍ ပေါက်ပင်၏ပုံသဏ္ဍာန်ကို မပေါ်ပေါက်ဘဲ ဖြစ်နေသဖြင့်၊ “ပေါက်ပင်ကို အခြားသိသောသူများ မရှိဘူးလား”ဟု ထပ်၍ မေးလိုက်ပြန်သည်။

ထိုအခါ အရှေ့အရပ်မှပုဂ္ဂိုလ်က တောင်အရပ်၌နေသော ပုဂ္ဂိုလ်လည်း သိသည့်အကြောင်းကို ညွှန်ပြလိုက်သဖြင့် ဇနပုဒ်ရွာသားသည် တောင်အရပ်၌နေသော ပုဂ္ဂိုလ်ထံသို့သွားရောက်ပြီး“ပေါက်ပင်သည် မည်သည့်ပုံသဏ္ဍာန်ရှိသော အပင်မျိုးဖြစ်ပါသနည်း”ဟု မေးပြန်လေသည်။

ထိုအခါ တောင်အရပ်မှ ပုဂ္ဂိုလ်က သူပေါက်ပင်ကို မြင်တွေ့ခဲ့ရသည့် အချိန်တွင် အဖူးအပွင့်များ စုံလင်စွာ ဖူးပွင့်နေသောအချိန် ဖြစ်သဖြင့် သူအမှန် မြင် တွေ့ခဲ့ ရ သည့် အ တိုင်း

"ပေါက်ပင်သည် ကပင်လုံးနီရဲနေသော အပင်ကြီးဖြစ်သည်"ဟု ဖြေလိုက်လေသည်။

ထိုအဖြေကိုလည်း ဇနပုဒ်ရွာသားသည် သာ၍ နား မလည် သဘောမပေါက်ဘဲ ဖြစ်နေပြန်သဖြင့် "ပေါက်ပင်ကို အခြားသိသော သူများမရှိဘူးလား"ဟု ထပ်၍ မေး လိုက် ပြန်သည်။

ထိုအခါ တောင်အရပ်မှ ပုဂ္ဂိုလ်က မြောက် အရပ်၌ နေသော ပုဂ္ဂိုလ်လည်း သိသည့်အကြောင်းကို ညွှန်ပြလိုက်ပြန် သဖြင့် ဇနပုဒ်ရွာသားသည် မြောက်အရပ်၌နေသော ပုဂ္ဂိုလ်ထံ သို့ သွားရောက်ပြီး "ပေါက်ပင်သည် မည်သည့်ပုံသဏ္ဍာန်ရှိသော အပင်မျိုးဖြစ်ပါသနည်း"ဟု မေးပြန်လေသည်။

ထိုအခါ မြောက်အရပ်မှ ပုဂ္ဂိုလ်က သူ ပေါက် ပင် ကို မြင်တွေ့ခဲ့ရသည့် အချိန်တွင် အသီးများသီးနေသောအချိန် ဖြစ် သဖြင့် သူ့အမှန် မြင်တွေ့ခဲ့ရသည့်အတိုင်း "ပေါက် ပင် သည် သံလျက်ပမာ ဓားအိမ်ပမာ အသီးများ တိုးလို့တဲလောင်းနှင့် သီးနေသော ကုက္ကိုပင်ကြီးပမာတူသည့် အပင်ကြီးဖြစ်သည်"ဟု ဖြေလိုက်လေသည်။

ထိုအဖြေကိုလည်း ဇနပုဒ် ရွာသားသည် သာ၍သာ၍ပင် နားမလည် သဘောမပေါက်ဘဲ ဖြစ်နေပြန်သဖြင့် "ပေါက်ပင်ကို အခြားသိသော သူများမရှိဘူးလား"ဟု ထပ် ၍ မေး လိုက် ပြန်သည်။

ထိုအခါ မြောက်အရပ်မှ ပုဂ္ဂိုလ်က အနောက်အရပ်၌နေ သောပုဂ္ဂိုလ်လည်းသိသည့် အကြောင်းကို ညွှန်ပြလိုက်ပြန်သဖြင့်၊

ဇနပုဒ်ရွာသားသည် အနောက်အရပ်၌နေသော ပုဂ္ဂိုလ်ထံသို့ သွားရောက်ပြီး၊ "ပေါက်ပင်သည် မည်သည့်ပုံသဏ္ဌာန်ရှိသော အပင်မျိုးဖြစ်ပါသနည်း"ဟု မေးပြန်လေသည်။

ထိုအခါ အနောက်အရပ်မှ ပုဂ္ဂိုလ်က သူပေါက်ပင်ကို မြင်တွေ့ခဲ့ရသည့် အချိန်တွင် အရွက်များ ပြန်ပေါက်နေ၍ အရွက်ချင်း ထွေးရှက်ပြီး ညောင်ပင်ကြီးနှင့် တူနေသဖြင့် သူအမှန်မြင်တွေ့ခဲ့ရသည့် အတိုင်း "ပေါက်ပင်သည် အရွက် ဖါးဖါးကြီးတွေနှင့် စိမ်းလန်းစိုပြေပြီး အရိပ်အာဝါသ ကောင်း သော ညောင်ပင်ကြီးပမာ တူသည့် အပင်ကြီးဖြစ်သည်"ဟု ဖြေလိုက်လေသည်။

ထိုအဖြေကိုလည်း ဇနပုဒ်ရွာသားသည် မည် သို့ မျှ ပင် နားမလည် သဘောမပေါက်နိုင်ချေ။

ထို့ကြောင့် ဇနပုဒ် ရွာသားသည် ပေါက်ပင်၏ပုံသဏ္ဌာန်ကို မပေါ်ပေါက်သဖြင့် ပေါက်ပင်ကိုမသိရဘဲ ပြန်ခဲ့ရလေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ် ဇနပုဒ်ရွာသားသည် ပေါက်ပင်ကို မြင်သည့်နေရာ၌ အပေါ်ယံပုံသဏ္ဌာန်အမျိုးမျိုးကိုသာ လွှမ်းခြုံပြီး မြင် တွေ့ နေ သော ကြောင့် ပင် ဖြစ်ပေသည်။

ထို့ကြောင့် "ဇနပုဒ်ရွာသားသည် ပေါက်ပင်ကို တွေ့အောင် မရှာတတ်သဖြင့် သူ၏ရောဂါကိုလည်း ပျောက်ကင်းအောင် မကုသနိုင်ခဲ့ချေ"ဟု ဗုဒ္ဓရှင်တော်မြတ်ကြီးက ပေါက်ပင်နှင့် ဥပမာပြ၍ဟောကြားမိန့်မြွက်တော်မူ၏။

တဖန် ဆက်လက်၍ ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ပုထုဇဉ်ရဟန်းအားသင်ချစ်သားသည်လည်းပေါက်ပင်ကို ရှာမရ၍ ရောဂါမပျောက်ကင်းသည့် ဇနပုဒ်ရွာသား ကဲ့သို့ပင် အမြင်မှန်တရားကို မရသဖြင့် ကိလေသာ ရောဂါတွေ မပျောက်ကင်းဘဲ ဖြစ်နေရကြောင်း။

အထက်ပါ ပုဂ္ဂိုလ်လေးယောက် ညွှန်ပြသော ပေါက်ပင်သည် ပုံသဏ္ဌာန်ချင်းမတူကြ ပြားသော်လည်း အမှန်ပင် ပေါက်ပင်ဖြစ်နေသကဲ့သို့။

ရဟန္တာကြီးလေးပါး ဖြေသော အမြင်မှန်ရပုံ တို့သည် နိဗ္ဗာန် ချမ်းသာတရားကို ရကြောင်းအမှန် တရားဖြစ်သော်လည်း သင်ချစ်သားသည် အာယတန ခြောက်ပါး၊ ခန္ဓာငါးပါး၊ ဓာတ်ကြီးလေးပါး၊ ဖြစ်ပျက်တရား နှစ်ပါးဟု အရေအတွက်ပေါ်၌သာမှတ်ယူပြီး မိမိခန္ဓာ၏အရှိ ဖြစ် ပျက်သဘောတရားတို့ကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ်တရားနှင့် သိမြင်အောင် ရှုပွားအားထုတ်ရမည်ဟုမသိခြင်းကြောင့်အမြင်မှန်မရဘဲ ဖြစ်နေရကြောင်း။

ဇနပုဒ်ရွာသားသည် မီးလောင်ထားသော သစ်ပင်ကြီးပမာတူသည့် ပေါက်ပင်မှ ပေါက်သားကိုယူပြီး အရေကျိုကာဆေးနှင့်ရောစပ်၍သောက်ပါက ရောဂါ ပျောက်ကင်းမည်ဖြစ်ကြောင်း။

တပင်လုံးနီရဲနေသည့်ပေါက်ပင်မှပေါက်သားကို

ယူပြီး အရေကျိကာ ဆေးနှင့် ရောစပ်၍သောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ကြောင်း။

သံလျက်ပမာ၊ ဓားအိမ်ပမာ တိုးလို့တွဲလောင်းနှင့်သီးနေသောကုက္ကိုပင်ကြီးပမာတူသည့် ပေါက်ပင်မှ ပေါက်သားကိုယူပြီးအရေကျိကာ ဆေးနှင့်ရောစပ်၍ သောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ကြောင်း။

အရွက် ဖွားဖွားကြီးတွေနှင့် စိမ်းလန်းစိုပြေပြီး အရိပ်အာဝါသ ကောင်းသော ညောင်ပင်ကြီး ပမာတူသည့် ပေါက်ပင်မှ ပေါက်သားကိုယူပြီး အရေကျိကာ ဆေးနှင့်ရောစပ်၍သောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ပင် ပထမရဟန္တာကြီးဖြေသောအတွင်းအာယတန ခြောက်ပါး၏ ဖြစ် ပျက် သဘော တရားအ ဆုံး ၌ နိဗ္ဗာန်ချမ်းသာတရားရှိကြောင်း။ ဒုတိယရဟန္တာကြီးဖြေသော ခန္ဓာငါးပါး၏ ဖြစ် ပျက်သဘောတရားအဆုံး၌ နိဗ္ဗာန်ချမ်းသာတရားရှိကြောင်း။ တတိယရဟန္တာကြီးဖြေသော ဓာတ်ကြီးလေးပါး၏ ဖြစ် ပျက်သဘောတရားအဆုံး၌နိဗ္ဗာန်ချမ်းသာ တရားရှိကြောင်း။ စတုတ္ထရဟန္တာကြီးဖြေသော အလုံးစုံသောသင်္ခါရတရားတို့သည် ဖြစ်ပြီး ပျက်ခြင်းသဘောသာ ရှိခြင်းကြောင့် ၎င်း ဖြစ် ပျက် သဘောတရားအဆုံး၌ နိဗ္ဗာန်ချမ်းသာတရားရှိကြောင်း။

ထို့ကြောင့် မိမိခန္ဓာ၏ အရှိ ဖြစ်-ပျက် သဘော တရားတို့ကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ်တရားနှင့် သိမြင်အောင် မုန်းအောင်၊ ဆုံးအောင် ရှုပွား အားထုတ်နိုင်မှသာ၊ ခန္ဓာ၏အရှိ ဖြစ်ပျက်အဆုံး၌ ရှိရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရနိုင်မည် ဖြစ်ကြောင်းတို့ကို ဟောကြားမိန့်မြွက်တော်မူလေသည်။

ဤကဲ့သို့ ဗုဒ္ဓ ရှင်တော်မြတ်ကြီး ဟောကြား မိန့်မြွက်တော်မူလိုက်သည့်အဆုံး၌ ပုထုဇဉ် ရဟန်းသည် ခန္ဓာ၏ အရှိ ဖြစ် ပျက်သဘောတရားအဆုံးအထိ သိမြင်ပြီး သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားလေတော့သည်။

အထက်တွင် ရေးသား ဖော်ပြခဲ့သော ပုထုဇဉ် ရဟန်းတပါး၏အကြောင်းကို အကျယ်အားဖြင့် သိလိုပါလျှင် သဠာယတန ဝဂ္ဂ သံယုတ် ပါဠိတော်ကိံသုကောပမသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## အရှင်ဖဂ္ဂုဏရဟန်း

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရကြောင်း ဖြစ်သည့် ဝိပဿနာတရားကိုရှုပွားအားထုတ်ကြသော ပုဂ္ဂိုလ် အပေါင်းတို့သည် အရှုခံတရားနှင့် ငါ မရောကြစေရန်လည်း အထူးပင် အရေးကြီးလှပေသည်။

ရုပ်ဓာတ်တရားကို ရှုပွားသော ပုဂ္ဂိုလ်သည် ရုပ်ဓာတ် တရားနှင့် ငါ မရောစေရ။

ဝေဒနာတရားကိုရှုပွားသော ပုဂ္ဂိုလ်သည်ဝေဒနာတရား နှင့် ငါ မရောစေရ။

စိတ်တရားကိုရှုပွားသောပုဂ္ဂိုလ်သည်စိတ်တရားနှင့်ငါမရောစေရ။

ဖြစ် ပျက် ဒုက္ခသစ္စာတရားကို ရှုပွားသောပုဂ္ဂိုလ်သည် ဖြစ် ပျက် ဒုက္ခသစ္စာတရားနှင့် ငါ မရောစေရ။

အဘယ်ကြောင့်ဆိုသော် ရုပ်ရုပ်ခတ်တရား၊ ဝေဒနာ တရား၊ စိတ်တရား၊ ဖြစ် ပျက် ဒုက္ခသစ္စာတရားတို့သည် ငါ မဟုတ်ပါ။ ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာတရားသာ ဖြစ်သော ကြောင့်ပင်တည်း။

ထို့ကြောင့် အရှုခံတရားနှင့် ငါ မရောဘဲ ဆင်းရဲခြင်း အမှန် ဒုက္ခသစ္စာတရားကို ဝိ ပဿ နာ ဉာဏ်နှင့် သိမြင်အောင် ရှုပွားအားထုတ်မှသာ နိဗ္ဗာန် ချမ်း သာ တရား တော် မြတ်ကို ရကြောင်းအမြင်မှန်တရားဖြစ်သည်ဟု နားလည်သဘောပေါက် ကြရမည်ဖြစ်ပေသည်။

အထက်ပါအကြောင်းအရာများကို နားလည် သဘော ပေါက်စေရန်အတွက် အရှင်ဖဂ္ဂုဏအမည်ရှိသည့် ရဟန်းတပါး အကြောင်းကို ရေးသားဖော်ပြပေအံ့။

ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ တွင် အရှင်ဖဂ္ဂုဏအမည်ရှိသည့် ရဟန်းတပါးရှိလေသည်။

ထိုအရှင်ဖဂ္ဂုဏရဟန်းသည် မကျန်းမမာ ဖျားနာနေ သဖြင့် ပြင်းထန်သောဝေဒနာများ ဖိစီးနှိပ်စက်ခြင်းကို အော် ဟစ်ညည်းညူကာ မသက်မသာ ခံစားနေရလေသည်။

ဤသို့ အရှင်ဖဂ္ဂုဏရဟန်းသည် ပြင်းထန်သောဝေဒနာ များကြောင့် မသက်မသာခံစားနေရပုံတို့ကို အရှင်အာနန္ဒာက တွေ့မြင်ရသောအခါ လွန်စွာ သနားမိသောကြောင့် ဗုဒ္ဓရှင် တော်မြတ်ကြီးထံသို့ကြွသွား၍ ဖူးမျှော်ကန်တော့ပြီး—

"အရှင်မြတ်ဘုရား။ အရှင်ဖဂ္ဂုဏရဟန်းသည် ပြင်းထန် သောဝေဒနာများကြောင့်အော်ဟစ်ညည်းညူကာ မသက်မသာ

ခံစားနေရပါသဖြင့် အလွန်သနားဘွယ်ရာ ကောင်းလှပါသည် ဘုရား။ သို့ဖြစ်ပါ၍ အရှင်မြတ်ကြီး ကိုယ်တော်တိုင် ကြွသွားတော်မူပြီးနှစ်သိမ့်အားပေးတော်မူပါဘုရား....”ဟုလျှောက်ထားလေသည်။

ဤသို့ အရှင်အာနန္ဒာက လျှောက်ထားလေသောအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးသည် အရှင်ဖဂ္ဂုဏရဟန်းရှိရာသို့ ကြွသွားတော်မူပြီး အရှင်ဖဂ္ဂုဏရဟန်းအား—

“ချစ်သားဖဂ္ဂုဏ၊ ဝေဒနာ မည်သို့နေသနည်း။ သက်သာပါ၏လော”ဟု မေးမြန်းတော်မူလေသည်။

ထိုအခါ အရှင်ဖဂ္ဂုဏ ရဟန်းက “အရှင်မြတ် ဘုရား ဘပည့်တော်၏ဝေဒနာသည် လွန်စွာမှ ပြင်းထန်နေ၍ အခံရခက်လှပါသည်ဘုရား၊ ဦးခေါင်းထဲမှာသိပ်မူးပြီး ဝမ်းထဲမှာလဲအလွန်နာနေပါသဖြင့် တပည့်တော်မှာ မခံသာအောင် ခံစားနေရပါသည်ဘုရား၊ တပည့်တော်၏ ဝေဒနာမှာ နောက်သို့မဆုတ်ဘဲ ရှေ့သို့သာတိုး၍ တိုး၍နေသဖြင့် သေရပါလိမ့်မည် ဘုရား”ဟု အားငယ်စွာဖြင့် လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးက “ချစ်သား ဖဂ္ဂုဏ ဝေဒနာနှင့် ငါ မရောစေနဲ့၊ ဝေဒနာသည် ငါမဟုတ်ပါ။ ယခု ခံစားနေရသော ဝေဒနာဒုက္ခသည် ဖြစ်ပြီးပျက်သည့် ဒုက္ခသစ္စာ ဘရားသာ ဖြစ်သဖြင့် ထိုဖြစ်-ပျက် ဒုက္ခသစ္စာတရားကိုသာ သင် ချစ်သား သိမြင်အောင် ခန္ဓာအတွင်း၌ ဉာဏ်သွင်း၍ ရှုပွားအားထုတ်ပါ”ဟု ဤသို့ ထပ်ကာထပ်ကာ သတိပေး မိန့်မြွက်တော်မူလေသည်။

ထိုအခါ အရှင်ဖဂ္ဂုဏရဟန်းသည် ဗုဒ္ဓရှင်တော်မြတ်၏ သတိပေး မိန့်မြွက်တော်မူသော စကားတော်အတိုင်း ဝေဒနာနှင့်

ငါ မရောစေဘဲ ရှုပွား အားထုတ်လိုက်သောအခါ ဝေဒနာ၏ သဘောတရားသည် ဖြစ်ပြီး ပျက်နေသည့် ဒုက္ခသစ္စာတရားသာ ပါကလားဟု မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာ တရားဖြင့် ပိုင်းခြားသိမြင်ကာ နှလုံးသွင်းမှုမှန်၍ နေလေသည်။

ဤကဲ့သို့ အရှင်ဖဂ္ဂုဏရဟန်းသည် ခန္ဓာ၏အရှိ ဖြစ် ပျက် ဒုက္ခသစ္စာတရားနှင့် ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားကိုက်ပြီး နှလုံးသွင်းမှု မှန်နေသော အချိန်တွင်ပင် ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ကျောင်းတော်သို့ ပြန်၍ကြွသွားတော်မူလေသည်။

ထိုသို့ဗုဒ္ဓရှင်တော်မြတ်ကြီး ကျောင်းတော်သို့ ပြန်၍ကြွသွားတော် မူပြီး မကြာမီအချိန်၌မှာပင် အရှင်ဖဂ္ဂုဏရဟန်းသည်လည်း ဝိညာဉ်ချုပ်တော်မူလေ၏။

ထူးခြားသည်မှာ ယင်းသို့ အရှင်ဖဂ္ဂုဏ ရဟန်းသည် ဝိညာဉ်ချုပ်သော်လည်း အရှင်ဖဂ္ဂုဏ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တည်းဟူသော ဣန္ဒြေတို့မှာ အသက်ရှင်လျက်ရှိသော ပုဂ္ဂိုလ်ကဲ့ကဲ့ပင် ပြုံးရွှင်ကြည်လင်၍ နေလေသည်။

ထိုအချင်းအရာကို မြင်တွေ့လိုက်ရသော အရှင်အာနန္ဒာသည် များစွာအံ့သြခြင်းဖြစ်ပြီး ဗုဒ္ဓရှင်တော်မြတ်ကြီးထံသို့ ကြွသွား၍ ဖူးမျှော်ကန်တော့ပြီး-

"အရှင်မြတ်ဘုရား၊ အရှင်ဖဂ္ဂုဏသည် ဝိညာဉ်ချုပ်ပါပြီ ဘုရား၊ သို့သော်လည်း ဝိညာဉ်မချုပ်မီ အချိန်၌ မသက်မသာ အော်ဟစ်ညည်းညူကာ ဝေဒနာများ ခံစားနေရသောကြောင့် ညှိုးနွမ်းနေသည့် အရှင်ဖဂ္ဂုဏ၏ မျက်နှာအနေအထားသည်များမှာ ယခုအချိန်တွင် မည်သို့မျှပင် မညှိုးနွမ်းပါဘဲ အသက်ရှင်လျက်ရှိသော ပုဂ္ဂိုလ်ကဲ့သို့ ပြုံးရွှင်ကြည်လင်စွာ ရှိနေသဖြင့်

အလွန်ပင် အံ့ဩဘွယ်ရာ ကောင်းလှပါသည် ဘုရား"ဟုလျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် အရှင်ဖဂ္ဂုဏ ရဟန်းကား ဝေဒနာနှင့် ငါမရောဘဲ ခန္ဓာ၏အရှိ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်၍ ဖြစ် ပျက်ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီးရဟန္တာ ပုဂ္ဂိုလ်အထိဖြစ်သောကြောင့် အရှင်ဖဂ္ဂုဏ၏ မျက်နှာအနေ အထား စသည် များမှာလည်း အသက်ရှင်လျက်ရှိသော ပုဂ္ဂိုလ်ကဲ့သို့ပင် ပြုံးရွှင်ကြည်လင်စွာ ရှိနေခြင်း ဖြစ်သည်ဟု မိန့်မြွက်တော်မူလေသည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းအပေါင်းတို့အား သေနည်း ညွှန်ပြပေးမည်ဟုမိန့်မြွက်တော်မူပြီးလျှင် အရှင်ဖဂ္ဂုဏရဟန်းကို အကြောင်းပြု၍ အရှင်အာနန္ဒာနှင့်တကွ ရဟန်းအပေါင်းတို့အား သေနည်းသုံးမျိုး ရှိကြောင်းကို ဟောကြားမိန့်မြွက်တော်မူလေသည်။

ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက်တော်မူသော သေနည်းသုံးမျိုးတို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**အမှတ် ၁ - ဖြစ်သော သေနည်းမှာ။** ။သေခါနီးအချိန်၌ဗုဒ္ဓရှင်တော်မြတ်ကြီးအနေဖြင့် ဝေဒနာနှင့်ငါမရောသည့်တရားမျိုးကို ဟောကြားမိန့်မြွက်တော်မူ၍ကြားနာရပြီးဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ၏အရှိ ဖြစ် ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာ တရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ် ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်ကြောင်း။

အမှတ် ၂- ဖြစ်သော သေနည်းမှာ။ ။သေခါနီး အချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့် သာဝကဖြစ်သော ဆရာကောင်း သမားကောင်းအနေဖြင့်ဝေဒနာနှင့်ငါ မရောသည့် တရားမျိုးကို ဟောပြော၍ကြားနာရပြီး ဝေဒနာနှင့် ငါမရော ဘဲ မိမိခန္ဓာ၏အရှိ ဖြစ် ပျက်ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိ တည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ် ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကိုသိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်း။

**အမှတ် ၃- ဖြစ်သော သေနည်းမှာ။** ။သေခါနီး အချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့်လည်း မတွေ့ကြုံ ဗုဒ္ဓရှင်တော် မြတ်ကြီး၏ တပည့်သာဝကဖြစ်သော ဆရာကောင်း သမား ကောင်းနှင့်လည်း မတွေ့ကြုံ ကြားသော်လည်း ဝေဒနာနှင့် ငါ မရောသည့်တရားမျိုးကို သေခါနီးအချိန်၌ မဟုတ်ဘဲ သေခြင်း တရားက မဦးမီ အချိန်ရှိခိုက်လုံ့လစိုက်၍ ဗုဒ္ဓရှင်တော်မြတ်ကြီး ထံ၌ဖြစ်စေ၊ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့် သာဝကဖြစ်သော ဆရာကောင်း သမားကောင်းထံ၌ဖြစ်စေ၊ မိမိကိုယ်တိုင်ကြားနာ ထားပြီး သေခါနီးအချိန်၌ မိမိကိုယ်တိုင် ကြားနာထားခဲ့ရသော တရားအတိုင်း ဝေဒနာနှင့်ငါ မရောဘဲ မိမိခန္ဓာ၏အရှိ ဖြစ် ပျက် ဒုက္ခသစ္စာ တရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာ တရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ် ပျက်ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရဟန္တာ ပုဂ္ဂိုလ်အထိဖြစ်နိုင်ကြောင်းတို့ကို ဟောကြား မိန့်မြွက်တော် မူခြင်းပင်ဖြစ်သည်။

ထို့ကြောင့် စာရှုသူတို့အနေဖြင့် အထက်ပါဗုဒ္ဓရှင်တော် မြတ်ကြီး ဟောကြားမိန့်မြွက်တော်မူခဲ့သော သေနည်းသုံးမျိုး

အရဆိုပါလျှင်မူ အမှတ်တစ်ဖြစ်သည့် သေနည်းသည် ဒွရှင်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ဖြစ်သဖြင့် မရနိုင် မဖြစ်နိုင်တော့ပြီဟုမှတ်ယူရပေမည်။

အမှတ်နှစ်ဖြစ်သည့် သေနည်းသည်လည်း ဝေဒနာနှင့် ငါ မရော သည့် တရားမျိုးကို ဟောပြောပြသတတ်သော ဆရာကောင်း သမားကောင်းအား သေခါနီးအချိန်ကျခါမှ မိမိအနီး၌ ပင့်ခေါ်ထားရန်ကလည်း သေရမည့်အချိန်ကို အတိအကျ မသိရသဖြင့် မရနိုင် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ယခုအချိန်၌ အကောင်းဆုံး စိတ်အချရဆုံး ဖြစ်သောသေနည်းမှာ အမှတ်သုံးဖြစ်သည့် သေနည်းပင်ဖြစ်၏။

၎င်းအမှတ်သုံးဖြစ်သည့် သေနည်းအတိုင်း မိမိဉာဏ်ကို မိမိအားကိုးပြီး သေခြင်းတရားက မဦးမီ အချိန်ရှိခိုက် လုံ့လစိုက်၍ ဝေဒနာနှင့် ငါ မရောသည့် တရားမျိုးကို ဟောပြောပြသတတ်သော ဆရာကောင်း သမားကောင်းတို့၏ထံ၌ နည်းနိသျှည်းများကို ခံယူမှတ်သား နာကြားပြီး မိမိ ခန္ဓာ ၏ အ ရှိ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ် အသိ တည်း ဟူ သော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ် ထားကြရမည် ဖြစ်ပေသည်။

သို့မှသာ အမှတ်သုံးဖြစ်သည့် သေနည်းကိုရနိုင်ပြီးသေခါနီးအချိန်၌ မိမိကိုယ်တိုင် ကြားနာထားခဲ့ရသော တရားအတိုင်း ဝေဒနာနှင့် ငါ မရောဘဲ မိမိခန္ဓာ၏ အရှိ ဖြစ်-ပျက်ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်း ဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နိုင်ကာ ဖြစ်-ပျက် ဒုက္ခသစ္စာတရားချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရ ဟ န္တာ ပုဂ္ဂိုလ် အ ထိ ဖြစ်နိုင်ကြပေလိမ့်မည်။

မည်သည့်ပုဂ္ဂိုလ်-သတ္တဝါမဆို ခန္ဓာရလျှင် သေရမည်ဖြစ်သည်။ သတ္တဝါတို့မည်သည် သေခါနီးအချိန်ကျခါမှ အားကိုးရာ တရားကို ရှာတတ်ကြသည်။ တနည်းအားဖြင့် မသေရာတရားကိုရှာဇာတ်ကြပေသည်။ သေခါနီးအချိန်ကျခါမှ အားကိုးရာ တရားရှာ၍ တနည်းအားဖြင့် မသေရာတရားကိုရှာ၍ရနိုင်မည်မဟုတ်ပေ။

ဥပမာပြရမည်ဆိုလျှင် ပြင်းထန်စွာ မီးတောက်လောင်နေမှ မီးငြိမ်းသတ်ရန် ရေကိုလိုက်ရှာနေပါလျှင် ရေကိုရတ်တရက်မရဘဲ မီးအလောင်ခံရကာ-ပျက်စီးဆုံးရှုံး ရ ဘိ သ ကဲ့ သို့ ပ င် ဖြစ်ပေမည်။ထို့ကြောင့်သေခြင်းတရားကမဦးမီ အချိန်ရှိခိုက်လုံ့လစိုက်၍ မသေရာရမည့်အလုပ်တရားမျိုးကို ကြိုတင်ပြီး ရှုပွားအားထုတ်ထားကြပါမှသာမသေရာတရားကိုရကြမည်ဖြစ်သည်ဟုနားလည်သဘော ပေါက်ထားကြရန် အလွန်လိုအပ်လှပေသည်။

မသေရာရမည့် အလုပ်တရားဆိုသည်မှာ ဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ၏အရှိဖြစ်-ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ်နေခြင်း အလုပ်ပင်ဖြစ်ပေသည်။

အကြောင်းကို ဆိုရသော ဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ၏အရှိ ဖြစ်-ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ်နေသောပုဂ္ဂိုလ်သည် ယခုရှုပွားအားထုတ်နေဆဲအချိန်၌မှာပင် ဖြစ်-ပျက် ဒုက္ခသစ္စာတရားချုပ်ဆုံးရာကိုသိမြင်ပြီးသောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်သောကြောင့် တနည်းအားဖြင့် မသေရာ အမှန်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရနိုင်သောကြောင့်ပင် ဖြစ်ပေတော့သည်။

အထက်တွင် ရေးသားဖော်ပြခဲ့သော အရှင်ဖဂ္ဂုဏရဟန်း အကြောင်းကို အကျယ်အားဖြင့် သိလိုပါလျှင် တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဖဂ္ဂုဏသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီလျှင် နိဗ္ဗာန်မြင်မည်

ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်မြင်တော်မူ၍ အောက်ပါ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီသောပုဂ္ဂိုလ်သည် ယခုဘဝ၌ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မရလျှင် နောက်ဒုတိယဘဝ၌ ဧကန်မုချ အမှန်ရမည်ဟု ဟောကြားမိန့်မြွက်တော် မူခဲ့လေသည်။

ထို့ကြောင့် ဝိပဿနာတရားကို ခန္ဓာဉာဏ်ရောက် ရှုပွားအားထုတ်ထားကြသော တနည်းအားဖြင့် အောက်ဖော်ပြပါ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီထားကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် မည်သို့မျှ အားမငယ်ကြပါနှင့်၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ယခုဘဝမရသော်လည်း နောက်ဒုတိယဘဝ၌ ဧကန်မုချရမည်ဟု တသေ့မတိမ်း မှတ်ယူထားကြရမည် ဖြစ်ပေသည်။

**အင်္ဂါရပ် လေးချက် ဆိုသည်မှာ**

၁။ ။ခန္ဓာငါးပါး-ရုပ်-နာမ် နှစ်ပါး သင်္ခါရတရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ စသည် ဖြင့် မဟုတ်ပါ။ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဖြစ်ပျက် တည်းဟူသော ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရားသာ ဖြစ်ချေသည်။

ထိုဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရားကို မဂ္ဂသစ္စာဉာဏ်တရားနှင့်သိမြင်အောင် မှန်းအောင် ဆုံးအောင် ရှုပွားအားထုတ်ရမည်ဟုစသည်ဖြင့် သစ္စာအမှန်တရားတို့ကို ဟောပြောပြသသည့် ဆရာကောင်း သမားကောင်းများတို့၏ထံ၌ ဖြစ်စေ၊ ရေးသား

ထားသော စာပေကျမ်းဂန်တို့၌ ဖြစ်စေ လေ့လာလိုက်စားပြီး နာယူမှတ်သား ဖတ်ကြားမှုရှိရပေမည်။

၂။ ။အထက်ပါ သစ္စာတရားတို့ကိုလေ့လာလိုက်စား နာယူမှတ်သား ဖတ်ကြားမှုရှိပြီး နှုတ်တက်အာဂုံ ရသင့်သလောက် ရမှုရှိရပေမည်။

၃။ ။အထက်ပါသစ္စာတရားတို့ကို ခန္ဓာ ဥာဏ်ရောက် နှလုံးသွင်းမှန်မှု ရှိရပေမည်။

၄။ ။အထက်ပါသစ္စာတရားတို့ကို ခန္ဓာဥာဏ်ရောက် နှလုံးသွင်းမှန်မှု ရှိခြင်းကြောင့် ခန္ဓာငါးပါး ရုပ် နာမ် နှစ်ပါး သင်္ခါရတရားတို့သည် ပုဂ္ဂိုလ် သတ္တဝါငါ သူတပါး ယောကျာ်း မိန်းမ စသည်ဖြင့်မရှိ။ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဖြစ်–ပျက် တည်းဟူသော ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရားသာရှိချေ၏ ဟု အသိဉာဏ်၌ရှင်းပြီး ဒိဋ္ဌိကင်းမှု ရှိရပေမည်။

ဤကား ဗုဒ္ဓရှင်တော်မြတ် ဟောကြားမိန့်မြွက်တော်မူခဲ့သော အင်္ဂါရပ်လေးချက် အမြွက်မျှပင်ဖြစ်၏။

အထက်ပါ အင်္ဂါရပ်လေးချက်ရှိသကဲ့သို့ပင် ပုဂ္ဂိုလ်အား ဖြင့်လည်း လေးမျိုးရှိပေသည်။

**ပုဂ္ဂိုလ်လေးမျိုးဆိုသည်မှာ**

အမှတ်တစ်ဖြစ်သည့် ပုဂ္ဂိုလ်သည် အထက်ပါ အင်္ဂါရပ် လေးချက်တွင် ပါဝင်သည့် ဒုက္ခသစ္စာတရားကို မဂ္ဂသစ္စာတရား နှင့် သိမြင်အောင်၊ မှန်းအောင်၊ ဆုံးအောင် ရှုပွားအားထုတ်၍ မြင်မည်၊ မှန်းမည်ဆိုလျှင် ယခုဘဝမှာ ဖြစ် ပျက် ဒုက္ခသစ္စာ တရားအဆုံးကိုမြင်သည့်သောတာပန်ပုဂ္ဂိုလ်မဖြစ်ငြားသော်လည်း ရှုပွားအားထုတ်နေဆဲ အချိန်တွင် သေပါက တခုခုသော နတ် ပြည်၌ ကေန်မုချနတ်ဖြစ်ပြီး သူ့ကိုယ်သူ နတ်ဖြစ်မှန်းမသိသေးမီ

အချိန်၌မှာပင် တဆက်တည်း ရှုပွား အားထုတ်နေဆဲ ဖြစ်သည့် ဝိပဿနာဉာဏ်က ရင့်သန်လာ၍ ဉာဏ်ထူးတွေကိုရပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ပေသည်။

(အကြောင်းကို ဆိုရသော် နတ်တို့၌ လူတို့ကဲ့သို့ ဟဒယဝတ္ထု နှလုံးအိမ်ကို သွေး ပြည် သလိပ်စသည်တို့က ဖုံးလွှမ်းထားခြင်းမရှိသဖြင့် ဉာဏ်ထက်မြက်ကြည်လင်၍ နေသောကြောင့်ပင် ဖြစ်ပေသည်။

လူတို့၌မူကား ဟဒယဝတ္ထု နှလုံးအိမ်ကို သွေး ပြည် သလိပ်စသည်တို့က ဖုံးလွှမ်းနေသဖြင့် နတ်တို့ကဲ့သို့ ဉာဏ်မထက်မြက် မကြည်လင်ရခြင်း ဖြစ်သည်ကိုလည်း သိအပ်လှပေသည်။

ဤနေရာ၌ မေးစရာအကြောင်း ရှိကောင်းရှိကြပေလိမ့်မည်။ ဤသို့သာဆိုပါလျှင် နတ်တွေသည် ဉာဏ်ထက်မြက် ကြည်လင်သောကြောင့် နတ်တွေ အားလုံး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရကြမည်ဟူ၍။

ဤကဲ့သို့မမေးသင့်ပါ။မတွေးသင့်ပါ။အကြောင်းကို ဆိုရသော် အထက်ပါအင်္ဂါရပ်လေးချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော နတ်တို့သည်ကား မရေ မတွက် နိုင်အောင်ပင် များပြားစွာ ရှိနေခြင်းကြောင့်ပင်ဖြစ်သည်ဟု သိအပ်လှပေသည်)။

အမှတ်နှစ်ဖြစ်သည့် ပုဂ္ဂိုလ်သည် အထက်ပါ အင်္ဂါရပ် လေးချက်နှင့် ကိုက်ညီလျှင် ဒုက္ခသစ္စာတရားကို မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေဆဲ မဟုတ်ဘဲ သေဆုံးခါနီး အချိန်တွင် တွေဝေ မေ့မော၍ သေငြားသော်လည်း တခုခုသောနတ်ပြည်၌ ကောန်မုချ နတ်ဖြစ်မည်။ ထိုအခါ ၎င်းနတ်၏ စိတ်ကိုသိသော

နတ်တပါးပါးကလာပြီး ဝိပဿနာတရားကို ရှုပွား အားထုတ်ရန် သတိပေးသဖြင့် ဤတရားသည် နိဗ္ဗာန်ချမ်းသာ ရကြောင်း တရားဟူ၍ ရှုပွားအားထုတ် ထားခဲ့ဘူးသော ဝိပဿနာတရားကြောင့် သတိရပြီး ဝိပဿနာတရားကို ဆက်လက် ရှုပွားအားထုတ်လိုက်သဖြင့် သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ပေသည်။

အမှတ်သုံးဖြစ်သည့် ပုဂ္ဂိုလ်သည် အထက်ပါ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီလျှင် ဒုက္ခသစ္စာတရားကို မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေဆဲ မဟုတ်ဘဲ သေဆုံးခါနီး အချိန်တွင် တွေဝေမေ့မော၍ သေငြားသော်လည်း တခုခုသောနတ်ပြည်၌ ဧကန်မုချနတ်ဖြစ်မည်။ ထိုအခါ နတ်ပြည်တွင် ခုနစ်ရက်တကြိမ် တရားပွဲရှိသဖြင့် ၎င်းနတ်သည် ထိုတရားပွဲသို့သွား၍ တရားနာပြီးကာ ဤတရားသည် နိဗ္ဗာန်ချမ်းသာ ရကြောင်း တရား ဟူ၍ ရှုပွား အားထုတ် ထားခဲ့ဘူးသော ဝိပဿနာ တရားကြောင့် သဘောပေါက်ပြီး ဝိပဿနာတရားကို ဆက်လက်ရှုပွား အားထုတ်လိုက်သဖြင့် သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ပေသည်။

အမှတ်လေးဖြစ်သည့် ပုဂ္ဂိုလ်သည် အထက်ပါအင်္ဂါရပ်လေးချက်နှင့် ကိုက်ညီလျှင် ဒုက္ခသစ္စာတရားကို မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေဆဲ မဟုတ်ဘဲ သေဆုံးခါနီး အချိန်တွင် တွေဝေမေ့မော၍ သေငြားသော်လည်း တခုခုသော နတ်ပြည်၌ ဧကန်မုချ နတ်ဖြစ်မည်။ ထိုအခါ ၎င်းနတ်အား လူ့ဘဝတုန်းက အတူတကွ တရားနာကြား၍ ရှုပွား အားထုတ်ခဲ့ဘူးသော မိမိမိတ်ဆွေအချင်းချင်း ဖြစ်သည့် နတ်မိတ်ဆွေတပါးပါးက လာရောက်ပြီး ဝိပဿနာတရားကို ရှုပွားအားထုတ်ရန် သတိပေးသ

ဖြင့် ဤတရားသည် နိဗ္ဗာန်ချမ်းသာ ရကြောင်းတရားဟူ၍ ရှုပွား အားထုတ်ထားခဲ့ဘူးသော ဝိပဿနာတရားကြောင့် သတိရပြီး ဝိပဿနာတရားကို ဆက်လက် ရှုပွား အားထုတ် လိုက်သဖြင့် သောတာပန် ပုဂ္ဂိုလ်အစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ပေသည်။

အထက်ပါ အကြောင်းအရာများကို ဗုဒ္ဓရှင်တော် မြတ်သည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်မြင်တော်မူ၍ ဟောကြား မိန့်မြွက်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

သို့အတွက်ကြောင့် အထက်ပါ အင်္ဂါရပ် လေးချက်နှင့် ကိုက်ညီသော ပုဂ္ဂိုလ်အပေါင်းတို့သည် မည်သို့မည်ပုံဖြင့် သေသေ၊ သေခြင်းတရားကို မကြောက်ကြပါနှင့်၊ မလန့်ကြပါနှင့်၊ မတုန်လှုပ်ကြပါနှင့်။

အထက်ပါအင်္ဂါရပ် လေးချက်နှင့်ကိုက်ညီသော ပုဂ္ဂိုလ်တို့အတွက် သေခြင်းတရားသည် ကြောက်စရာ၊ ထိတ်လန့်စရာ၊ တုန်လှုပ်စရာ မဟုတ်တော့ပါ။

အထက်ပါအင်္ဂါရပ်လေးချက်နှင့် ကိုက်ညီသော ပုဂ္ဂိုလ်သည် သေလျှင်အနည်းဆုံး သုဂတိ နတ်ဘုံသို့ ရောက်၍ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရမည်ဟူသော တထစ်ချ ဆုံးဖြတ်ချက်ချ၍ မှတ်ယူထားရမည်ဖြစ်ပေသည်။

သို့သော်လည်း အကြွေးထက် လက်ငင်းက ပိုမို၍စိတ်ချရသည် ဆိုသကဲ့သို့ပင်။

သေခြင်းတရားက မဦးမီ အချိန်ရှိခိုက် လုံ့လစိုက်၍ ချက်ချင်းလက်ငင်း နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရထားအောင် ရှုပွားအားထုတ်ထားကြရမည်ဖြစ်ပေသည်။

အနည်းဆုံး အထက်ပါ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီအောင် ဝိပဿနာတရားကို ခန္ဓာဉာဏ်ရောက် ရှုပွားအားထုတ်

ထားကြရန် အထူးပင် အရေးကြီးလှန်းသဖြင့်လေးလေးနက်နက် တိုက်တွန်းလိုက်ပါသည်။

အထက်ပါ အင်္ဂါရပ်လေးချက်နှင့် ကိုက်ညီလျှင် နိဗ္ဗာန် မြင်မည်ဖြစ်ကြောင်း၊ တနည်းအားဖြင့် သောတာပန် ပုဂ္ဂိုလ်မှ အစ ရဟန္တာ ပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်းတို့ကို အကျယ် အားဖြင့် သိလိုပါလျှင် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုကတသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။

## (နိဂုံး)

## ပစ္ဆိမ ဗုဒ္ဓဝစန

နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြသော ပုဂ္ဂိုလ် အပေါင်းတို့သည် ဝိပဿနာဉာဏ် အလုပ်တရားကို ရှုပွား အားထုတ်ကြရမည်ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးက သားရေးသမီးရေး၊ စီးပွားရေး အစရှိသော လောကီကိစ္စ အဝဝအရေးတို့နှင့်သာ အချိန်ကုန်ခံပြီး မနေကြဘဲ ဝိပဿနာ ဉာဏ်အလုပ်တရားကို ရှုပွားအားထုတ် ကြရန် လေးဆယ့် ငါးဝါအတွင်း၌အကြိမ်ပေါင်း (၁၇၉၂) ကြိမ် မိန့်မှာသတိပေးတော်မူခဲ့ကြောင်းကို ကျမ်းဂန်များတွင် ရှိပါသည်။ဤကဲ့သို့ ဝိပဿနာဉာဏ်အလုပ်တရားကို ရှုပွားအား ထုတ်ကြရန် (၁၇၉၂)ကြိမ် မိန့်မှာသတိပေးတော်မူခဲ့ခြင်းသည် အလွန့်လွန် အရေးကြီးသောကြောင့် မိန့်မှာသတိပေးတော်မူ ခဲ့ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရန်အထူးပင် လိုအပ်လှပေသည်။

ဤနေရာ၌ နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီး ပရိနိဗ္ဗာန် ဝင်စံခါနီးအချိန်၌ အရေးကြီးလှန်း၍ မဟာကရုဏာ

တော်ကြီးဖြင့် လိုရင်းကို အကျဉ်းချုံးပြီး သတိပေးစကား မှာကြားမိန့်မြွက်တော်မူခဲ့သော ပစ္ဆိမ ဗုဒ္ဓဝစန နောက်ဆုံး တရားတော်ကို ရေးသားဖော်ပြလိုက်ပေအံ့။

ပစ္ဆိမ ဗုဒ္ဓဝစန ဗုဒ္ဓရှင်တော်မြတ်ကြီး၏ နောက်ဆုံး နိဂုံးချုပ် သတိပေ စကား မှာကြာ မိန့်မြွက်တော် မူခဲ့သော တရားတော်မှာ

ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ၊ ဝေါ၊
ဝယဓမ္မာ၊ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဟူ၍ ဖြစ်ပေ၏။

ဘိက္ခဝေ သံသရာဘေးကျွတ်လွတ်ရေးကိုမြော်တွေးကြ ကုန်သော အိုချစ်သား ချစ်သမီးအပေါင်းတို့ (ဝေါ) နေ့စဉ်ညဆက်နာရီစက်ကဲ့သို့အသက်ကတို ရုပ်ကအိုလျက် ပင်ကိုယ်ချို့ယွင်းသေစာရင်းသို့ ဇွတ်အတင်းသာ ဝင်နေ ကြငြား အိုချစ်သား ချစ်သမီးအပေါင်းတို့၊ ဟန္ဒဒါနိ၊ငါ ဘုရားမှာ မနေသာ၍သေရွာခရီးပရိနိဗ္ဗာန်ဝင်စံလုနီးယခု အချိန်ခါကြီး၌၊ ဝေါတုမှာကံ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို စိတ် ကြံပြီး ဓိဋ္ဌာန်ကာ ကတယ်တန်း ရှာမှီး၍နေငြား သင်ချစ်သားချစ်သမီးတို့အား၊အာမန္တယာမိ ပရိနိဗ္ဗာန် ဝင်စံကာ နီးသည့် ငါဘုရားသည် အတိုချုပ်တရားကို အများသတ္တဝါတို့အတွက် အဆုံးသတ် စကားမှာကြား မိန့်မြွက်တော် မူခဲ့ပေအံ့။

သင်္ခါရာ အဝိဇ္ဇာဝင်လာသမျှ မိစ္ဆာအမျှင် မကွာကြ၍ စိတ်မှာထင်တာက ငါ သူတပါး စသည်အမှား အမှန် ရှိတာက ခန္ဓာငါးပါး ရုပ် နာမ် နှစ်ပါး သင်္ခါရ တရားတို့သည် (ဝေါ) ကံ စိတ်-ဥ-ဟာ ကြောင်းလေးဖြာ

တို့ကြောင့် ဖြစ်ပေါ်လာခြင်း သင်္ခါရတရားအပေါင်းတို့သည် ဝဲယာမှာ ခဏမကြာ ပြိုပျက်မနားသဲကမ်းပါးနှင့် ရထားလှစက် ပုံစံဖက်ကြ လျှပ်ပြက်ပမာ ချက်ခြင်းလက်ငင်း ပျက်စီးခြင်းသဘောရှိကြပါကုန်၏။ (ဝါ) တဖြုတ်ဖြုတ် တရိပ်ရိပ်နှင့် မျက်စိတမှိတ် လျှပ်တပြက်မျှ သက်သာခါ ရှာမရ ပျက်စီးခြင်းသဘာဝရှိကြပါကုန်၏။ ဣတိ၊ ဤသို့ ယောနိသော မနသိကာ ဝိပဿနာဉာဏ်ပညာဖြင့် အပ္ပမာဒေန မမေ့မလျော့၊ မပေါ့မဆခြင်း ဆိုသည့် သတိတရားနှင့် သမ္ပာဒေထ ပြည့်စုံကြကုန်လော့၊ (ဝါ) ပရိနိဗ္ဗာန် ဝင်စံခါနီးသည့် ငါဘုရား၏ မှာစကားကို နားထဲမှာ ကြားယောင် စိတ်ထဲမှာဆောင်ပြီး ဪ ပြည့်စုံအောင် ရှုပွားအားကုတ်၍ နေရစ်ကြကုန်လော့။

ဤကား ပစ္ဆိမ ဗုဒ္ဓဝစန ဗုဒ္ဓရှင်တော်မြတ်၏ နောက်ဆုံး နိဂုံးချုပ် သတိပေးစကား မှာကြား မိန့်မြွက်တော်မူခဲ့သော တရားအကျဉ်းမျှပင်တည်း။ အကျယ်အားဖြင့် သိလိုပါလျှင် သုတ်မဟာဝါ ပါဠိတော် မဟာ ပရိနိဗ္ဗာနသုတ်တွင် ကြည့်ရှုနိုင်ကြပေ၏။ ဤဗုဒ္ဓ၏သေနည်းလက်ဆောင်အမည်ရှိသည့်စာတမ်းကို ဖတ်ရှုမှတ်သားကြကုန်သော စာရှုသူပုဂ္ဂိုလ်အပေါင်းတို့သည် မိမိ ခန္ဓာ၏အရှိ ဖြစ်ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် မှန်းအောင် ဆုံးအောင် ရှုပွားအားထုတ်နိုင်ကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်လွယ်ကူစွာဖြင့် သိမြင်နိုင်ကြကုန်ပါစေသတည်း။

ပြီးပြီ

**ပြုစုရေးသားသူ** **ဦးဖေသောင်း**

# ဗုဒ္ဓ၏သေနည်းလက်ဆောင်

ဗုဒ္ဓရှင်တော်မြတ် ဟောကြား မိန့်မြွက် တော် မူသော သေနည်းသုံးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးအနေဖြင့် ဝေဒနာနှင့် ငါ မရောသည့်တရားမျိုးကို ဟောကြားမိန့်မြွက်တော်မူ၍ ကြားနာရပြီး ဝေဒနာနှင့် ငါ မရောဘဲ မိမိခန္ဓာ၏အရှိ ဖြစ်ပျက်ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိ တည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ်-ပျက်ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်ကြောင်း။

၂။ သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သာဝက ဖြစ်သော ဆရာကောင်း သမားကောင်းအနေဖြင့် ဝေဒနာနှင့် ငါမရောသည့်တရားမျိုးကို ဟောပြော၍ ကြားနာရပြီး ဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ၏ အရှိ ဖြစ် ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ်ပျက်ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကိုသိမြင်ပြီး သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်း။

၃။ သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့်လည်း မတွေ့ကြုံ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သာဝကဖြစ်သော ဆရာကောင်း သမားကောင်းနှင့်လည်း မတွေ့ကြုံငြားသော်လည်း ဝေဒနာနှင့် ငါမရောသည့်တရားမျိုးကိုသေခါနီးအချိန်၌မဟုတ်ဘဲ သေခြင်းတရားကမဦးမီ အချိန်ရှိခိုက် လုံ့လစိုက်၍ ဗုဒ္ဓရှင်တော်မြတ်ကြီးထံ၌ဖြစ်စေ၊ ဗုဒ္ဓ ရှင်တော်မြတ်ကြီး၏တပည့်သာဝကဖြစ်သော ဆရာကောင်းသမားကောင်းထံ၌ဖြစ်စေ၊ မိမိကိုယ်တိုင် ကြားနာထားပြီး သေခါနီးအချိန်၌ မိမိကိုယ်တိုင်ကြားနာထားခဲ့ရသောတရားအတိုင်း ဝေဒနာနှင့် ငါမရောဘဲ မိမိခန္ဓာ၏အရှိ ဖြစ်ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ်-ပျက် ဒုက္ခသစ္စာတရားချုပ်ဆုံးရာကို သိမြင်ပြီးသောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်း။